www.burmeseclassic.com

No.91, December 2014

# ဂမ္ဘီရလောက

မဂ္ဂဇင်း

မောင်ညီမှိုင်း(သန်လျင်)
တောက်ထိန်
ရွှစ်ခွင်ကျော်(ဖောင်တော်သီ)
ဟိန်းထက်ဇော်
ဇေယျမင်းသျှင်
မင်းဘုန်းသိမ်သူ
မင်းတိုင်ပင်(မြို့ရောင်မြေ)
ကိုဆောင်းဦး(အလိန်လည်ကျေးရွာ)
ဝသုန်ဟိန်းထက်
စိုးဝေ
မင်းဘုန်းလွင်
စောစုထိုက်
မအေးကြွယ်
ဂါဦးနွန်းကို

BURMESE CLASSIC



- ကျောက်ဘီလူး ရွာမြိန် - ပုတ်သျှကြီး ငတုတ် - သချိုင်းထဲက ည - စုန်းတိုက်တဲ့ ည
- ကြိုးသမား ဝိညာဉ် - သိုက်နန်းရှင်၏ ချစ်သူနှင့် အခြားဖြစ်ရပ်ဆန်းများ
- သုသာန်စောင့် - ဆေးဖွား - ဗျူးဆန်းထွေလီ ကျိုကွမ် - ကမ်းနားမှာ ရေနစ်သူ
- ဝတ်ရုံနီ ကယ်တင်ရှင် - အသက်တစ်ချောင်းနဲ့ မြေမကွင်းအရှယ် ပတ္တမြားရတနာစွပ်
- ညပုံမြင် - ဧရာဝတီသိုက်

www.burmeseclassic.com

www.burmeseclassic.com

Quality Publishing Ho

ဗိုလ်ချုပ်အောင်ဆန်း၏
စစ်သားဘဝနှင့်ပတ်သက်သော
အကြောင်းအရာများကို
ပြည့်စုံစွာဖော်ပြထားသော

စစ်သားကြီးဗိုလ်တေဇ
Quality စာတည်းအဖွဲ့




ဗိုလ်တေဇ
ဘဝကဗျာ
ရသဟန် အတ္ထုပ္ပတ္တိ
Quality စာတည်းအဖွဲ့




ဗိုလ်ချုပ်၏ ခေါင်းဆောင်မှုအကြောင်းနှင့်
ဂျပန်ပြည်စစ်သင်တန်းဝင် ရဲဘော်သုံးကျိပ်တို့၏
စွန့်လွှတ်စွန့်စားမှု အကြောင်းများပါဝင်သည်

ဗိုလ်ချုပ်အောင်ဆန်းနှင့်
ရဲဘော်သုံးကျိပ်
ဗိုလ်မင်းခေါင် (ရဲဘော်သုံးကျိပ်)




# ဂမ္ဘီရလောက

BURMESE CLASSIC

ဆုပြည့်စုံထွန်းစာပေ

အမှတ်-၅၀၈/၅၁၂၊၂(ခ)လွှာ၊ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃

http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသောစာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့ရှုလောက
မဂ္ဂဇင်း
No.91, December 2014

ကျောက်ဘီလူး ရွာပြန်
ဖောင်ညီမိုး (သန့်လျင်) ၆

ကမ်းနားမှာ ရေနစ်သူ
တောက်ထိန် ၂၄

ဝတ်ရုံနီ ကယ်တင်ရှင်
ရှစ်ဒွင်ကျော် (ဖောင်တော်သီ) ၃၄

အသက်တစ်ချောင်းနဲ့ ခြေမကွင်းအရွယ် ပတ္တမြားလက်စွပ်
ဟိန်းထက်ဇော် ၄၉

ဖုတ်သူကြီး တောက်
မအေးကြွယ် ၆၈

ညပုံပြင်
ဇေယျမင်းသျှင် ၇၈

ရေဝတီသိုက်
ခင်ဘုန်းလှိုင် ၁၀၅

ထူးဆန်းထွေလီ ကျိုက္ခမီ
ဦးနွန်းကို ၁၂၁

သချိုင်းထဲက ည
ဆောနုထိုက် ၁၃၅

စုန်းတိုက်တဲ့ည
သုန်ဟိန်းထက် ၁၄၈

ကြိုးသမားဝိညာဉ်
ဦးဝေ ၁၈၀

သိုက်နန်းရှင်၏ချစ်သူနှင့် အခြားဖြစ်ရပ်ဆန်းများ
ကိုဆောင်းဦး (အလီနိုလည်ညီကျေးရွာ) ၁၈၉

ဆေးနွား
ခင်ကိုဝင်း (မြစ်ကောင်းမြေ) ၂၁၅

သုသာန်စောင့်
ခင်ဘုန်းသိမ့်သူ ၂၃၄

Next Month Preview ၁

BURMESE CLASSIC
www.burmeseclassic.com

အယ်ဒီတာချုပ်
ကိုမြင့်ထွန်း (Quality)

အုပ်ချုပ်မှု အယ်ဒီတာ
မခင်မာရွှေ

တာဝန်ခံအယ်ဒီတာ
ဝေလွင်မြင့်မောင် ([illegible])

အယ်ဒီတာအဖွဲ့
[illegible]


[illegible]
[illegible]

ထုတ်ဝေသူ
[illegible] အမှတ် ၅၁၈/၅၁၂ (၂၁) လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

မျက်နှာဖုံး
[illegible]

အတွင်းသရုပ်ဖော်
[illegible]

ကွန်ပျူတာနှင့် ဖလင်
Quality

ပုံနှိပ်သူ
[illegible]

တန်ဖိုး
[illegible]
အုပ်ရေ - ၅၀၀
[illegible] - ၁၅၀၀

စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း
အမှတ် ၅၁၈/၅၁၂ (၂၁) လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - [illegible]





လင်လုံစုန်း
မောင်ညိုမှိုင်း (သန်လျင်)





အသံဝင်သွားတဲ့ငှက်ဆိုး
ညီညီငြိမ်းချမ်း





အမွှေးရှည်ရှည် အစွယ်ခေါ်ခေါ်
ထိုက်သဇင်





ရေအောက်မှ ငရဲပြည်
မင်းတိုင်ပင် (မြရောင်မြေ)



www.burmeseclassic.com

www.burmeseclassic.com



မောင်ညိုမှိုင်းရ–စင်းထားသည်း ဝတ္ထုရှည်ဖြစ်ရပ်ဆန်းကြယ်တွေ ရေးတဲ့
စာရေးဆရာ တော်တော်လား။
ဖေး–တွေ့ရတာ ဝမ်းသာတယ်–ပါ့လူရယ်။
ပါ့ထတောနဲ့ ပါဆို ဒီအကြောင်း ထိပ်ပြောလေ့ပြောထ မရှိပါတူးလွှာ။
တောတိုထောင်–ပါ့တူ မောင်ဖြစ်ကြောင့်သာ ပါ ကြုံခဲ့ရတဲ့ ဝါးထီလူးအ
မောင်ရဝ့်ထို ပြောရတာလွှာ။
ဒီလို–စာရေးဆရာ။
လွန်ခဲ့တဲ့ အနှစ် အစိတ်လောက်ထဝေ့လွှာ။

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

ငါက ရန်ကုန်မှာ ဆပ်ပြာတောင့် စက်ရုံလုပ်ငန်းရှိတယ်ကွ၊ ပြီး–ငါက အစိုးရစက်ရုံတွေက အသုံးမလိုတော့တဲ့ သံတိုသံစတွေကို လေလံဆွဲပြီး အရည်ကျို ကုန်ချောလည်းလုပ်တယ်ကွ၊ မျက်မြင်လည်း ရောင်းသကွ၊

အဲဒီအချိန်က (၁၉၈၈) ဝန်းကျင်ပေါ့ကွာ၊

နိုင်ငံရေးဂယက်တွေထပြီး ဟိုနားဆန္ဒပြ ဒီနားဆန္ဒပြကနေ နောက်ဆုံး တစ်ပြည်လုံး အုန်းအုန်းကျွက်ကျွက် ဖြစ်ခါနီးအချိန်ပေါ့၊

ငါက နိုင်ငံရေး သိပ်စိတ်မဝင်စားဘူးကွ၊

စီးပွားရေးကို စိတ်ဝင်စားတာ၊

ပြည်သူပိုင်သိမ်းတဲ့ ဆိုရှယ်လစ်စီးပွားရေးတော့ မကြိုက်ပါဘူးကွာ၊ လွတ်လွတ်လပ်လပ် ကိုယ်ချဲ့ပြီးလုပ်နိုင်ရင်လုပ်ဖို့ရတဲ့ စီးပွားရေးမျိုးလုပ်ချင်တာပါ၊

ဒီအချိန်တုန်းက ရန်ကုန်–ပုဇွန်တောင် ကြက်တန်းက ကုလားတွေ သံနဲ့ အကျိုးပေးချိန်ပေါ့၊

ငါကလည်း သူတို့နဲ့ အပြိုင်လုပ်ရတာ၊

ငါက သာကေတ (..............)မှာ ကိုယ်ပိုင်အလုပ်ရုံထောင်ပြီး အလုပ်သမား အတော်များများနဲ့ လုပ်နေတာပေါ့၊

စက်ရုံအမျိုးမျိုးက လေလံပစ်တဲ့ ပစ္စည်းမှန်သမျှ ကုလားသူဌေးတွေနဲ့ အပြိုင် ငါက လေလံဆွဲတာပေါ့ ...၊

ရွှေဥဒေါင်း ပစ္စည်းစုံရောင်းဝယ်ရေးဆိုတာ ငါ့ရဲ့နာမည်ရှိလုပ်ငန်းပဲ၊ ငါလေလံဆွဲလို့ရတဲ့ စက်ပစ္စည်းအကျိုးအပဲ့၊ အဟောင်း၊ သံချောင်း၊ ပိုက်လုံး၊ သွပ်ပြား၊ သံပြား၊ သံအင်္ဂလန်တွေကို ရန်ကုန်ကြက်တန်းက ကုလားတွေက လိုအပ်တာ လာဝယ်တာ၊

ပြီး–ငါက ရှေးဟောင်းသဘောပျက် ရှာဖွေရေးအဖွဲ့တွေနဲ့ စပ်တူရှယ်ယာဝင်ပြီး ရေမြှုပ်၊ နှံမြှုပ်သဘောပျက်တွေလည်း ရှာတယ်၊

ရှေးဟောင်းသဘောပျက်က သံပြားတွေဟာ ရေအောက်ထဲမှာ ရွှံ့မြေထဲမှာ နှစ်ပေါင်းများစွာ နစ်နေပေမယ့် သံရည်သံသွေးက အလွန်ကောင်းတယ်၊



အဲဒီလိုသံမျိုးနဲ့ လုပ်ထားတဲ့ သဘောပျက်တစ်စီးသာ ရလိုက်ရင် ထောတာပဲ၊

ထားတော့ကွာ ...၊

အခုငါကပြောချင်တာ အဲဒါတွေ မဟုတ်ဘူး၊

=😐=

**အသံက ဝါးဘိုးဝါးပင်တွေကြားက မြည်နေတာ။ အသာစွင့်ပြီး ကြည့်လိုက်ကြတယ်။ သားကောင် မဟုတ်ဘူး။ အသံက ဝါးပိုးဝါးကို တုတ်နဲ့ခေါက်နေတဲ့ အသံ။ ဒါနဲ့–အသံလာရာကို ကြည့်လိုက်တော့ ...။ ဟုတ်တယ်ဟေ့–လူကြီး တစ်ဖက်တလောက် ကြီးတဲ့ ဝါးဘိုးဝါးပင်ကြီး တစ်ပင်ကနေ မြည်နေတဲ့အသံကွ။**



ပြောချင်တာက ဝါးထဲက ကျောက်ဘီလူးရုပ်ထုအကြောင်းပဲဟေ့၊ ငါတို့ အမဲပစ်တာ ဝါသနာပါတယ်ကွ၊ ငါ့မှာ နှစ်လုံးပြူးသေနတ်ရှိတယ်၊ ငါနဲ့ တွဲဘက်က မုဆိုးကြီး ဦးလေးမောင်ပဲ၊

(မုဆိုးကြီးလေးမောင်မှာ ယခုအခါ နိုင်ငံကျော် မုဆိုးအမဲလိုက် စာရေးဆရာကြီး ဖြစ်နေပါသည်)



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအချိန်တုန်းက ဦးလေးမောင်တာ ရန်ကုန်တိုင်းမှာ အလွန်ကို ဩဇာရှိတဲ့ ပုဂ္ဂိုလ်ပဲကွ၊ အရေးပါအရောက်တဲ့ သူပေါ့၊

သူမှာလည်း လိုင်စင်နဲ့ကိုင်တဲ့ နှစ်လုံးပြူးသေနတ်ရော၊ ခြောက်လုံးပြူး သေနတ်ရော ရှိတယ်၊

တပ်မတော်အစိုးရ တက်လာတော့ သူရော၊ ငါရော ကိုယ်ပိုင်လိုင်စင်နဲ့ ကိုင်တဲ့ သေနတ်တွေ သက်ဆိုင်ရာကို ပြန်အပ်လိုက်ရတယ်၊

နိုင်ငံရေး အခြေအနေအရပေါ့ကွာ၊

ကိုလေးမောင်က မုဆိုးသက်ရင့်တဲ့ တာရေးဆရာ၊

သူ အမဲမပစ်ဘူးတဲ့ တော မရှိသလောက်ပဲ၊

ဆင်ကလွဲရင် ကျန်တဲ့ သမင်၊ ဒရယ်၊ ပြောင်၊ ဆတ်၊ ကျားအထိ သူ ပစ်ဖူး ရဖူးတယ်၊ တောအကြောင်း၊ တောင်အကြောင်း တယ်နှံ့စပ်တဲ့ လူပဲ ပေါ့၊

ရောက်လေရာ ရိုးမမှာရှိတဲ့ မုဆိုးမုန်သမျှ ကိုလေးမောင် တပည့်လိုလို ပါပဲကွာ၊

ကိုလေးမောင်ကို ဗိုလ်လေးလို့ လေးစားရိုသေစွာ ခေါ်ကြတာကွ၊ မှတ်သံကို နားထောင်ပြီး အဲဒါ ဘာငှက်ခေါ်တယ် - ကိုထွေးမြစ်ရ၊ ဟောဒီ ခြေရာက သမင်ခြေရာ၊ ဒါက ပြောင်ခြေရာ၊ ဟောဒါ တောဝက်ခြေရာ၊ တတယ်ကျွမ်းကျင်တယ်၊

ဒီအပင်က ဆင်ကြိုက်တဲ့အပင်၊

ဒီချောင်းက သားကောင်တွေ ရေဆင်းလောက်တဲ့ ချောင်း၊ ဟောဒီ အရွယ်က ဘာသားကောင်ကြိုက်တာ၊

ဟောဒီချေးပုံက ပြောင်ချေးပုံ၊

ဒီကောင် - ရှေ့နားမှာပဲ ရှိတယ်၊ ရွက်ပြတ်တွေကိုကြည့်၊ ခြေရာကို ကြည့်၊ ချေးပုံကိုကြည့်ပြီး သားကောင်နောက်လိုက်ရင်း သူပြောတဲ့အတိုင်း သားကောင်နဲ့ ကြုံရတာပဲ၊

ထက်တာလည်း တည့်ပေါ့ကွာ ...၊



တစ်ချက်ပဲပစ်တဲ့ မုဆိုးကြီးပါကွာ ...၊

သူနဲ့ငါ ပဲခူးရိုးမတစ်ကြော အမဲလိုက်ဖူးတယ်၊

သားကောင် မျိုးစုံရဖူးတယ်၊

တစ်နေ့ - ငါတို့ ဆင်ပိုင်းစခန်းကနေ ရိုးမထဲကို ဝင်ခဲ့ကြတယ်ကွ၊ ငါတို့ ဆတ်ဖားကြီးတစ်ကောင်နောက်ကို လိုက်ရင်း မောမောနဲ့ ဝါးပိုးတောအစပ် မှာ နားနေတုန်း . . .၊

"တောက် - တောက် - တောက်"

"တောက် - တောက် - တောက်"

"ဘာသံလဲ - ကိုလေးမောင်"

ငါလည်း သေနတ်ကိုမောင်းတင်ပြီး အသင့်ပြင်လိုက်သလို သူတလည်း နှစ်လုံးပြူးသေနတ်ကို အသံလာဘက်သို့ ထိုးချိန်လိုက်တယ်၊

"ဒီနားကပဲ - ကိုမြစ်"

"တောက် - တောက် - တောက်"

"တောက် - တောက် - တောက်"

အသံက ဝါးဘိုးဝါးပင်တွေကြားက မြည်နေတာ၊ အသာစွင့်ပြီးကြည့် လိုက်ကြတယ်၊ သားကောင် မဟုတ်ဘူး၊ အသံက ဝါးပိုးဝါးကို တုတ်နဲ့ခေါက် နေတဲ့အသံ၊

ဒါနဲ့ - အသံလာရာကို ကြည့်လိုက်တော့ ...၊

ဟုတ်တယ်ပေါ့ - လူကြီးတစ်ဖက်စာလောက် ကြီးတဲ့ ဝါးဘိုးဝါးပင်ကြီး တစ်ပင်ကနေ မြည်နေတဲ့အသံကွ၊

"ဝါးဘိုးဝါးပင်က အသံမြည်တာ ကိုမြစ်"

"တောခြောက်နေတာလား - ကိုလေးမောင်"

"တောခြောက်တာ မဟုတ်ဘူး၊ နည်းနည်း ထူးဆန်းနေတာ ကိုမြစ်ရေ၊ အသာစောင့်ကြည့်ဗျာ"

စောင့်ကြည့် နားစွင့်ကြတယ်၊

"တောက် - တောက် - တောက်"



www.burmeseclassic.com

www.burmeseclassic.com

"တောက် - တောက် - တောက်"

"ဝါးပင်ကဗျ"

"ဘယ်သူ ခေါက်နေတာတုံး - ကိုလေးမောင်"

"လူခေါက်နေတာ မဟုတ်ဘူး"

"သားကောင်များ ရှိနေခေါက်နေလားဟင်"

"သားကောင်လည်း ခေါက်တာ၊ ကိုက်နေတာ မဟုတ်ဘူး ကိုမြစ်"

"ဆန်းနေပါလား - ကိုလေးမောင်"

"ဟုတ်တယ်"

လူတစ်ဆယ်ခန့်ရှိ ဝါးဘိုးပင်ရဲ့ လူတစ်ရပ် အမြင့်နေရာက အသံမြည်နေတာ၊ အနီးကပ်စူးစမ်းလိုက်တော့ ဝါးလုံးအတွင်းကနေ ဝါးရဲ့နံရံသားကို တစ်စုံတစ်ခုနဲ့ ခေါက်နေတဲ့အသံ၊

"ဟောဒီ - ဝါးဘိုးပင်ထဲကဗျ"

"ဟုတ်တယ် - ကိုလေးမောင်"

ကိုလေးမောင်က ဝါးဘိုးပင်ကို စူးစူးစိုက်စိုက် ကြည့်နေတယ်၊ ခေါက်သံတလည်း အထဲကနေ ခေါက်နေတာမျိုး နားနဲ့ ဆတ်ဆတ်ကြားနေရတာ၊

"ဘယ်လိုသဘောလဲ - ကိုလေးမောင်"

"ဝါးပင်လှုပ်လို့ အထဲက ထိခတ်မြည်နေပုံဗျ"

"မသိဘူး - ဝါးပင်ကို ခုတ်ကြည့်ရင် သိမယ်၊ နောက်နေ့ စောင့်ကြည့်ကြတာပေါ့ဗျာ၊ အချိန်ကလည်း လင့်သွားပါပြီ၊ ပြန်ကြစို့"

ငါတို့ အပြန်ဟင်းစားလေး ပစ်ပြီး ပြန်ခဲ့ကြတယ်၊

နောက်နေ့နစ်ရက်ဆက်ပြီး အဲဒီထူးခြားတဲ့ ဝါးဘိုးပင်ကို သွားပြန်ကြည့်နေကြတယ်ကွ၊ ငါတို့ရောက်တာနဲ့ တတောက်တောက် အသံမြည်ပါရော၊

ဒါနဲ့ - ထူးခြားနေလို့၊ ငါတို့နဲ့ ပါလာတဲ့ နောက်လိုက်ရွာသားနှစ်ဦးကို ဝါးဘိုးဝါးပင် ခုတ်ပိုင်းလိုက်တယ်၊

ကိုလေးမောင်က ဝါးထဲက အသံမြည်တဲ့နေရာကို ကွမ်းစားတုံးနဲ့ တို့



မှတ်ထားတယ်လေ၊ မကြာဘူး - ဝါးခုတ်သံအဆုံး ဝါးဘိုးပင်ကြီး လဲကျသွားတော့တယ်၊

မောင်ပုနဲ့ မောင်စုတို့ ညီအစ်ကိုကို အသံမြည်တဲ့ အသစ်နေရာ ဟိုဘက်ဒီဘက် ခုတ်ခိုင်းလိုက်တော့ ...

ဝါးဆစ်သုံးခုပါတဲ့ အပိုင်းရလာခဲ့တယ်၊

"ဖြည်းဖြည်းခွဲစမ်း - မောင်ပု"

မောင်ပုတို့ ညီအစ်ကို ဝါးဘိုးဝါး သုံးဆစ်ကို ပေါက်ဆိန်မားရယ်နှင့် သပ်ရိုက်ပြီး ခွဲလိုက်ရော၊

=😐=

"ဟာ"

"ဘာလဲဟ"

အထဲကနေ မြွေကြီးသားလိုလို၊ ခြအုံလိုလို မံထားတဲ့ တစ်ထွာခန့် မာမာ မြွေတုံးကို မြင်ရပါရောလား။

"ကိုလေးမောင် - အဲဒါ ဘာတုံး"

"မာခဲမံနေတဲ့ မြွေကြီးခဲတောင့်ပဲဗျာ"

"မြွေကြီးခဲက ဘယ်လိုလုပ် ဝါးဆစ်ထဲ ရောက်နေတာတုံး"

"ပေးစမ်း - ခွဲကြည့်မယ်"

တစ်ထွာခန့် မာမာကျစ်ကျစ်ဖြစ်နေတဲ့အတုံးကို ဓားကျောနဲ့ ဆက်ပြီး သုံးလေးချက် ရိုက်လိုက်ရော ...၊

မြွေကြီးမာအား ကွဲသွားပြီး အထဲကနေ ပစ္စည်းတစ်ခု ပေါ်လာတော့တယ်ကွ၊

"ဟာ"

"ဟယ်"

"ဒါ - ဒါ - ဘီလူး - ဘီလူးရုပ်ထုပါလား"



www.burmeseclassic.com

www.burmeseclassic.com

"အံ့ဩစရာပဲ - ကိုမြစ်ရေ"

ဟုတ်တယ်၊ အသေအချာ စစ်ဆေးလိုက်တော့ လက်ပိုက်ပြီး မတ်တတ်ပါးစပ်ဖြဲထားတဲ့ ဘီလူးရုပ်ထုလေးကွာ . . .။

လက်ရာမြောက်စွာ ထုလုပ်ထားတာရယ်၊

မျက်လုံးပြူးပြူး၊ အစွယ်ဖွေးဖွေးနဲ့၊ တစ်စုံတစ်ရာကို အကဲစိုက်ကြည့်နေပုံမျိုးကွ။ ကျောက်အမာစားနဲ့ အကျအနထုလုပ်ထားတဲ့ ပုံပဲကွ။

ကိုလေးမောင်ရော၊ ငါတို့ရော ဒီဝါးဆစ်ထဲကို ကျောက်ဘီလူးရုပ်ထု ဘယ်လိုရောက်နေမှန်း စဉ်းစားလို့မရဘူး။

"ဒါ - ဂမ္ဘီရပစ္စည်းပဲ - ကိုမြစ်"

"ဟုတ်တယ် - ပုဂ္ဂိုလ်ထူး၊ ပညာသည်တစ်ဦးဦးကပဲ စီရင်ထားသလား။ ဒါမှမဟုတ် ဝါးဆစ်ထဲမှာပဲ ဘီလူးက သန္ဓေတည်နေသလားပဲကွ"

"ကိုမြစ် - ခင်ဗျားက စီးပွားရေးသမားပဲ၊ ပြီး - ခင်ဗျားက အဆောင်ဝတ္ထုပစ္စည်းတွေကို စိတ်ဝင်စားတဲ့ လူလေ။ ခင်ဗျားပဲ - ယူလိုက်တော့"

=😐=

ဒါနဲ့ - ဝါးဘိုးဝါးအဆစ်ထဲက ကျောက်ဘီလူးရုပ်ထုလေးကို ဂမ္ဘီရအကြောင်း နားလည်တဲ့ ပုဂ္ဂိုလ်ကို ပြကြည့်တော့ ...

ဘီလူးရဲ့ ပိုက်ထားတဲ့ လက်စုံပေါ်မှာ အင်းကွက်သေးသေးလေးပါသတဲ့။

"ကိုမြစ် . . ."

"ခင်ဗျာ - ဆရာကြီး"

"ဒါ - ဝါးသန္ဓေဘီလူးပဲ"

"ဟုတ်ကဲ့ - ဆရာကြီး"

"ဝါးထဲမှာ သန္ဓေတည်ပြီး ဘဝဖြစ်နေတာ။ သူအခု ခင်ဗျားတို့ကြောင့် အပြင်ကို ရောက်နေပြီ။ အမှန်က ဘီလူးရုပ်ထုဆိုတာ ဘုရားစေတီတို့၊ တောင်



နတ်ထဲတို့၊ စေတီပျက်တို့မှာ ရှိသင့်တာပဲ၊ အစောင့်ထားတယ် ခေါ်တာပေါ့"

"အစောင့်၊ ဟုတ်လား - ဆရာကြီး"

"ဟုတ်တယ် - လုံခြုံရေးအစောင့်ပေါ့"

"ဆရာကြီးရယ် - ဒါဆိုရင် ကျွန်တော်တို့ အလုပ်ရုံမှာ ဒီကျောက်ဘီလူးရုပ်ထုကို အစောင့်သဘောထားလို့ မရဘူးလားဟင်"

"ထားချင်လို့လား"

"အလုပ်ရုံမှာက သူခိုးတွေကြောင့် ပစ္စည်းအပျောက်အရှများနေလို့ပါ ဆရာကြီး"

"အဲဒီလိုလုပ်ငန်းမှာ အစောင့်ထားရင် ကိုမြစ် သူ့ကို အစာကျွေးရမှာပဲ၊ မွေးတာကိုး ..."

"ဘာကျွေးရမလဲဟင် - ဆရာကြီး"

"ဘီလူးဆိုတာ အမဲသားငါးစားတော့ အမဲသားငါးပဲ ကျွေးပေါ့။ အဲလို - သူတို့ အစာကျွေးပြီး မေတ္တာရပ်ခံ အပေးအယူလုပ်ရင် ရနိုင်ဖွယ်ရှိတာပဲ၊ အိမ်မှာတော့ မထားနဲ့ပေါ့"

ဒါနဲ့ - ငါလည်း ကျောက်ဘီလူးရုပ်ထုကို တရော်ကင်ပွန်း ရေချိုးပြီး အမွှေးနံ့သာရေ ပက်ဖျန်းပေးလိုက်တယ်။

သည့်နောက် - ငါ့ရဲ့ အလုပ်ရုံတံခါးအတွင်းမှာ ပန်းရန်ဆရာခေါ်ပြီး ကျောက်ဘီလူးနေဖို့ အုတ်အိမ်သေးသေးဆောက်ပြီး နေရာချလိုက်တယ်။

ဘယ်သူမှ မမြင်မသိရအောင် သံပြားအပိတ်တံခါးနဲ့ သော့ခတ်ပြီး နေရာချပေးထားတာ။

နေရာချတဲ့ ပုံက အမဲသား အစိမ်းငါးဆယ်သားကို ကျောက်ဘီလူးနေတဲ့ ထိုက်အိမ် (နတ်စင်လိုအိမ်) ထဲမှာ ထည့်ပြီး ...

"အသင် - ကျောက်ဘီလူး၊ ကျွန်ုပ်ရဲ့ အလုပ်ရုံမှာရှိတဲ့ ပစ္စည်းတွေကို အပျောက်အရှရအောင် မခိုးမဝှက်နိုင်အောင် စောင့်ရှောက်ပေးပါ။ တပတ်တစ်ခါ အမဲသား၊ ငါးများ ကျွန်ုပ် ကျွေးပါမယ်"

www.burmeseclassic.com

အဲဒီလို ကတိပြုပြီး သံတံခါးပိတ်၊ လူ မမြင်မသိရအောင် သော့ခတ်ထားခဲ့လိုက်တယ်။

အံ့မယ် - ထူးခြားတယ် ငါ့လူရေ၊

ငါက ငါ့အလုပ်ရုံမှာ အစောင့်တစ်ယောက်ငှားထားတယ်။ လူယုံဆိုပြီး ပေါ့ကွာ။ တစ်ည ငါ့ရဲ့အစောင့်ဖိုးထောင် အရိုက်ခံရလို့ ဆေးရုံရောက်နေတယ်ဆိုတာနဲ့ ငါလည်း ကားငှားပြီး ရန်ကုန်ဆေးရုံလိုက်သွားပါရော။ ဆေးရုံမှာ ညစောင့်ဖိုးထောင် ကျောအောင့်တဲ့ဒဏ်ရာနဲ့ ရောက်နေတယ်ကွ။ ပါးစပ်ကလည်း သွေးပါသတဲ့။

“ဖိုးထောင် - ဘယ်လိုဖြစ်လို့တုံး”

“ကျွန်တော့် ကျောကုန်းကို နောက်ကနေ ရိုက်လိုက်လို့ပါ သူဌေး။ အား - အခု ကျောအောင့်လွန်းလို့၊ အား - အား -”

“ဘယ်သူရိုက်တာလဲ၊ ရိုက်တဲ့ လူသိလား”

“မသိဘူး - မမြင်လိုက်ဘူး - သူဌေး”

အဲဒါ ဆေးကုသစရိတ်ရော မိသားစု စားဖို့ရော ပိုက်ဆံပေးခဲ့လိုက်ပြီး ငါ့အလုပ်ဂိုဒေါင်ကို သွားစစ်ဆေးလိုက်တော့ သံကျွတ်အတုံးတွေကို အုတ်နံရံအတွင်း နံဘေးပြန့်ကျဲနေတာ မြင်ခဲ့ရတယ်၊

ကြည့်ရတာ သူခိုးဝင်ခိုးပုံပဲ၊

ညစောင့်ဖိုးထောင်ကို အခြေအနေမဟန်လို့များ ရိုက်ပြေးရော့သလား။ စဉ်းစားရတယ်လေ။

ငါ့လူရေ - ညစောင့် ဆေးရုံတက်နေလို့ ငါလည်း လူစားရှာနေတုန်းရှိသေး၊

လူနှစ်ယောက် ငါ့ဂိုဒေါင်အုတ်ရိုးအပြင်မှာ သတိလစ်နေတဲ့သတင်း မိုးလင်းရော ကြားရပါရောကွာ။

အဲဒါ - သွားကြည့်တော့၊

လူရွယ်လူသန်နှစ်ယောက် သံကျွတ်တုံးအိတ်နှစ်လုံးနဲ့ ကွဲပြဲခြေကျိုးလဲနေတာ မြင်ရတယ်ဟော့၊



မေးမြန်းတော့ သင်းတို့နှစ်ယောက်က ငါ့ဂိုဒေါင်အပြင်မှာ ဖုံးထားတဲ့ သံကျွတ်တွေဝင်ခိုးပြီး အုတ်ရိုးကအကျော်မှာ အရိုက်ခံရပြီး ခေါင်းကွဲ၊ ခြေကျိုး၊ သတိလစ်နေကြတာရယ်ကွ။

အဲဒါ သတိရအောင်လုပ်ပြီး ဆေးခန်းပို့ရတယ်၊ သူတို့ကလည်း မှားပါတယ်၊ တောင်းပန်ပါတယ်၊ ရဲစခန်း မပို့ပါနဲ့လို့ ငိုယိုကြတာကိုး။

“မင်းတို့ကို ဘယ်သူရိုက်တာတုံး”

“အရုပ်ဆိုးဆိုးနဲ့ လူကြီးပါ - သူဌေး”

“ဟ - ငါ့အစောင့်တော့ ဆေးရုံတက်နေတာကွ။ မှန်မှန်ပြောနော်၊ သူခိုးချင်း ရိုက်ကြလို့လား”

“မဟုတ်ပါဘူး - သူဌေး၊ ကျွန်တော်တို့ ကျူးလွန်တာ မှားသွားပါတယ်ခင်ဗျာ။ နောင်ကို ကျွန်တော်တို့ မခိုးတော့ပါဘူး။ သူဌေး - ကျွန်တော်တို့ တောင်းပန်ပါတယ် - သူဌေးရယ်”

“အေးပါ - အေးပါ - ငါ မင်းတို့ကို ရဲစခန်းလည်း မပို့ပါဘူး။ နောင်မလုပ်ရင် ပြီးတာပါပဲကွာ။ ရောဂါပျောက်အောင်သာ နေကြ၊ ဟုတ်လား”

သူတို့နှစ်ဦး မျက်ရည်စို့ရွဲနှင့် လက်အုပ်ချီပြီး တောင်းပန်ကြတယ်။ သူတို့ ပြောပုံအရ အရုပ်ဆိုးဆိုးလူကြီးဆိုတော့၊

မဟုတ်မှလွဲရော ...

ငါ အစောင့်ထားတဲ့ ကျောက်ဘီလူးဗျာ၊

“ဟော့ကောင် - ဟော့ကောင်”

“ဟင် - ခင်ဗျား၊ ဘယ်သူလဲ - ကျုပ် အခန်းထဲ ဘာလာလုပ်တာလဲ”

“ငါ လုပ်လိုက်တာ သိပလားဟေ့”

လူထွားကြီးကွ၊ အရုပ်ကလည်း ဆိုးလိုက်ပါဘိကွာ။ မျက်နှာရော ခေါင်းမှာရော၊ အမွေးအမှင် ကြမ်းတွေနဲ့၊



www.burmeseclassic.com

www.burmeseclassic.com

သူ စကားပြောတော့ ခံတွင်းနံ့က နံဟောင်နေတာပဲ။

"ခင်ဗျားက ဘာလုပ်လိုက်လို့တုံးဟင် - ဟင်"

"သူ့ရိုးသုံးယောက်ကို ငါ ဆုံးမလိုက်တာတွ"

"ဗျာ - ဒါ - ဒါဆို - ခင်ဗျားက ဟို - ဟိုခြံစောင့် ကျောက် - ကျောက်ဘီလူး ပေါ့။ ဟုတ်လား"

"ဒါပေါ့ - ငါ့လက်ရျက်ပေါ့တွ"

"ဗျာ"

"တော့ကောင် - ငါ - ငါးအကောင်ကြီးကြီး စားချင်တယ် သိလား။ ငါ့ကို တွေ့ဦး - ငါ သွားမယ်"

ကျောက်ဘီလူးလို့ပြောတဲ့ လူထွားကြီး ငါ့ရှေ့ကနေ ရုတ်တရက် ပျောက်သွားရော။ ငါလည်း အိပ်မက်က လန့်နိုးတော့တာပဲ။

ဘုရားရေ - ကျောက်ဘီလူးတဲ့ကွာ၊

သူ့ရိုးသုံးယောက်ကို သူ ဆုံးမလိုက်တာဆိုတော့၊

ဒါဆို ငါ့ရဲ့လူငှားခြံစောင့် အောင်ပုလည်း သူ့ရိုးပဲပေါ့။ သူ ဒီလို ပြောသွားပုံတွ။

ငါနောက်နေ့မှာ ငါးတန်သုံးပိဿာ အကောင်ကြီးတုံးတစ်ပြီး ကျောက်ဘီလူးရဲ့အခန်းတိုက်ထဲ ထည့်ပေးထားလိုက်တယ်၊

ပြောရရင် အံ့ဩစရာပဲ တရေးဆရာ၊

ငါ့ ဂိုဒေါင်ခန်းထဲကပစ္စည်း လာခိုးသူမှန်သမျှ ခွေးပြေး၊ ဝက်ပြေး ပြေးကြရတာပဲ၊

ကျောက်ဘီလူးက စောင့်ရှောက်နေမှန်း ငါ သိလိုက်ပြီကွ။ ဝမ်းသာလိုက်တာရယ်ကွာ၊ ငါ ညစောင့်လူငှား လုံးဝမထားတော့ဘူးဟေ့။ ဟာ - ဟာ - ဟ"

ဒီမှာ ကျောက်ဘီလူးကလည်း အစာကို တိုးတိုးတောင်းလာတယ်ကွ၊ ဆိုးတာက ကျောက်ဘီလူးက သွေးသောက်ချင်လို့တဲ့၊

ဒါနဲ့ - အမဲသွေး ကျွေးရတယ်၊



ဝက်သွေး၊ ကျွဲသွေး ကျွေးရတယ် ငါ့လူရေ၊

ပိုဆိုးတာက လူသွေး သောက်ချင်သတဲ့ဟေ့။ ငါ လူသွေးတော့ မတိုက်နိုင်ဘူးလို့ ပြောလိုက်တယ်၊ ဒါနဲ့ - အတူကဲကဲလာတော့ ငါလည်း စိတ်တိုလာရောကွ၊

**ပြီးရင်-ဝါးဆစ်ထဲကို ကျောက်ဘီလူးရုပ်ထုထည့်၊**
**ပြီးရင်-ဒါချဉ်အကောင်ပါတဲ့ ဒါချဉ်ကိုထည့်ပြီးအုပ်၊**
**ပြီးရင်-လက်မက်ခြောက် အပြည့်သိပ်ပြီး ဂွံ့ခဲနဲ့အဝစိတ်ပြီး**
**ဝါးဘိုးခြောက်ကိုယ်လုံးပေါ်မှာ ကျောက်ဘီလူး၊ ဝါးဘိုးခြောက်**
**အိမ်သစ်မှာပျော်သလို ဒါချဉ်စားလို့ ခဲတံနဲ့ တရေးပြီး**
**သူ့မူလနေရာ မြန်မိုလိုက် ...**



လူသွေးတဲ့ . . .၊

ငါက သွေးဖောက်ပြီး တိုက်ရမှာလားကွာဟင်၊

ဝယ်လို့ကလည်း တရားမဝင်ဘူးကွ၊ သူကလည်း လူသွေးပဲ သောက်ချင်တယ်လို့ အိပ်မက်ထဲ လာလာပြောရော၊

www.burmeseclassic.com

"မတိုက်နိုင်ဘူးဗျာ - ခင်ဗျာ၊ မနေချင် မစားချင်ရင် ပြန်တော့"

ငါ ဒေါသနဲ့ အော်ပြောလိုက်တယ်။

သူ ငါ့ကို စိမ်းစိမ်းကြီးကြည့်ပြီး ချာခနဲ လှည့်ထွက်သွားတယ်။ နောက်နေ့တစပြီး ငါ့ဂိုဒေါင်ထဲက ပစ္စည်းတွေရော၊ ဂိုဒေါင်အပြင်က ပစ္စည်းတွေရော ပျောက်တော့တာပဲ။

ဂိုဒေါင်ပါ ပျောက်သွားတာ။

ငါ သိလိုက်ပြီ၊ ငါ့ကို ဂမ္ဘီရကျောက်ဘီလူး ပြန်ဒုက္ခပေးနေပြီ၊ ငါ - လူစောင့်ငှားပြီး ထားတယ်။ ညစောင့်မနေရဲလို့ ပြန်ပြေးတယ်။ ဘာလို့ ပြေးတာလဲ မေးကြည့်တော့၊

ဘီလူးကြီးတစ်ကောင် အုတ်ရိုးပေါ်မှာ လမ်းလျှောက်နေတာ မြင်ရလို့တဲ့၊ ဘီလူးတော့ ငါ့ကို ကျေးဇူးကန်းနေတာ သေချာသွားပြီ၊

အဲ့ - ငါ ဒီဘီလူးကို ဘယ်လိုပြန်ဆုံးမရင် ကောင်းမလဲဆိုတာ စဉ်းစားပြီး ဗေဒင်ရုပ်ပွားဆရာကြီး ဦးပွားနဲ့ သွားတိုင်ပင်ရတော့တယ်ဟေ့၊

"ဆရာကြီးရေ - ကျောက်ဘီလူးကတော့ ရလေလိုလေ အိုတာမြွေဖြစ်ပြီး လူသွေးတိုက်ဖို့ ပြောတယ် ဆရာကြီး။ ကျွန်တော်က မတိုက်နိုင်ဘူးလို့ ပြောတော့"

"ဒီလိုတောင် ဖြစ်နေပြီလား"

"ဟုတ်တယ် - ဆရာကြီး၊ သူ့ကို ကျွန်တော် နင်ချင်တယ်၊ သူဟာ လောဘသား ပြိတ္တာကောင်ပဲ"

"ဒါဆို - ဒီလိုလုပ်ကွာ။ ကက်ကင်းပြန်ပြီး နယ်နင်ပြန်ပို့ လုပ်ရမယ်၊ မင်း ဝါးဘိုးခြောက်အသစ် တစ်ဖက်ပိတ်ကို ရှာ၊ ပြီးရင် - ဝါးဆစ်ထဲကို ကျောက်ဘီလူးရုပ်ထု ထည့်၊ ပြီးရင် ခါးချဉ်အကောင်ပါတဲ့ ခါးချဉ်ကိုထည့်ပြီးအုပ်၊ ပြီးရင် - လက်ဖက်ခြောက် အပြည့်သိပ်ပြီး ရွှံ့ခဲနဲ့ အဝပိတ်ပြီး ဝါးဘိုးခြောက်ကိုယ်လုံးပေါ်မှာ ကျောက်ဘီလူး၊ ဝါးဘိုးခြောက် အိမ်သစ်မှာပျော်သလို ခါးချဉ်စားလို့ ခဲတံနဲ့စာရေးပြီး သူ့မူလနေရာ ပြန်ဖို့လိုက်၊ အဲဒါ ကက်ကင်း



တန်ပြန် အစီအရင်ပဲ။ သင်း - မင်းအိမ်လုပ်ငန်းရှိရာ ဘယ်လိုမှ ပြန်လာလို့ မရတော့ဘူး"

"ဆရာကြီး"

"ပြော"

"ဆရာကြီးပဲ စီရင်ပေးပါ - ဆရာကြီးရယ်၊ တောထဲပြန်ပို့တာ ကျွန်တော်တို့ သွားပို့ပါတယ်ခင်ဗျာ။ ဆရာကြီးကိုလည်း ကျွန်တော် ပူဇော်ကန်တော့ပါ့မယ် - ဆရာကြီး"

"အေး - အေး - ဒုက္ခရောက်နေမှတော့ လုပ်ပေးရမှာပေါ့"

ဒါနဲ့ ချက်ချင်းပဲ၊ ဝါးဘိုးဝါးခြောက်ကို သန်လျင်မှာ သွားရှာရတယ်၊ ပေါင်လုံးသာသာ ရလာတယ်။ ခါးချဉ်ထုပ်ကလည်း တိုက်ကြီးဘက်ကမှာလို့ ရလာခဲ့တယ်၊

ပစ္စည်းလည်း စုံရော၊

ဂိုဒေါင်ခန်းထဲက သီးသန့်တိုက် (နတ်စင်လိုစင်)ထဲက ကျောက်ဘီလူးရုပ်ထုကို တံခါးဖွင့်ပြီး ဆရာကြီးက ဘီလူးနိုင်အင်းပုဝါနဲ့ အုပ်ယူထုတ်လိုက်တယ်၊

နံဟောင်နေတာပါပဲ - ငါ့လူရေ။

ပြီး - ဝါးဘိုးဝါးခြောက်ထဲ သွင်း၊ ခါးချဉ်ထုပ်ကိုထည့်ပြီး လက်ဖက်ခြောက်တွေ အပြည့်သိပ်လိုက်တယ်၊ ရွှံ့ခြောက်နဲ့ အဝကို ပိတ်လိုက်တယ်ကွ၊

သည့်နောက် - ဆေးစီရင်ထားတဲ့ ခဲတံနဲ့ ဝါးဘိုးခြောက်ကျောကုန်းမှာ စာရေးလိုက်တယ်။

ကျောက်ဘီလူး၊

ဝါးဘိုးခြောက်ထဲမှာ ...

ခါးချဉ်နဲ့ လက်ဖက်ခြောက်စားပြီး ရွာပြန်နေတော့တဲ့...၊

အဲဒါ "ပြောင်းပြန်ကက်ကင်း" အစီအရင်တဲ့၊



www.burmeseclassic.com

www.burmeseclassic.com

ငါလည်း ပဲခူးရိုးမတောထဲဝင်ဖို့ဟာ မုဆိုးကြီးလေးမောင်ကို သွားခေါ်ပေမယ့် သူက ရခိုင်ရိုးမထဲမှာ ကိုးတောင်ရှိကျားဆိုး သွားပစ်နေလို့ မရှိဘူး။

နောက်ဆုံး ကိုလေးမောင်ရဲ့ တပည့် မုဆိုးညီအစ်ကို မောင်စိုနဲ့ မောင်ပိုကိုခေါ်ပြီး လက်နက်အစုံအလင်နဲ့ ကျောက်ဘီလူး မူလနေရာ ဝါးဘိုးတောထဲ ဝင်ခဲ့ကြတယ်။

ရောက်လည်း ရောက်ရော ...။

မူလဝါးဘိုးပင်ပြတ်ပေါ်မှာ ကျောက်ဘီလူးကို စီရင်ထည့်ထားတဲ့ ဝါးဘိုးခြောက်တို့ စိုက်ထိုးခဲ့ပြီး ...။

"နေခဲ့၊ ဒါ - သင့်မူလနေရာပဲ၊ လုံးဝ ပြန်မလိုက်နဲ့"

အဲလိုပြောပြီး ပြန်အလှည့် ...။

"တောက်"

"ဟင်"

"အမလေး"

အလို - နောက်ကနေ "တောက်" ခေါ်လိုက်တဲ့အသံ အကျယ်ကြီးကို ငါတို့သုံးယောက် ကြားလိုက်ရတယ်။

ငါလည်း ခေါင်းနားပန်းတွေ ကြီး၊ ကြက်သီးထ၊

မောင်စိုနဲ့ မောင်ပို လန့်အော်ကြပါရောဟာ့၊

ဒီမှာ ဆရာကြီးက ပြောလိုက်တယ်၊ ကျောက်ဘီလူး "တောက်" ခေါ်ခဲ့ရင် "ထွီ" လို့ တံတွေးထွေးပြီး မြေကြီးကို ဖနောင့်နဲ့ဆောင့်ခဲ့တဲ့၊

ငါ - တောက်ခေါ်သံလည်း ကြားရရော၊

နောက်ပြန်လှည့်ကြည့်ပြီး ...။

"ထွီ ..."

"ကဲကွာ ..."

မြေကြီးကိုပါ ဖနောင့်နဲ့ သုံးချက်ဆင့်ပေါက်ပြီး တောထဲက ပြန်ထွက်ခဲ့လိုက်တယ်။

အဲဒီနေ့ကစပြီး ငါ့ကိုခေါ်က ပစ္စည်းလည်း မပျောက်တော့ဘူး။ ကျောက်ဘီလူးလည်း ဘာစားချင်တယ်၊ ညာစားချင်တယ် လာမပြောတော့ဘူး။

သစ္စာရှိတဲ့ ညစောင့်တွေနဲ့ ငါ့လုပ်ငန်းလည်း အဆင်ပြေခဲ့တော့တယ်။

ပြောချင်တာက ...

ရုပ်တုအစီအရင်တွေ အမျိုးမျိုးရှိကြတယ်။

အချို့ ရုပ်တုတွေက အပေးအယူ ကြမ်းတယ်၊ မလိုက်နိုင်ရင် ကိုယ်ပါ အသက်သေရတဲ့ ကိန်းမျိုး ကြုံရနိုင်တယ်၊ ငါတောင် ဆရာကြီးကောင်းလို့ နိုင်ရုံ - ငါ ဘီလူးစာဖြစ်ပြီး သေတာကြာပေါ့ - တဲ့ရေးဆရာ၊

→ မောင်ညီမှိုင်း (သန်လျင်)

"ဂျွန်ရှေလောကမဂ္ဂဇင်း" တွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၏
အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ
မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်ရန်ခက်ခဲ၍
မရရှိခြင်း စသည့်အခက်အခဲများရှိပါ၍ သင့်ဖြင့် စာမူရှင်များ
အနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ
စာမူခနှင့်လက်ဆောင်စာအုပ်ထုတ်ယူနိုင်ရန် ဆက်သွယ်မှု
ပြုကြပါရန် ပန်ကြားအပ်ပါသည်။
လေးစားစွာဖြင့်
ဂျွန်ရှေလောကမဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com




# ကမ်းနားမှာ ရေနစ်သူ

တောထိန်

ကျွန်တော်က အစိုးရအမှုထမ်းဖြစ်ခဲ့၍ နိုင်ငံအနှံ့ မြို့တော်တော်များများတို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ တချို့မြို့တွေမှာ ကျွန်တော့်ဌာန၏ တာဝန်တွေက များပြားလှ၍ (ယားလို့မှမကုတ်အားဘူး) ဆိုတာမျိုး လုပ်ကိုင်ခဲ့ရတာရှိသလို တချို့မြို့တွေမှာတော့ အလုပ်တာဝန် နည်းပါးလှ၍ ထိုမြို့မှာ အနားယူအပန်းဖြေသလို နေခဲ့ရတာမျိုးလည်း ရှိပါသည်။

မြို့တစ်မြို့ကိုပြောင်းတော့ ကံအားလျော်စွာ အလုပ်ပါးသောဒေသဖြစ်၍ ရုံးတက်တာနှင့် အစည်းအဝေးတက်တာ နှစ်မျိုးပဲလုပ်ရသည်။ ကျွန်တော်က အားလပ်ချိန်များကို မြို့ပေါ်အနှံ့လျှောက်သွားပြီး ဒေသိယဘာသာစကား ဒေသန္တရ ဓလေ့ထုံးစံများကို လေ့လာ(စပ်စု)ပါသည်။

ထိုမြို့က ပင်လယ်ကမ်းခြေနှင့်နီးသောမြို့ဖြစ်၍ အများစုက ရေလုပ်ငန်း (ထံငါသည်) များ ဖြစ်ကြသည်။ သူတို့နှင့် ရင်းနှီးအောင်ပေါင်း၍ ငါးဖမ်းနည်း

www.burmeseclassic.com

မျိုးစုံကို လေ့လာနိုင်သော်လည်း ပင်လယ်ထဲ ငါးဖမ်းထွက်တာကိုတော့ "အန္တရာယ်များလွန်းတယ် - ဗိုလ်ကြီး" ဟူသောစကားဖြင့် ကျွန်တော့်ကို သူတို့လေ့နှင့် လိုက်ခွင့်မပြုကြပါ၊ ပင်လယ်ထဲမှာ အလုပ်လုပ်ရာတွင် မကျွမ်းကျင်သူ လူပိုတစ်ယောက် မခေါ်လိုတာလည်း ဖြစ်နိုင်သည်။

ဒီတော့ - ကျွန်တော်က သူတို့လည်းမရှိ၊ အလုပ်လည်းအား၍ ပျင်းရိနေသောတာလများတွင် ငါးငါးမျှားတံတစ်ချောင်းနှင့် ချောင်းရိုးမြောင်းရိုး တစ်လျှောက်ငါးလိုက်မျှားပါတော့သည်၊ ဒေသခံတွေက အမိပတိတံငါသည် ကြီးများဖြစ်၍ ငါးမျှားတံတစ်ချောင်းလောက်နှင့် ငါးမျှားတာမျိုး မလုပ်ကြပါ၊ သူတို့က စီးပွားဖြစ်ငါးဖမ်းကြတာဖြစ်၍ ငါးလေးငါးထယ်ကောင်လောက်သာ ရနိုင်သော ငါးမျှားသည့်အလုပ်ကို ကလေးငယ်များပင် မလုပ်ကြပါ၊ ငါးပေါသောဒေသဖြစ်၍ ငါးမျှားတံတစ်ချောင်းနှင့် နံနက်(၁၀)နာရီလောက်မှာ ထွက်သွားလျှင် မွန်းတည့်ချိန်လောက်မှာ သုံးကောင်တစ်ပိဿာ လေးကောင် တစ်ပိဿာအရွယ် ငါးတစ်ပိဿာကျော်တော့ အသာလေးရနိုင်သည်၊ ရမိသည့်ငါးတွေက ဒေသခံတွေ(မြောင်းငါး)ဟုခေါ်သည့် ရေချိုငါးများဖြစ်၍ ဒေသခံလူကြီးပိုင်းက ထိုငါးမျိုးကို မစားကြပါ၊ (ချောင်းရေမြောင်းရေက သေန်၍ ထိုရေမှာနေသောငါးက ညစ်ပတ်သည်ဆိုပြီး မစားကြခြင်းဖြစ်ပါသည်၊ ပင်လယ်ရေကငန်သော်လည်း ကြည်စိမ်းပြာလဲ့နေတာမို့ ထိုပင်လယ်ရေထဲက ငါးကိုပဲ ဒေသခံများက စားကြသည်၊ ထို့ကြောင့်လည်း ချောင်းထဲမှာ ငါးမမျှားကြခြင်း ဖြစ်ပါသည်၊)

ဒီလိုနေရာမှာ ထူးထူးဆန်းဆန်း ကျွန်တော်နှင့် ငါးမျှားဖက်တစ်ယောက်ကို တွေ့ရပါသည်၊ သူကလည်း ဒေသခံမဟုတ်၊ မြန်မာပြည်အလယ်ပိုင်း မြေလတ်သားတစ်ယောက်ဖြစ်၍ ဒီမြို့ကိုရောက်နေတာ နှစ်ပတ်လည်မျှ (ကျွန်တော့်ထက် လပိုင်းမျှသာစောပြီးရောက်နေသည်)သာ ရှိသေးသည်ဟု သိရပါသည်၊ လုပ်ငန်းတူ၊ ဝါသနာတူနှစ်ယောက်တည်းရှိတာဖြစ်၍ သူနှင့် ကျွန်တော် ခင်မင်ပါသည်၊ သူက ...

"ငါးဖမ်းပြီး ရောင်းစားမလား အောက်မေ့ပါတယ်၊ ကျွန်တော် မျှားလို့ရတဲ့ငါးကို ဘယ်သူ့မှမဝယ်ဘူး - အစ်ကိုရ"တဲ့၊



"မရောင်းရတော့ ဘာဖြစ်လဲကွ၊ အိမ်မှာ ဟင်းစားရတာပေါ့၊ ဝါကတော့ ငါးကြော်ပြီး ဘီယာနဲ့မြည်းလို့တောင် မလောက်ဘူး" ဆိုတော့ ...

"အစ်ကိုရ - နေ့တိုင်းစားနေရတော့ ငါးဟင်းကိုလည်း မုန်းနေပြီ၊ တစ်ခါတလေ ငါးရပြီး ကြော်စားစရာဆီက မရှိ၊ ရောင်းလို့ကလည်း မရတော့ လွှင့်ပစ်လိုက်ရတာမျိုးတောင် ရှိတယ်"

**ကျွန်တော့်ရှေ့က ထုန်းခေါ်ခေါ် မြေလတ်သားဖြစ်၍**
**ထုံးဝရေစထူးတတ်ထူးတ သိရသည်။ ကျွန်တော်ကတော့**
**ရေထူးထွမ်းချဉ်ဝါသည်။ ပြီးတော့ - အနီးဆုံးမှာရှိတာက**
**ကျွန်တော်ပဲဖြစ်၍ ရေထဲ ရှေ့ချထွားတာ မြင်သည်နှင့်**
**'လုပ်ကြပါဦးတော့ - ရှေ့ ရေထဲမြုတ်ချလို့' ဆိုတာမျိုး ...**



သူမိခင်ကြီး နောက်အိမ်ထောင်(သူ့ပထွေး)တို့နှင့် အတူနေပြီး ဆင်းရဲကြပါသည်၊ ကျွန်တော့်ကိုလည်း အိမ်သူသက်ထားက နေ့တိုင်း ငါးကြော်မစားနိုင်ဘူး၊ ဆီကုန်တယ်ဆိုတာမျိုး အပြောခံရပါသည်၊

ဒီလိုနှင့်ပဲ သူနှင့် ကျွန်တော်သည် တစ်ခါတစ်ရံ နေရာအတူတူ၊ တစ်ခါတစ်ရံတစ်နေရာစီ နေ့စဉ်လိုလို ငါးမျှားကြပါသည်၊ ကျွန်တော်က ကိုယ်စဉ်မှာ

www.burmeseclassic.com

ဆေးလိပ်မပြတ်သေး၍ ပါလာသောစီးကရက်ကို သူရှိလျှင် ခွဲဝေပေးသောက်ပါသည်၊ ကျွန်တော့်မှာပါသောဓာတ်ဘူးနှင့် လက်ဖက်ရည်ရှိ၊ စားစရာမုန့်များကိုတော့ ပေးကျွေးသော်လည်း သူက မစားပါ။

ထိုနေ့ကိုတော့ မမေ့ပါ။ ထိုနေ့က ငါးမမျှားကြသေးမီ သူ့ကိုတွေ့တော့ သူ့မျက်နှာ တော်တော်ညှိုးနွမ်းပါသည်၊ ဒါမျိုးကို ကျွန်တော်က ဘာဖြစ်လာသလဲဆိုတာမျိုး မေးလေ့မရှိပါ။ ကိုယ်ရေးကိုယ်တာကို ကျူးကျော်ရာရောက်သည်ဟုယူဆပါသည်၊ ဒီအတိုင်းအကဲခတ်ရတာက တစ်ခုခုကို တော်တော် စိတ်ညစ်ညူးလာဟန် ရှိပါသည်၊

ပြီးတော့ - သူက ခါတိုင်းထက် အရက်ကလေး ပိုသောက်ထားဟန် ရှိပါသည်၊ ခါတိုင်းထက်ဟု ပြောရသည်က သူနှင့်တွေ့တိုင်း နေ့စဉ်လိုလို တစ်ခွက် တစ်ဖလားဆိုတာမျိုး မှော့ထားတာ သိသာပါသည်၊ တစ်ခုကောင်းတာက အရက်သောက်သော်လည်း မူးယစ်ရမ်းကား ဆဲဆိုတတ်တာမျိုး မရှိပါ။ အသက်ကလေးငယ်ငယ်နှင့် အရက်သမားကြီးစတိုင်လ် ဘာလို့ နေ့တိုင်း ပုံမှန်သောက်နေသလဲမေးတော့ - "စိတ်ညစ်လို့ - အစ်ကိုရာ" ဟု တိုတိုပဲ ဖြေပါသည်၊ ကျွန်တော် ဆက်မမေးတော့ပါ။ ဒီနေ့မှာတော့ ခါတိုင်းထက် ပုံပျက်ယိမ်းယိုင်နေပါသည်၊ ကျွန်တော့်ကိုတော့ ပုံမှန်အတိုင်းနှုတ်ဆက်ပြီး ကျွန်တော် ပေးသောစီးကရက်ကိုလှမ်းယူ၍ သူ့ အများအားဖြင့် ငါးမျှားနေကျ နေရာမှာ သွားထိုင်၍ ငါးမျှားဖို့ ပြင်ပါသည်၊

ကျွန်တော်က ဒီမျှပဲ သူ့ကို အာရုံရှိပြီး နောက်တော့ ကိုယ့်လုပ်ငန်းကိုယ် (ငါးမျှားတာကို) အာရုံစိုက်နေလိုက်ပါသည်၊ ခဏပဲကြာသည် ထင်ရပါ၏၊ ရေပြင်ပေါ်ကို တစ်စုံတစ်ခု ပြုတ်ကျသည့်အသံ "ဝုန်း" ဟူသောအသံပြင်းပြင်း ကြားလိုက်ရ၍ လှမ်းကြည့်မိတော့ - အလိုဘုရား - ကျွန်တော့်မိတ်ဆွေကလေး ထိုင်နေတာ မတွေ့ရတော့ဘဲ အောက်ဘက်ရေပြင်မှာ ရေပွက်ကြီး ထနေတာကို တွေ့ရပါသည်၊ စောစောက ကျွန်တော်ပြောသည့် များသော အားဖြင့် သူ ငါးမျှားနေကျနေရာဆိုသည်မှာ (၇)ပေ(၈)ပေအမြင့်ရှိ ကမ်းပါး စောက်ထိပ်မှာဖြစ်၍ ရေပြင်အောက်မှာ ရောမထုးတွင်းကြီးရှိသည်ဟု နားလည်သူများက ပြောကြသည့် ငါးအထိအမိများသော နေရာဖြစ်သည်၊ ထုးတွင်းဆိုသည်က ရေအောက်မှာ တွင်းလိုက်ခေါင်းကြီးဖြစ်နေတာကို ပြောတာဖြစ်၍ ငါးခိုအောင်းတာ များသောကြောင့် ငါးအမိများခြင်း ဖြစ်ပါသည်၊

ကျွန်တော် ပြောခဲ့သည့်အတိုင်း မြို့က ပင်လယ်ကမ်းနားမြို့ဖြစ်သော်လည်း ပင်လယ်နှင့် မြို့က ကပ်နေတာမျိုးမဟုတ်ပါ၊ ကျွန်တော်တို့ ငါးမျှားရာတာက ပင်လယ်ထဲစီးဝင်သော ရေချိုချောင်းကလေးမှာဖြစ်သည်၊ ချောင်းဆိုသော်လည်း ပင်လယ်ဝနှင့်နီးပြီဖြစ်၍ အကျယ်က ခဲတပစ်ခန့်ရှိပြီး ချောင်းထဲဆင်းသွားလျှင် လူတစ်ရပ်ထောက်မီသော နေရာမရှိ၊ ရေနက်ချောင်းဖြစ်သည့်အပြင် ပင်လယ်အတိုင်း ရေတက်ရေကျရှိ၍ ရေပြည့်ချိန် (ရေအမြင့်ဆုံးတက်နေချိန်)မှာ ချောင်းအတွင်း လူနှစ်ရပ်ကျော်နက်သည်၊ ယခုရေစစ်ပြီး (ရေအကျဆုံးအချိန်ကုန်၍) ရေတက်စအချိန်ဖြစ်သော်လည်း ချောင်းထဲမှာ သာမန်အားဖြင့် လူတစ်ရပ်ကျော်တော့ နက်သေးရာ ကျွန်တော့်မိတ်ဆွေကလေး ငါးမျှားသည့်နေရာက အောက်မှာထုးတွင်းရှိ၍ သာမန်နေရာထက် နှစ်ဆနက်သည်၊

သူက ရေထဲပြုတ်ကျတာနှင့် ရေပွက်ကြီးထပြီး တစ်ချက်မျှ ပြန်မပေါ်လာတော့ပါ။ ထိုဒေသမှာ ဒေသခံများက ကလေးလူကြီး၊ ကျားမ မရွေး ငါးတမျှ ရေကူးကျွမ်းကျင်ကြသည်၊ ကျွန်တော့်လူက ကုန်းခေါင်ခေါင် မြေလတ်သားဖြစ်၍ လုံးဝရေမကူးတတ်ဘူးဟု သိရသည်၊ ကျွန်တော်ကတော့ ရေကူးကျွမ်းကျင်ပါသည်၊ ပြီးတော့ - အနီးဆုံးမှာရှိတာက ကျွန်တော်ပဲ ဖြစ်၍ရေထဲ လူကျသွားတာ မြင်သည်နှင့် "လုပ်ကြပါဦးဟေ့ - လူ ရေထဲပြုတ်ကျလို့" ဆိုတာမျိုး ပလုံးပထွေးအော်လိုက်ပြီး ကျွန်တော်က ထိုနေရာကို ပြေးခုန်ချလိုက်ပါသည်၊

အမှန်တော့ - ကျွန်တော်ကလည်း ရေကူးကျွမ်းကျင်တာပဲ ရှိသည်၊ ရေနစ်သူကို ကယ်တာမျိုး မတတ်ပါ၊ ရေနစ်သူက နာခေါင်းပါးစပ်တွေ ရေဝင်၍ မွန်းသီးလာပြီဆိုလျှင် ဘာမှမသိတော့ဘဲ နီးရာမှာရှိတာကို အတင်းဆွဲ





www.burmeseclassic.com

www.burmeseclassic.com

ဖက်ချုပ်ကိုင်တော့သည်။ ဒါကို လွတ်အောင်ရှောင်၍ ရေနစ်သူကို ဘယ်နေရာက ကိုင်ရမည်၊ ဘယ်နေရာက ဆွဲရမည်ဆိုသည်များကို သင်တန်းများတက်၍ စနစ်တကျသင်ယူပြီးမှ ကယ်ဆယ်ရတာဖြစ်သည်။ သို့မဟုတ်ပါက နစ်သူကော၊ ကယ်သူပါ အသက်ဆုံးရတတ်ပါသည်။ သို့သော်လည်း သေကံပါသူမှလည်း သေသည်။ ကျွန်တော်ကိုယ်တိုင် ငယ်စဉ်က ရေနစ်ဖူးပါသည်။ သာမန်နစ်တာမျိုးမဟုတ်၊ လုံးဝရေအောက်ကိုနစ်ပြီး သတိလစ်မေ့မြောသွားတာဖြစ်၍ လူကြီးများ ကယ်တင်ပြုစုပေးကြမှ သတိပြန်လည် အသက်ရှင်ရတာ ဖြစ်သည်။ ရေနစ်သော်လည်း မသေဘဲ သတိပြန်လည်ခဲ့ပြီးနောက် ရင်ဘတ်တွေနာ၍ (သတိလစ်နေတာ ပြန်လည်လာအောင် ရင်ဘတ်ကို လက်ထောက်ပြီး နှိပ်ကြသည့်ဒဏ်ဖြစ်သည်) သုံးလေးရက်ခန့် နားထဲက လေတွေ တဟူးဟူးထွက်နေတာမျိုး ခံစားခဲ့ရပါသည်။ ဒါက ကျွန်တော် သေကံမပါသေး၍ ဖြစ်သည်။

=😐=

စကားစပ်မိ၍ နောက်ထပ်သေကံမပါဘဲ ကံထူးသူတစ်ယောက် အကြောင်း ပြောပါဦးမည်။ ရန်ကုန်နှင့် သန်လျင်ကို ယခင်ကဆိုလျှင် ကူးတို့သင်္ဘောဖြင့်သာ ကူးကြရသည်၊ သန်လျင်တံတားဆိုတာ မရှိသေး၊ တံတားကြီး တည်ဆောက်၍ ပြီးလုလုမှာ သန်လျင် – ရန်ကုန် ကူးတို့သင်္ဘောက ပဲခူးမြစ်အတွင်း၊ မြစ်သုံးခွဆိုင် မရောက်မီနေရာမှာ ရေဝင်ပြီးနစ်ပါသည်။

သင်္ဘောနစ်ပြီဆိုလျှင် ခရီးသည်များ (အထူးသဖြင့် မိန်းမသားများ)က နီးရာလူကို လှမ်းကိုင်ဖက်တွယ်တတ်ကြသည်၊ ထိုအခါ စောစောကပြောတာမျိုး ရေကူးကျွမ်းကျင်သူလည်း ရေကူး၍မရတော့ဘဲ တစ်စုတစ်ဝေးကြီး ရေနစ်သေဆုံးတတ်ကြ၍ သင်္ဘောများနစ်ပြီဆိုလျှင် တက်တက်ကြွကြွ ထိုးထိုးထောင်ထောင်နေသူကို ရေကူးတတ်သူထင်ပြီး (တကယ်လည်း ရေကူးတတ်သူများက သွက်သွက်လက်လက် လှုပ်ရှားတတ်သည်) ထိုသူကို အားကိုးတကြီး ဝိုင်းဝန်းဖက်တွယ်လေ့ရှိသည်။ ထိုကူးတို့သင်္ဘောမှာပါသူ တစ်ယောက်က ရေလုံးဝမကူးတတ်ပါ။ သူက ရှန်းရင်းဆန်စဝ်ဖြစ်နေသူများကြားမှာ ဟိုဟိုသည်သည်ကြည့်ရင်း သင်္ဘောအောက်ထပ်ကို ရေဝင်လာတော့ (သူက အောက်ထပ်မှ စီးလာတာဖြစ်သည်) လူတွေကြားက အပေါ်ထပ်ကိုတက်သည်၊ အပေါ်ထပ်ရေမြုပ်တော့ သံတိုင်ကိုဖက်တွယ်ပြီး သင်္ဘောခေါင်မိုးပေါ်ကိုတက်သည်။ သူ့ကိုတော့ ကုပ်ရှောင်းရှောင်းနှင့်မို့ ဘယ်သူကမှ အားကိုးဖက်တွယ် ဆွဲထားသူမရှိပါ၊ သူ ခေါင်မိုးပေါ်ရောက်ပြီး သင်္ဘောခေါင်မိုးမြုပ်စအချိန်မှာပဲ ကယ်တင်ဖို့လာသော ငှက်သမွန်တစ်စီး ရောက်လာ၍ သူမှာ ခြေထောက်ပင် ရေမစိုလိုက်ဘူးဟု ဆိုပါသည်။

ထိုသင်္ဘောနစ်မြုပ်မှုမှာ သန်လျင်မှ ထွက်လာပြီး သန်လျက်စွန်းကို မရောက်မီ ကမ်းခြေနှင့် သိပ်မဝေးသောနေရာမှာဖြစ်၍ အသေအပျောက်များလှပါ၊ အောက်ဘက်ကိုလွန်၍ မြစ်သုံးခွဆိုင်မှာ ဖြစ်လိုက်လျှင် အများအပြား သေဆုံးနိုင်ပါသည်။ ယခု – ကူးတို့သင်္ဘော နစ်မြုပ်မှုသည် ကူးတို့သင်္ဘော နောက်ဆုံးနစ်မြုပ်မှုဖြစ်၍ လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ခန့်က (၁၉၇၃၊ ဖေဖော်ဝါရီလ(၂၁)ရက်) ညနေ(၄)နာရီ (ရုံးဆင်းချိန်)မှာ ရန်ကုန်မှ ဒလသို့ အသွား၊ ကူးတို့သင်္ဘော တိုးအေးသည် တစ်ဖက်ကမ်းသို့ အတူးမှာ ပင်လယ်ကူး သင်္ဘောနှင့် ဝင်တိုက်၍ ခရီးသည် (၃၀၀)အနက် (၃၀)ကျော် သေဆုံးခဲ့ဖူးသည်။

ယခုရေနစ်မှုမှာ ကျွန်တော်သည် ရေနစ်သူကို မည်သို့မည်ပုံ ကယ်ဆယ်ညော်ဟု စဉ်းစားမနေတော့ဘဲ ရေကူးတတ်တာတစ်ခုအားကိုးနှင့် ရေထဲကို ခုန်ချလိုက်ခြင်း ဖြစ်ပါသည်။ ချောင်းရေမှာ ပင်ကိုအားဖြင့် သိပ်မနောက်ကျိသော်လည်း ရေပြန်တက်စဖြစ်၍ အောက်အနယ်လှန်ပြီး နည်းနည်းရေနောက်ပါသည်။ သို့သော် ကိုယ့်ရှေ့လက်တစ်လှမ်းကိုတော့ ကောင်းကောင်း မြင်နေရပါသည်၊ ထင်သည့်အတိုင်း ကမ်းပါးစောက်အောက်မှာ ထူးတွင်းချိုက်ခေါင်းကြီးဖြစ်နေပြီး လူနစ်ရပ်ကျော်ကျော် နက်ပါသည်။ ရေပြည့်ချိန် ဆိုလျှင် လူ့အရပ် လေးငါးပြန်ခန့် နက်ပါလိမ့်မည်၊ ကျွန်တော်က ရေကူးဆို

www.burmeseclassic.com

မဟုတ်ဘဲ ရေနစ်သူကိုရှာဖို့ဖြစ်၍ ချောင်းအောက်ကြမ်းပြင်အထိ ငုပ်ဆင်းလာခဲ့ရာ ရေနက်ပိုင်းမှာတော့ အနယ်လုန်ရှိန်မို့ ရေများနောက်ကျိပြီး ဘာမျှမတွေ့ရတော့ပါ။

ထို့ကြောင့် ဒေါးဘယ်ညာကို လှည့်ပတ်ကြည့်ရင်း အပေါ်ကို ဖြည်းဖြည်းပြန်တက်ခဲ့ရာ ရေအနက်အလယ်ခန့်အရောက်တွင် ကျွန်တော့် မိတ်ဆွေကလေးကို မျက်နှာချင်းဆိုင်၍ ပက်ပင်းကြီး အနီးကပ်တွေ့ရပါသည်။ သူက ရေနစ်မွန်းနေတာမျိုး မဟုတ်ဘဲ မတ်မတ်ကြီးရပ်လျက် ကျွန်တော့်ကို ကြည့်နေရာမှာ သူ့မျက်လုံးကပွင့်၍ သူ့မျက်နှာက ပြုံးရယ်နေသယောင် ရှိပါသည်။ ကျွန်တော့်စိတ်ထဲက "ဟေ့ - ဟေ့" ဟု လှမ်းခေါ်လိုက်ပြီး (ရေထဲမှာ ပါးစပ်က အသံထွက်ခေါ်၍မရပါ) သူ့ကို ဆွဲမည်ဟု လက်လှမ်းလိုက်စဉ် သူက ကျွန်တော့်ရှေ့မှ ဖျပ်ခနဲ ပျောက်သွားပါသည်။ ကျွန်တော် လှည့်ပတ်ကြည့်သော်လည်း ဘာမှမတွေ့ရတော့ပါ။ သည်ဖြစ်ရပ်အတွက် ကျွန်တော့် စိတ်မှာ မသိုးမသန့် ဖြစ်ရပါသည်။ ရေနစ်သည့်သူက ရေနစ်နေပုံမျိုးမဟုတ်ဘဲ ရယ်ရယ်ပြုံးပြုံးတွေ့ရပြီး ချက်ချင်းဆိုသလို မျက်စိအောက်က ပျောက်သွားခဲ့ပါသည်။

ထိုအချိန်မှာ ကျွန်တော်လည်း ရေမွန်းလာပြီဖြစ်၍ ရေပြင်ပေါ် ဦးခေါင်းဖော်လိုက်တော့ ပတ်ဝန်းကျင်မှာ လူလေးငါးဆယ်ယောက် ရှိနေကြသည်။ သူတို့လည်း ရေနစ်သူကို ကယ်ဖို့ ကူဖို့ ဆင်းလာကြခြင်းဖြစ်ရာ ကျွန်တော်က ကျွန်တော့်အောက်ကို လက်ညှိုးထိုးပြပြီး ကုန်းပေါ်ပြန်တက်ခဲ့ပါသည်။ ထို့နောက် အားလုံးဝိုင်း၍ နှံ့နေအောင် ပိုက်စိပ်တိုက်ရှာကြသော်လည်း ရေနစ်သူကို ရှာမတွေ့ကြပါ။ (ဒေသခံများက ကျွန်တော့်ထက် ရေကူးရေငုပ် ကျွမ်းကျင်ကြသည်။ သူတို့က ရေနက်ထဲကျသွားသော ပိုက်ဆံအကြွေစေ့ကိုပင် တွေ့အောင်ရှာနိုင်သူများဖြစ်သော်လည်း ယခု ရေနစ်သူကိုတော့ နေရာအနှံ့ ရှာသော်လည်း မတွေ့ကြပါ။) မကြာမီ ကောင်ကလေး၏ မိခင်နှင့် ပထွေးဖြစ်သူပါ ရောက်လာကြသည်။ ထိုအခါမှ နံနက်က အိမ်မှာ မအေနှင့်သား စကားများကြ၍ သားက မအေကို နင်ပဲငဆပြောဆိုပြီး အရက်မူးအောင် သောက်၍ ထွက်သွားတာဖြစ်ကြောင်း သိရပါတော့သည်။



ရေနစ်သူအလောင်းကို ဘယ်လိုမှရှာမရတော့ ဒေသထုံးစံအတိုင်း နတ်ဝင်သည်ကိုပင့်၍ ရှတ်ဖတ် မန်းမှုတ်ပြီး သေသူ၏ခေါင်းအုံးကို ရေမျောလိုက်တော့ ရေထဲကျသည့်နေရာ၏ ရေစုန်ဘက် ဝါးတစ်ရိုက်ခန့်အကွာမှာ ခေါင်းအုံးရပ်သွားပြီး ချာလည်လည်နေ၍ ထိုနေရာကို ဆင်းရှာတော့ အလောင်းပြန်ရခဲ့ကြပါသည်။

သည်ဖြစ်ရပ်မှာ ကျွန်တော်က ရေနစ်သူကို မြရေအောက်အနက်တွင် မျက်ဝါးထင်ထင် တွေ့ခဲ့တာမှန်သော်လည်း ပြန်စဉ်းစားကြည့်တော့ သူ့ကို မတ်မတ်ရပ်လျက်သားမြင်ရခြင်း (ရေနစ်သူသည် ကိုယ်ဖော့နိုင်ရန် လက်တားယား၊ ခြေတားယားရှိရမည်။ မတ်မတ်ငြိမ်ငြိမ်ရပ်နိုင်ဖို့က တော်ရုံရေကူးကျွမ်းကျင်ရုံနှင့် မရပါ၊ သူက ရေလုံးဝကူးတတ်သူလည်းမဟုတ်ပါ။) မျက်စိဖွင့်လျက် မျက်နှာက ပြုံးရယ်နေခြင်း (ရေနစ်သူအများစုသည် ရေနစ်စမှာ မျက်လုံးပြူး၍ ကြာလျှင် မျက်စိစုံမှိတ်သွားလေ့ရှိသည်။ ပြုံးရယ်နိုင်ဖို့ဝေးစွ၊ အသက်ရှူမှား၍ ရှုံ့မဲ့နေတတ်သည်။) ကျွန်တော့်ကို လက်လှမ်း၍ တစ်စုံတစ်ရာ ပြောလိုဟန်ပြုခြင်းနှင့် ရုတ်ခြည်းပျောက်သွားခြင်းတို့မှာ သွေးမှန်သားရိုး မဟုတ်ဘူးဟု ခံစားမိပါသည်။ ပရလောကနှင့် ဆက်စပ်နေသည်ဟု ထင်ပါသည်။

ထိုသို့ဖြစ်ပွားပြီးနောက် ကျွန်တော်သည် အလုပ်အားလျှင် ကမ်းနားမှာသွားပြီးငါးမျှားတာကို မလုပ်ဝံ့တော့ပါ။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဇိမ်ကလေးနှင့် ငါးမျှားနေတုန်း ကျွန်တော့်မိတ်ဆွေဟောင်းက ရေထဲကို ဆွဲခေါ်ချမှာ (ရေကူးတတ်သော်လည်း) ရေနစ်သတ်ခံရမှာကို စိုးရွံ့မိပါကြောင်း။

→ တောက်ထိန်

www.burmeseclassic.com

www.burmeseclassic.com



# ဓော်ရှည် ကာယပိတော်ရှင်

ရှစ်ခွစ်ဈော် (ဇောဝ်တော်ထီ)

"ဟေ့ကောင်ကြီး-ထ-ထ-ထစမ်း"

ကျွန်တော့်ကို ရင့်သီးတဲ့ အသုံးအနှုန်းနဲ့ ရင်ဘတ်ကို လက်နဲ့ဖိလှုပ်နှိုးတာ၊ ရှင်းရှင်းပြောရရင် ကျွန်တော့်ကို အမိန့်ပေးစေခိုင်းနိုင်သူ အကြီးအကဲ တစ်ဦးတစ်ယောက်မှမရှိပါဘဲ ဒီလိုမျိုးထက်ဆံတာကြောင့် စိတ်ဓေါသနဲ့ ဝေါက်ခနဲ ထထိုင်လိုက်ပါတယ်။

"ငါပါကွ-အဘပါ"

ကျွန်တော် အိပ်မက် မက်နေခြင်း မဟုတ်ပါ။ ကျွန်တော် တကယ်ပဲ အိပ်ရာက နိုးထပြီး မျက်ဝါးထင်ထင် တွေ့မြင်နေရခြင်း ဖြစ်ပါတယ်။ ကျွန်တော့် တစ်ယောက်အိပ် ဝါးခုတင်လေးပေါ် တစ်ခြမ်းတင်၊ ရွှန်းလဲ့သော အပြုံး ကြည်လင်တောက်ပတဲ့ မျက်လုံးနဲ့ ကြည့်နေသူကတော့ ကောက်ကွေးတွန့်လိမ်နေတဲ့ ဆံပင်ဘုတ်သိုက်ဝတ်ရုံနီကြီးကို ဝတ်ဆင်ထားတဲ့ အိန္ဒိယနွယ် ဘာဒူးကြီးတစ်ယောက်ပါပဲ။

www.burmeseclassic.com

"မင်း–ဒီနေ့သွားမယ့် ခရီးစဉ်ကို ဖျက်သိမ်းလိုက်ပါ၊ အဘပြောတာ နားထောင်ပါ၊ မင်းရော မင်းတပည့်တွေရဲ့အသက်အန္တရာယ်စိုးရိမ်လို့ အဘ လာသတိပေးတာပါ"

ဆာဒူးပုဂ္ဂိုလ်ကြီးဟာ စကားစပြတ်သွားတာနဲ့ မြင်ကွင်းက ပျောက် ကွယ်သွားတယ်ဆိုရင်ပဲ ကျွန်တော်လည်း သတိလက်လွတ် မေးခနဲ အိပ် ပျော်သွားပါတယ်၊ မိနစ်ပိုင်းလောက်ပဲ ရှိမှာပါ၊

"ဗိုလ်ကြီး–ထတော့ လေးနာရီခွဲပြီ"

တာဝန်ကျတာင်းရဲဘော် ကျွန်တော့်ကို လာနှိုးပါတယ်၊

"ခင်း–ဝါနဲ့ လိုက်ခဲ့စမ်း"

ကျွန်တော် တင်းရဲဘော်ကိုပြောရင်း လက်နှိပ်ဓာတ်မီးယူပြီး စခန်းထဲ မှာ အကြိုအကြားမကျန် လက်နှိပ်ဓာတ်မီး တဝင်းဝင်းနဲ့ လိုက်ရှာပါတယ်၊ ဝတ်ရုံနီဆာဒူးကြီးကို တွေ့လိုတွေ့ငြား ရှာကြံခြင်းပါ၊ ဘယ်မှာမှ ရှာမတွေ့ တဲ့အဆုံး မျက်ဝါးထင်ထင် မြင်တွေ့ရခြင်းကိုတောင်မှ ဟုတ်မှဟုတ်ပါလေ စလို့ သံသယ ဝင်မိပါတယ်၊

ကျွန်တော့် နစ်ဖက်မိဘဆွေမျိုးအသိုင်းအဝိုင်းထဲမှာ အိန္ဒိယနွယ်ဖွား တစ်ယောက်မှ သွေးနှောခြင်းမရှိပါဘူး၊ ဘာကြောင့် ကျွန်တော်နဲ့ ဆာဒူး ပုဂ္ဂိုလ်ကြီးနဲ့ ပတ်သက်နေရလည်း ကျွန်တော် စဉ်းစားလို့မရပါ၊ တစ်ခုတည်း သော စဉ်းစားလို့ရတဲ့ အဖြေကတော့ ကျွန်တော့် အကျိုးစီးပွားပျက်စီးရာ ပျက်စီးကြောင်း မဖြစ်တန်ရာပါ၊ ကျွန်တော် ယုံကြည်စွာနဲ့ လက်ခံရတော့ မှာပါ၊ သို့သော် ...

"ငါတို့–ဘိုးတော်တစ်ပါးက ဒီနေ့ ခရီးစဉ်ဖျက်ပစ်ဖို့ အိပ်မက်ပေးတယ် ကွာ"

ဆိုတဲ့စကားလုံးကို ကျွန်တော် စစ်ဗိုလ်တစ်ယောက်ရဲ့နှုတ်ဖျားမှ ထွက်ဝံ့ပါမလား ခင်ဗျာ၊

=☺=



"တပ်ခွဲမှူး ဦးစီးတပ်စုဝမ်ရှန် တောင်ယာဘက် အောင်မြေရဲ့သတင်း နယ်မြေတိုက်ကင်းထွက်ပါ"

မနေ့ညနေက ရှေ့တန်းဗျာနရှုပ် ဝမ်တာပင်စခန်းကပို့တဲ့ ကြေးနန်းပါ အမိန့်ကြားချက် ကြေးနန်းအရ ကျွန်တော်နဲ့ တပ်စုတစ်စု မနက်စာ စီစဉ်ပြီး လေးနာရီခွဲအသင့် မနက်ငါးနာရီတိတိမှာ စထွက်ဖို့ နှုတ်မိန့်ပေးထားပြီး ဖြစ်ပါတယ်၊ တစ်စုလုံး အဆင်သင့်ဖြစ်သော်ငြား အသင့်မဖြစ်သေးတာက တော့ ကျွန်တော်တစ်ယောက်ထဲပါ၊

ကျွန်တော် မဖြစ်မနေ ထမ်းဆောင်ရမယ့် တာဝန်ဖြစ်လို့ အချိန်ယူပြီး ခြေဝံ့တော်လမ်းကြောင်း ရွေးနေပါတယ်၊

ကျွန်တော်တို့တပ်ရင်း တပ်ဖြန့်ပုံ အနေအထားအရ ရှေ့တန်းရုံးကို ကျိုင်းတုံမြို့အရှေ့မြောက်ဘက် မိုင်သုံးဆယ်ကျော်ခန့်အကွာ ဝမ်တာပင်းမှာ လှုပ်ရှားတပ်ခွဲနှစ်ခွဲနဲ့ အခြေပြုပြီး ဝမ်ညပ်မှာ တစ်ခွဲ၊ ဝမ်ရှန်ရွာကြီးမှာ တစ်ခွဲခေါ်တဲ့ လွယ်ဆစ်တောင်တောင်ကြောပေါ်မှာ အခြေပြုထားပါတယ်၊

ကျွန်တော့်စခန်းရဲ့အနောက်ဘက်ငါးမိုင်အကွာ ရန်သူ မကြာခဏ သွား လာလှုပ်ရှားတဲ့ ဝမ်ရှန်တောင်ယာတဲစု ရှိပါတယ်၊ သွားနေကျ လမ်းအတိုင်း သွားလာလှုပ်ရှားမှု အကြိမ်များလာရင် ချုံခိုတိုက်ခိုက်ခံရနိုင်ပါတယ်၊ လယ် ယာဘက်လမ်းဖြစ်တဲ့ နမ့်လွေချောင်းဘက်တ ကွေ့ကောက်ပြီး တောင်တတ် တောင်ဆင်းလမ်းအတိုင်းသွားရင် အချိန်ကုန် ခရီးကြမ်း လုပ်နေမှာဖြစ်ပေ မယ့် ရန်သူနဲ့တိုးရင်တောင် အရှုံးအနိုင်ဟာ သူ့ဘက် ကိုယ့်ဘက် ငါးဆယ် ရာခိုင်နှုန်းဆီရှိလို့ ညာဘက်လမ်းကိုပဲ ရွေးချယ်လိုက်ပါတယ်၊

"ဗိုလ်ကြီး–ခြောက်နာရီတောင် ထိုးနေပြီ"

ကျွန်တော့်ကို သတင်းပို့တဲ့ တပ်စုတပ်ကြပ်ကြီးလှတင်တို့ လှုစိုင်းပြီး ပြောင်းလဲလိုက်တဲ့ခရီးစဉ် စီမံချက်ကို အသေးစိတ်ရှင်းလင်းပြီး နှုတ်မိန့် ပေးပါတယ်၊

"အားလုံး–ရှင်းလား"

"ရှင်းတယ်"

"ရှင်းရင်–ဆက်လုပ်"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်မှတ်မိန့်အဆုံး တပ်စုတပ်ကြပ်ကြီးလှတင်ဟာ တပ်စိတ် (၃၊ ၁၊ ၂) အလှည့်ကျ ရှေ့ထွက်ဆွဲပြီး ခရီးစထွက်ပါတယ်။

"ဝုန်း"

"ဒိုင်း-ဒိုင်း-ဝေါ-ဝေါ"

"ဗိုလ်ကြီး-ရေဆိပ်ဘက်က"

ရေဆိပ်ဘက်ကမှန်း သေနတ်သံတွေဟာ ကျွန်တော်တို့ဘက်ကမှန်း အတွေ့အကြုံအရ ကျွန်တော် ခန့်မှန်းပြီးသားပါ။ ဝုန်းဆိုတဲ့ မိုင်းကွဲသံကတော့ ရေကင်းယူဖို့သွားတဲ့ ကျွန်တော့်ရဲဘော်တွေပဲ ဖြစ်မှာပါဆိုတဲ့ သေချာပေါက် တွက်ကိန်းနဲ့ ပွိုင့်တပ်စိတ်ကိုခေါ်ပြီး ကျွန်တော်ကိုယ်တိုင် ရေဆိပ်ကို ဆင်းရှင်းပါတယ်။

ရေဆိပ်ရောက်တဲ့အခါ မြင်ရတဲ့မြင်ကွင်းကတော့ ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘောနဲ့ တွက်ကိန်းလွဲချော်နေပါတယ်၊ ရေဆိပ်ကို မိုင်းလာထောင်တဲ့ ရန်သူနှစ်ယောက်ကို ရေကင်းအဖွဲ့က အရင်တွေ့လက်ဦးမှုယူပြီး သေနတ်နဲ့ ချိန်ရွယ်အရှင်ဖမ်းဆီးဖို့အလုပ်မှာ ရန်သူဟာကြောက်လန့်ပြီး ပေါက်ကွဲစေလုတ်နိုင်မိရာက ကိုယ့်မိုင်းနဲ့ကိုယ် တစ်ယောက်က နေရာတင်ပွဲချင်းပြီး သေဆုံးပြီး ကျန်တစ်ယောက်ကတော့ သူ့ပြစ်ကိုယ့်ပြစ်နဲ့ ဒဏ်ရာရသွားခြင်းပါ။ ဘာစစ်ဖျူဟာမှ မသုံးလိုက်ရတဲ့ ကျွန်တော့်တပ်ခွဲရဲ့ အမြတ်အစွန်းပါပဲ၊

ဖြစ်စဉ်အခြေအနေ အသေးစိတ်တို့ ရှေ့တန်းဌာနချုပ်ကို သတင်းပို့ ရန်သူ့အလောင်းကို မြေမြှုပ်၊ ဒဏ်ရာရရန်သူနဲ့ လက်နက်နှစ်လက်ကို ရှေ့တန်းဌာနချုပ်ကိုပို့ဖို့ နောက်ချန်တပ်စုနှစ်စုကို တာဝန်ခွဲဝေပြီး ခရီးစထွက်ချိန်မှာတော့ မနက် (၈)နာရီ ထိုးနေပါပြီ၊

အချိန်စောတာ အချိန်တိကျတာ နေရာတိုင်းမှာ အကောင်းဘက်ကို ဦးတည်ခြင်းမရှိတာကိုတော့ ကျွန်တော် လက်တွေ့ခံစားလိုက်ရခြင်းပါ၊

ဝတ်ရုံနီဆာဒူးဘိုးတော်ကြီးကြောင့် ဆိုတာကိုတော့ ဘယ်ရဲဘော်ကိုမှ ဖွင့်ဟပြောဆိုခြင်းမရှိဘဲ ကျွန်တော့်ရင်ထဲမှာပဲ သိုဝှက်ထားပါတယ်။

=😐=



တောတို့၊ တောင်တက် လမ်းရှင်းရတဲ့အချိန် ကြန့်ကြာမှုတွေကြောင့် ရည်မှန်းချက်ဖြစ်တဲ့ ဝမ်ရန်တောင်ယာတဲစုကို နေ့လယ်တစ်နာရီမှ ဆိုက်ရောက်ပါတယ်။

ရောက်ရောက်ချင်း ကျွန်တော်တို့ အမာခံသတင်းပေးဆီက ရန်သူ့သတင်း ရရှိပါတယ်။ အမာခံဆိုသော်ငြား ရန်သူသေနတ်ပြောင်းများမှာ အသက်ရှင်သန်ခွင့် ရနေတဲ့အတွက် ဘူးကွယ် ပြင်းဆိုပါသေးတယ်၊

ချက်ပြုတ်စားသောက်တဲ့ မီးဖိုခြေရာ ပြန့်ကျဲနေတဲ့ ဆေးလိပ်တို သဲလွန်စတွေကို ညွှန်ပြပြီး ...

"အိုင်ဆေး-ခေါင်းဆောင် ဘယ်သူလဲ၊ အင်အား ဘယ်လောက်လဲ၊ ဘာလက်နက်တွေပါလဲ၊ ဘာလုပ်တာလဲ၊ ဘယ်ဘက်ကို ထွက်သွားလဲ"

ဘငါးလုံးနဲ့ ကျွန်တော် မေးခွန်းထုတ်လိုက်တဲ့အခါ ငြင်းဆိုနိုင်ခြင်းမရှိတော့ပါဘူး၊

"ဗိုလ်လုံ"

"ပြော-အိုင်ဆေး"

"ကျွန်တော် ပြောတယ်လို့တော့ မပြောနဲ့နော်"

"ငါ-အဲလိုပြောရင် မင်း-အသတ်ခံရမှာပေါ့၊ စိတ်ချ-ဘယ်သူမှ မသိစေရဘူး၊ ကဲ-ပြော"

ကျွန်တော့် မှတ်ကတိအရ အိုက်ဆေးပြောပြတာက အိုက်မြင့် ဦးစီး အင်အားတစ်ရာကျော်၊ လက်နက်ကြီးငယ် အပြည့်အစုံနဲ့ မနက် (၈)နာရီ ရောက်ရှိ ခေတ္တစခန်းချ ချက်ပြုတ်စားသောက်ပြီး နေ့လယ် (၁၂)နာရီ လောက် အရှေ့ဘက်ဖြစ်တဲ့ ကျွန်တော့်တို့စခန်းဘက်ကို ထွက်ခွာသွားကြောင်း သတင်းရရှိပါတယ်၊

ဝတ်ရုံနီ ဆာဒူးဘိုးတော်ကြီးက ကျွန်တော်နဲ့တကွ ရဲဘော်တွေနဲ့ အသက်ကို ကယ်တင်လိုက်ခြင်းဆိုတာတော့ ကျွန်တော်မှအပ ကျွန်တော့်ရဲဘော်တွေ မသိရှာကြပါဘူး၊

မနက် (၈)နာရီဆိုတာ ဝမ်ရန်တောင်ယာတဲစုကို ကျွန်တော်တို့ ပုံမှန်ရောက်ရှိရမယ့် အချိန်ပါ၊ အကယ်၍ လမ်းခုလတ်မှာ အတက်မဆင်း

www.burmeseclassic.com

ကြောင့် အနားပေးတဲ့ တစ်နာရီမရှိခဲ့ဘဲ အချိန်တစ်နာရီစောပြီး ရောက်မယ်ဆိုပါက ကျွန်တော့်တပ်စုတစ်စုလုံး ပြုတ်မှာပါ။ ဘာကြောင့်ဆို ကျွန်တော်တပ်စုတောင်ယာတဲစုကို ချဉ်းကပ်ရိုတက်ရာ လမ်းကြောင်းက မတ်စောက်တဲ့တောင်ကုန်းကို မော့လှန်တက်ရလို့ပဲ ဖြစ်ပါတယ်။

= ☹ =

ကျွန်တော့်တပ်စု နေ့လယ်စာကို အချိန်လုစားသောက်ပြီး နေ့လယ်နှစ်နာရီတိတိမှာ ပုံမှန်သုံးနေကျလမ်းက အခြေပြုရာစခန်းကို ပြန်လာပါတယ်။

အပြန်ခရီးရယ်လို့ ပေါ့ပေါ့တန်တန် သဘောမထားဘဲ သေသေချာချာ ရှင်းလင်းပြီးမှ ရိုတက်ခြင်းပါ။ ဘာကြောင့်ဆို ဝမ်ရှန်တောင်ယာတဲစုက ဆုတ်ခွာသွားတဲ့ ရန်သူ့အင်အားတစ်ရာကျော်ရဲ့ ခြေရာတွေဟာ ကျွန်တော်တို့အပြန်လမ်းမှာ မြင်တွေ့နေရတာကြောင့်ပါ။

"ဗိုလ်ကြီး – ရှေ့မှာ ခြေရာတွေဆိုင်ပြီး မြောက်ဘက်ကို ပေါင်းသွားတယ်"

*ဟုတ်ပါတယ် – မြောက်ဘက်ဆိုတော့ ဝမ်ထန်၊ ဝမ်နောင်ကြီး၊ ဝမ်တွေ့တတ် ရန်သူ့ခြေကုပ်ထားတဲ့ စခန်းတွေဘက်ကို ပေါင်းစည်းဆုတ်ခွာသွားခြင်းပါ။*

အရိုန်နဲ့ အကွာအဝေးအနေအထားအရ ကျွန်တော်တို့လွယ်စစ်ဆောင်စခန်းနဲ့ နာရီဝက်သာသာ တစ်မိုင်ကျော်လောက်ပဲ ရှိမှာပါ။ ကျွန်တော် စဉ်းစားကြည့်တာက ကျွန်တော်တို့ဘက် မျက်နှာချင်းဆိုင်လာတဲ့ ခြေရာတွေက အင်အားတစ်ရာလောက်ပဲ ရှိမှာပါ။ ဘယ်က ပြန်လာတဲ့ခြေရာတွေလည်း၊ ရေဆိပ်မှာ မိုင်းလာထောင်တဲ့ နှစ်ယောက်ဟာ သင်းတို့နဲ့ တစ်ဖွဲ့တည်းလား။

= ☹ =



"ဗိုလ်ကြီး – ပွိုင့်တပ်စိတ်မှူး အချက်ပြနေတယ်"

ရန်သူနှစ်ဖွဲ့ပေါင်းပြီး ဆုတ်ခွာရာ လမ်းဆုံက ဆယ့်ငါးမိနစ်လောက် ရိုတက်ပြီးစမှာ တောင်ကြောပေါ်တက်ရှင်းတဲ့ တပ်စိတ်မှူးဆီက မြင်သာတဲ့ နေရာမှာရပ်ပြီး တပ်စုတစ်စုလုံး တောင်ကြောပေါ်ကတက်လာဖို့ စစ်မြေပြင် အချက်ပြနည်းနဲ့ ပြခေါ်လို့ ကျွန်တော် တစ်စုလုံး လမ်းကြောင်းပြောင်းလိုက်ပါတယ်။



**ထူးခြားတာက လှမင်းရဲ့ ခေါင်းဘီးနဲ့ ဖြီးလို့မရအောင် ကောက်ကွေးပြီး ထိုးထိုးထောင်ထောင် ဘုံ့မှုံ့နေတာကြီးရယ်၊ ခြုံလွှာစောင်နီကြီးရယ်၊ မည်းမှောင်နေတဲ့ အသားအရေရယ်၊ လည်ပင်းမှာ ဆွဲထားတဲ့ စိပ်ပုတီးရယ်ကိုကြည့်ပြီး ...**

ခြေရာတွေသဘောက ဆုတ်ခွာသွားပြီဆိုတဲ့သဘောနဲ့ လှည့်စားခြင်းနဲ့ ဖြစ်နိုင်သလို ပေါ့ပေါ့တန်တန်သွားမယ့် ကျွန်တော်တို့ကို အပိုင်ချုံခိုတိုက်မယ့် နောက်ချန်အဖွဲ့လည်း ရှိတန်ကောင်းပါတယ်။ သတိဆိုတာ ပိုတယ်မရှိပါဘူး။

"ပစ်ကျင်းတွေ အများကြီးပဲ – ဗိုလ်ကြီး"



www.burmeseclassic.com

www.burmeseclassic.com

မှန်ပါတယ်။ အင်အားတစ်ရာကျော် ဖြန့်ခွဲနေရာယူထားတဲ့ ပစ်ကျင်းတွေပါ။ မနေ့ညနေက နှုတ်မိန့်ပေးထားတဲ့ စီမံချက်အတိုင်း အချိန်ကိုက်ရိုတက်လို့ကတော့ ကျွန်တော့်ဘက်က ရာနှုန်းပြည့်အရှုံးနဲ့ ရင်ဆိုင်ရမှာပါ။

ကျွန်တော့်ရဲ့ အခြေပြုစခန်းကို အပြန်လမ်းဟာ သေမင်းခံတွင်းက ထွက်လာရတဲ့လမ်းပါ။ ကျွန်တော် ကျေးဇူးတင်ရမှာက ရေဆိပ်မှာ မိုင်းလာထောင်တဲ့နစ်ယောက်ကိုလား။ သူတို့ကြောင့် ကျွန်တော် အချိန်နစ်နာရီလောက် ကုန်ဆုံးခဲ့ရတာကြောင့်ပါ။

နောက်ဆုံးကျေးဇူးတင်ရမှာက ဝတ်ရုံနီဆာဒူးကြီးကိုပဲလား။

=😐=

ကျွန်တော် ညဆယ့်တစ်နာရီထိုးပြီးသည်ထိ အိပ်မပျော်ပါ။ ကျွန်တော်နဲ့ ဝတ်ရုံနီဘိုးတော်ကြီး ဘယ်မှာဆုံဖူးသလဲ၊ ကျွန်တော်နဲ့ ဘယ်လိုပတ်သက်သလဲ ...။ အပြန်အလှန်ကျေးဇူး ဘယ်ဘဝမှာများ ထားဖူးပါလိမ့်ဆိုတဲ့ အတွေးတွေကြောင့်ပါပဲ"

"ဗိုလ်ကြီး - ကြေးနန်း"

ရေဒီယိုအော်ပရေတာ တပ်ကြပ်လှမင်း လာပေးတဲ့ ကြေးနန်းကို လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်ပြီး ဖတ်ပါတယ်။ ကျွန်တော့်ဆီက ပို့လိုက်တဲ့ အင်္ဂါရာရရှိန်သူဟာ ရဟာတ်ယာဉ်စောင့်ရင်း သေဆုံးသွားကြောင်း အသိပေး အကြောင်းကြားချက်ပါ၊ ထူးခြားတယ်လို့ မဆိုနိုင်ပါဘူး။

ထူးခြားတာက လှမင်းရဲ့ခေါင်းဘီးနဲ့ ဖြီးလို့မရအောင် ကောက်ကွေးပြီး ထိုးထိုးထောင်ထောင် အုံဖွဲ့နေတာကြီးရယ်၊ မြုံလွှာစောင်နီကြီးရယ်၊ မည်းမှောင်နေတဲ့ အသားအရေရယ်၊ လည်ပင်းမှာ ဆွဲထားတဲ့ စိပ်ပုတီးရယ်ကို ကြည့်ပြီး ကျွန်တော့် စိတ်အာရုံဟာ မွေးဇာတိဖောင်တော်သီကို ရောက်သွားပါတယ်။



၁၉၇၈ - ခုနှစ် မိုးလယ်ကာလခွင့် (၁၀)ရက်ရလို့ ကျွန်တော့် ဇာတိဖောင်တော်သီရွာကို ပြုံးပျော်ကြည်နူးစွာနဲ့ ပြန်ရောက်ဖြစ်ပါတယ်။

ဖောင်တော်သီဘူတာ ရထားဆိုက်ဆိုက်ချင်း ပထမဦးဆုံး တွေ့ဆုံသူကတော့ ကျောင်းနေဖက်သူငယ်ချင်း မြင့်မြင့်စိုးပါ။ အားရဝမ်းသာနဲ့ ကြိုဆိုပြီး အိမ်လိုက်ခဲ့ဖို့ ခေါ်ပါတယ်၊ ကျွန်တော် တကယ်ဦးစားပေးတွေ့ရမယ့်လူတွေက ကျွန်တော့်ဆွေမျိုးသားချင်းတွေပါ။ ဒါကြောင့် ဘယ်နေ့ ဘယ်အချိန်ရယ်လို့ ကတိမပေးဘဲ ဆက်ဆက်လာခဲ့ပါမယ်လို့ပဲ ကတိပေးဖြစ်လိုက်ပါတယ်။

ကျွန်တော် တကယ်ရောက်ဖြစ်တာက တတိယမြောက်နေ့ပါ။

သူငယ်ချင်းမြင့်မြင့်စိုးဟာ ခြံဝထိထွက်ပြီး လှိုက်လှဲဝမ်းသာစွာနဲ့ ကြိုဆိုပြီး ဧည့်ခန်းမကြီးမှာ နေရာချပေးပါတယ်၊ ခန့်ညားထည်ဝါတဲ့ဧည့်ခန်းမကြီးရဲ့နံရံမှာတော့ ဂျပန်ခေတ်စစ်ယူနီဖောင်း အပြည့်အစုံနဲ့ ရိုက်ထားတဲ့ ဘကြီးမြစိုး (ခေါ်) ဗိုလ်စိုးတို့ရဲ့ ကိုယ်တစ်ပိုင်းပုံ မောင့်ကျက်သရေခေါင်းပေါင်း၊ ထိုက်ပုံအင်္ကျီ လွတ်လပ်ရေးမော်ကွန်းဝင် ဘွဲ့ထူးဂုဏ်ထူးတံဆိပ်တွေ လည်မှာဆွဲပြီး ဒေါ်သန်းသန်းနဲ့ တွဲရိုက်ထားတဲ့ သူငယ်ချင်းမြင့်မြင့်စိုးရဲ့ မိဘနှစ်ပါးပုံ၊ မြင့်မြင့်စိုး၊ သေဘီစိုး၊ လွင်လွင်စိုး၊ မော်လီစိုး ညီအစ်မလေးယောက်နဲ့ မိသားစုပုံကြီးတွေ ချိတ်ဆွဲထားပါတယ်၊

ဧည့်ခန်းမကြီးနဲ့ ဆက်စပ်ပြီး တစ်ခြမ်းဖွင့် အခန်းဘုရားကျောင်းဆောင်မှာတော့ မွေးရနံ့ထုံသင်းပြီး လှပဝေဆာတဲ့ပန်းတွေ ဝင်းဝါတဲ့ သစ်သီးတွေ အင်လှုပူဇော်ထားပါတယ်၊

ကျွန်တော်ဟာ အရာရာကို စူးစမ်းလေ့လာတတ်တဲ့ စစ်သားများပီသစ်နဲ့ သီးသန့်ဖွဲ့ထားတဲ့အခန်းတွေကို လိုက်ကြည့်ရင်း ဘုရားခန်းရဲ့အခြင် အခန်းကျဉ်းလေးထဲမှာတော့ ကျွန်တော်တို့ ပဲခူးနယ်သားများ ထိတွေ့ယ်တဲ့ နတ်ကရိုင်းမယ်တော်ပုံမဟုတ်တဲ့ ဆံပင်ဘုတ်သိုက်၊ ဝတ်ရုံနီ ဆည်းဝင်း စိပ်ပုတီးတွေဆွဲထားတဲ့ အိန္ဒိယနွယ်ဖွား ဆာဒူးကြီး၊ မြင့်မြင့်စိုးတို့ အခေါ် အိန္ဒိယဘိုးတော်ပုံကြီးနဲ့ ဘိုးတော်ကို ဆက်ကပ်တဲ့ သစ်သီးဝလံ ပန်းပန်းတွေ ဝေဝေဆာဆာ တွေ့ရပါတယ်။

www.burmeseclassic.com

"နင် - မြင်ဖူးလား ဘိုကြီး"

သူငယ်ချင်းမြင့်မြင့်စိုးဟာ အချိုရည်ဖန်ခွက်ကိုကိုင်ရင်း မေးခွန်းထုတ်လို့၊

"မြင်ဖူးတယ်ဆို ယုံပါ၊ သေရာတော့ မလေ့လာမိဘူး"

"အဲဒါ - အိန္ဒိယဘိုးတော်လို့ ခေါ်တယ်၊ ယုံကြည်ရင် ယုံကြည်သလို မ.စတယ်၊ စောင့်ရှောက်တယ်၊ ဘေးအန္တရာယ် တားဆီးပေးတယ်၊ ကဲ - လာပါ သူငယ်ချင်းရယ်၊ ညှော်ခန်းထဲမှာ အအေးသောက်ရင်း နားထောင်ပါ၊ ပြောပြမယ်"

ကျွန်တော်တို့နှစ်ယောက် ညှော်ခန်းထဲမှာ မျက်နှာချင်းဆိုင် ထိုင်ပါတယ်၊

"နင်တို့ ရှမ်းပြည်နယ်အရှေ့ခြမ်း ကျိုင်းတုံဘက်မှာ တိုက်ပွဲတွေ ခဏခဏ ဖြစ်မှာပဲနော်"

"တိုက်ပွဲကတော့ ပြောမနေနဲ့တော့ - မတိုက်ရတဲ့နေ့ဆို စားမဝင်အိပ်မပျော်တဲ့ ရောဂါစွဲမှာတောင် စိုးရိမ်ရတယ်"

"နင်လည်း - တိုက်ရတာပဲလား"

"ငါက - ဘာကောင်မို့ မတိုက်ရမှာလဲ၊ အဲဒီဘက်တာဝန်ကျတဲ့ စစ်သားတွေမှန်သမျှအားလုံး တိုက်ရတာချည်းပဲ"

"မသေကောင်း မပျောက်ကောင်းဟယ်"

"နင့်မှာ အန္တရာယ်ကင်းတဲ့ အဆောင်အယောင်လေးတွေ မရှိဘူးလား။ ချီးအမြဲတော့လို၊ ဝက်စွယ်ကင်းပိတ်လိုမျိုးပေါ့ဟာ"

"အဲဒါ - အပိုတွေပါဟာ၊ တကယ် စမ်းကြည့်တော့လည်း ပြောသလောက် မဟုတ်ပါဘူး"

"ဒါက - ယုံကြည်မှုလည်း လိုတယ်ကွ"

ကျွန်တော်တို့နှစ်ယောက် စကားလက်ဆုံကြနေစဉ်မှာ မြင့်မြင့်စိုး အဖေ ဦးမြစိုးဝင်လာပြီး စကားစလိုက်ပါတယ်၊



"မင်းတို့ စစ်သားတွေပြောရတာ တော်တော်တော့ လက်ပေါက်ကတ်တယ်ကွ၊ ငါက အစပေါ့လေ၊ တို့ - ဂျပန်တော်လှန်တုန်းက ငါ့အမေက သူ့ထဘီစကို ငါ့လက်မောင်းမှာ ချည်ပေးတယ်၊ ထဘီစကြီးဆိုတော့ စိတ်ကမသန့်ဘူးပေါ့ကွာ၊ ဒါပေမဲ့ - မွေးထုတ်ထားတဲ့ အမေဆိုတော့လည်း မလွန်ဆန်ရဲဘူးကွ၊ အဲဒါကြီး လက်မောင်းမှာပတ်ပြီး ပထမဦးဆုံး တိုက်ရတာ စစ်တောင်းတိုက်ပွဲပဲ၊ နာမည်ကြီး တိုက်ပွဲနော်၊ ကျည်ဆန်တွေဆိုတာ ငါ့ ဗတ်ဝန်းကျင် တစ်ထွာတစ်မိုက်လောက်က တရှဲရှဲပေါ့၊ ငါ့တပ်စိတ်က တော်လှန်ရေး ရဲဘော်တွေကို တစ်ယောက်ပြီးတစ်ယောက် ဖုတ်ခနဲ ဖုတ်ခနဲ သေကုန်တာ ငါတစ်ယောက်ပဲ ကျန်တယ်"

ဦးမြစိုးဟာ စကားစပြတ်ပြီး စားပွဲပေါ်တင်ထားတဲ့ အအေးဖန်ခွက်ထဲကို ကျွန်တော့်ရှေ့တိုးပေးပြီး သောက်ခိုင်းပါတယ်၊

"အေး - အဲဒီတိုက်ပွဲတစ်ပွဲထဲနဲ့ ငါ့လက်မောင်းက အမေ့အထက်ဆင်စတာ ငါ့ရဲ့ကျည်လွဲအဆောင်အဖြစ် စွဲစွဲမြဲမြဲယုံကြည်ပြီး တိုက်လာလိုက်တဲ့ တိုက်ပွဲပေါင်းမနည်းဘူး၊ ငါ - ဘာမှမဖြစ်ဘဲ အသက်ရှင်လျက်နဲ့ မော်ကွန်းထိုးဖြစ်တာ မင်းတို့ လက်တွေ့ပဲလေ"

"အဖေ - သမီး ပြောမယ်၊ ဘိုကြီးလည်း ငါပြောတာ လက်ခံပါဟာ"

မြင့်မြင့်စိုး ဘာပြောတော့မယ်ဆိုတာ ကျွန်တော် ကြိုသိနေပါတယ်၊ ထိုင်ရုံနီသောဒုံးကြီးနဲ့ အစပျိုးထားတာကြောင့်ပဲ ဖြစ်ပါတယ်၊

"အဖေ - ဘိုကြီးဟာ သမီးရဲ့အချစ်ဆုံး သူငယ်ချင်းပါ၊ သူတို့ဘက်မှာ တိုက်ပွဲတွေ ခဏခဏဖြစ်တယ်၊ အဲဒါကြောင့် ဘိုးတော်ဆီမှာ ဘိုကြီးကို အပ်ပေးလိုက်ပါနော်"

"ကြာပါတယ်ကွာ - အဲဒီတော့ ဒီလိုလုပ်၊ မင်း ဒီနေ့ပဲ ဒိုက်ဦးကိုသွား၊ ဒိုက်ဦးဈေး သစ်သီးတန်းမှာ ရရာအသီး ဘာသီးပဲဖြစ်ဖြစ်ကွ၊ အစိမ်းသီးချင်းသလောက် စိမ်းပါစေကွာ ဝယ်လာခဲ့"

ဘကြီးမြစိုးဟာ ကျွန်တော်သာမက ကျွန်တော့်မိဘ ကျွန်တော်ချစ်ရတာ ရှိလေလေးစားရတဲ့ ရပ်မိရပ်ဖတစ်ဦး ဖြစ်ပါတယ်၊ လွတ်လပ်ရေး

www.burmeseclassic.com

စကြိုးပမ်းမှု လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု တိုက်ပွဲတွေ တိုက်ခဲ့ရုံသာမက ကျွန်တော်တို့ရွာရဲ့ ကာကွယ်ရေးဗိုလ်တစ်ယောက်လည်းဖြစ်တာကြောင့် အပြည့်အဝယုံကြည်မှုမရှိသော်လည်း စိတ်ချမ်းသာစေဖို့ နိုင်းစေတဲ့အတိုင်း ဒိုက်ဦးဈေးက သဘော်သီး အစိမ်းကြီးတစ်လုံး အားရှင်းပြေးဝယ်ပြီး ပေးလိုက်ပါတယ်။

သူငယ်ချင်း မြင့်မြင့်စိုးဟာ သူ့အဖေလက်ထဲက သဘော်သီးစိမ်းကြီးကို လက်ခံယူ ရေစင်အောင် ဆေး၊ သန့်စင်တဲ့ ပန်းကန်ပြားတစ်ချပ်ပေါ်တင်ပြီး ဝတ်ရှုံနီဝတ် ဘိုးတော်ဆာဒူးကြီးပုံတော်ကားချပ် ရှေ့စားပွဲတင်ပေးလိုက်ပါတယ်။

"အဖေ - ရပြီ"

"ရပြီဆိုရင် ဘိုကြီး - လာ"

ဘကြီးမြစိုး ကျွန်တော့်ကိုခေါ်ပြီး ဝတ်ရုံနီ ဆာဒူးပုံတော်ကြီးရှေ့ မတ်တတ်ရပ်အနေအထားနဲ့ လက်အုပ်ချီနိုင်းထားပါတယ်။

ဗမာလူမျိုးစစ်စစ် ကျွန်တော့်စိတ်ထဲမှာ ဘာသာကွဲ လူမျိုးကွဲ ပုဂ္ဂိုလ်တစ်ဦးရဲ့ရှေ့မှာ လက်အုပ်ချီ အရိုအသေပြုရတာ စိတ်မသန့် ဆန္ဒမရှိ ဖြစ်ရပါတယ်။

ဘကြီးမြစိုး ပြောဆိုနေတဲ့ စကားဆိုလိုရင်းကတော့ ကျွန်တော့် ခန္ဓာကိုယ်ကို အပ်နှံပါကြောင်း တပည့်လက်သား သားသမီးနဲ့မခြား လက်ခံပေးစေလိုပါကြောင်း ဘေးအန္တရာယ်အသွယ်သွယ်ကို ကာကွယ်စောင့်ရှောက်ပေးပါရန် ဖြစ်ပါတယ်၊ အမှုကိစ္စဆောင်ရွက်ပြီး ကျွန်တော့်ကို "ကဲ - ဒါပါပဲကွာ၊ မင်းလည်း ကြားပြီးသား ထပ်ပြောစရာမလိုတော့ သိဒ္ဓိမြောက်သွားပြီ။ မြောက်ပြီဆိုရင် ထူးခြားမှုတွေ မင်း တအံ့တသြ မြင်တွေ့ရလိမ့်မယ်"

"ဟဲ့ - သူငယ်ချင်း ဘိုကြီး၊ နင် ဆက်ဆက်ပြန်လာခဲ့နော်"

"အေးပါဟာ"

=😐=



ချိန်းဆိုတဲ့အတိုင်း သုံးရက်မြောက် ညနေဘက် ကျွန်တော် သွားပါတယ်။ ရောက်ရောက်ချင်းပဲ "နင်ကတော့ သိဒ္ဓိမြောက်သွားပြီ" လို့ ပြုံးပြုံးရွှင်ရွှင်နဲ့ ပြောဆိုပြီး ဝတ်ရုံနီဘိုးတော်ဆီ ခေါ်မသွားဘဲ ထမင်းစားခန်းထဲ ခေါ်သွားပါတယ်။ အမယ်စုံလှတဲ့ ဟင်းလျာတွေထဲကမှ ငယ်စဉ်က လျှာအရင်းမြက်ခဲ့လိုက်ပါတယ်။

"နင် - ဘိုးတော် အခန်းရောက်ရင် သိပ်အံ့ဩသွားမယ်"

"ပြီးပြီလားဟ - ပြီးရင် လွှတ်လိုက်"

သားအဖနှစ်ယောက် အပြန်အလှန်ပြောဆိုအပြီး ကျွန်တော် လက်စသတ်လိုက်ပါတယ်။

"ဟယ် - မချစ်စုသရက်သီး သိပ်ချိုတာပဲ စားဦး"

"နောက်ပြီးတော့မှ စားမယ်ဟာ၊ သွားမယ် - လာ နင်ပါလိုက်ခဲ့"

ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက် ဝတ်ရုံနီဘိုးတော် ဆာဒူးကြီး အခန်းဆောင်ကို သွားပါတယ်။ မြစိမ်းရောင်သဘော်သီးကြီးဟာ ရွှေတုံးရွှေခဲကြီးလို ဝင်းဝါနေတဲ့ မြင်ကွင်းကြောင့် ကျွန်တော့် ပါးစပ်ဟပေးမောနေမိပါတယ်။

"မင်း - သိဒ္ဓိမြောက်သွားပြီကွ။ မင်းတို့ တပည့်သားအနေနဲ့ လက်ခံလိုက်ပြီ။ ငါ ပြောတာ ဟုတ် မဟုတ် တိုက်ပွဲတစ်ပွဲလောက်တိုးပြီးရင် သဘောပေါက်သွားမှာပါ။ ဖြစ်နိုင်ရင်တော့ တို့ မိသားစုလိုမျိုး အဆောင်အယောင်နဲ့ ကိုးကွယ်စေချင်တာပေါ့ကွာ။ မဖြစ်နိုင်ဘူးဆိုရင်လည်းပဲ ခေါင်းထဲမှာတော့ အမြဲထည့်ထားမှ၊ အသက်ဘေးနဲ့ကြုံရင် ဘိုးတော်ကို တ,လိုက်၊ အဲဒါတော့ မမေ့နဲ့"

ကျွန်တော် ခေါင်းညိတ်ပြလိုက်ပါတယ်။

=😐=



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် လက်ရှိကြုံတွေ့နေရတဲ့ နေ့ရက်ဟာ (၁၉၈၀) ပြည့်နှစ်ရဲ့ မေလကုန် မိုးကြိုကာလပါ။ လွန်ခဲ့တဲ့ (၁၉၇၈) ခုနှစ်၊ မိုးလယ်ကာလဖြစ်စဉ်ဟာ ကျွန်တော့်ရင် ကျွန်တော့်ခေါင်းထဲမှာ မရှိတော့ပါဘူး။

တစ်နှစ်ခွဲ နှစ်နှစ်အတွင်း ကြုံတွေ့ရတဲ့ တိုက်ပွဲများမှာ ဝတ်ရှုံနီအိန္ဒိယ ဆာဒူးဘိုးတော်ကြီးကို မတမ်းတခဲ့ကြောင်း ရိုးသားပွင့်လင်းစွာ ဝန်ခံပါရစေ။ ကျွန်တော် သေတံမရောက် သက်မပျောက်တဲ့ အချိန်ကာလလည်း ဖြစ်တန်တောင်းပါတယ်။

အတယ်၍သာ –

မူလစီမံချက်အတိုင်း အချိန်ကိုက် နာရီကိုက် ချီတက်သွားလာခဲ့သည်။ သို့သော် – ကျွန်တော် တစ်ယောက်တည်း အသက်ဆုံးရှုံးရမှာ မဟုတ်ဘဲ ကျွန်တော် ဦးစီးတပ်ခွဲရုံးနဲ့ တပ်စုတစ်စုလုံး အင်အားလေးဆယ်ရဲ့ အသက်ဇီဝိန်ပါ ဆုံးရှုံးသွားမှာပါ။

ကျွန်တော်တို့တစ်တွေရဲ့ အသက်ကို ကယ်တင်လိုက်တဲ့ ကျေးဇူးရှင်ဟာ ရေဆိပ်မှာ မိုင်းလာထောင်တဲ့ ရန်သူနှစ်ယောက်ရဲ့ အချိန်ကြန့်ကြာမှု မဟုတ်အချိန်ပြုန်းတီးမှုကြောင့်မဟုတ်ဘဲ ဝတ်ရုံနီ ဆာဒူးဘိုးတော်ကြီးရဲ့ ကျေးဇူးကြောင့်ဆိုတာတော့ ကျွန်တော့် ရဲဘော်တွေကို မှသားကင်းစင်စွာနဲ့ ပြောပြလိုက်ပါတယ်။

→ ရှစ်ခွင်ကျော် (ဗောင်တော်သီ)



www.burmeseclassic.com

# အသက်တစ်ချောင်းနဲ့ ခြေမကွင်းအရှယ် ပတ္တမြားလက်စွပ်

## တိန်းထတ်တော်

"ကိုသူရ - တခြားလူတွေ မြို့ကို စွန့်ပြေးကုန်ကြပြီ"

"အေးပါ - မယ်နှင်းနုရယ်၊ အချိန်နည်းနည်းဆင်းရဲတာ သည်းခံစမ်းပါ။ မောင်ကြီးတို့ရဲ့ ရှေးဘိုးဘေးအစဉ်အဆက် ကတ္တီပါအိတ်အနီကလေး မေ့ကျန်နေသေးလို့ပါ"

စစ်ကဲလေး ကိုသူရသည် အခန်းထဲသို့ ကသောကမျော ပြေးဝင်သွား၏။ မကြာမီ ကတ္တီပါအိတ်အနီကလေးကို ကိုင်လျက် ပြန်ထွက်လာ၏။ အိမ်ပေါက်ဝရှိ ဇနီးသေးတွင် စစ်ကဲလေး ကိုသူရမှာ အိမ်အောက်သို့ မဆင်းသေးပေ၊ လက်ထဲမှအိတ်ရှုံ့ကလေးကိုဖွင့်လိုက်၏။ လက်ကတုန်ကယင်နှင့် နှိုက်လေ၏။ လက်စွပ်တစ်ကွင်း ပါလာ၏။ ရိုးရိုးရွှေလက်စွပ်မဟုတ်၊ ကောင်းကင်သို့ ပျံတက်မည့်အလား၊ မာန်ဟုန်ကြွလျက်ရှိသော ရွှေဟင်္သာငှက်တစ်ကောင် ပတ္တမြားတို့ကို မျက်လုံးအစုံတွင် ထည့်သွင်းထား၏။ ရွှေဟင်္သာကျောပေါ်မှာ ပြည်တန်ပတ္တမြားတစ်လုံး၊ နှုတ်သီးထဲတွင်လည်း ပတ္တမြားတစ်လုံးကို ခပ်ကြွကြွကိုက်ချီထားသည်မှာ အသက်ဝင်လှ၏။



စစ်ကဲလေး ကိုသူရ ထိုလက်စွပ်အား တစ်မှိန့်စိမ့် ငေးမောနေတော့၏။ တဒင်္ဂအတွင်း သူ့မျက်နှာ ညှိုးကျသွား၏။ အတိတ်သမိုင်းကိုပြန်သတိရမိ၏။ ကျုံးတုံးမြို့စားကြီး ဗညားဦးက မိမိတို့ရဲ့ရှေးမျိုးဆက် အမတ်ကြီး ပညာကျော်အား ဆုတော်အဖြစ် ပေးအပ်ခဲ့သည် မဟုတ်လား။ ထိုအတွေးစတို့နှင့်အတူ ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ ခံပြင်းဒေါသခြောင်းခြောင်း ထွက်လျက်ရှိ၏။ သူ့တစ်ကိုယ်လုံးပင် တဆတ်ဆတ်တုန်ယင်ကာ ရှိ၏။ သူ့နှုတ်ခမ်းသူပင် ပြတ်လုမတတ် ကိုက်ထား၏။ မျက်နှာတစ်ပြင်လုံး နီရဲလျက် ခက်ထန်မာကြောနေ၏။ နံရံတွင် ချိတ်ဆွဲထားသော လက်တွဲဖော်သွေးသောက်ပတ္တမြားကျောက်စီဓားကို လှမ်းကြည့်မိ၏။ ဓားကို ပြေးယူလိုက်၏။ ဓားအိမ်ထဲမှ ဆွဲထုတ်မည်ပြုပြီးမှ ဖြုန်းခနဲ ပြန်သွင်းလိုက်၏။ ပခုံးတွင် စလွယ်သိုင်းလွယ်၏။ ထိုလက်သုံးတော်ဓားနှင့် တိုက်ပွဲပေါင်း မြောက်မြားစွာ ဆင်နွှဲခဲ့ဖူး၏။ ယခုတော့ -

"ထီးလည်းသုဉ်း - မြို့လည်း ဆုံးပြီ - တောက်"

ပဒေသရာဇ်၏ သားကောင် သူ့ကိုယ်သူ မကျေနပ်ချက်တို့တ တစ်ဝုံတစ်ပင်နဲ့၊ အိမ်တော်ထိန်းတို့အား သတိရလေ၏။ အိမ်တော်ထိန်း မှတ်ကြီးနှင့် ရွှေအတို့လည်း ရရာပစ္စည်းများ ယူငင်လျက် ထွက်ပြေးသွားပြီဖြစ်၏။ ထိုစဉ် မယ်နှင်းနုက စစ်ကဲလေး ကိုသူရအား အသံတုန်ယင်စွာဖြင့် သတိပေးလေပြီ၊

"အချိန်မဖြုန်းနဲ့တော့ - ကျုံးတုံးမြို့စားကြီး ဗညားဓေယျတို့လူစု လှေတော်ကြီးနဲ့ မိန်းမလှကျွန်းဘက် ထွက်သွားတာ အချိန်အတော်ကြာနေပါဘီ၊ မြို့မြောက်ဘက်ခြမ်းအိမ်တော်တွေဆိုရင် မီးစွဲလောင်လို့ကုန်ပြီ၊ မီးညွန့်ဟာ ကျွန်မတို့အိမ်ဘက် နီးသထက် နီးကပ်လာပြီရှင့်"

သူမခင်ပွန်းတုံ့ကိုဘာဝေလုပ်နေတုန်းပင်၊ မယ်နှင်းနု အားမလိုအားမရဖြစ်ကာ ရှိလေ၏။ ထိုကြောင့် လက်တစ်ဖက်ကို ဆောင့်ဆွဲပြီး လမ်းမပေါ်သို့ ဆွဲခေါ်လေ၏။ မီးတောက်ကြီးများကလည်း မျောက်များ ခုန်နေသလို ခုန်ဆွခုန်ဆွနှင့် ကူးဆက်လောင်နေ၏။

"ဝုန်း"

မီးလုံးကြီးသုံးလုံးက သူတို့အိမ်ခေါင်မိုးပေါ်သို့ ရှေ့ဆင့်နောက်ဆင့် ခုန်ကူးလာ၏။ ရေနံရေးဝနေသော ကျွန်းအိမ်ကြီးမှာလည်း ဟုပ်ခနဲ လောင်တွင်း



www.burmeseclassic.com

www.burmeseclassic.com

လေ၏။ ပတ်ဝန်းကျင် လေး၊ ငါးအိမ်ကိုလည်း ဆက်တိုက်လောင်နေပြီဖြစ်၏။ ကိုသူရတို့ လင်မယားမှာ မီးလွတ်ရာသို့ တစ်ဟုန်ထိုး ထွက်ပြေးကြ၏။ သူတို့အားလုံး ဒုက္ခမီးပင်လယ်ဝေလျက်ရှိ၏။ လက်ကျန်မြို့သူမြို့သားများမှာ အော်ဟစ်ပြေးလွှားကာ ဖြစ်နေတော့၏။

အသက်လုပွဲ ...။ မယ်နင်းနလက်ထဲမှ ပစ္စည်းများလည်း ဟိုတစ်ခု၊ ဒီတစ်ခု ပြုတ်ကျကျန်ရစ်ခဲ့၏။ တအောင့်လောက်ကြာသော် တသွင်သွင် စီးဆင်းနေသော မရမ်းချောင်းရေပြင်ကို လှမ်းမြင်နေရပြီဖြစ်၏။ မီးတောက် မီးညွန့်တို့မှာလည်း ရှေ့နောက်ဝဲယာညှပ်လျက် ပိတ်ကာရှိ၏။ မီးအရှိန်ကြောင့် သစ်ပင်ကြီးများလည်း တဝုန်းဝုန်းပြိုလဲကာ ရှိ၏။ သခင်မဲ့နေသော မြို့ကြီးမှာ မီးငြိမ်းသူတင်းမဲ့နေ၏။ မီးတောက်ကြီးက တစ်မြို့လုံးကို ဝါးမျိုလျက် ရှိလေ၏။

မီးအရှိန် သစ်ပင်ပြိုကျသံများ၊ လူများ၏ ကြောက်လန့်တကြား အော်တစ်နေသံများမှာ ကမ္ဘာပျက်ဘိအလား ရှိ၏။ မယ်နင်းနသည် သူမခင်ပွန်း၏ လက်ကို မလွှတ်၊ ရှေ့မှ ဦးဆောင်ပြေးဆွဲလျက်ရှိ၏။ ကုက္ကိုပင်ကြီးအနီးသို့ ရောက်လာ၏။ မီးတောက်ကြီးကလည်း ထိုသစ်ပင်ကြီးကို တဟုန်းဟုန်းနှင့် လောင်ကျွမ်းနေ၏။

ထိုသစ်ပင်ကြီးအောက်မှဖြတ်ပြေးရန်မှအပ ပြေးစရာမရှိချေ။ မယ်နင်းနက ရဲရဲဝံ့ဝံ့ ဖြတ်ပြေး၏။ ထိုစဉ် မီးတောက်မီးလျှံ ရဲရဲတောက်နေသော သစ်ကိုင်းကြီးတစ်ခု ဝုန်းခနဲ ပြုတ်ကျလာ၏။

စစ်ကဲလေး ကိုသူရ ဦးခေါင်းတည့်တည့် ကျလာ၏။ ထိုအခါ မီးအရှိန် သစ်ကိုင်းရိုက်သည့်ဒဏ်ကြောင့် စစ်ကဲလေး ကိုသူရ မေ့မြောသွား၏။ သစ်ကိုင်းကလည်း ပိနေ၏။ မီးကလည်း တစ်ကိုယ်လုံး လောင်ကျွမ်းလေ၏။ သူ့လက်ထဲတွင် ကတ္တီပါအိတ်အနီကလေး ကိုင်ထားဆဲပင်၊ မီးက ထိုအိတ်ကလေးအား အလွတ်မပေး၊ လောင်ကျွမ်းနေ၏။

မယ်နင်းနမှာ အသက်လုပြေးနေရသောကြောင့် ခင်ပွန်းအား မကယ်နိုင်တော့ပေ။ ကိုယ်လွတ်ရုန်းပြေးလိုက်ရ၏။ မရမ်းချောင်းနှင့် ရှုလံချောင်းဆုံရာ ရေဆိပ်သို့ ရောက်လာ၏။ ဆိပ်ကမ်းမှ ခွာလုဆဲဆဲ လှေတစ်စင်း၊ လှေထဲတွင် လူနှစ်ဆယ်ခန့် ရှိလေ၏။



လှေမှာ တစ်ဖက်သို့ တိမ်းစောင်းသွား၏။ ရေများ ဒရဟော ဝင်လာ၏။ လှေပေါ်မှ လူများလည်း ဝရုန်းသုန်းကား ဖြစ်ကုန်၏။ လှေမှာ အိုးဒယ်နစ် နစ်မြုပ်သွား၏။

ရေကူးသူ ကူး၊ ရေနစ်သူ နစ်၊ လှေတွယ်ထားသူ ထားကြလေ၏။ ရေကူးတတ်သူများက ဝေးရာသို့ ကူးနေကြ၏။ မကူးတတ်သူများက မှီရာဆွဲထားကြ၏။

မယ်နင်းနမှာ လှေနံရံနှင့် ဦးခေါင်းရိုက်မိပြီး ပြန်ပေါ်မလာတော့ချေ။

=😐=

"လင်းတိုင်း နောက်ဖေး၊ ချွေးတစ်ပြေး၊ မင်းလေးတစ်ပြန်၊ ဘုရားသုံးဆူ၊ ချောင်းသုံးခွ၊ ဆင်မလယ်ကွင်း၊ ငွေကိုးတင်း၊ ရွှေတင်းတစ်ရာ၊ ရတနာသေတ္တာ မြောက်မြားစွာ"

"အဲဒီတဘောင်ထဲမှာ ပါတဲ့အတိုင်းဆိုရင် ဘုရားသုံးဆူ ချောင်းသုံးခွဟာ ဒီမရမ်းချောင်းဆုံရာပဲဖြစ်မယ်"

"ဒီမှာတက်ခါး - မင်းပြောတာလည်းမမှားဘူး။ ဒါပေမဲ့ - ပေါ်တော်မူစေတီဘက်မှာလည်း ချောင်းသုံးခွ ဘုရားသုံးဆူ ရှိတယ်လေ"

"ဟုတ်ပါတယ် - ဘေးဂျားရာ၊ မရမ်းချောင်းဝဒေသဟာ ပိုဖြစ်နိုင်တယ်လို့ ပြောတာပါ။ ဘာဖြစ်လို့လည်းဆိုတော့ အရှေ့မြောက်ထောင့်မှရှိတဲ့ လင်းတိုင်း ရွာကိုကြည့်၊ ချွေးတစ်ပြေးသာသာပဲ ရှိတယ်ဆိုတော့ ဒါတို့ မရမ်းရွာက ပိုဖြစ်နိုင်တယ်လေ"

တက်ခါးနှင့် ဘေးဂျားတို့လယ်တဲတွင် အချီအချ ပြောနေကြခြင်းဖြစ်၏။ တဲခေါင်းရင်းတွယ် လယ်ရှင်ဦးတုတ်ပေါ် ရောက်နေသည်ကို မသိကြပေ။ ဦးတုတ်ပေါ်နှင့် တူဝရီး တော်စပ်၏။ သူတို့နှစ်ဦး ညီအစ်ကိုတစ်ဝမ်းကွဲတော်၏။ ဦးတုတ်ပေါ်၏ သူရင်းငှားများဖြစ်ကြ၏။ နှစ်ဦးစလုံး မိဘမဲ့၊ လူမျိုးလူလွတ်များမို့ လယ်ထဲတွင် အိပ်၊ စားကာ နေထိုင်ကြ၏။ ထိုစဉ် ဦးတုတ်ပေါ် လယ်တဲရှေ့သို့ ထွက်လာရပ်၏။ သူက လှမ်းပြောလေ၏။

"မင်းတို့တစ်တွေ သိပ်ပြီးချမ်းသာချင်ကြသပေါ့ - ဟုတ်လား၊ ဘာမ လောက်ပဲ လိုချင်တပ်မက်မှုတွေ ဆန္ဒပြင်းထန်ပါစေ - အကြောင်းဆော်မှ အကျိုးဖြစ်ထွန်းမှာကွ"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်တွေးကလဲ - ကျုပ်တို့က သူဌေးဖြစ်ချင်လို့ ပြောတာမဟုတ်ပါဘူး။ ဒီဒေသဟာ တစ်ချိန်တုန်းက ကြွက်ပျံမကျ စည်ကားတဲ့ မွန်တို့ဒေသ ကျုံးတုံးခရိုင်မြို့ကြီးလေ။ ရှေးလူကြီးတွေစကားကို ပြန်ပြောဆိုနေကြတာပါ။ မင်းလည်းကြားဖူးနားဝရှိတယ် မဟုတ်လား - ဘေးကျား"

"ကြားဖူးတာပေါ့ကွာ။ ငါတို့ဒေသဟာ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့တဲ့နေရာပဲ။ မသိပဲ နေပါ့မလား"

"အမလေး - ငါ့တူတွေက စကားကြီး စကားကျယ် ပြောဆိုနေကြပါလားကွာ၊ တတိုပေစတွေ တော်တော်ဖတ်ထားကြတာဖြစ်မယ်၊ တဖတ်တယ်ဆိုတာ ကောင်းတဲ့အကျင့်စရိုက်တစ်ခုပဲ၊ တပေရဲ့ကျေးဇူးဟာ လူတစ်ဦးရဲ့ ဘဝကို ပြောင်းလဲနိုင်ပါတယ်၊ အေးလေ - အတိတ်အကြောင်းတွေကို နောင်းလူတို့ မေ့ပျောက်ဖို့ မကောင်းဘူးပေါ့"

ဦးတုတ်ပေါက ပြောဆိုပြီး လှည့်ထွက်သွား၏။ တက်ခါးနှင့် ဘေးကျားတို့ နှစ်ဦးသာ ကျန်ရစ်လေ၏။ တက်ခါးက သီချင်းတစ်ပုဒ်ကို ကောက်ခါငင်ကာ ဆိုလေ၏။

"ဗိုးရာဇာဟာ × × × တကယ်တော့ လယ်သမားလေးပါဗျ × × × သူ တကယ်လိုက်စားခဲ့တာက လုံ့လနဲ့ပညာကိုသာ × × × ဘုရင့် ရွှေနားတော် ပေါက်ကြားလို့ × × × မြောက်စားခံရတဲ့ ပညာရှိကြီးပါ"

ထိုသီချင်းသံကြောင့် ဦးတုတ်ပေါ ပြုံးတုံ့တုံ့ဖြစ်သွားလေ၏။ သူ နောက်လှည့်ပြီး အော်ပြောလိုက်၏။

"ဗိုးရာဇာလိုဖြစ်ရင် ကောင်းတာပေါ့၊ ခဏတစ်ဖြုတ်နားပြီး လယ်ထွန်ဆင်းဖို့ လုပ်ကြတော့ကွာ"

=☹=

ညနေစောင်းလာပြီ ဖြစ်၏။ အလုပ်သိမ်းပြီး လယ်တဲသို့ ပြန်ခဲ့ကြ၏။ ဘေးကျားတို့မှာ မောပန်းလွန်းသဖြင့် စကားမပြောနိုင်ကြပေ။ ပင်ပန်းသလောက် အလုပ်က မပြီးချေ။ တဲဆီသို့ရောက်မှ ခြေကုန်လက်ပန်းကျကုန်၏။ ခေတ္တအနားယူပြီးသော် တက်ခါးက စိတ်ပျက်စွာ ပြောလိုက်၏။

"တောက် - လယ်ထွန်ရတာ သိပ်ပြီးအဆင်မပြေဘူး၊ ခဏခဏ ထယ်သွားနဲ့ မြေကြီးအောက်က ဘာကိုတိုက်မိသလဲ မသိဘူး"



"အေး - ဟုတ်တယ်၊ ငါလည်း မင်းလိုပဲ ကြုံရတယ်၊ ငါတို့ထွန်တဲ့ လယ်ကွက်ဟာ ဆင်မလယ်ကွင်း၊ ငွေကိုးတင်း၊ ရွှေတင်းတစ်ရာ၊ ရတနာသေတ္တာ ကျောက်များစွာမြှုပ်နှံထားတဲ့ ရတနာသိုက်ကြီးတာဆိုရင်တော့ ငါတို့ပွဲပြီပဲ"

"ဟား - ဟား - မင်းက တော်တော်စိတ်ကူးယဉ်တတ်ပါလား - ဘေးကျား ရှာ။ တကယ်လို့ ရတနာတွေဆိုဦးတော့ မင်းခြူးတစ်ပြားတောင် ရမှာမဟုတ်ဘူး။ လယ်ရှင်ဖြစ်တဲ့ ဘတွေးတုတ်ပေါက အားလုံးသိမ်းသွားလိမ့်မယ်"

တက်ခါး၏ အပြောကြောင့် ဘေးကျား ငိုင်ကျသွား၏။ တိုးမောင် လယ်တဲသို့ ရောက်လာ၏။ ဘေးကျားတို့၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်၍မေးလိုက်၏။

"အစ်ကိုတို့ ဘာဖြစ်နေကြသလဲ၊ ငိုင်းကူလုပ်ဖို့ အဖေက လွှတ်လိုက်တယ်"

"ဘာဖြစ်ရမှာလဲ - တိုးမောင်ရာ၊ အခုထွန်နေတဲ့လယ်ကွက်ဟာ ငါတို့ကို အတော်ဒုက္ခပေးတယ်၊ မြေကြီးအောက်မှာ ဘာတွေရှိလည်းမသိဘူး။ ထယ်သွားနဲ့ မကြာခဏတိုက်မိနေတယ်၊ ဒါကြောင့် - စောစောသိမ်းလိုက်တယ်"

"ဟုတ်တယ်ကွ - ဘေးကျားပြောတာအမှန်ပဲ၊ ပြီးခဲ့တဲ့နှစ်ကလည်း ဘတွေးတုတ်ပေါကို ဒီအကြောင်းပြောဖူးတယ်၊ အင်းမလှုပ် အဲမလှုပ်ဆိုတော့ ဆက်ပြောဖို့ခက်တယ်"

တက်ခါးက ရှင်းပြလိုက်၏။ တိုးမောင်က ခေါင်းတဆတ်ဆတ်ညိတ်လျက် နားထောင်နေလေ၏။ အတန်ကြာ စဉ်းစားပြီးလျှင် တက်ခါးတို့ ကျေနပ်အောင် ပြောလေ၏။

"အစ်ကိုတို့ အခက်အခဲကို ပြောပြလိုက်ပါမယ်၊ အဖေ မလုပ်လည်း ကျွန်တော် ဦးဆောင်ပြီး လုပ်ပါမယ်"

"အေးကွာ - အခုချိန် မြေကြီးတူးကြည့်ရင် အဖြေတစ်ခုခုတော့ သိရလိမ့်မယ်၊ တကယ်လို့ ရွှေအိုးတွေလို့ကတော့ ငါတို့လည်း ပိုင်ဆိုင်တယ်နော်၊ ဝေစုပေးမယ် မဟုတ်လား"

ဘေးကျားစကားကြောင့် တိုးမောင် ပြုံးနေတော့၏။ ထိုအခါ တက်ခါးက -

"ငါကတော့ ဘေးကျားတွေးသလို မဟုတ်နိုင်ဘူးလို့ ယူဆတယ်၊ ကျုံးတုံးမြို့ဟောင်းကြီးဟာ မြေလှန်မီးတိုက်ပြီး ခံရတယ်လေ၊ အဲဒီတော့ မီးလောင်ကျွမ်းထားတဲ့ ကျွန်းတိုင်တွေ ဖြစ်နိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ - ဒီလယ်ကွက်ကို တူးဖော်လိုက်ရင်တော့"

တိုးမောင်က စကားစကိုဖြတ်၍ဘေးဂျားအား လှမ်းအကဲခတ်လိုက်၏။ ထို့နောက် မပြောမဆို ထွက်ခွာသွားလေ၏။

=😐=

နောက်တစ်နေ့စောစောတွင် လယ်တဲသို့ဦးတုတ်ပေါ ရောက်ရှိလာ၏။ သူ့သား တိုးမောင်အပြင် ရွာသားသုံးယောက်လည်း ပါလာ၏။ တိုးမောင်တို့ပေါက်တူး၊ ကြိုးခွေတို့ပါ ယူလာကြ၏။ ဦးတုတ်ပေါက တံစက်မြိတ်အစပ်တွင် ရပ်လျက်ရှိ၏။ ထိုအခါ တက်ခါးက လှမ်းမေး၏။

"ဘထွေးတုတ်ပေါ - ပေါက်တူးတွေ၊ ကြိုးခွေတွေနဲ့ ဘာလုပ်ကြမလို့လဲ"

"ဟ - မင်းတို့ပဲ - ငါ့သား တိုးမောင်ကို ပြောလိုက်တယ်မဟုတ်လား။ အခု ထွန်နေတဲ့လယ်ကွက်ဟာ ထွန်ယက်လို့ ခက်နေတယ်ဆို၊ အဲဒါကြောင့် မြေလှန်တူးကြမယ်"

ဘေးဂျားလည်းအနားရောက်လာ၏။ သူက ကြားဖြတ်၍ထောက်ခံပြောလေ၏။

"လယ်ကွက်တစ်ခုလုံး တူးကြည့်တာ ကောင်းတယ်၊ ဒါမှ လယ်ကွက်ထဲ မြုပ်တဲ့ ရှေးဟောင်းပစ္စည်းတွေ ပေါ်လာမှာ"

"မြေအောက်က ရွှေငွေပစ္စည်းတွေရခဲ့ရင် အစ်ကိုဘေးဂျားကို တစ်ပုံဝေစုပေးမယ် - ကျေနပ်ပြီလား"

တိုးမောင်က ဘေးဂျား ကျေနပ်အောင် ပြောလိုက်၏။ ဝေစုတစ်ပုံ ရရှိမည်ဟုဆိုသဖြင့် ဘေးဂျား အူမြူးနေ၏။ ပြုံးတော့မလိုလို၊ ရယ်တော့မလိုလို ဖြစ်နေရှာ၏။ ထိုအခါ တိုးမောင်က လက်ညှိုးညွှန်ပြလျက် ပြောလေ၏။

"လယ်ကွက် ဟိုဘက်ထောင့်ကနေ စတင်တူးကြည့်မယ်"

"အဲဒီလိုလုပ်စရာမလိုပါဘူး၊ နွားတွေကို ထယ်မှာတပ်ပြီး တက်ခါးနဲ့ ဘေးဂျားတို့ ထွန်ကြစမ်း"

"ဗျာ"

ဦးတုတ်ပေါစကားကြောင့် ဘေးဂျားအံ့အားသင့်နေရှာ၏။ ကျန်လူများကလည်း ဝိုင်းအံ့ကြည့်ကြ၏။



ဦးတုတ်ပေါအစီအစဉ်ကို နားမလည်ကြပေ၊ သို့သော် ဘထွေး ဦးတုတ်ပေါစကားကို မပယ်ရှားဝံ့သဖြင့် ခိုင်းသည့်အတိုင်း ဆင်းလုပ်လေ၏။

ထိုစဉ် ဦးတုတ်ပေါက ဝါးတစ်လုံးကို ထက်ခြမ်းခွဲနေ၏။ နစ်တောင်ခန့် အရှည်ဖြတ်၏။ ဝါးကြောမရှစေရန် နှုတ်ခမ်းသားများကိုလိုက်လံသပ်လေ၏။ တိုးမောင်တို့က ကြည့်ပြီး ဝေဖန်ပြောကာ ရှိ၏။ ဘေးဂျားမှာ လယ်ထွန်နေရသည်ကို စိတ်မပါချေ။ စိတ်ထဲ အောင့်သက်သက်နှင့် လုပ်နေရ၏။

သူ့ဒေါသများ တလိပ်လိပ်တက်နေ၏။ မပြောသာ၍ လုပ်ကိုင်နေရ၏။ အပိုအလုပ်ကို ခိုင်းသည်ဟု တွေးလျက်ရှိ၏။ စိတ်တိုတိုနှင့် နွားများကို တဖျန်းဖျန်းရိုက်နေ၏။ နွားနစ်ကောင်မှာ အသားနာကျင်လာသဖြင့် ဖွတ်တီဖွတ်ထိုး ဖြစ်နေရှာ၏။

"တောက် - ဒီနွားတွေတော့ - ရိုက်သတ်ရင် သေတော့မယ်"

ဘေးဂျားစိတ်တိုနေသလောက်တက်ခါးမှာအလုပ်ကိုဂရုတစိုက်ရှိလေ၏။ နဂိုကတည်းက အမှုမဲ့၊ အမှတ်မဲ့ မနေခဲ့ချေ။ အမှတ်သညာနှင့် လုပ်ခဲ့သူဖြစ်၏။ ထို့ကြောင့် ထယ်သွားတိုက်မိထားသည့်နေရာကို မှတ်မိ၏။

"ဒုတ် - ဒုတ် - ဒုတ်"

သူသည် ထိုနေရာမှ ဆက်မထွန်ပဲ ရပ်ထားလိုက်၏။ ဦးတုတ်ပေါထံ လှမ်းပြောလေ၏။

"ဘထွေး - ဒီနေရာမှာ တစ်ခုခုနဲ့ တိုက်မိပြီဗျို့"

"ဒါဆို - အဲဒီနေရာကို သေသေချာချာမှတ်ထားပေါ့၊ ရော့ - တိုးမောင်၊ အဲဒီနေရာကို ဒီဝါးခြမ်းပိုင်းနဲ့ ရိုက်ထားစမ်း"

စောစောက နစ်တောင်ခန့် ဝါးခြမ်းပိုင်းကို လှမ်းပေးလိုက်၏။ တိုးမောင်က လှမ်းယူ၏။ တံတောင်ခန့် ဝါးရှားခေါင်းပိတ်စတစ်ပိုင်းကိုလည်း လက်ရိုက်တုတ်လုပ်ရန် ယူသွား၏။ တက်ခါးအနီးသွားပြီး မြေကြီးတွင် ဝါးခြမ်းပိုင်းအား ရိုက်ထား၏။ တက်ခါးနည်းတူ ဘေးဂျားလည်း တိုက်မိ၏။ တိုးမောင်က ဝါးခြမ်းပိုင်းတစ်ခုနှင့် ငုတ်စိုက်ထား၏။

သူတို့နစ်ဦး စရုပတ်လမ်းကြောင်းနှင့် ထွန်ယက်နေခြင်းဖြစ်၏။ မြေအောက်မှ အရာဝတ္ထုနှင့် တိုက်မိတိုင်း ငုတ်တစ်ငုတ် စိုက်လေ၏။ နေထန်းတစ်ဖျားရောက်သောအခါ လယ်ကွက်တစ်ခုလုံး ထွန်ပြီးသွား၏။ ငုတ်တိုင်တစ်ဆယ်တိတိ စိုက်ခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ထမင်းစားချိန်ရောက်လာ၏။ ဦးတုတ်ပေါ်ဖနီး ဒေါ်ကြည်က ထမင်းလာပို့၏။ ဒေါ်ကြည်က လယ်ကွက်ထဲရှိ ငုတ်တိုင်များကိုကြည့်၍ မေး၏။

"ကိုင်းငုတ်တွေက ဘာဖြစ်လို့ စိုက်ထားသလဲ"

တိုးမောင်က သူ့မိခင်အား ရှင်းပြပေး၏။ ဒေါ်ကြည်မှာ စိတ်ဝင်တစားနှင့် ရှိလေ၏။ သူ့မျက်နှာမှာလည်း မျှော်လင့်ချက်တစ်ခု ပေါ်လွင်နေတော့၏။ ဖေတစ်ခု - ထိုဖေတစ်ခုက လောဘဖေ၊ နှုတ်ခမ်းလေးများပင် ပြုံးယောင်ယောင်ရှိ၏။ အခြေအနေကို တွေ့လိုက်ရသော ဘေးကျားက တိုးတိုးကပ်၍ မေး၏။

"အရီးလေး ဒေါ်ကြည် - တကယ်လို့ မြေအောက်ထဲက ရတနာတွေများ ရရင် ကျွန်တော်တို့အတွက်ကော ပေးဖို့စဉ်းစားထားလား"

"ဘေးကျား - ပါးစပ်ပိတ်ထားစမ်း။ မုန့်ဆီကြော်က ဘယ်နေမှန်းမသိဘူး၊ နှုတ်ခမ်းလန်နဲ့ ဖြစ်ပါ့မလားပဲ၊ မင်းပါးစပ်တစ်ပေါက်ကြောင့် အားလုံးဒုက္ခရောက်ကုန်လိမ့်မယ်"

"ကျွန်တော့် ပါးစပ်ကြောင့် ဒုက္ခမရောက်စေရပါဘူး - ဘထွေးရာ"

"ဒီကောင် ပြောလေ ကဲလေပါလား။ မဟုတ်တမ်းတရမ်းလျှောက်ပြောတော့ မသမာသူတွေကြားသွားရင် လာပြီးမားပြတိုက်မှာပေါ့ဟာ"

ထိုအခါကျမှ ဘေးကျားငြိမ်ကျသွား၏။ ထမင်းစားပြီးသွားသော တက်ခါးမှာ ကျောဆန့်လျက်ရှိ၏၊ ဦးတုတ်ပေါ်က ကွမ်းဝါးလျက်ရှိ၏။ ဘေးကျားပြောသလိုမှန်လျှင် ဆက်မတွေးဝံ့တော့ချေ၊ အတွေးကိုယ်စီနှင့် ရှိကြ၏။ မြေအောက်မှ မမြင်ရသေးသောကိစ္စကို မျှော်လင့်တမ်းတလျက် ရှိကြ၏။

=😐=

"ကဲဟေ့ - လုပ်ငန်းပြန်စကြရအောင်"

ဦးတုတ်ပေါ်စကားကြောင့်ဘေးကျား ဒေါသရောင် သမ်းသွား၏။ အသည်းထဲ၊ အူထဲ ကလိကလိဖြစ်နေရှာ၏။ ထိုအခြေအနေကြောင့် ဘေးကျား၏ ပေါင်ကို လိမ်ဆွဲပြီး တက်ခါးက ငြိမ်နိုင်းထား၏။ ဘေးကျားကတော့ စိတ်ထဲမှ ရေရွတ်နေ၏။



"ဘထွေးက လူမြင်ကောင်းအောင် လောဘမရှိချင်ယောင်ဆောင်နေတာဖြစ်မယ်၊ သူ့စိတ်ထဲမှာတော့ မြေအောက်က ရတနာတွေကို မက်မောနေတာ အမှန်ပဲ"

ထိုစဉ် တိုးမောင်က သူ့ဖခင်အား ပြောလိုက်၏။

"လယ်တစ်ကွက်လုံးထယ်ထိုးပြီးပြီ။ အခု - ဘယ်လိုဆက်လုပ်မလို့လဲ"

"အခုစိုက်ထားတဲ့ဝါးငုတ်နေရာတွေကို တူးကြစမ်း။ အဲဒီတော့ မင်းတို့လိုချင်တဲ့ အဖြေတစ်ခု ထွက်ပေါ်လာလိမ့်မယ်"

ထိုအခါကျမှ ဘေးကျားမျက်နှာ လန်းဆန်းသွား၏။ သို့ဖြင့် ရွာသားတို့က တစ်ဆိုင်း၊ ဘေးကျားတို့က တစ်ဆိုင်း တူးကြ၏။ ဘေးကျားက ပေါက်တူးပေါက်၏၊ တက်ခါးက ကျင်းထဲမှ မြေစာယက်ထုတ်၏။ တစ်ယောက်တစ်လှည့်တူး၏။ ဘေးကျားက မြေစာများ ယက်ထုတ်နေ၏။ ထိုစဉ် မြေကြီးအောက်မှ အရာဝတ္ထုတစ်ခုကို စမ်းမိသွား၏။ သူက အားရဝမ်းသာစွာဖြင့် အော်ပြော၏။

"ဒီမ - ဒီ - ဒီမှာတွေ့ပြီဗျို့"

ထိုကြောင့် ဦးတုတ်ပေါ်တို့လူစု ထိုနေရာသို့ စုပြုံရောက်သွားလေ၏။ ဦးတုတ်ပေါ်က မြေကြီးထဲကို လက်နှိုက်၍ စမ်းကြည့်၏။ တိုးမောင်ကလည်း တွင်းထဲ နှိုက်ကြည့်လေ၏။ ထို့နောက် - ဦးတုတ်ပေါ်က စပ်ဖြဲဖြဲနှင့် ပြော၏။

"ဘေးကျားရေ - မင်းတွေးထင်ထားသလို ရတနာတွေတော့ မဟုတ်ဘူး၊ ကျွန်းတိုင်ငုတ်တိုပဲ ဖြစ်မယ်"

ဘေးကျားတစ်ကိုယ်လုံး အေးစက်ထုံကျင်သွား၏။ စိတ်ဓာတ်များ အကြီးအကျယ် ကျနေ၏။ ကန်သင်းရိုးတွင် ပက်လက်လှန်နေတော့၏။ ထိုအချိန် တက်ခါးတို့က ထိုတွင်းအား ဆက်တူး၏။ မကြာမီ မြေအောက်မှ အရာဝတ္ထုကို သဲသဲကွဲကွဲ မြင်ရ၏။ ထိုအခါ တိုးမောင်က -

"အစ်ကိုတက်ခါးရေ - ကျွန်းတိုင်ဆိုတာ အမှန်ပဲ၊ ရှေးကျုံးတုံးမြို့ပျက်က ရှေးဟောင်းပစ္စည်းပဲ ဖြစ်မယ်"

"ဟုတ်တယ်ဟေ့ - နောက်ဆုံးမြို့စားကြီး ဗညားဖေယျဟာ ကျုံးတုံးမြို့ကြီးကို မြေလှန်မီးတိုက်ခဲ့ပြီး ပင်လယ်ပိုင်းကို စုန်ဆင်းသွားခဲ့တယ်လေ၊ ယောက်ျားတစ်ဖက်ရှိတဲ့ကျွန်းတိုင်ကြီးကိုကြည့်ခြင်းအားဖြင့် ရှေးမြို့ဟောင်းကြီးဟာ အတော့်ကို စည်ပင်တိုးတက်ခဲ့တာ အမှန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ တက်ခါးက ထောက်ခံပြောလေ၏။ တအောင့်ကြာသော် ကျွန်းတိုင်တံတောင်ခန့် ပေါ်လာ၏။ ထိုအခါ ဦးတုတ်ပေါက ဆက်မတူးခိုင်းတော့ချေ။ ဘေးရှားတို့အား ထယ်နှင့်နွားကို တပ်ခိုင်းပြန်၏။ တိုးမောင်အား တဲမှ ကြိုးများ ယူခိုင်း၏၊ တူနှင့်သံတို့ကိုလည်း ယူခိုင်း၏။

"ဘထွေး - နွားတွေနဲ့ ထပ်ပြီးတွန်းဖို့ ရှိသေးလို့လား"

"ဘေးရှား - ခိုင်းတဲ့အတိုင်း လုပ်စမ်းကွာ၊ စကားကြောမရှည်နဲ့"

"ဟုတ်ပါ့ကွာ - ဘထွေးခိုင်းတာပဲ လုပ်စမ်းပါ"

တက်ခါးက ဝင်ပြော၏။ ထိုအခါ တိုးမောင် ပြန်ရောက်လာ၏။ ကြိုးနှင့် တူ၊ သံတို့လည်း ပါလာ၏။ ဒေါ်ကြည်ကလည်း ခင်ပွန်းလုပ်ကိုင်ပုံကို စိတ်ဝင်တစား အကဲခတ်လျက်ရှိ၏။ ဦးတုတ်ပေါက ကြိုးစတစ်ဖက်အား တိုင်တွင် ချည်၏၊ ကျန်တစ်ဖက်အား ထယ်လက်တန်းတွင် ချည်၏၊ တိုင်မှကြိုးအား လျှောမထွက်အောင် သံရိုက်၍ ချုပ်ထား၏၊ ထယ်နှစ်ရှဉ်းအား တစ်လှည့်စီ ဘယ်ညာဆွဲခိုင်း၏၊ တွင်းထဲသို့ ရေများလောင်းထည့်ပေး၏။

"ကဲဟေ့ - ညာဘက်က ဘေးရှား - မောင်းဟေ့၊ တက်ခါးက ရပ်ထားနော် - ဟုတ်ပြီ - ဟုတ်ပြီ"

ထိုသို့ဖြင့် ကျွန်းတိုင်ကြီး ရောင်ချိသွားရန် တစ်လှည့်စီ ဆွဲခိုင်းလေ၏၊ ဝဲယာလေးဖက်စလုံးကို နွားနှစ်ရှဉ်းနှင့် ပြောင်းရွှေ့ဆွဲလုပ်သဖြင့် ကျွန်းတိုင်မှာ ဆွဲလှုပ်၍ရလေ၏၊ ထိုအခါ နွားနှစ်ရှဉ်းမှ ကြိုးစကို ဖြုတ်ခိုင်းလိုက်၏၊ တိုင်တွင် ကွင်းလုပ်ပြီး ချည်၏၊ သစ်သားချောင်းများ ယူခိုင်းပြီး ကြိုးကွင်းအပေါက်ထဲ ထည့်၏။ လူအားလုံးကိုခေါ်၍တစ်ဖက်စီ လူခွဲထမ်းခိုင်း၏။ ကျွန်းတိုင်ကြီးမှာ မြေဝင်နက်သဖြင့် လှုပ်ရုံသာ လှုပ်၏၊ အခြေအနေမထူးသဖြင့် တိုးမောင်က ပြော၏၊

"နေလည်း စောင်းပြီ၊ ကျွန်တော်တို့လူစုနဲ့ တိုင်ကို ဆွဲမ,တင်လို့ မလှုပ်ဘူး။ မနက်ဖြန် ရွာကလူ ထပ်ခေါ်ပြီးလုပ်ရင် ကောင်းမယ်"

"ဟုတ်တယ် - ဘထွေး၊ အခုန တိုးမောင်အကြံက ကောင်းတယ်"

ဘေးရှားက ထောက်ခံဝင်ပြော၏။ ဦးတုတ်ပေါ အကြံအိုက်သွား၏၊ နောက်ဆုံး လက်လျှော့ကာ ရွာသို့ပြန်ခဲ့ကြ၏၊

=😐=



နောက်တစ်နေ့တွင်ဦးတုတ်ပေါဦးဆောင်၍လယ်တောသို့လူစုလူဝေးနှင့် ရောက်လာ၏။ ကြိုးခွေများ၊ သစ်ချောင်း၊ ဝါးပိုးချောင်းများ သယ်ယူလာ၏။ မနေ့က နုတ်လက်စ ကျွန်းတိုင်ဆီသို့ စုပြုံခဲ့ကြ၏၊ မြေကျင်းကိုနက်အောင် ထပ်တူး၏၊ ထို့နောက် ကြိုးများနှင့် တိုင်အား ကွင်းပြု၍ ချည်ကြ၏၊ ရွာမှ ယူလာသော သစ်၊ ဝါးပိုးချောင်းများကို ကွင်းထဲသွင်းကြ၏၊ လူများနှင့် ဦးပဲ့ထမ်း၍ မ,တင်၏၊ တိုင်လုံးက အနည်းငယ်မျှမလှုပ်ပေ၊ ဦးတုတ်ပေါက တွင်းထဲသို့ ရေထပ်လောင်းထည့်လေ၏၊ ပြီးမှ ...

"မင်းတို့တစ်ယောက်တစ်ပေါက်ထမ်းရင် ကြွတက်လာမှာ မဟုတ်ဘူး၊ တစ်ယောက်က ညာသံပေးပြီး ပြိုင်တူထမ်းကြမှ ဖြစ်မယ်"

ထိုသို့ဖြင့် တံပိုးအသီးသီးတွင် လျှိုထမ်းပြီးသောအခါ တက်ခါးက ...

"ကဲ - အရံသင့်ဖြစ်ပြီလား - စမယ် - တစ် - နှစ် - သုံး"

ညာသံပေး အော်ဟစ်၍တစ်ညီတစ်ညွတ်တည်း ပြိုင်တူ ကုန်းထမ်းကြ၏၊ ကျွန်းတိုင်ကြီးမှာ တံတောင်သာသာခန့် ကျွတ်ထွက်လာ၏။ ဘေးရှားက အားတက်သရောနှင့် ပြော၏၊

"တိုင်ကြီးအပေါ်ကြွတက်လာပြီ - ကြွတက်လာပြီ"

ထိုအခါကြိုးများကို အောက်သို့လျှောချ၏၊ ပြန်၍ထမ်းကြ၏၊ တိုင်ကြီးက တဖြည်းဖြည်း ကျွတ်ထွက်လာ၏။ သို့ဖြင့် သုံးနာရီခန့်တွင် ကျွန်းတိုင်ကြီး တွင်းထဲမှ မ,တင်နိုင်လေ၏၊ ကျွန်းတိုင်ကြီးမှာ ခြောက်တောင်နီးပါးရှည်၏၊ လုံးပတ်ယောက်ျားတစ်ဖက်စာ ရှိ၏၊ ထိပ်ပိုင်းတွင် မီးလောင်ကျွမ်းထားကြောင်း တွေ့ရ၏၊ ဦးတုတ်ပေါက ...

"ဒီကျွန်းတိုင်ကြီးဟာ ကျုံးတုံးမြို့စားကြီး မီးလောင်တုန်းက ကျန်ခဲ့တာအမှန်ပဲ"

ထိုနေ့က ကျွန်းတိုင်ကြီး နောက်တစ်တိုင် နုတ်နိုင်ခဲ့ကြ၏၊ ကျွန်းတိုင်ဆယ်တိုင်အားတစ်ပတ်တိတိ နုတ်ယူကြရ၏။ (ထိုကျွန်းတိုင်ကြီးများအနက် တစ်တိုင်ကို တိုင်ကပ်နာရီအိမ်ငယ်တစ်ခု ပြုလုပ်ခဲ့သည်၊ ယနေ့တိုင် မရမ်းရွာတွင် ရှိသည်၊ စာရေးသူ)

ဦးတုတ်ပေါက ကျွန်းတိုင်များကို လိုချင်သည့်လူအား ပေးလိုက်၏၊

=😐=



www.burmeseclassic.com

www.burmeseclassic.com

တိုးမောင် ပေါက်တူးတစ်လက်ကို ကိုင်၍ နောက်တစ်နေ့တွင် ရောက်လာ၏။ ဘေးရှားတို့က နွားများကို ရေချိုးပေးနေ၏။ ထို့နောက် လယ်ကွက်ထဲမှ ကျင်းများကို ပိုင်းဖို့ကြလေ၏။ မိမိစိတ်ကူးအတိုင်း ဖြစ်မလာသောကြောင့် ဘေးရှား ညည်းညူလေ၏။

"တောက် - အသည်းယားစရာ ကောင်းတယ်ကွာ။ ငါတော့ ဆင်မလယ်ကွင်း၊ ငွေကိုးတင်း စာချိုးအတိုင်း မှန်နေပြီလို့ ထင်ထားတာကွ"

"အစ်ကိုဘေးရှားရာ - ဒီလိုပစ္စည်းမျိုးတွေက ကိုယ်လိုချင်တိုင်းရတာ မဟုတ်ဘူး။ အတိတ်က ပဌာန်းဆက်ရှိမှ ရမယ်လေ"

"ပဌာန်းဆက်တွေ၊ ဘာတွေတော့ ငါ နားမလည်ဘူး - တိုးမောင်။ အဲဒီပစ္စည်းတွေသာ ရမယ်ဆိုရင် ငါ ချမ်းသာမယ်ဆိုတာပဲ သိတယ်"

တိုးမောင်မှာ ဆက်လက်ငြင်းခုံခြင်း မပြုတော့ချေ။ သူ့စိတ်ထဲလည်း မသက်မသာ ဖြစ်သွားရှာ၏။ ဘေးရှားအတွက်လည်း အလွန်သနားမိ၏။ အလုပ်ကိုသာ ဇိ၍လုပ်နေတော့၏။ မြေကျင်းထဲ မြေဖို့သည့်ကိစ္စပြီးမှ ရွာသို့ ပြန်ခဲ့၏။

ထိုအချိန်မှစ၍ ထိုလယ်ကွင်းတွင် လယ်ထွန်ရာ၌ အခက်အခဲ မတွေ့ရတော့ချေ။ အချိန်ကြာလာသည်နှင့်အမျှ ဘေးရှားတို့လည်း မေ့မေ့ပျောက်ပျောက်ဖြစ်ခဲ့၏။ တစ်လခန့်ကြာသော် ဘေးရှား အိပ်ပျော်နေစဉ် ကယောင်ကတမ်းနှင့် ထအော်၏။

"ကျုပ် - သွားပြီ ဆုတောင်းမယ်ဗျာ"

"ဟေ့ကောင် - ထစမ်း - ဘာဖြစ်လို့လဲ"

တက်ခါးက ဘေးရှား၏ခန္ဓာကိုယ်အား လှုပ်ယမ်းနှိုးလိုက်၏။ ဘေးရှားက အိပ်မှုန်စုံမွှားနှင့် ထထိုင်၏။ ကြောင်အမ်းအမ်း ဖြစ်နေရှာ၏။ တဒင်္ဂငိုင်တွေနေပြီးသော် တက်ခါးအား ပြောပြလေ၏။

လူကြီးတစ်ဦး၊ ဥပဓိရုပ်လက္ခဏာက တည်တည်ခန့်ခန့်နှင့်၊ အလွန်ထွားကြိုင်းပြီး တောင့်တောင့်မောင်းမောင်း၊ ဇလကောင်းကောင်း။ ရိုးရိုးအရပ်သားတစ်ဦးမဟုတ်။ နန်းဝတ်နန်းစားနှင့် ရဲမက်တော်တစ်ဦး။ တောင်ရှည်ပုဆိုးကို ခါးတောင်းကျိုက်ထားသည်မှာ သေသပ်လှ၏။ ဖြူဝင်းစိုစွတ်နေသော ပေါင်တံနှစ်ဖက်တွင် ထိုးကွင်းတို့ကလည်း အပြည့်၊ ယောက်ျားပီသလွန်း၏။



လယ်တဲတံစက်မြိတ်အပြင်ဘက်က ရပ်လျက် စိမ်းစိမ်းကြည့်နေ၏။ သူ့မျက်လုံးတို့မှာ ညှို့အားပြင်း၏။ မျက်ခုံး၊ နှာတံတို့ကလည်း ဆွဲဆောင်မှုအားရှိလေ၏။ သူ့မျက်လုံးနှင့် ကြာကြာမဆိုင်ဝံ့ချေ။ ဘေးရှား မျက်လွှာချလိုက်၏။ စိတ်ထဲတွင်လည်း ထိုလူထွားကြီးနှင့် ရင်းနှီးသလို ခံစားမိ၏။ လေးစားမိ၏။ ထိုသို့ မျက်တောင်မခတ်ပဲ စိုက်ကြည့်နေရင်းမှ လူထွားကြီးက အသံသြဇာပြည့်ဝစွာဖြင့် အမိန့်ပေး၏။

"မင်း - ငါနဲ့ လိုက်ခဲ့စမ်း"

"ဟုတ် - ဟုတ်ကဲ့ပါ ခင်ဗျာ"

ဘေးရှား ကျိုးနွံစွာ လိုက်ခဲ့၏။ လူထွားကြီးက ရှေ့မှ တစိုက်မတ်မတ် လျှောက်လျက်ရှိ၏။ နောက်သို့လှည့်ပြီး စကားတစ်ခွန်းမှ မပြောချေ။ ပတ်ဝန်းကျင်ကလည်း မည်းမှောင်နေတော့၏။ သဲကွဲစွာ မမြင်ရပေ။

သို့သော် ဘေးရှား ထိုလမ်းကို ကောင်းကောင်းသိ၏။ မရမ်းချောင်းဝသို့ သွားသည့်လမ်း ဖြစ်၏။ မကြာမီ ချောင်းဝနှင့် မလှမ်းမကမ်း ရောက်လာ၏။ ထိုလူကြီး ရှေ့ဆက်မသွားဘဲ ထိုင်ချလိုက်၏။ ပတ္တမြားကျောက်စီဓားအိမ်ထဲမှ ဓားကို ဆွဲထုတ်လေ၏။ ဓားဦးချွန်နှင့် မြေကြီးကို တူးဆွလေ၏။ တစ်ထွာသာသာခန့် တူးလိုက်လျှင် မြေကြီးထဲမှ အရာဝတ္ထုတစ်ခုပေါ်လာ၏။ ကတ္တီပါ အိတ်ရှုံ့အနီကလေးပင်။

လူထွားကြီးက အိတ်ရှုံ့ကြိုးကို ဆွဲဖွင့်၏။ ပစ္စည်းကို နှိုက်ထုတ်၏။ ရွှေလက်စွပ်တစ်ကွင်း၊ ရွှေရည်က တအိအိ၊ မာန်ဟုန်ဝင့်ကြွားနေသော ရွှေဟင်္သာငှက်တစ်ကောင်၊ အရည်အသွေးကောင်း ပတ္တမြားနှစ်လုံးကို မျက်လုံးအစုံတွင် တပ်ဆင်ထားလျက်၊ ရွှေဟင်္သာနှုတ်သီးတွင် ပတ္တမြားတစ်လုံးကို ကိုက်ချီထား၏။ ကျောကုန်းပေါ်တွင်လည်း တန်ဖိုးမဖြတ်နိုင်သည့် ပတ္တမြားတစ်လုံး။

ဘေးရှားမျက်လုံးများက ထိုရွှေဟင်္သာပတ္တမြားလက်စွပ်ပေါ်မှ မခွာတော့ပေ၊ လူထွားကြီးက ဘေးရှားမျက်နှာရှေ့ ထိတိုးကပ်လို့ ပြသလေ၏။ သူ့မျက်လုံးများက လောဘအငမ်းဝေနေ၏။ သွားရည်ယိုလုမတတ်ရှိ၏။ ထိုအခါ လူထွားကြီးက တိတ္တမပြည့်ဝသော အသံသြဇာဖြင့် ပြော၏။

"မောင်မင်းကိုခေါ်ပြီး ဒီပစ္စည်းကို ဘာကြောင့်ပြရသလဲဆိုတော့..."



www.burmeseclassic.com

www.burmeseclassic.com

လူထွားကြီးက စကားကို မဆက်သေးပဲ အငေးတစ်နေရာသို့ မျှော်ကြည့်လေ၏။ မျက်နှာပေါ်တွင် တမ်းတလွမ်းဆွတ်ဖွယ်၊ နာကြည်းဖွယ် တွေ့ရ၏။ ဝမ်းနည်းကြေကွဲကာ ဖြစ်နေရာ၏ အတန်ကြာမှ လူထွားကြီးက -

"သင့်ဟာ ကျွန်ုပ်ရဲ့ငယ်ကျွန်ကြီးရွှေအပဲ၊ မောင်မင်းနဲ့အတူရှိနေတာက ငယ်ကျွန်ကြီး မှတ်ကြီးလေ။ ဒီရတနာပစ္စည်းဟာ ငါကိုယ်တော်တို့ရဲ့ရှေးဘိုးဘေးအမွေဖြစ်တယ်၊ ဒါကြောင့် - ထိန်းသိမ်းစောင့်ရှောက်ပါလို့မှာချင်တယ်"

"ဟုတ် - ဟုတ်ကဲ့ပါ - အရှင်"

ဘေးဂျားက ထစ်ထစ်ငေါ့ငေါ့နှင့် ပြန်ဖြေ၏။ လူထွားကြီးက ...

"မင်း - စိတ်ထားဖြူစင်ဖို့တော့ အရေးကြီးတယ်၊ တကယ်လို့စိတ်ယုတ်မာမွေးမယ်ဆိုရင် မင်းအသက် ပေးဆပ်ရမယ်။ ဘယ်လိုလဲ - ကတိပေးနိုင်မလား။ အဲဒီလိုကတိပေးနိုင်ရင်တော့ မရမ်းကျောင်းဝန်းထဲက ဆုတောင်းပြည့်စေတီဆီသွားပြီး ဆုတောင်းသစ္စာပြုပေတော့ကွာ"

တက်ခါးမှာ ကြားရသောစကားကြောင့် ဘေးဂျားအတွက် စိုးရိမ်မိ၏။

=😐=

"တုံ - တုံ - တုံ - တုံ"

မရမ်းကျောင်းမှ အုန်းမောင်းခေါက်သံ ထွက်ပေါ်လာ၏။ ဘေးဂျားတို့က နွားစာ၊ နွားရေချိုးပေးလျက်ရှိ၏။ ထိုစဉ် တက်ခါးက လှမ်းမေး၏။

"မင်း - ဆုတောင်းပြည့်စေတီဆီသွားပြီး သစ္စာဆိုမလား"

"သွားမှာပေါ့ကွာ။ တကယ်လို့မသွားရင် - ငါးကြော်မကြိုက်တဲ့ကြောင် မိုက်ဘဝမျိုး ဖြစ်မပေါ့"

သူတို့နှစ်ဦး အတွေးကိုယ်စီ ဖြစ်နေကြ၏။ ကိစ္စအဝဝပြီးသောအခါ ဘေးဂျားက ပြော၏။

"ငါ သွားတော့မယ်။ မင်းကော လိုက်မလား"

"လိုက်မှာပေါ့ကွာ - မင်းအိပ်မက်ထဲက မှတ်ကြီးဟာ ငါဆိုတော့ မလိုက်ဘဲ နေဖို့မသင့်ဘူးလေ"



သို့ဖြင့် ဆုတောင်းပြည့်စေတီသို့ ထွက်လာကြ၏။ ကျောင်းဝန်းထဲ ရောက်လာ၏။ စေတီ၏ အရှေ့ဘက် တနင်္လာဂြိုဟ်တိုင်တွင် ဘုရားဝတ်ပြုကြ၏။ ဆုတောင်းသစ္စာဆိုကြ၏။ ထို့နောက် တက်ခါးက မေးလိုက်၏။

"မင်း - ဘယ်လိုသစ္စာဆိုသလဲ"

"ငါ့အိပ်မက်ထဲကအတိုင်း ပဌာန်းဆက်မှန်လျှင် ရွှေဟင်္သာပတ္တမြား လက်စွပ်ကို အမြန်ဆုံးပေးပါလို့ပေါ့၊ ကျန်တဲ့ကိစ္စတွေ သစ္စာပြုစရာ မလိုပါ



ဘေးဂျားအိပ်မက်အတိုင်း မှန်ကန်ကြောင်း [illegible]ရ၏။
သူ့လက်ကိုင်ချောင်းကလေးများ တဆတ်ဆတ် တုန်ယင်နေ၏။
တစ်ကိုယ်လုံး [illegible] [illegible]ကျင်လျက်ရှိ၏။ [illegible]အေးစက်မြန်နေ၏။
ကျောက်ရုပ်ကြီးသဖွယ် မတုန်မလှုပ်။ အသက်ရှူဖို့ပင်
မေ့နေ၏။ ဘေးဂျားအလောင်းကို ငေးကြည့်ပြီး
ကြောင်တောင်တောင်ဖြစ်ကာရှိ၏။

ဘူးကွာ၊ အဓိက ရွှေဟင်္သာပတ္တမြားလက်စွပ် ရရှိဖို့ပဲ မဟုတ်လား၊ ဒါနဲ့ - မင်းကကော ဘယ်လိုလဲ"

"ငါကတော့ ကျွန်ုပ်သည် မိဘမဲ့တစ်ဦးဖြစ်ပါတယ်၊ နောင်ဘဝမှာ မိဘများနှင့် အတူတကွ ပျော်ရွှင်စွာနေထိုင်နိုင်ပြီး အမျိုးဘာသာ၊ သာသနာကို စောင့်ရှောက်နိုင်တဲ့ပုဂ္ဂိုလ် ဖြစ်ရပါစေလို့ပေါ့"

ဘေးဂျားပါးစပ်အဟောင်းသားဖြစ်သွားရှာ၏။ မည်သို့မျှတော့ ပြောအတ မတက်ပေ၊ တဒင်္ဂအတွင်း ကောင်းကင်တစ်ခုလုံး မည်းမှောင်လာ၏။ လေတ



www.burmeseclassic.com

www.burmeseclassic.com

လည်း တဖြုံးဖြုံးနှင့် တိုက်ခတ်လာ၏။ တက်ခါးသည် ကောင်းကင်သို့ မော့ကြည့်ပြီး ညည်းညူလိုက်ပြီး –

"ဘေးဂျားရေ – ငါတို့ရဲ့သစ္စာအဓိဋ္ဌာန်ဟာ တစ်ခုခုတော့ မှားနေပြီထင်တယ်၊ စောစောက သာသာယာယာရှိနေတဲ့အခြေအနေက တစ်မုဟုတ်ချင်း ရာသီဥတုပြောင်းလဲသွားပါလား"

"မင်းကလည်းကွာ – ကြံကြောက်လှည်းအောက်မနေနဲ့လို့ ဆိုသလိုပဲ၊ မိုးပဲ ရွာချင်လို့ ရွာတာပါ၊ လေလည်း တိုက်ချင်လို့ တိုက်တာပေါ့၊ အဆန်း မဟုတ်ပါဘူးကွာ"

ထိုအချိန် မိုးသီးမိုးပေါက်များ ရွာချလာ၏။ လေတိုက်ခတ်မှုလည်းပြင်းထန်လာ၏။ သစ်ပင်ကြီးများပင် ယိမ်းကနေသကဲ့သို့ဖြစ်လာ၏။ သူတို့လည်း ဇရပ်တစ်ခုအတွင်း မိုးခိုနေရ၏။ သွပ်ပြားပေါ်သို့ မိုးသီးများ တဝုန်းဝုန်းကျလျက်ရှိ၏၊ မိုးရော၊ လေရောဖြစ်ပေါ်နေသောကြောင့် ဇရပ်တစ်ခုလုံးမိုးပက်လျက်ရှိ၏။

တက်ခါးတို့မှာ ဇရပ်ထောင့်တွင် ကုပ်ကုပ်ကလေး ထိုင်နေကြ၏။ မိုးကတော်တော်နှင့် မရပ်ပေ၊ အပြီးအတောကြီးစွာ ရှိလေ၏။ တက်ခါးစိတ်ထဲမှ ရေရွတ်လိုက်၏။

"တပည့်တော်အသွေးအသားထဲမှနေပြီး ဆုတောင်းသစ္စာပြုပါတယ်၊ ပြုခဲ့တဲ့ သစ္စာကတိကို သေတစ်ဖန်သက်တစ်ဆုံး စောင့်ထိန်းနိုင်းပါမယ်"

ထိုကြောင့် မိုးလေ ဟုပ်ခနဲ ရပ်တန့်သွား၏။ သူတို့နှစ်ဦးလည်း အရပ်ထဲမှ ထွက်ခဲ့ကြ၏။ တိတ်ဆိတ်စွာ လျှောက်လာကြ၏။ အတွေးကိုယ်စီနှင့်ဖြစ်၏၊ တက်ခါးက ရှေ့မှ၊ ဘေးဂျားက နောက်က။

ဘေးဂျား အတော်တက်ကြွလျက်ရှိ၏။ ပတ်ဝန်းကျင်ကိုလည်း သတိလက်လွှတ်ဖြစ်နေ၏။ ကော့လန်ကော့လန်နှင့်လျှောက်လျက်ရှိ၏။ လမ်းပေါ်တွင် ဗွက်ထကာ ရှိ၏။ လမ်းဘေးလယ်ကွင်းတွင် ရေများ ပိုများလာ၏။ ပူပြင်းသည့်အချိန် မိုးရွာသဖြင့် ခြေခင်းလက်ခင်း မသာပေ။

တက်ခါး လမ်းကိုကြည့်ပြီး လျှောက်နေ၏။ ထိုစဉ် လမ်းကို ဖြတ်ကူးနေသောအရာတစ်ခုကို တွေ့လိုက်ရ၏။ တက်ခါးက အထိတ်တလန့်အော်ပြီး ခုန်ကျော်လိုက်၏။

"မြွေ – မြွေ – မြွေ"

ကြောက်ကြောက်ရွံ့ရွံ့ ခုန်ကျော်လိုက်သောကြောင့် လယ်တွင်းထဲ ကျသွား၏။ ဘေးဂျားကတော့ သူ့စိတ်ကူးနှင့် သူမို့ မရှောင်နိုင်တော့ပေ၊ မြွေခါးကို တက်နင်းမိ၏။

"အား – ငါ့မျက်လုံးတွေ ဘာမှမမြင်ရတော့ဘူး – ကယ် – ကယ် – ကယ်"

ထိုသို့ အလန့်တကြားအော်သံကြောင့် တက်ခါး လယ်ကွက်ထဲမှ လမ်းပေါ် တက်လာ၏။ ညာခြေမတွင် ရွှေဟင်္သာပတ္တမြားလက်စွပ်ကြီးတစ်ကွင်း စွပ်လျက်ပါလာ၏။ တက်ခါးမှာ လက်စွပ်ကို တုန်တုန်ရီရီနှင့် ချွတ်၍ကြည့်လေ၏။

ဘေးဂျားအိပ်မက်အတိုင်း မှန်ကန်နေကြောင်း သိလိုက်ရ၏။ သူ့လက်ချောင်းကလေးများ တဆတ်ဆတ် တုန်ယင်နေ၏။ တစ်ကိုယ်လုံး ထုံကျင်လျက်ရှိ၏။ အေးတိအေးစက်ဖြစ်နေ၏။ ကျောက်ရုပ်ကြီးသဖွယ် မတုန်မလှုပ်၊ အသက်ရှူဖို့ပင် မေ့နေ၏၊ ဘေးဂျားအလောင်းကို ငေးကြည့်ပြီး ကြောင်တောင်တောင်ဖြစ်ကာရှိ၏။

ထိုစဉ် မရမ်းရွာထဲသို့ ထိုသတင်း ပျံ့နှံ့သွားလေ၏၊ ဦးတုတ်ပေါ်တို့ ရောက်ချလာ၏၊ တိုးမောင်က တက်ခါးအား နှစ်သိမ့်စကား ပြောလေ၏။

"အစ်ကိုတက်ခါး – ကိုယ့်ကိုယ်ကိုယ် သတိထားလေ"

တက်ခါး မျက်ဝန်းအိမ်မှ မျက်ရည်များ စီးကျလာ၏၊ အလောင်းကို ကြေကွဲစွာကြည့်ပြီး ပြောလိုက်၏၊

"မင်းပြုခဲ့တဲ့ ကတိသစ္စာက လောဘရမ္မက်ဇောကြောင့် ပြန်စူးတာဖြစ်မယ်၊ အေးလေ – မင်း ကောင်းမွန်တဲ့ ဘုံဘဝရောက်အောင် ငါ ကုသိုလ်ပြုပေးပါမယ်ကွာ"

တက်ခါးသည် သူ့လက်ထဲမှ ရွှေဟင်္သာပတ္တမြားလက်စွပ်ကြီးအား ဦးတုတ်ပေါ် လက်ထဲသို့ ပေးလိုက်၏၊ ထို့နောက် ဘေးဂျား အလောင်းနားမှ ထွက်ခွာသွား သည်မှာ တဖြည်းဖြည်း ဝေးကွာသွားလေ၏။

→ ဟိန်းထက်ဇော်

www.burmeseclassic.com

www.burmeseclassic.com




# ဖုတ်သူကြီး ငတုတ်

မအေးကြွယ်

သီပေါမင်းတရား ပါတော်မူစဉ် အချိန်အခါတွင် ...

အထက်မြန်မာပြည် အနယ်နယ်တို့၌ ဓားပြ၊ လူဆိုးတို့ ထကြွသောင်းကျန်းသဖြင့် ...

တိုင်းသူပြည်သားတို့မှာ နေ့ညမလပ် သတိဝီရိယ ရင်တထိတ်ထိတ်၊ ကျိုးလန့်စာစားနှင့် နေကြရကုန်၏။

မြို့ရွာအုပ်ချုပ်သော အမှုထမ်း၊ အရာထမ်းတို့မှာလည်း လွန်စွာအလုပ်ရှုပ်၍ အသက်ကို ဖက်နှင့်ထုပ်ထားရသော အခါကာလမျိုးဖြစ်၏။

တစ်နေ့သ၌ ရွှေဘိုနယ်ကို အုပ်ချုပ်ရသော သူကြီးဦးထွန်းသည် အလွန်အရေးကြီးသောကြောင့် တစ်အိမ်တစ်ယောက် လာရောက်ရန် မောင်းထုခေါ်လျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

ဤအခါ လူပျိုတွေထဲ၌ ဗိုလ်လုပ်သူ ဘိုးတုတ်သည် မှုးယစ်ကာ ဆဲဆိုပြီး ...

သူကြီး၏ အိမ်နားသို့ ရောက်လာစဉ် ဦးထွန်းက ...

"ဟေ့ - တေ့တ်၊ မင်းမှာ တစ်နေ့ - တစ်နေ့ သောက်ဖို့နှင့် စားဖို့လောက်သာ အရေးကြီးတယ်၊ ယခု - မင်း လူဆိုးများကို ဖမ်းဖို့လိုက်ရမယ်"ဟု

ပြောသောအခါ ဘိုးတုတ်မှာ မူးယစ်နေသဖြင့် ...

"ဟုတ်ကဲ့ - လိုက်တာပေါ့ သူကြီးမင်းဘုရားရယ်၊ ဘုရား ကျွန်တော်မျိုး တေ့တ် - ရှေ့ကနေပြီး အသေခံပါမယ်"

ဟု ပြောသောအခါ သူကြီးမှာဝမ်းသာအားရနှင့် ...

"အေး - ကောင်းပြီ၊ မင်းမိန်းမကို သွားပြောချေ"

ဟု ခိုင်းလိုက်ရာ ဘိုးတုတ်သည် အိမ်သို့ပြန်ကာ ...

"မယ်သင်းရေ - ငါ့ကို သူကြီးက လူဆိုးဖမ်းရန် ခေါ်နေပြီ၊ ငါလိုက်ပြီး သွားလိုက်ဦးမယ်၊ မင်း - ကလေးတွေကို စောင့်ရှောက်ကြည့်ရှုပါကွယ်"

ဟု ဆိုကာ ရွာသားများနှင့် ရွှေဘိုနယ်၊ မဟာမြိုင်တောသို့ ထွက်ခွာသွားကြလေ၏။

=☺=

ရွာသားများမှာ လက်နက်ကိုယ်စီ ပါကြသော်လည်း ဘိုးတုတ်၌ ဘာလက်နက်မှ မပါဘဲနေသဖြင့် သူကြီးက ...

"ဟေ့ - ဘိုးတုတ်၊ မင်း - ဓားယူမလား၊ လှံယူမလား"

ဟု မေးသောအခါ ဘိုးတုတ်မှာ ဤကဲ့သို့ မေးသည်ကို ဘဝင်မြင့် သွေးကြီးသွားပြီး ...



"သူကြီးမင်းဘုရား ကိုင်သည့်သေနတ်ကိုသာ ကိုင်ချင်ပါသည် ဘုရား" လို့ ပြောင်ပြောင်တင်းတင်း တောင်း၏။

(ဘိုးတုတ်တောင်းသော သေနတ်မှာ နိုင်ငံခြားဖြစ်သော နှစ်လုံးပြူး၊ ခြောက်လုံးပြူးမျိုး မဟုတ်ဘဲ ရေးမြန်မာမင်းလက်ထက်ကသုံးသော လက်လုပ် ယမ်းတောင်းပစ်ရသော သေနတ်ပင်ဖြစ်၏။)

ဤကဲ့သို့ ယစ်ထုပ်က ရှုပ်ရှုပ်ချွံချွံ လုပ်ကိုင်အမူထမ်းမည် ကြံသည်ကို သူကြီးသည် အားတက်ကာ သေနတ်ကြီးကို ဘိုးတုတ်၏ လက်သို့ အပ်လိုက်လေ၏။

ထိုအခါ သေနတ်ကိုင် ဘိုးတုတ်ကို ရွာသားများက အလိုလိုကြောက်ကြ၏။

သူကြီးတို့လူစုသည် ဓားပြများ ပုန်းအောင်းနေသည့် မဟာမြိုင်တောအနီးသို့ ရောက်သွားကြသောအခါ ဓားပြတို့က တောထဲမှအထွက် ...

သူကြီးတို့က အရောက်နှင့် တွေ့ဆုံနေစဉ် တစ်ဦးနှင့်တစ်ဦး တိုက်ခိုက်ပစ်ခတ်ကြ၏။

ထိုကဲ့သို့ တိုက်ခိုက်နေကြစဉ် ဘိုးတုတ်ကို သေနတ်ထိမှန်ပြီး "အား" ခနဲ အော်ကာ ဘိုးတုတ်သည် မတ်တတ်မှ ခွေခနဲလဲကျသွားသည်ကို သူကြီးမှစ၍ အားလုံးပင် မြင်လိုက်ကြရ၏။

ဓားပြတွေဘက်မှလည်း ဒဏ်ရာရသူ၊ သေသူတွေများသဖြင့် ဓားပြများအားနည်းပြီး တောထဲသို့ ပြန်ဝင်ပြေးကြသောအခါ ...

သူကြီးဦးထွန်းနှင့် ရွာသားတို့သည် ကိုယ့်ဘက်က ကျသူများကို ရွေးချယ်ကာ ထမ်းပိုးသယ်ယူလျက် ရှိနေကြရာတွင် ဘိုးတုတ်ကလည်း လူသေကောင်တစ်လောင်းကို ထမ်းပိုးကာ ...



www.burmeseclassic.com

www.burmeseclassic.com

"ကဲ-လာကြ၊ ပြန်ကြမယ်"

ဟု ပြောသောအခါ သူကြီးနှင့် ရွာသားတို့မှာ အံ့အားသင့်ကာ နေကြလေ၏။

**ထိုအခါ ဦးနှိမှာ မြင်လျှင်မြင်ချင်း ထူပြစ်သူ ဘိုးတုတ်မဟုတ်၊ မှတ်ကောင်မှန်း သိသဖြင့် ...**

**"အလို-သူကြီးမှတ်မင်း၊ တယ်ဟုတ်နေပါကလား" လို့ ဆိုလိုက်ရုံမျှရှိသေး ဘိုးတုတ်၏ လက်တွေ၊ ခြေတွေဟာ ...**



ပြီးမှ-သူကြီးက ...

"ဟော့-ဘိုးတုတ်၊ မင်းကို သေနတ်မှန်တာ တို့ မြင်သားပဲ၊ ဒါနဲ့တောင် မင်း ထနိုင်သေးတာ ငါတို့ အံ့သြဝမ်းသာပါတယ်ကွယ်"

ဟု ပြောဆိုပြီး ...



"ကဲ-ပြန်ကြစို့"

ဆိုကာ ရွာသို့ ပြန်ခဲ့ကြလေ၏။

=☺=

ဓားပြတို့နှင့် မြိုင်ဆိုင်တိုက်ခိုက်ရာမှ ပြန်ရောက်ကတည်းက ဘိုးတုတ်၏ မယားသည် ဓကာ ဓကာ ...

"ငါးပိုတွေ ပျောက်သည်၊ ငါးခြောက်တွေ ပျောက်သည်"

ဟု မြည်တွန်တောက်တီးကာ ရှိနေတတ်၏။

နောက်များမကြာမီ အရင်က တွန်းလှန်ဖြိုဖျက်လိုက်သော တောပုန်းများသည် ...

လူစုကာ ထကြွကြပြန်သောကြောင့် သူကြီးနှင့် ရွာသူရွာသားများပါ မဟာမြိုင်တောသို့ တစ်ဖန်သွားကြပြန်ရာ ...

ဤအထဲ၌လည်း ဘိုးတုတ်က ခေါင်းဆောင်လေ၏။

တောဝသို့ ရောက်ကြလျှင် အားလုံးသော ရွာသားများမှာ တောထဲသို့ မဝင်ဝံ့သေးဘဲ ရှိနေကြသောကြောင့် ဘိုးတုတ်က ရင်ကိုကော့ကာ ...

"ဟော့-ငါ-ဝင်မည်"

ဟု ပြောကာ ဝင်သွားပြီးလျှင် ...

တစ်နာရီကျော်ကျော် ကြာသောအခါ တောထဲ၌ရှိသော တောပုန်းတို့မှာ တစ်ကွဲတစ်ပြားစီ ကမျောကသော သေလုမြောပါး ပြေးထွက်လာကြ၏။

ဤအခါကျမှ အပြင်ကနေပြီး ပစ်ကြ၊ ဖမ်းကြတော့ အားလုံးမိကုန်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါမှ ဘိုးတုတ် တောထဲကထွက်လာသည်ကို တွေ့ကြရလေ၏။

ဒီလိုနှင့်ရှည်း ဖမ်းပါများသောအခါ သူပုန်များမထင့်ဘဲ မြို့ရွာငြိမ်သက်ကာ ရှိလေ၏။

ဤအတောအတွင်း သူကြီးမှာ အသက်အရွယ်က ကြီး၍လာသဖြင့် သူကြီး၏ ရာထူးမှနုတ်ထွက်ကာ မိမိ၏ တူသားများအား ၎င်းရာထူးမပေးဘဲ ဘိုးတုတ်ကို သူကြီးရာထူး ယုံကြည်စိတ်ချစွာ ပေးအပ်လိုက်၏။

ဘိုးတုတ်၏ လက်ထက်ကျရောက်သောအခါ ဓားပြ၊ လူဆိုးတို့ကို အပထား အပ်တိုတစ်ချောင်းမှ မပျောက်ဘဲရှိ၏။

ဘိုးတုတ်မှာ သူကြီးအလုပ်နှင့် (၃)နှစ်ကျော် ဆောင်ရွက်အမှုထမ်းကာ နေစဉ် ...

ဘိုးတုတ်၏ ဘဝထွေးတော်သူ ပယောဂဆရာကြီး ဦးနီမှာ မန္တလေးမြို့သို့ ဆေးကုရန်ထွက်သွားကတည်းက ပြန်မလာဘဲနှင့် နေခဲ့ရာ ...

ယခု တူဖြစ်သူ ဘိုးတုတ် သူကြီးဖြစ်နေသည်ဟု သတင်းကြားသောကြောင့် ဆွေမျိုးများနှင့်တွေ့ရန် ရွှေဘိုနယ်သို့ ပြန်၍လာလေ၏။

ရွှေဘိုသို့ ရောက်ပါသော်လည်း မည်သူမည်ဝါ မည်သည့်အိမ်တွင် နေသည်ကို မသိသဖြင့် ...

စုံစမ်းမေးမြန်းကာ သူကြီးအိမ်သို့ ရောက်လေရာ သူကြီးအိမ်ဝသို့ ရောက်သောအခါ ...

ရုတ်တရက် အာရုံတွေ ထွေပြားပြီး စိတ်လေးလာ၏။ ထို့နောက် ရပ်တန့်စဉ်းစား၏။ ပြီးမှ ...



"ဟေ့ – ဘိုးတုတ်တို့ မရှိဘူးလားကွယ်"

ဟု ခေါ်လိုက်ရာ ဘိုးတုတ်သည် အိမ်ရှေ့သို့ထွက်၍ လာပြီး ဦးနီကို ကြည့်တာ ...

ရုတ်တရက် ကြောင်အကာ ငေးမောနေရှာလေ၏။ ထိုအခါ ဦးနီမှာ မြင်လျှင်မြင်ချင်း တူဖြစ်သူ ဘိုးတုတ်မဟုတ်၊ ဖုတ်ကောင်မှန်း သိသဖြင့် ...

"အလို – သူကြီးဖုတ်မင်း၊ တယ်ဟုတ်နေပါကလား"

လို့ ဆိုလိုက်ရုံမျှရှိသေး ဘိုးတုတ်၏ လက်တွေ၊ ခြေတွေဟာ ...

"ဖြုတ်ဖြုတ်" နှင့် မြည်ကာ တစ်ဆစ်စီ၊ တစ်ဆစ်စီ ကြွေကျလေ၏။

ဤအခါကျမှ မိန်းမနှင့် တစ်ရွာလုံး တအုန်းအုန်း ပြောဆိုကာ ...

ဘိုးတုတ်ကို ဖုတ်ဝင်နေမှန်း သိရှိကြလေသတည်း။

မှတ်ချက် ။ ။ ဘိုးတုတ်ကို သေနတ်မှန်ပြီး လဲအကျတွင် ဖုတ်ဝင်၍ ဒဏ်ရာမရှိဘဲ ချက်ချင်းထကာ လူကောင်းကဲ့သို့ နေ၏။ ငါးပိ ငါးခြောက်ကို မိန်းမ မသိအောင် အလစ်၌လည်းကောင်း၊ ညဥ့်အခါ၌လည်းကောင်း ခိုး၍ စားလေ၏။ ပယောဂဆရာနှင့် တွေ့သောအခါ ရုပ်မဆောင်နိုင်သဖြင့် အရိုးပုံ ဖြစ်ရ၏။ ဤသည်ကို "ဖုတ်ဝင်သည်၊ အပမှီသည်" ဟု ပြောစမှတ် ပြုကြလေသည်။

→ မအေးကြွယ်

www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com

# ညှုံပြင်

မိုးယုမြင့်ကျောင်

တာထက်တစ်လေား ဆိုင်ရာမှ ရုတ်တရက်ဆင်နွှဲ နိုးလာခဲ့ခြင်းဖြစ်သည်။

ထရုတာစ်စ တောသောလေးတွေ့စ် ညစဉ်ရက်ဆက်နီးပါး ထိုထိုဖြစ်နေတတ်သည်မှာ

ရှုတ်ရှုတ်ရှုရှု ရပ်ဆဲသွားတာစ်ဆက်နိုးနိုး နိုးရသည့်ထင်၏။

ပိုင်းစက် နှင့် တာခတောင်ကြီးနယ်ဆစ်ထ 'ဝရှိုတွင်းကြီး' ထဲမှ

မြန်လာပြီးသောတည်းသော စိတ်ထဲ့နွဲ့ထယ်ရှုတ်မိနေသည်။





www.burmeseclassic.com

www.burmeseclassic.com

ယခုလိုပုံမျိုး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာမှ ဖျပ်ခနဲ လန့်၍ နိုးနိုးလာတတ်ပြီး ဘာကြောင့်မှန်းမသိ အာရုံတွေ အလွန်မတန် ကြည်လင်ဖျတ်လတ် နိုးကြားနေတတ်သည့်မျိုးမှာ အံ့စရာ။ ကျွန်တော် တစ်ခါမျှ မကြုံခဲ့ဘူးသေးသော အတွေ့အကြုံမျိုး ဖြစ်သည်။

ဖြစ်တတ်ပါသည်။ ကျွန်တော်တို့ အကျဉ်းထောင်အရာရှိအလုပ်မျိုးဆိုသည်က ညမင်းသား၊ ညလူသတ်သက်တွေသာ ဖြစ်သဖြင့် ညတိုင်းအခါကြက်အိပ်ကြက်နိုး နိုးနိုးကြားကြားနေရတတ်သည့်အကျင့်က မြဲနေပေပြီ။ အချိန်မဟုတ်၊ အခါမဟုတ် ဖြုန်းခနဲ ဒိုင်းခနဲ အိပ်ရာမှ မထရျင်၊ ထရျင် ထရတတ်ခြင်း၊ သန်းခေါင်သန်းလွဲမှ သည်တစ်ညလုံး အိပ်ရေးပျက် မျက်ရေးထွက် ဖြစ်ကြရခြင်း၊ မကြာခဏ တစ်လကိုးသီတင်း နေ့ဂျူတီ ညဂျူတီ ဖင်ချင်းခေါင်းချင်း ဆက်၍ ထောင်အတွင်းမှာပဲ သံသရာလည်နေရတတ်ခြင်း စသည်များသည် ကျွန်တော်တို့အဖို့ ရိုးနေ၊ အီနေပြီဖြစ်သည်။ ထူးပြီးဆန်းလှသည် မဟုတ်တော့။

သို့ပေသော်မှ ယခုဖြစ်ပျက်နေပုံကြီးကမူ ထိုသို့မဟုတ်။ လုပ်စရာအလုပ်၊ နိုးထစရာ အကြောင်းရင်း နိုင်နိုင်မာမာမရှိဘဲ ညဥ့်လယ်သန်းခေါင်ကြီးမှာ အိပ်မောကျနေရာမှ ဖျိုးခနဲ၊ ဖျပ်ခနဲ လန့်၍နိုးလာတတ်ခြင်းဖြစ်သည်။ မည်သူက ဘာကြောင့်၊ ဘယ်လိုလက်ညှိုးထိုးပြစရာအဖြေ တိတိပပ မရှိ။ သည်အတိုင်းပဲ မျက်စိနှစ်လုံး ဖျပ်ခနဲပွင့်။ အိပ်ရာက ဝေါက်ခနဲ ထထိုင်။ အခန်းမီးကိုဖွင့်။ မြစ်ကြီးနားလိုအရပ်မျိုးမို့ လေအေးစက် ဖွင့်စရာမလိုဘဲ သူ့အလိုလို အေးစက်ထုံကျဉ်နေတတ်မြဲ။ ရေအေးအေးကို အဝသောက်။ အိမ်သာသွား။ ကိုယ်လက်သန့်စင်ပြီး အိမ်ရှေ့ဝရန်တာက ကျွန်တော်ထိုင်နေကျ ဝါးစိမ်းပက်လက်ကုလားထိုင်ကလေးမှာ အိမ်ရှေ့မီးတွေ မဖွင့်ဘဲ ငြိမ်ငြိမ်ကုပ်ကုပ်ကလေးထိုင်၍ မျက်စိရှေ့က ညနှင့် ည၏ ရှုခင်းများကို အရသာခံ ကြည့်နေ။ စိတ်တွေက လွန်စွာသန့်စင်လန်းဆန်းနေတတ်ပြီး ဘာမှန်းမသိသည့်တစ်ခုခုကို တွေ့ရအံ့နီး စိတ်စောနေရှိန်များ၌ ဖြစ်လာ



တတ်သည့် ခံစားမှုအာရုံမျိုးဖြင့် ကိုယ့်ဘာသာကိုယ်ပင် သတိမထားမိလိုက်တော့ဘဲ ညထဲမှာ တစ်စုံတစ်ရာ မြင်ရကြုံရနိုး တထင့်ထင့် မျှော်လင့် နေမိတတ်၏။ ရင်ထဲ တလှပ်လှပ် တဖျပ်ဖျပ် ညင်ညင်သာသာ လှုပ်ရှားလျက်။ တစ်ညမဟုတ်၊ ညစဉ်ညဆက်။

ယခုညလည်း ထုံးစံအတိုင်း ထိုသို့ ဖျပ်ခနဲလန့်နိုးလာခဲ့ခြင်းပင်။

=😐=

ညက သာလွန်းနေသည်။

တိမ်စင်သည့်ညဖြစ်၍ ပြည့်လုပြည့်ခင်လဝန်းသည် အလင်းရည်များကို ထုထုပိန်းပိန်းကြီး သွန်ချလျက်ရှိရာ ညသည် လ၏ တွေးပွေ့မှုကို မလှုးသာ မလွန့်သာ ငြိမ်ခံနေရသဖြင့် ဘယ်ကိုကြည့်ကြည့် နေ့ခင်းအလား လင်းထိန်နေလေသည်။ သစ်ရွက်သစ်ခက်များ၏ မျက်နှာအပေါ် လရောင်ပြက်၍ တလက်လက် ရွှန်းလဲ့နေသည်မှာလည်း ရှုမငြီးချင်စရာ ဖြစ်သည်။ လရောင်အောက်မှာ အစိမ်းရောင်စုံတွေဖြင့် ပြွမ်းနေသည့် ခမ်းနားလွန်းသော ပန်းချီကားတစ်ချပ်ကို ကြည့်နေရသလို ဖြစ်၏။ ရောင်မျိုးတွေ စုံနေပုံက အံ့မခန်း။ သစ်ရွက်များပေါ်က အစိမ်း၊ ည၏အမှောင်၊ ဥတ္တရဒေသ၏ ခပ်မှုန်မှုန် ခပ်ပါးပါး ဝေ့ဝဲကျဆင်းလျက်ရှိသော နှင်းမြူထုပါးလျလျ၊ ယင်းတို့ကိုတောက်တောက်စားစား လင်းပြက်လျက်ရှိသည့် ဖြူပြာပြာလရောင်တန်း။ အားလုံးတစ်ခုနှင့်တစ်ခု ပတ်ရစ်တွေးလိမ်လျက် အစိမ်းဖျော့၊ အစိမ်းရင့်၊ အစိမ်းနက်၊ စိမ်းပြာ၊ စိမ်းဖြူ၊ အစိမ်းလက်၊ အို – အစိမ်းရောင်လွင်ပြင်ကြီးက လကို မထိတထိ အန်တုလျက် စိမ်းချင်တိုင်း စိမ်းနေတော့သည်။ လှလိုက်သည့်ည၊ လှလိုက်သည့်လ၊ လှလိုက်သည့်အစိမ်း။

သန်းခေါင်ကျော်ညဥ့်လယ်ဖြစ်၍ ညလေအေးက တသုန်သုန် တဖြူးဖြူးလျက်ရှိရာ လေကလေးတစ်ချက်တစ်ချက် သော့လိုက်တိုင်း သစ်ရွက်



www.burmeseclassic.com

www.burmeseclassic.com

သစ်ခက်အစိမ်းရောင်ပြင်ကြီးက တလှုပ်လှုပ်ဖြင့် တစ်မျိုးတစ်မည် အရောင်တွေ တဖျပ်ဖျပ် ပြောင်းနေတော့သည်။ အစိမ်းရောင်လွန်ပြင် အစိမ်းရောင်ကြည့်ချင်ပွဲကြီးကား ကြည့်၍မပြီးဆုံးနိုင်တော့။

လေအလှုပ်တိုင်းမှာ သစ်ပင်ရိပ်မည်းမည်းများကလည်း ညဥ့်လေနှင့်အတူ ယိမ်းထိုးလှုပ် က,ခုန်နေကြသေးသည်၊ သစ်ရိပ်ကြားမှာ လရောင်အလင်းဖြူဖြူဟိုတစ်ကွက်၊ သည်တစ်ကွက် ပြောက်တိပြောက်ကျား ရှေ့ရှန်လျက်၊

သစ်ရိပ်ဝါးရိပ် ကင်းလွတ်ရာ မြေအပြင်တွင် မှုလရည်ဆမ်းထားသဖြင့် ငွေဖြူရောင်အချပ်ကြီး အလွှာလိုက် ဖြန့်ခင်းထားသလိုဖြစ်နေလေသည်။ လှပဲ လှနိုင်လွန်းသည့်ည၊

ကျွန်တော့်အိမ်ရှေ့ဝရန်တာအောက်မှ သည်လို ညရှုခင်းကြီးကို ပြည့်ပြည့်ဝဝ ခံစားကြည့်ရှု၍ ရနိုင်သည်။ ဗြိတိသျှခေတ်လက်ရာ အုတ်ကြွပ်မိုး၊ တစ်ထပ်အုတ်တိုက်ကလေးဖြစ်သော်မှ မြေပြင်အထက် သုံးပေအထိ မြှင့်ထားလျက် ရှေးကတည်းကပင် ထောင်မှုးကြီးနေအိမ်အဖြစ် စနစ်တကျ စန့်စန့်ညားညား တည်ဆောက်ထားခဲ့ခြင်းဖြစ်လေရာ အဆောင်ဆောင် အခန်းခန်းတွေဖြင့် ခမ်းနားလွန်းလှ၏။ အထူးသဖြင့် အိမ်ရှေ့ပေါ်တီကို အပါအဝင် အိမ်ဥပစာလေးဖက်လေးတန်စလုံးကို စကြ်လမ်းကလေးများ၊ ထောင့်ချိုးတိုင်း၌ ကော်ရစ်ဒါကလေးများကို ထည့်သွင်းဆောက်လုပ်ထား၍ နေပူပူ၊ မိုးရွာရွာ၊ နှင်းပဲကျကျ အိမ်ရှေ့ဝရန်တာတွင် ဝါးစိမ်းပက်လက်ကုလားထိုင်ကလေးဖြင့် ထိုင်လျက် စိတ်အေးလက်အေး အပန်းဖြေနေနိုင်သည်၊

မြန်မာပြည်မြောက်ဖျားက သည်ထောင်ကလေးတွင် ဒုတိယတာဝန်ခံအရာရှိအဖြစ် တာဝန်ထမ်းခဲ့သည်မှာ သုံးနှစ်စွန်းစွန်း ရှိခဲ့ပြီ။ သည်ဝရန်တာရိပ်ကလေးမှာပင် သည်လိုဝါးစိမ်းပက်လက်ကုလားထိုင်ကလေးဖြင့်မက်မက်မောမော ထိုင်နေဖြစ်ခဲ့သည်မှာလည်း ကြာခဲ့ပြီ။ သို့ပေသော်မှ သည်လိုည၊



သည်လိုလရောင်၊ သည်လိုအလှမျိုးကိုဖြင့် မကြုံကြိုက်ခဲ့၊ သည်ကနေ့မှ တိုက်တိုက်ဆိုင်ဆိုင်၊

"ဒေါင် - ဒေါင် - ဒေါင်"

**စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်၍လာ၏။**
**ကိုယ်နှင့် လက်လှမ်းတစ်မှာပင် တစ်ယောက်ယောက်**
**ရှိနေသလိုလို။ မှောင်မှောင့်ရောင်ရောင့်ကြီး။**
**ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်နံနားဝန်းကျင်မှာ တစ်ဦးဦးက**
**ကိုယ့်အား စူးစူးရဲရဲ စူးစူးစိုက်စိုက် စောင့်ကြည့်နေသည်ကို**
**စိတ်မလုံမလဲဖြင့် ဘာသာသိနေသလိုမျိုး ဖြစ်သည်။**



ကြည့်ကောင်းကောင်းဖြင့် မလှုပ်မယှက် ထိုင်၍ကြည့်နေမိခဲ့သည်ပင် မည်မျှကြာသွားသည်မသိ၊ ဗဟိုကင်းပေါ်က နာရီမောင်းသံကြောင့် သတိပြန်ဝင်လာ၏၊ ည(၁၂)နာရီသုံးမောင်း၊ တစ်နာရီပင် ထိုးတော့မည်၊



www.burmeseclassic.com

www.burmeseclassic.com

အိမ်နောက်ဖေးက ဝါးပိုးရုံကြီးတွေနှင့် အုန်းပင်ညီနောင်တို့ လေတိုးသံတရှဲရှဲတွေနှင့်အတူ တစ်စုံတစ်ရာက ညမှောင်ကြီးထဲမှာ ညင်ညင်ဖွဖွ ဖြည်းဖြည်းသာသာ လျှောတိုက်ရွေ့လျားနေသည်သို့ စိတ်မှာ ထင်လိုက်မိ၏။ ဘာသံပါလိမ့်မလဲ။ ရုတ်တရက် ချက်ချင်းပင် ပန်းအနံ့တွေ တသင်းသင်းမွှေးပျံ့ထုံဝေလာသည်။

"အို - မွှေးလိုက်တာ။ သိပ်မွှေးတာပဲ။ သစ်ခွပန်းနဲ့ ထင်ပါရဲ့။ ဒီလောက်ယဉ်ယဉ်ကလေးနဲ့ သင်းနေအောင် မွှေးတာမျိုး ရင်ထဲကို အေးခနဲ တိုးဝင်သွားပြီး လူကို လန်းဆန်းစေတာမျိုး တစ်ခါမှ မကြုံဖူးဘူး။ အဲ - ဒါနဲ့ ငါတို့အိမ်မှာလည်း သစ်ခွပင်ရယ်လို့ တမင်တကာ တကူးတက စိုက်ထားတာမျိုးမရှိပါဘူး။ ဘယ်က ပန်းအနံ့ပါလိမ့်မလဲ - နော်" တွေးချင်ရာတွေ လျှောက်တွေးနေမိ၊ "ဪ - ဟုတ်ပါရဲ့၊ ငါ့နယ် - မေ့တတ်လိုက်တာ။ ဟိုတာလောကြီးလယ်ဘက်ကို သွားတုန်းက ဂရိုကွင်းတောကြီးထဲက သယ်လာတဲ့သစ်ခွပင်ကလေးနှစ်ပင် ရှိသေးပါကော။ သစ်သားပုံးကလေးတွေရိုက်ပြီးတာတောင် စိုက်မယ်၊ စိုက်မယ်နဲ့ သေသေချာချာ မစိုက်ဖြစ်သေးဘူးရယ်။ အဲဒီသစ်ခွအုံကလေးတွေက ပန်းကလေးတွေ ပွင့်နေကြပြီထင်ပါရဲ့" ရင်ထဲမှာ လှုပ်ခနဲ ဖြစ်သွားပြီး သစ်ခွပန်းအုံကလေးတွေကို တောထဲက ယူလာသည့်အတိုင်းတိုင်း မေ့မေ့လျော့လျော့ ကိုင်းဆုံခွကြားမှာရိုတ်လျက် ပစ်ထားမိခဲ့သည့် အိမ်ရှေ့က ငုဝါပင်မြင့်မြင့်ကြီးဆီသို့သာ အမှတ်ထင်ထင် လှမ်းကြည့်လိုက်မိသည်။

ကျွန်တော့်အိမ်ရှေ့မှာ ငုဝါပင်မြင့်မြင့်ကြီးက စက္ကူပန်းရုံကြီးနှစ်ရုံဘေးမှာ စွင့်စွင့်လွင့်လွင့် စီးမိုး၍ ရပ်နေသည်။ သူ့နံဘေးမှာ ကျွဲကောပင်အိုကြီးလေး၊ ငါး၊ ခြောက်ပင်က ဆယ့်နှစ်ရာသီမပြတ် သီးလုံးတွေ ပြွတ်ခဲနေအောင်သီးလျက်ရှိနေတတ်သည်။ ပြီးတော့ - လေးပေပတ်လည် အုတ်ရေကန်ကလေးနှင့် ရေကန်ကလေးကို ပတ်ခင်းထားသည့် ကွန်တရစ်အခင်းပြင်။ ရောင်စုံဖြူနီပြာဝါပန်းတွေ ဝေနေအောင် ပွင့်တတ်သည့် ပန်းချည်ပေါင်ပင်၊ စိမ်းရွှင်ရွှင် ရွက်ဖားကြီးတွေနှင့်အတူ ရောမပန်းပွင့်ဝါဝါတွေနှင့်တွေနှင့်



နေကြာပန်းပင်ကြီးတွေ၊ ရွှေပန်းရုံ၊ ငွေပန်းရုံကလေးတွေကလည်း အုပ်လိုက်၊ သင်းလိုက် အိမ်ရှေ့ဥယျာဉ်တစ်ပြင်လုံးမှာ နေရာယူထားကြသည်။

အုတ်ရေကန်ကလေးဘေးတွင် စံပယ်အိုးပုတ်ပန်းရုံလေး၊ ငါး၊ ခြောက်ရုံ။ ပြီးတော့ - ခတ္တာရုံကြီးများ။ ကေတစ်မတ်ခန့်ကျယ်သည့် ခြံဝင်းတစ်ဝင်းလုံးတွင်ကား သက်တော်ရှည် သရက်ပင်အိုကြီးတွေက ပင်ချင်းယှက်မျှခင်းကျင်းသိမ်းပိုက်ထားကြလေ၏။ သည်ပန်းပင်၊ သည်ပန်းရုံ၊ သည်သစ်ပင်အုပ်တွေ၏ ပျံ့ပျံ့မွှေးရီရနံ့တွေကိုလွှမ်း၍ သစ်ခွပန်းအနံ့က ထူးထူးကဲကဲကြိုင်သင်းနေတော့သည်။

စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်၍ လာ၏။ ကိုယ်နှင့် လက်လှမ်းတမီမှာပင်တစ်ယောက်ယောက် ရှိနေသလိုလို၊ မှောင့်မှောင့်ရောင့်ရောင့်ကြီး။ ဘယ်လိုဲဖြစ်ဖြစ် ကိုယ့်နီးနားဝန်းကျင်မှာ တစ်ဦးဦးက ကိုယ့်အား စူးစူးရဲရဲ စူးစူးစိုက်စိုက် စောင့်ကြည့်နေသည်ကို စိတ်မလုံမလဲဖြင့် ဘာသာသိနေသလိုမျိုးဖြစ်သည်။

"ဟင် ..."

ရင်ထဲမှာ ထိတ်ခနဲ။

လရောင်က ဖွေးဖွေးတောက်လင်းနေ၏။ ထိုလရောင်းအလင်းတွေ ပြောက်တိပြောက်ကျားဖြာကျလျက်ရှိသည့် ငုဝါပင်ကြီးအောက်မှာ မိန်းမပျိုလေးနှစ်ယောက်ကိုတွေ့လိုက်ရသည်။ "ဘယ့်နှယ်ပါလိမ့်မလဲ။ ခုနကလေးကအထိ သူတို့ကလေးတွေကို ငါ မတွေ့ခဲ့မိပါကလား။ ဘယ်လိုက ဘယ်လိုရောက်လာပါလိမ့်မလဲ။ ညဥ့်နက်သန်းခေါင်ကြီးမှာ" ဟု အတွေးဘောင်ဘင်ခတ်လျက် ထူးထူးဆန်းဆန်း တွေ့နေရသည့် ထိုမိန်းကလေးတွေဆီ သွားဖို့ဝတ်လက်ကုလားထိုင်ကလေးမှ ထရပ်လိုက်မိသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် သင်းကလေးတို့ကလည်း ကျွန်တော့်ကို ငေးရီ၍ကြည့်နေကြ၊

ညနှင့် လရောင်အောက်မှာ မျက်စိက ကျင့်သားရနေပြီးဖြစ်၍ ငုဝါပင်အရိပ် မှောင်တစ်ဝက်၊ လင်းတစ်ဝက်ထဲက မိန်းကလေးများကို ပီပီပြင်ပြင်



www.burmeseclassic.com

www.burmeseclassic.com

မြင်နေရသည်။ ဘယ်လိုမျှ အသက်နှစ်ဆယ်မကျော်နိုင်သေးသည့် နုသစ်ပျိုမြစ်ခြင်းတွေနှင့်အတူ ဖြူဖြူဖွေးဖွေး သွယ်သွယ်ပျောင်းပျောင်းကလေးတွေ၊ တောတိုးချုံတိုးတောဝတ်တောစားကလေးတွေနှင့်၊ ဝါးပလိုင်းကလေးတစ်လုံးစီ လွယ်သိုင်းလျက် လက်ထဲမှာ ကိုင်းရုတ်ဓားကိုယ်စီ၊ မျက်နှာကလေးအောက်မှာ မျက်ဝန်းလက်လက်ကလေးတွေက လရောင်ထဲမှာ ပွင့်လင်းနေလိုက်ချင်သေးသည်၊ ရုပ်ချင်းက ခပ်ဆင်ဆင်၊ ညီအစ်မတွေပဲ ဖြစ်လိမ့်မည်။ ကချင်အနွယ်ထဲကဖြင့်မဟုတ်တာသေချာသည်။ လီဆူးလည်း မဟုတ်၊ မရူလည်း မဟုတ်၊ ဖြစ်ခြင်းဖြစ်လျှင် ဝိုင်းမော် – ခတ်ချိုဘက် ရှမ်းရွာကလေးတွေက တိုင်းလျှံရှမ်းမကလေးတွေ ဖြစ်ဖို့များသည်၊ သူတို့မျက်နှာလုံးလုံးဝိုင်းဝိုင်းကလေးတွေက ရှမ်းဆန်သည်။

သူတို့က ကျွန်တော် ဘာပြောမလဲ စိတ်စောနေကြပုံဖြင့် မော့ကြည့်နေကြ၏။ သေသေချာချာ ကြည့်လိုက်မိတော့မှပင် သူတို့မျက်နှာကလေးတွေကို ရင်းရင်းနှီးနှီး သိကျွမ်းနေသလို ထင်ချင်လာသည်၊

“ဘယ်မှာ တွေ့ခဲ့ဖူးပါလိမ့်”

ရပ်သာရပ်လိုက်မိ၏၊ ခြေတစ်လှမ်းမျှ မရွေ့ဖြစ်၊ ရင်ထဲမှာ စလုံးစရုကြီး ဖြစ်နေသော ဖဝေဖဝါအတွေးမျှင်တန်းကို ဖမ်းဆုပ်မိရလေအောင် မရကုပ်ကတ် ဖျစ်ညှစ်တွေးကြည့်လျက်၊ လရောင်သည် ဖြာဝေလင်းသာနေဆဲ၊ ကျွန်တော်ပြီးလျှင် သူကလေးတို့ နှစ်ယောက်စလုံးသည်လည်း ညနှင့် လရောင်ထဲမှာ အတူတူ နှစ်နေကြလေသည်၊

“ဟင် ...”

သည်မျက်နှာကလေးတွေကို မှတ်မိပြီဟု ရုတ်ခနဲ တိတိပပ စဉ်းစားမိလိုက်လျှင် ကျွန်တော့် တစ်ကိုယ်လုံး အေးစက်ထုံကျင်၍ အသက်ရှုရန်ပင် မေ့သွားတော့သည်။

“အော် – သူကလေးတွေပဲကိုး”

=😐=



သူကလေးနှစ်ယောက်ကို အမှတ်မထင်တွေ့မိခဲ့ရခြင်းဖြစ်သည်။ ကျွန်တော်တို့မြစ်ကြီးနားအကျဉ်းထောင်ဝန်ထမ်းသက်သာအတွက် ဆောင်ရွက်လျက်ရှိသည့် စပါးစိုက်ခင်းများရှိရာ ဝိုင်းမော် – တာလောင်ကြီးအစပ်က ဇကျိကွင်းကြီးနှင့် တစ်ဆက်တည်း ဒဘတ်ယန်သစ်တောကြိုးဝိုင်းအတွင်းထဲမှာ တွေ့ခဲ့ရခြင်း ဖြစ်သည်၊ တွေ့ဖြစ်ခဲ့ကြပုံကလည်း ဒဏ္ဍာရီဆန်သည်။

မြစ်ကြီးနား – ဗန်းမော်သွား ကတ္တရာလမ်းအိုလမ်းဟောင်းကလေးအတိုင်း ဗန်းမော်ဘက်ကို ဆန်တက်ခဲ့လျှင် ဝိုင်းမော်အလွန်မှာ အောင်မြေ – ၁/၂ စသည့် တရုတ်ရွာကြီးတွေ၊ သာဂရကဲ့သို့သော ရှမ်းရွာတွေကို ရောက်မည်၊ ဆက်သွားလျှင် ဝိုင်းမော်မြို့နယ်အဆုံးနားကလေးမှာ ကန်တော်ယန်၊ ဒေါ်ဖုံးယန်၊ ဒဘတ်ယန် စသည့် ဒဘတ်ချောင်းမကြီးဘေးက မြေပြန့်လွင်ပြင်တလေးတွေမှာ ရွာတည်ထားသော ကချင်ရွာစုကလေးတွေ ရှိသည်၊ ဒဘတ်ယန်က ဝိုင်းမော်မြို့နယ်အစွန်အဖျားအကျဆုံး၊ မြို့ပြဆန်ဆန် အတန်အသင့် စည်ချင်စည်နေတတ်သည့် ဒဘတ်ယန်ရွာ အရှေ့ဖျားမှာ ဒဘတ်ချောင်းကို ဖြတ်ဖောက်ထားသော ချောင်းကူးဘေလီသံတံတားကြီးသည် ဝိုင်းမော်နယ်အဆုံး ဗန်းမော်ခရိုင်အစ နယ်ခြား၊ နယ်နိမိတ်ဖြစ်သည်၊

သံဘေလီတံတားကြီးရှေ့ကိုက် (၅၀) ခန့်တွင် ဝါးခြောင့်တွေ၊ ဝါးကျားလန်တွေဖြင့် နှစ်ထပ်စည်းရိုင်းအမိုင်အခန့်ကာထားသည့် စစ်တပ်စခန်းကုန်းတလေး ရှိ၏၊ ထိုစစ်တပ်စခန်းကုန်းနှင့် သံတံတားအကြားမှ သည်ကတ္တရာလမ်းအောက်ကို ဖဲ့ဆင်းလိုက်လျှင် သစ်တောကြိုးဝိုင်းကြီးအထဲသို့ ဒုတ်ဒုတ်ထိရောက်မည့် ကျဲလှည်းနွားလှည်းလမ်းကြောင်းနှင့် လူသွားလမ်းရာတလေးတွေကို တွေ့ရမည်၊ ယင်းတို့သည်ပင်လျှင် နှစ်ချို့ကျွန်းပင် စွင့်စွင့်လွှင့်လွှင့်ကြီးတွေ၊ သစ်မာသစ်တောကြီးတွေဖြင့် စိမ်းညို့မှောင်ပိန်းနေတတ်သော တကယ့်တောကြီးမြိုင်ကြီးထဲကိုဝင်သည့်လမ်းဖြစ်လေသည်၊ ထိုလမ်းကိုဖြတ်၍ သစ်တောကြီးအား အလယ်အူကြောင်းအတိုင်း ဖောက်လုပ်ကာ

www.burmeseclassic.com

ကျွန်တော်တို့ စပါးစိုက်ခင်း ရဲဘက်စခန်းကုန်းကလေးရှိရာ ဂရိုကွင်းကြီးဆီကို ရောက်အောင်သွားကြရခြင်းဖြစ်သည်။

သစ်ထုတ်လမ်းလည်းခက်၊ ချောင်းကူးမြောင်းကူး၊ တောင်ကျချောင်းတွေကလည်း သတ္တဝါတို့၏ခန္ဓာထဲက သွေးကြောမျှင်တွေလိုလက်ယှက်ထိုးစီးဆင်းနေလေသဖြင့် သစ်ခုတ်သစ်ထုတ်ဖို့ခက်ခဲလှလေရာ သည်သစ်တောကြီးမိုင်းကြီးအတွင်းတွင် အရိုင်းသက်သက် သစ်ကြီးဝါးကြီးတွေဖြင့် ဝိန်းပိတ်၍ မှောင်နေတတ်၏။ ကုန်းရိုးခင်တန်းတွေ၊ လျှိုမြောင်ချောက်ကမ်းတွေကလည်း များမှများ၊ ပေါမှပေါ။ တောနေသတ္တဝါမျိုးစုံ တင်းကျမ်းပြည့်နေသလို သာမန်အားဖြင့် ရှားပါးတွေ့ရခဲသည့် သစ်ခွလို၊ ဂမုန်းလို သစ်ပင်ပန်းမန်တွေ ဆေးဖက်ဝင်သစ်မြစ်သစ်ဥတွေကလည်း တောတွင်းရတနာသိုက်ကြီးတစ်ခု အလား "ရှာဖွေလေ တွေ့ရှိလေ" ဟု ဒေသခံကချင်းသွေးချင်းများနှင့် တောမုဆိုးများက ဩချမှတ်ချက်ပြုထားကြရသည့် တကယ့်တော။ တစ်ခါတစ်ရံ နေရောင်တစ်စက်တစ်ပြောက်ကလေးမျှပင် မထိုးနိုင်အောင် ဆိုင်းဆို့ပိတ်မှောင်နေတတ်သည်မှာ ကြောက်စရာကောင်းသေးတော့၊

သည်တောကိုလွန်ခဲ့သည့်တစ်ပတ်ဆယ်ရက်လောက်ကစွန့်စွန့်စားစားဝင်ခဲ့ဖူးရခြင်းဖြစ်သည်၊ ကျွန်တော်တို့ စပါးစိုက်ခင်းနံဘေး မလှမ်းမကမ်းရှိ တောင်ယာတဲစုကလေးတွင်နေသည့်ဒေသခံမုဆိုးဂုံးခေါ်တို့၊ ယိမ်းဘောင်တို့နှင့် အတူသွားခဲ့ကြခြင်းဖြစ်၏၊ သူတို့လက်စွဲတော် ခပ်ရွာရွာ တောလိုက်ခွေးတစ်အုပ်ကြီးကလည်းမဖြစ်မနေပါလာကြသည်၊ သစ်ခွအုံလှလှကလေးတွေ တောနင်းရှာကြဖို့ပင်၊

သည်တောကြီးထဲမှ အတော်လှသည့် သစ်ခွပန်းမျိုးတွေ၊ ရှားရှားပါးပါး ဂမုန်းပင်တွေ ပေါလှသည်၊ တစ်ရက်လောက် အချိန်ပေးပြီး သစ်ခွအုံကောင်းကောင်းကလေးတွေရှာပေးချင်သည်ဟု ဂုံးခေါ်က အဖော်စပ်ထားခဲ့သည်က ပင်ကြာလှလေပြီ၊ တကူးတက စိတ်မဝင်စားမိခဲ့၊ ကိုယ်နှင့်ဆိုင်သည့်အလုပ်ဟုလည်း မထင်၊ သည်တောကြီးဘက်ကို မျက်စောင်းမျှ မထိုးမိခဲ့၊ သည်တစ်ခါ တောအတက်တွေမှ ကျွန်တော့် မဟေသီက "သစ်ခွအုံလှလှကောင်းကောင်းကလေးတွေ ရှာဖွေပြီး ယူခဲ့စမ်းပါ၊ သစ်ခွဥယျာဉ်ကလေး စိုက်ချင်လို့" ဟု မပူဆာစဖူး ပူဆာလာခဲ့ပြီးထောင်ပိုင်ကြီးကတော် အစ်မမန္တကလည်း အလိုတူအလိုပါ တိုက်တိုက်တွန်းတွန်း လုပ်ပြန်လေသဖြင့် အာမဘာမခန့်ခဲ့မိရ၏၊ သို့ဖြစ်၍ပင် မုဆိုးကျော် ဂုံးခေါ်ကို ဆရာတင်ကာ သူ့တောလိုက်ခွေးတစ်အုပ်နှင့်အတူ ဤကြီးမိုင်းသစ်တောကြီးထဲကို အရဲကိုး၍ ဝင်လာဖြစ်ခဲ့ရခြင်းဖြစ်သည်၊

=☺=

တောက တောဆိုမှ တကယ့်တော၊ သစ်ကြီးဝါးကြီးတွေက ဆိုင်းဆို့ပိတ်မှောင်နေရုံမျှမက ချုံနွယ်ပိတ်ပေါင်းတွေ၊ ကြိမ်တော၊ သင်တောတွေက လူရော ခွေးရော တိုး၍မပေါက်အောင် သိပ်သည်းလှ၏၊ ဆယ့်နှစ်ရာသီ မပြတ် စိမ့်စိုနေတတ်ပုံရသည်၊ အောက်ခြေမှာ ရေစပ်စပ် စိုစိစိုစိ၊ Vargin soil ဟုခေါ်လျှင် ပြော၍ရသည့် သူ့သဘာဝအတိုင်း အရိုင်းသက်သက် လူ့သူ အရောက်အပေါက်နည်း၊ လူနင်းမခံဘူးသေးသော မြေတွေချည်းဖြစ်၍ မြေဆီမြေသားက မည်းနက်အိမ့်နေပြီး သစ်ရွက်ခြောက်တွေက မြေပေါ်မှာ တစ်ပေသာသာထက်မနည်း ထုတက်နေတော့သည်၊

ထိုနေ့က မိုးမရွာ၊ နေသာသည်၊ တောကြီးမြိုင်လယ်ထဲမှာ တစ်နံနက်ခင်းလုံး တဝဲလည်လည် ဟိုမှသည်၊ သည်မှဟို ရွှေ့ရွှေ့ရွှေ့ရွှေ့ ရှာကြ၊ ဖွေကြလေသော်မှ မက်လောက်စရာ သစ်ခွအုံကောင်းကောင်း တစ်စုံတစ်ရာမျှ မမြင်ရသေး၊ တွေ့တော့ တွေ့သည်၊ ရွက်ကြမ်းရေကျို ရပ်ထဲရွာထဲမှာ လွယ်လင့်တကူ ဝယ်၍ရနိုင်တတ်သည့် ဈေးပေါသေးပေါ သစ်ခွမျိုးတွေသာ၊ ဖယောင်းပန်းသာသာတွေ၊ အိမ်ကမဟေသီ နှုတ်ခမ်းစူကောင်းမည့် ဟာမျိုးတွေ၊

ဂုံးခေါ်တို့အဖွဲ့ကမူ အလုပ်ဖြစ်နေပြီ၊ ပျားကြီးအုံတစ်အုံကို အကျအနဖွပ်ပြီးကြပြီ၊ ပျားရည်တွေ တနင့်တပိုး ရလိုက်ကြ၏၊ မုဆိုးခွေးတစ်အုပ်ပိုင်း





www.burmeseclassic.com

www.burmeseclassic.com

အလိုက်ကောင်းသဖြင့်လည်း အရွယ်ကောင်းကောင်း ဒရယ်တစ်ကောင်နှင့် လေးငါးပိဿာစီးမည့် ဖွတ်ကြီးနှစ်ကောင်ကို လွယ်လွယ်ရပြီးပြီ။ မှို၊ စင်ပြွမ်းသီး၊ ကြိမ်ဖူး စသည့် တောစာတောင်စာ ရှားတောင့်ရှားပါးကလေးတွေကလည်း ပုဆိုးကြီးနှင့်တစ်ထုပ်။

"ယောက်ဖရေ - သစ်ခွရှာချင်ရင် ဟိုးအမြင့်က သစ်ခွကြားတွေ၊ သစ်ကိုင်းဖျားတွေကို လိုက်ရှာကြည့်ကွ။ သစ်ခွက နတ်ကြီးတယ်။ အနီမ့်မှာ မပျော်ဘူး။ မပေါက်တတ်ဘူး။ ပြီးတော့ - လူတစ်အုပ်ကြီးနဲ့ ဝိုင်းရှာလို့လည်း တွေ့ချင်မှ တွေ့တတ်တာ။ ကံကြုံမှ၊ ကံပေးမှ တိုက်တိုက်ဆိုင်ဆိုင် ရှားရှားပါးပါး တွေ့ရတတ်တာ။ လူခွဲပြီး နင်တစ်ယောက်တည်း လိုက်ရှာ။ နင့်ကံနဲ့ တိုက်ကဲ တူချင်မှ တူမှာလေ။ သိပ်ဝေးဝေးကြီးတော့ မသွားလေနဲ့။ လူသံ ခွေးသံတွေကို မကြားရတော့ဘူးဆိုရင် "ဟေး" လို့ လှမ်းအသံပြုလိုက် ..."

သည်လိုနှင့် သစ်ခွအုံလှလှ ရှားရှားပါးပါးကိုရှာဖို့ ဇောကပ်နေသည့် ကျွန်တော်နှင့် စာရေးကလေး ကျော်သူရလင်းတို့နှစ်ယောက် သားကပင်ခြေရှင်းရှင်း၊ ခြောက်သွေ့သွေ့၊ အနည်းငယ်လင်းကျင်းနေသည့် ကျောက်စရစ်ကုန်းကြောကလေးအတိုင်း တဖြည်းဖြည်း သစ်ခွမှဆိုးလက်သစ်ကြီးတွေလုပ်လျက် ရှာပုံတော်ဖွင့်ခဲ့ကြခြင်းဖြစ်၏။ အင်ကြင်းပင်တွေချည်း မင်းမူနေသည့် တောတစ်ခွင်တွင် ဟိုမော့ သည်မော့၊ ဟိုမျှော် ဒီငေး၊ သစ်ခွဆိပ်တက်နေခဲ့ကြလေသည်။

"မွှေးလိုက်တာ"

ထူးထူးကဲကဲ ကြိုင်၍မွှေးသည့်ပန်းအနံ့၊ ရင်ထဲ အေးခနဲ ဖြစ်သွားပြီး အမောတွေ ပြေလွင့်သွား၏။ ကြည်ကြည်စင်စင် လန်းလန်းဆတ်ဆတ်နှင့် ဘာကြောင့်မှန်းမသိဘဲ စိတ်မှာ ပျော်လာသလိုလို၊ အကြည်ဓာတ် အရွှင်ဓာတ်တွေဖြင့်စိမ့်လျက်ပေါ့ပါးသွက်လက်၍လာသလိုလို၊ တစ်မူထူးလှသည့် ပန်းနံ့ကလေးကလည်း ပို၍ပို၍ မွှေးလာ။

"စာရေးလေး - ရေ"



"ဗျာ ..."

"မွှေးလိုက်တဲ့ပန်းကွာ။ သစ်ခွပန်းအနံ့လား မသိဘူး။ သိပ်မွှေးတာပဲနော်"

"ဟာ - ဆရာတောင်မှူးကြီးကတော့ လုပ်ပြီ။ မောရတဲ့အထဲ ဘယ်က ပန်းအနံ့တွေက မွှေးနေရပြန်တာလဲ။ ဘာအနံ့မှမရဘူး။ ဒီပုံအတိုင်းဆိုရင် လက်ချည်းဗလာနဲ့ ပြန်ကြရမယ့်ပုံပဲ။ ခြေတွေလည်း တိုတော့မယ်။ အဲဒါ တောင်မှ လာနောက်နေနိုင်သေးတယ်။ တကယ်ပါပဲ"

ဗုဒ္ဓေါရေ ...။ သည်ကောင်ကလေးက ရုပ်တည်ကြီးနှင့် ဘုတောနေတော့သည်။ အဟုတ်ပင်ပန်းနေပုံလည်းရ၏။ လွှပုံက ဖတ်သီကျနေပြီ။ သူတကယ် ပြောနေသည်လား။ ဘာပန်းအနံ့မှ မရဘူးလား။ သည်လောက်မွှေးသည့် ပန်းအနံ့ကို မရဘူးဆိုလျှင် ဟုတ်နိုင်ပါ့မလား။ သူနှင့်က ဆယ့်လေးငါးပေ လောက်ပဲ ဝေးသည်။ သည်အကွာအဝေးတွင် သည်ပန်းအနံ့ကိုသူမရဘူးဟု ဆိုခဲ့လျှင် ဖြစ်နိုင်ပါ့မလား။ ယုံချင်စရာလား။ သူ့ကို ဘာမျှပြန်မပြောတော့ဘဲ မသိမသာ သူရှိနေသည့် တောင်သရက်ပင်ကြီးအနားသို့ တရွေ့ရွေ့ရွေ့၊ "ဟယ် - ပန်းနံ့က ပိုလို့တောင် မွှေးလာသလိုပါပဲလား" စာရေးကလေးက လည်း အတည်ပြောနေသည့်ပုံ။ "အလိုလေး - တောခြောက်တောမှောက် နေတာများလား" တွေးရင်း တွေးရင်း ခေါင်းနားပန်းတွေ ကြီးလာမိတော့သည်။

"ကဲ - ဆရာ - ဘာမှမတွေ့တော့ဘူးဆိုရင်လည်း ဒီကပဲ လှည့်ပြန်ကြရအောင်။ ခဏကလေးတော့ စောင့်ပေး။ ကျွန်တော် ဟိုဘက်နားမှာ တောထိုင်လိုက်ဦးမယ်"

ကျော်သူရလင်း၏ခြေသံတဖျတ်ဖျတ်တွေ ပျောက်သလောက်ရှိတော့မှ တောကြီးမျက်မည်းထဲမှာ ကြားလိမ့်မည်ထင်မထားသည့် အသံတွေကို ကြားလိုက်ရ၏။ လူရယ်သံ၊ တိတိကျကျဆိုလျှင် မိန်းမငယ်ကလေးတွေ၏ နစ်နစ်ခြိုက်ခြိုက် ရယ်မြူးသံ၊ "ဟယ် - ဟုတ်မှဟုတ်ရဲ့လား။ ဒီလောက်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

တဲ့တောထဲကို ဒီကလေးမတွေက ဘာလုပ်ဖို့ ရောက်နေရပါလိမ့်။ ဖွေဖွေ ရှာရှာ ရှိလိုက်တာ" ရင်ထဲမှာ သရိုးသရီ၊ သို့ပေသော်မှ မကြည့်ဘဲလည်း မနေနိုင်၊ လှုပ်ပိပိ စပ်စုချင်စိတ်တွေ ရှုစိတက်လျက် အသံတွေ ကြားရာဆီ မျက်နှာလှည့်လိုက်မိ၊ အလို - မြတ်စွာဘုရား၊

ထင်မထားသည့်မြင်ကွင်းမို့ယောကျ်ားရင့်မာကြီးဖြစ်လျက်က လိပ်ပြာ လွင့်မတတ် လန့်သွားမိရ၏။

ကြည့်ပါဦး - ကြည့်ပါဦး၊ အသက်ကလေးမှ ၁၆၊ ၁၇၊ ၁၈၊ နုနုငယ်ငယ် ရွှေရင်သိမ်းသစ်မိန်းကလေးငယ်နစ်ဦး၊ တောဝတ်တောစားကလေးတွေနှင့် ပေမယ့် သူတို့၏နုငယ်ပျိုမြစ်မှု၊ ငယ်ဂုဏ်ကြောင့်ဖြစ်သော လှပရွှန်းသစ်ခြင်း၊ အသားအရေဝင်းဝင်းဖန့်ဖန့်၏အလှ၊ စိုးရိမ်မှုတစိုးတစိမရှိ၊ ပကာတိကြည်စင် သော အရိုးခံစိတ်တို့ကို ဖုံးဖိမရနိုင်၊ လှလွန်းသည် မဆိုနိုင်သော်လည်း လှတော့ လှရှာကြပေသည်၊

"အဲ - သင်းကလေးတွေက ဒီတောကြီးထဲကို ဘာလာလုပ်ကြတာလဲ"

ကိုယ့်အတွေးနှင့်ကိုယ် မောနေတော့၏၊ သူကလေးတို့ကမူ ကျွန်တော် ရှိနေမှန်းပင် သိမှသိကြပါလေစ၊ ကျွန်တော့်မျက်စိရှေ့မှ ပေ(၂၀)သာသာ အင်ကြင်းပင်ကြီးအောက်မှာ သူတို့ဘာသာ စကားတွတ်ထိုးရင်း တခိခိ ရယ်မြူးနေကြ၏၊ "အိုး - သူတို့ကိုင်ထားကြတာ သစ်ခွပန်းအုံကလေးတွေ ပါကော၊ လှလိုက်တာ - လှလိုက်တာ၊ ဒီသစ်ခွပွင့်ကလေးတွေက မွှေးနေကြ တာကိုး၊ လှလိုက်တာများဟယ်၊ သင်းကလေးတွေဆီက တောင်းဝယ်ထား လိုက်ရရင် ကောင်းလေမလား" သူကလေးတွေကမူ ဘာတွေကို သည် လောက် သဘောကျနေကြလေသည်မသိ၊ တခိခိ ရယ်ကောင်းနေကြ တုန်း၊

နေပါဦး၊ သင်းကလေးတွေက လီဆူးလည်း မဟုတ်၊ မရှုပုံလည်း မပေါက်၊ ရဝမ်တို့၊ ဂျိမ်းဖောတို့က သည်နယ်တွင် မရှိတတ်၊ သူတို့မျက်နှာ



သာလေးတွေက လုံးလုံးဖောင်းဖောင်းကလေးတွေ၊ အသားအရေက ဝင်းဖန့် နေသည်၊ ပြီးလျှင် - သည်တောကြီးနှင့် မနီးမဝေး တာလောကြီးဘက်မှာ ဆိုင်းလျှံရှမ်းရွာကြီးတွေ ရှိသည်၊ အဲသည်ရွာတွေက ရှမ်းမကလေးတွေ များလား၊

ကျွန်တော့်ဘာသာ တစ်ကိုယ်တည်းတွေးရင်း ရှေ့ခရှေ့မှု မလှုပ်မိ၊ သူကလေးတို့ကိုသာ သည်သစ်ခွပန်းအုံကလေးတွေကို ကျွန်တော့်အား ရောင်းခဲ့ဖို့ ဘယ်လိုစကားစရင်ကောင်းမလဲ စိတ်ကူးရင်း ငြိမ်လျက်ကြည့်နေ မိသည်၊ ကျွန်တော် ရပ်ကြည့်နေသည်ကို သည်လောက်နီးသည့်အကွာ အဝေးအတွင်းမှာပင် သင်းကလေးတို့က သိကြပုံမရ၊ ရှက်ရှက်ရွံ့ရွံ့ကြီးကြီး ကြောင်ကြောင်လည်းမဖြစ်၊ သူတို့ဘာသာ ရယ်လိုက်ကြ၊ တွတ်ထိုးလိုက် ကြ၊ ဘာသိဘာသာ၊

"သွားကြရအောင် - ဆရာရေ၊ ဂုံးခေါ်တို့အုပ်တွေနဲ့ သိပ်ဝေးပြီး လူစုကွဲ သွားရင် ဒီတောကြီးထဲမှာ ကျွန်တော်တို့ချည်း သိပ်မနိုင်ဘူး၊ ဟောဟိုဘက် မှာ ခွေးသံတွေကြားနေရတုန်း ရှိသေးတယ်၊ ကဲ - သွားကြရအောင်၊ အယ် - မွှေးလိုက်တာ - မွှေးလိုက်တာ၊ ဟောဗျာ - လှလိုက်တဲ့သစ်ခွပန်းအုံကလေး တွေပါလား၊ တို့ဆရာကတော့ လုပ်ချလိုက်ပြီဟေ့၊ ဒီသစ်ခွပန်းတွေကို ဘယ်လိုရှာတွေ့သွားခဲ့တာလဲ၊ ဒီလောက်အချိန်ကလေးတိုအတွင်းမှာ ဟင် တိုယ့်ဆရာ"

ဟုတ်ပ၊ ရှမ်းမကလေးတွေ ဘယ်ပျောက်သွားကြပါလိမ့်၊ သစ်ခွပန်းအုံ တလေးတွေချည်း အင်ဖက်နှင့် ထုပ်လျက်သား ကျန်နေရစ်ခဲ့သည်၊ ပန်းအုံ နှစ်အုံ၊ "ဒီကောင်မကလေးတွေ မျက်စိအောက်ကနေ ဘယ်လိုအငွေ့ပျံ ပျောက်သွားရတာပါလိမ့်" စာရေးကလေးကို စကားမပြန်နိုင်၊ ကျွန်တော့် ဘာသာ ရင်တွေ တဒိုင်းဒိုင်း ခုန်ရှုံနေ၏၊



www.burmeseclassic.com

www.burmeseclassic.com

ပန်းကလေးတွေက လှသည်၊ ထူးခြားရှားပါးလွန်းလှသည့်အရောင်စပ်ပုံတွေနှင့်မို့ သိပ်လှသည်၊ အနီရင့်ရင့်နှင့် ကြက်သွေးရောနေသော အောက်ခံမှာ အနက်ရောင် အစက်အပြောက်ကလေးတွေ ပက်ထားပြီး ပွင့်ရွက်အနားဖျားကလေးတွေက အဖြူနှင့်မိုးပြာ၊ သိပ်ပွင့်ဆံကလေးတွေက ငုဝါရောင်ဖျော့ဖျော့ ကြိုင်သင်းနေအောင် မွှေး၏၊ သူ့အရွက်ကလေးတွေက မှောင်နေအောင် စိမ်းသည့်အစိမ်း၊ သစ်ခွမျိုးတွေမှာ အတွေ့ရများသည့် ခပ်လုံးလုံး ခပ်ရှည်ရှည် အရွက်မျိုးမဟုတ်၊ ခပ်ပြားပြား၊ ခပ်ဖားဖား၊ သစ်ရွက်ကလေးတွေကပင် ရောင်ပြန်တွေလက်လျက် ဖွယ်ဖွယ်ရာရာ လှနေလေသည်၊

"ဒီ - တစ်ခါတော့ တို့ဆရာ အိမ်ပြန်လှပြီပော့၊ ဒီလောက်လှပြီး ဒီလောက်ရှားတဲ့ သစ်ခွပင်မျိုးကိုမှ ရှာရှာဖွေဖွေ တွေ့တတ်ရပလေတယ်လို့၊ သစ်ခွဆိုတာ နတ်ကြီးတယ်၊ ထိုက်တဲ့သူနဲ့မှ တွေ့တတ်တယ်ဆိုတာ တကယ်ဟုတ်တာပဲ၊ ဆရာနဲ့ကျွန်တော် နှစ်ယောက်အတူတူလာပြီး ကျွန်တော့်ကျတော့ ဘာကြောင့် ဒီသစ်ခွပန်းအုံကို မမြင်ရ မတွေ့ရတာလဲ"

ဘာပဲပြောပြော၊ သူကလေးတွေကို ထိုသို့တွေ့ခဲ့ရခြင်းကား အမှန်ဖြစ်သည်၊ ထိုစဉ်က တကယ့်တောကြီးကန္တာရထဲမှာ ဒဏ္ဍာရီဆန်ဆန် တွေ့ခဲ့ရသလို ယခုလည်း လသာညည၌သန်းခေါင်မှာ မယုံချင်စရာ တွေ့နေရပြန်လေပြီ၊ တကယ်လား၊ မျက်စိမှောက်နေတာလား၊ ကျွန်တော်ပဲ တဒင်္ဂရူးသွားလေပြီလား၊ ဘာတွေမှန်းမသိတတ်တော့၊

=😐=

တစ်ခါတစ်ခါ တကယ့်ဘဝထဲမှာ အမှန်တကယ် ဖြစ်ရကြုံရမည့်ကိစ္စမျိုးတွေကို တစ်ပတ်၊ ဆယ်ရက် ကြို၍ အိပ်မက်ထဲမှာ ကြုံရ တွေ့ရတတ်ပြီး အိပ်မက်ထဲကအတိုင်း စဉ်တိုက်ဆက်တိုက်ကြီး အဟုတ်တကယ် ဖြစ်နေ



တတ်သည်မျိုးကို ကျွန်တော် ကြုံဖူးသည်၊ ခဏ ခဏ၊ ဟိုးငယ်ငယ်ကလေး ဘဝမှစ၍ ယနေ့ထက်တိုင် မကြာခဏ ကြုံခဲ့ဖူး၊ ဖြစ်ခဲ့ဖူး၏၊ အိပ်မက်နှင့် ဒိဋ္ဌလောက တစ်ထပ်တည်း၊ တစ်သားတည်း၊ တစ်ဆံခြည်ကလေးမျှပင်မလွဲ၊ အားလုံးအားလုံး အစစအရာရာ ကွက်တိ၊

ထိုကဲ့သို့ ခဏခဏ ကြုံဖူးခဲ့၍ ယခုလက်တွေ့မြင်နေရသည့် ညအရေးသည် အိပ်မက်လား၊ တကယ့်အဖြစ်အပျက်လား၊ အိပ်မက်မက်ပြီး လမ်းထလျှောက်မိသလိုမျိုး စိတ်၏တမ်းယောင်လွဲမှားနေမှုသက်သက်တွေလား၊

မဟုတ်နိုင်၊ ညနှင့်လက အမှန်တကယ်ဖြစ်သည်၊ လရောင်တွင် ယိမ်းနွဲ့တ,ခုန်နေသော အစိမ်းရောင်လွင်ပြင်ကြီးက ပကတိမျက်မြင်ဖြစ်သည်၊ လရောင်ပြောက်ကျား သစ်ရိပ်မည်းမည်းတွေက တကယ်ရှိ၊ အမှန်ရှိ၊ ညဦးလေအေးက တဖြူးဖြူး တသုန်သုန် ဧကန်ဒိဋ္ဌ မြူးဆော့နေသည်၊ ပြီးတော့ ဘယ်သူဘယ်ဝါရယ်ဟု တိတိပပ မသိရသေးသည့် မအဏ္ဍာကလေးတွေက ကျွန်တော့် မျက်စိတစ်ကမ်း လက်တစ်ကမ်းမှာ၊ ပြီးတော့ - ကျွန်တော်ကိုယ်တိုင်သည်ပင်လျှင် နီးနီးကြားကြား လန်းလန်းဆတ်ဆတ်ကြီး မတ်မတ်ရပ်လျက်သား၊

"ဟော့ - နေပါဦး၊ ညည်းတို့က ..."

ကျွန်တော့်စကား မဆုံးလိုက်ရ၊ ကျွန်တော့်မဟေသီ၏ အချစ်တော်ကြောင်မမိနက်ပြာသည် ဘယ်အချိန်ကတည်းက ဘယ်လိုကျွန်တော့်အနားရောက်နေသည်မသိ၊ ညှော်သည်လှစိမ်း မအဏ္ဍာတို့ကို စိမ်းစိမ်းစားစားကြည့်လျက် အမွေးတွေထောင်၊ အမြီးတွေထောင်၊ ကျောတစ်ပြင်လုံး ကုန်းလျက် ဒေါသူပုန်တွေ ထနေပါသည်ကော၊ "အမယ်လေး - ဒီကြောင်မ ကြည့်နေပုံကြီးကလည်း ကြောက်စရာကြီး၊ မျက်စိနှစ်လုံးက စိမ်းဖန့်လို့၊ အဲဒီအစိမ်းထဲကပဲ မီးတောက်မီးလျှံတွေ ဝင်းပြက်လို့၊ တိရစ္ဆာန်တစ်ကောင်၏ မျက်ဝန်းအကြည့်မျိုးမဟုတ်၊ အသေအကြေတိုက်ခိုက်ရတော့မည့် ရန်သူကို အလေ

www.burmeseclassic.com

မပေးစတမ်း ချောင်းမြောင်းနေသည့် စစ်မြေပြင်က တကယ့်စစ်သည်တော်တစ်ဦးအလား ဝံ့ရဲထက်သန်လွန်းနေ၏။

“တိရစ္ဆာန်တွေက လူတွေမမြင် နိုင်တဲ့ နာနာဘာဝ၊ ဝိနာဘာဝ၊ ပရလောကသားတွေကို မြင်နိုင်တွေ့နိုင်စွမ်း ရှိကြသတဲ့။ ကြောင်နဲ့ခွေးက ပိုပြီးမြင်နိုင်သတဲ့၊ သူပြောငါပြော ပြောသံကြားခဲ့ဖူးတယ်။ အမှန်ဆိုရင် မိနက်ပြာက ညှော်သည် သိပ်ခင်သိပ်မင်တတ်တဲ့ ကြောင်မ၊ လူမရွေးဘဲ ပရောပရီ ပလူးပလဲနေတတ်လွန်းတဲ့ သတ္တဝါမကလေးပဲ၊ သင်းကိုယ်တိုင်က ခါတိုင်းခါလိုမဟုတ်ဘဲ ရန်စွယ်နဲ့ ငေါငေါလုပ်နေပုံထောက်ရင်”။ ဆက်၍တွေးမကြည့်နိုင်၊ ရင်တွေ တဒိုင်းဒိုင်းခုန်ပြီး ချွေးစေးတွေပြန်လာသည်။ “ဘုရားရေ - ဒါ - ဒါ - ဒီကောင်မကလေးတွေက သရဲတစ္ဆေဝိညာဉ်ကောင်တွေလား။ နာနာဘာဝတွေက လူယောင်ဆောင်ထားကြတာလား။ ဗုဒ္ဓေါ - ဘုရား - ဘုရား - ကြုံမှပဲ ကြုံရတတ်ပလေ၊

“နွီး - နွီး - နွီး”

ကြောင်မနက်ပြာက မာန်ဖီလျက် ဒေါသတကြီး ပြေးထွက်သွားသည်။ အိမ်ရှေ့က ဝုဝါပင်ကြီးပေါ်သို့ လှားခနဲခုန်တက်၊ ကြောင်တစ်ကောင်၏ လျှပ်ပြက်သကဲ့သို့ ဖျတ်ပါးလျင်မြန်ခြင်းမျိုးဖြင့် ကိုင်းမခွဆုံအကြား ရောက်၍သွားသည်၊ ကျွန်တော် မြတ်နိုးတကြီး တယုတယ တောင်ကြီးတောင်ကြားမှ ယူလာခဲ့သည့် သစ်ခွပန်းအုံကလေးနှစ်အုံကို တကယ့်ရန်သူတော်ကြီးတွေနှယ် အငြိုးတကြီး ကုတ်ဖဲ့တိုက်ခိုက်၊

“ဟဲ့ - ဟဲ့ - မိနက်ပြာ - သမီး - မလုပ်နဲ့လေ - မလုပ်နဲ့”

ပါးစပ်က မပီမသ ဗလုံးဗထွေးတွေဖြင့် ကမန်းကတန်းအော်ရင်း ဝုဝါပင်ကြီးအခြေအထိ ရောက်၍သွား၏။

“ဟင် - ဟိုကောင်မကလေးတွေ ဘယ်ပျောက်သွားကြပါလိမ့်”

= 😐 =



“အဲဒါမျိုးတွေက တကယ်မဖြစ်နိုင်ပါဘူး - ထောင်မှူးကြီး။ တစ်ခါတစ်ရံ အိပ်ရေးပျက်လွန်းတဲ့အခါ ကျန်းမာရေးအရ ကိုယ်ခံအားနည်းလွန်းတဲ့အခါ ဒါမှမဟုတ် စိတ်အထိုင်မငြိမ်ဘဲ စိတ်ဖိစီးမှုတွေ တအားများလွန်းတဲ့အခါ အဲ - ပြီးတော့ - ယမကာအသောက်များပြီး အမူးလွန်သွားတဲ့အခါမျိုးတွေမှာ သာ ကြုံရတတ်တဲ့ ထင်ယောင်မှားမှုသက်သက်တွေပါ၊ ဒီခေတ်ကြီးထဲမှာ တစ္ဆေသရဲ၊ ဝိညာဉ်၊ လိပ်ပြာဆိုတာတွေက ယုံနိုင်စရာလား - ဆရာရဲ့”

“အာ - မဟုတ်သေးဘူး - ဆရာမကြီးရဲ့၊ အဲဒီလိုယတိပြတ်ကြီး ပြောလို့မဖြစ်ဘူး။ ဘာလို့လဲဆိုတော့ တခြားတစ်ယောက်ယောက်ဖြစ်တာ ကြုံရတာမဟုတ်ဘူး။ ကျွန်တော် ကိုယ်တွေ့ကြုံနေရတာ။ ဆရာမကြီး သိတဲ့အတိုင်း ဆရာမကြီးပြောတဲ့အခြေအနေမျိုး တစ်ခုမှ ကျွန်တော့်မှာ မရှိဘူး။ ကျန်းကျန်းမာမာ သန်သန်စွမ်းစွမ်းပဲ၊ အိပ်ရေးပျက်တာ၊ စိတ်ဖိစီးမှုများတာမျိုးလည်း မရှိ၊ အရက်ကိုလည်း ကျွန်တော်က မက်မက်မောမောသောက်တတ်တဲ့လူ မဟုတ်ဘူး။ အခုဖြစ်နေတာက ညသန်းခေါင်ကျော်ရင် လူက သူ့အလိုလို ကြည်ကြည်လင်လင်ကြီး နိုးလာရော၊ ဆက်အိပ်မရတော့ပဲ လသာသာ လရောင်အောက်က ညကို ကြည့်မိနေရော၊ အဲဒီမှာ - အဲဒီမအတာလေးတွေ တရောက်လာကြရော၊ ဘယ်က ဘယ်လိုရောက်လာကြမှန်းလည်း မသိဘူး၊ အသံဗလံ၊ လူသူလေးပါး၊ တိရစ္ဆာန်တစ်ကောင်ကောင်အသံကြားခဲ့ရင် ရှတ်ခနဲ ပျောက်သွားကြပြန်ရော၊ ဘယ်ကို၊ ဘယ်လိုပျော်သွားကြမှန်းကို မသိတာ ခင်ဗျ၊ အဲ - သူတို့ ရောက်မလာခင် သစ်ခွပန်းပွင့်ကလေးတွေက သိသိသာသာ သိပ်မွှေးလာတာပဲ၊ တကယ် - တကယ်၊ အဲဒီလိုမျိုးက ဒီသုံး၊ လေးရက်မှာ ညတိုင်းဖြစ်နေတာပါဆို ...”

“အင်း - အင်း - ဟုတ်ပါပြီ၊ ကိုင်း - အဲဒီကောင်မကလေးတွေက ဘာလုပ်နေကြတာကို ဆရာ မြင်ခဲ့သလဲ”



www.burmeseclassic.com

www.burmeseclassic.com

"ဒီအတိုင်း ငုဝါပင်ကြီးရဲ့ခြေရင်းမှာ ထိုင်နေကြတာပဲများတယ်၊ တစ်ခါတစ်ရံ ပန်းခြံထဲမှာ လမ်းလျှောက်နေတတ်ကြတယ်၊ ပန်းပင်ပန်းပွင့်ကလေးတွေကိုတော့ စိတ်ဝင်တစား ရှိကြသားခင်ဗျ၊ ပန်းရုံတွေထဲ တိုးဝှေ့သွားလာနေကြတာပါပဲ"

"ဆရာနဲ့ စကားပြောဖြစ်ကြသေးသလား"

"ဟင့်အင်း – တစ်ခါမှမပြောဖူးဘူး၊ ကျွန်တော်က ပြောမယ်လုပ်လိုက်အကြောင်းတစ်ခုခုကြောင့် ပျောက်သွားလိုက်ရှည်းပဲ၊ ဒါပေမဲ့ – သူကလေးတွေကတော့ တစ်ခုခုကို ပြောချင်နေကြဟန်တူတယ်၊ ကျွန်တော့်ကို သူတို့ကြည့်တဲ့အကြည့်မှာ အဲဒီလိုမျိုးလို့ ကျွန်တော့်စိတ်ထဲက သိနေတယ်၊ ဘာပြောချင်မှန်းတော့မသိဘူး"

"သူတို့တွေက ဆရာ့အိပ်ခန်းတွေထဲအထိ ဝင်ကြသေးသလား"

"မဝင်ပါဘူး၊ ကျွန်တော်နဲ့တောင်မှ ဝါးတစ်ရိုက်သာသာလောက်ကပဲ တွေ့ကြ၊ မြင်ကြရတာ"

"ဆရာကိုယ်တိုင် တကယ်မြင်ခဲ့တာပေါ့နော်၊ ဟုတ်လား – ဆရာ"

"ဟောဗျာ – ဆရာမကြီးက ကျွန်တော့်ကိုတောင် မယုံတော့ဘူးလား၊ ကျွန်တော် – တကယ်ပြောနေတာ – ဆရာမကြီး၊ ကျွန်တော့်မျက်စိနဲ့တပ်အပ်မြင်ခဲ့တာ၊ သေသေချာချာ ကျွန်တော် ပြောရဲတယ်"

ဆရာဝန်မကြီးက ငြိမ်ပြီးနားထောင်နေသည်၊ မြစ်ကြီးနားဆေးရုံမှ စိတ်ရောဂါအထူးကုဆရာဝန်မကြီး ဒေါ်ခင်ကိုကိုသူက တိုက်ခန်း (Cell)ထဲရှိ စိတ်ကစဥ့်ကလျားဝေဒနာရှင်အကျဉ်းသားလူနာဖြစ်သည့် ကိုဝမ်းအားပုံမှန်လာကြည့်စဥ်အခိုက် ကျွန်တော်က ကျွန်တော် လောလောဆယ်ကြုံနေရသည့် ဖြစ်ပုံပျက်ပုံတွေကို ပြောပြမိခဲ့ခြင်းဖြစ်သည်၊ ကျွန်တော် – တကယ်ကြုံနေရသည့် ထိုအဖြစ်အပျက်အပေါ် စိတ်ပညာရှုထောင့်က ဘယ်လိုမြင်သလဲ၊ ကျွန်တော် သိချင်သည်၊



"ဘာပဲဖြစ်ဖြစ်လေ – အခုတော့ – ဆရာ့ကိုဟောဒီ C.P.Z စိတ်ငြိမ်ဆေးလေးတွေ ပေးထားခဲ့မယ်၊ လိုရမည်ရ သောက်ထားလိုက်ပါ၊ ဒီတစ်ရက်နှစ်ရက်မှာ ဒီလိုပဲ ထပ်တွေ့ထပ်မြင်နေရသေးတယ်ဆိုရင် ကျွန်မဆီ လာခဲ့၊ အဲဒီတော့မှ ထပ်ဆွေးနွေးကြတာပေါ့"

သူ့ဖလသံအရကျွန်တော်ပြောသည်များကိုယုံချင်ပုံမရ၊ အလေးအနက်ထင် ထားမှထားရဲ့လားမသိ၊ ကယောင်ချောက်ချားတွေဟုပဲ တွေးနေလေသလား၊ "ဒီထောင်မှူးကြီးတော့ ကြောင်သွားပြီ" လို့ပဲ တွေးသလား၊ မကောင်းတရားအရပြောနေရသော်မှ သူ့မျက်နှာပြုံးစိစိက ကျွန်တော့်စကားကို ရယ်ချင်ပက်ကျိဖြစ်နေဟန် ဖုံးမရ၊ ဖိမရ၊

ပေါ့စေလို၍ကြောင်ရုပ်ထိုးကာမှ ဆေးအတွက် ပိုလေးသွားရသည်ကို ရင်ထဲ မကောင်းချင်လှပေ၊

မည်သို့ပင်ဖြစ်စေ၊ ထိုညကလည်း လသာခဲ့သည်၊ ခါတိုင်းညတွေလို ကျွန်တော် နိုးလာခဲ့သည်၊ ထုံးစံအတိုင်း ညနှင့် လရောင်ထဲမှာ ကျွန်တော် နစ်နေမိခဲ့ပြန်သည်၊ သင်းကလေးတွေကိုလည်း တွေ့မြဲအတိုင်း တွေ့သည်၊ ဘာစကားမှဖြင့် မပြောဖြစ်၊ ယခုတော့မှ သူကလေးတွေကို စကားပြောဖို့ကိုပင် မပံ့ရဲတော့၊ နာနာဘာဝလား၊ ဝိနာဘာဝလား၊ တစ္ဆေလား၊ သရဲလား၊ ဘာတွေမှန်းမသိ၊ သိလည်း သိချင်စိတ်က မရှိတော့၊

သည်လိုဘာမဟုတ်၊ညာမဟုတ် ကြောင်စီစီဖြစ်စဥ်ကြီးထဲက ရုန်းထွက်ချင်စိတ်တွေသာပဲ တရှိန်ရှိန် အဆိပ်တက်နေလေသည်၊

=😐=

"ဟာ – အဲဒါမျိုးက သိပ်မကောင်းဘူးနော် – ဗိုလ်ကြီး၊ မကျွတ်မလွတ်နိုင်ကြသေးတဲ့ ဝိညာဉ်တွေဟာ ကျွန်တော်တို့ တောတွေ၊ တောင်တွေထဲမှာ



www.burmeseclassic.com

www.burmeseclassic.com

လည်း တဝဲလည်လည် ရှိနေကြ၊ သူတို့ စွဲလမ်းရာရာတွေဆီ တွယ်ကပ်ကျင်လည်နေတတ်ကြတယ်လို့ ကျွန်တော်တို့ အယူရှိကြတယ်။ ဆရာ – အဲဒီဟာတလေးတွေက ဆရာယူလာခဲ့တဲ့ အဲဒီသစ်ခွတွေနဲ့ ပတ်သက်နေလိမ့်မယ်ထင်တယ်၊ သူတို့သစ်ခွပန်းပင်တွေကို စိတ်စွဲပြီး တစ်ပါတည်းပါလာကြတာ



**အဲဒါက ဒီ[illegible]တယ်**
**ဆိုတဲ့ ကလေ[illegible]**
**ကလေးမ[illegible]ကြ။**
**ဒီကလေ[illegible]ယောက်**
**အတော်[illegible]ကြောင်း**
**ဘာကြောင့်မှန်းမသိဘဲ ဆုံးပါးခဲ့ကြတာ။ အဆိပ်မိသလိုလို၊**
**ပိုးထိသလိုလို။ သေပြီး တော်တော်ကြာမှ အလောင်းတွေကို**
**ပြန်ရှာတွေ့ခဲ့ကြတာတဲ့။**

ဖြစ်လိမ့်မယ်၊ အဲဒီလိုအဖြစ်မျိုးတွေ ခဏခဏတွေ့ခဲ့ဖူးတယ်ခင်ဗျ။ အထူးသဖြင့် တောကြီး၊ တောင်ကမ်းကြီးတဲ့နေရာတွေမှာ အတွေ့ရများတတ်တယ်၊ ဆရာ – အဲဒီသစ်ခွအုံတွေကို အရမ်းသံယောဇဉ် ဖွဲ့မနေနဲ့တော့ – ဆရာ၊ ကိုယ့်ဝင်းကိုယ့်ခြံထဲမှာ အဲဒီလိုဟာတွေ ရောက်နေတာက မကောင်းဘူးနော်၊ ပြီးတော့ – ဆရာ့မှာက ကလေးတွေနဲ့ရယ်၊ တစ်နေ့မဟုတ်တစ်နေ့



ကိစ္စများ ကုန်ကြလိမ့်မယ်၊ အဲဒီသစ်ခွအုံတွေကို ဆရာ ရှာတွေ့ခဲ့တဲ့ နေရာမှာပဲ ပြန်ပို့ထားလိုက်ပါ – ဆရာရယ်၊ အဲဒီဟာကလေးတွေ သူ့အလိုလိုပျောက်သွားပါလိမ့်မယ်၊ ကျွန်တော် ပြောတာကိုယုံ ...”

ထောင်ဆေးရုံ ဆေးမှူးကြီး ဦးတန်ခွမ်းက ပူပူပန်ပန် ကြောင့်ကြောင့်ကြကြ ပြောပြနေတော့သည်၊ သူ့မျက်နှာမှာ သည်လိုကိစ္စမျိုးတွေ၌ အတွေ့အကြုံများနေသည့် ပုံမျိုး၊ စိုးရိမ်မကင်းသည့် မှောင့်မှောင့်ရောင့်ရောင့်မျက်ဝန်းများကို ရင်းရင်းနှီးနှီးကြီး မြင်နေရ၏၊ စိတ်ရောဂါဆရာဝန်မကြီးထံမှ ကြားလာခဲ့ခြင်းဖြစ်မည်၊ ကျွန်တော့်ရုံးသို့ အမောတကော ရောက်ရှိလာခဲ့လေသည်။

“အေးဗျာ – ဘာလုပ်ရမလဲလည်း မသိတော့ပါဘူး၊ နေ့စဉ်ရက်ဆက်ကြီးဆိုတော့ ကြောက်တာထက် စိတ်ညစ်လှပြီဗျ၊ အမျိုးသမီးနဲ့ ကလေးတွေ သိသွားကြမှာကိုလည်း စိုးတယ်၊ သိများ သိသွားခဲ့ကြရင် ဒီအိမ်ကြီးမှာ နေရဲကြတော့မယ်တောင် မထင်ဘူးဗျ”

“အဲဒါကြောင့် ပြောနေတာပေါ့ဗျာ၊ အဲဒီဟာကလေးတွေကို ဘယ်သူမှ စပ်စပ်စုစု မတွေ့မိကြသေးခင် ဆရာ့ရဲ့အဲဒီပြဿနာ သစ်ခွအုံတွေကို သူ့နေရာ သူ ပြန်ပို့ထားလိုက်ရင် ကိစ္စအေးရော မဟုတ်လား”

သူပြောသည့်အတိုင်းဆိုတော့လည်း အလွယ်သား၊ ထိုသို့လုပ်လိုက်ရုံမျှနှင့် သည်ပုံမဟုတ်၊ ပတ်မဟုတ် သရဲသရဲတွေက ကင်းကင်းရှင်းရှင်းကြီး ပျောက်ကွယ်သွားကြမည်ဆိုလျှင်ဟုတ်တုတ်တုတ်၊ ဆေးမှူးကြီးဦးတန်ခွမ်းကတော့ တကယ့်ကို ယုံယုံကြည်ကြည် ဖွဲ့စွဲမြဲမြဲကြီး တုံးတုံးချ ပြောနေလေသည်၊

ခက်နေသည်မှာ ထိုရှားရှားပါးပါး သစ်ခွပန်းအုံကလေးတွေကို ကျွန်တော့်ဇနီးသည်က သည်းသည်းလှုပ်တွယ်တာနေခြင်းပင်၊ သူ့စိတ်ကူးပေါ်ထားသည့် သစ်ခွပန်းဥယျာဉ်ကလေးအတွက် ဖွေဖော်ဦး ရှားတော့ ရှားပါး



www.burmeseclassic.com

www.burmeseclassic.com

ရထားသည့် ရတနာကလေးများမို့ သူက တမ်းတမ်းစွဲနေသည်။ သူ့ကိုအမှန်အတိုင်း အသိမပေးဘဲ ဘယ်လိုမျှ သည်ပန်းအုံကလေးတွေကို သူ့ဖနေရာသူ ပြန်ထားနိုင်ဖို့ မလွယ်လှပေ၊ လက်ရှိအဖြစ်အပျက်တွေကို တကယ်ကြုံနေသည့်အတိုင်း မချွင်းမချန် ပြောပြလိုက်ပြန်လျှင်လည်း ....။

“ဆရာ ထောင်မှူးကြီး - အိမ်မှာ ဧည့်သည်တွေ ရောက်နေတယ်တဲ့ ခင်ဗျ”

“ဟုတ်လား - ဘယ်ကလဲ၊ ဘယ်သူတဲ့လဲ၊ မင်းသိသလား”

“ဂုံးခေါ်တဲ့ ခင်ဗျ၊ သူနဲ့ အတူတူ သုံး၊ လေးယောက်လည်း ပါတယ်၊ ဒဘတ်ယန်ဘက်က လာကြတာလို့ ပြောပါတယ်၊ ကချင်တောသူတောင်သားတွေ ဖြစ်လိမ့်မယ်ထင်တယ်”

“အေးဟေ့ - လာပြီ - လာပြီ၊ ကဲ - ဆရာ ဦးတန်ငွမ်းရေ - ဆရာပြောတဲ့ ကိစ္စကို ဒီတစ်ပတ်စနေနေ့မှာ တောတက်ရင် လုပ်ဖြစ်အောင် လုပ်လိုက်ပါ့မယ်၊ အခုလို တကူးတက လာပြောပြပေးတာကို ကျေးဇူးပါပဲ - ဆရာ”

“မြတ်စွာဘုရား”

ကျွန်တော့်ရင်နှလုံးတွေ အပြုံလိုက်ကြီး ကျွတ်ထွက်သွားတော့မလောက် တုန်လှုပ်ချောက်ချားသွားမိရဲ၊ “ဟုတ်နိုင်ပမလား၊ ဒါ - ဒါ - တကယ့်အမှန်ဖြစ်နေတာတွေလား၊ အိပ်မက်တစ်ခုလား၊ ဘာတွေဘယ်လိုဖြစ်ကုန်ပြီလဲ၊ တွေးရင်း တွေးရင်း ဦးနှောက်တွေ သွက်သွက်လည်လာသည်။

မိတ်ဆွေကြီး ဂုံးခေါ်က အားပါးတရ ပြုံးပြကြိုဆိုနေသည်ကို မမြင်မိ၊ သူ့နှံဘေးက မိန်းကလေး၊ ဟုတ်သည်၊ လသာညတွေအတွင်းမှာ ကျွန်တော့်ကို စိုးမိုးနှိပ်စက်နေခဲ့သည့် သင်းကလေးနှစ်ယောက်အနက်မှ တစ်ဦးတည်းသောမိန်းမပျို၊ ဘယ်လိုကဘယ်လို ဂုံးခေါ်နှင့်အတူ ပါလာခဲ့ပြီး ကျွန်တော့်အိမ်ဧည့်ခန်းမှာ အစွင့်သား ရောက်နေရသည်ပါလိမ့်၊ နာနာဘာဝ၊ တစ္ဆေ



သရဲမဟုတ်တာကဖြင့် သေချာသည်၊ ကျွန်တော့်ဖနီးသည့် ဧည့်ခံထားသော ကော်ဖီကိုပင် သောက်နေလေသည်မဟုတ်လား။

“အဲဒါက ဒီလိုပါ - ယောက်ဖရာ၊ ယောက်ဖတွေ့နေရတယ်ဆိုတဲ့ ကလေးမနှစ်ယောက်ထဲက တစ်ယောက်က ဟောဒီကလေးမလေးရဲ့ အမွှာညီအစ်မပါ၊ သူက အကြီး၊ ဒီကလေးက အငယ်၊ သူတို့နှစ်ယောက် ဒဘတ်ယန်သစ်တောကြီးထဲမှာ သစ်ခွရှာကြရင်း ဘာကြောင့်မှန်းမသိဘဲ ဆုံးပါးခဲ့ကြတာ၊ အဆိပ်မိသလိုလို၊ ပိုးထိသလိုလို၊ သေပြီး တော်တော်ကြာမှ အလောင်းတွေကိုပြန်ရှာတွေ့ခဲ့ကြတာတဲ့၊ အခုလည်းဒီကလေးကိုအိပ်မက်ပေးပြီး ယောက်ဖဆီမှာ သူတို့ရဲ့သစ်ခွအုံကလေးတွေနဲ့အတူ ရောက်နေကြတယ်၊ လာပြန်ခေါ်ပေးပါဆိုလို့တဲ့၊ ငါ့ကိုလာပြောလို့ယောက်ဖဆီ လိုက်လာခဲ့ကြတာပဲ”

“အံမယ်မင်း - မကြားစဘူး၊ မကြုံစဘူးတွေပါကလားဟယ်” ကိုယ့်နဖူးကို ကိုယ်ပိတ်ရိုက်လိုက်ရတော့ မလိုလို၊ သစ်ခွပန်းပင်ကလေးတွေကို တစ်ဖက်သတ် သံယောဇဉ်ကြီးခဲ့မိသည့် ကျွန်တော့်မဟာသီချောမှာလည်း မျက်လုံး ကလေးအပြူးသားနှင့်။

“ကဲ - ဂုံးခေါ်ရေ - မင့်သစ်ခွအုံကလေးတွေက ဟောဟိုငုဝါပင်ကြီးရဲ့ ခွကြားမှာ၊ အပြန်ကျရင် ပြန်သာယူသွားလိုက်ကြပေတော့၊ အဲလိုမဟုတ်ရင်တောင်မှပဲ လာမယ့်စနေနေ့ ဒဘတ်ယန်လယ်ဘက်ကို တက်ဖြစ်ခဲ့ရင် ယူလာခဲ့မလို့ စိတ်ကူးထားတာ၊ အခုတော့ - အံ့ကျဖြစ်သွားတာပေါ့”

သက်ပြင်းမောကို သာသာဖွဖွ မှုတ်ထုတ်ရင်း ခပ်ကုပ်ကုပ်ကလေး ငြိမ်ရှိုထိုင်နေလေသည့် ကလေးမလေးကို ကွက်ခနဲ လှမ်းကြည့်လိုက်မိသည်၊ အာပါးပါး၊ ညညတွေမှာ တွေ့ခဲ့ရသည့် မအတာကလေးတစ်ယောက်နှင့်တကယ့်ကို ချွတ်စွပ်ပါပဲကလား။


www.burmeseclassic.com

www.burmeseclassic.com

ညညအခါ လသာဖြစ်သေးသလား ကျွန်တော် မသိ။ သစ်ခွပန်းအုံကလေးတွေကိုပြန်ယူသွားကြပြီးကတည်းက ညလယ်သန်းခေါင်မှာ လန့်နိုးလာတာမျိုး မဖြစ်တော့ဘဲ နှစ်နှစ်ခြိုက်ခြိုက်ကြီး တစ်ရေးတည်း အိပ်မောကျကောင်းနေခဲ့ပြီဖြစ်သည်။

သို့နှင့်တိုင် ကြုံခဲ့ဖူးသော "ညပုံပြင်" တွေကို ပြန်ပြန်သတိရလိုက်မိတိုင်း ရင်ခုန်သံ မြန်ချင်ချင် ဖြစ်ဖြစ်လာတတ်ဆဲပင်။

→ ဇေယျမင်းသျှင်

**စာရှုသူများသို့**

ရွေးချယ်သောစာစုများကို ပြန်လည်ဝေမျှ
ရည်ရွယ်ပါ၍ မိတ္တူပွားထားခြင်းဖြစ်ပါသည်။

အယ်ဒီတာအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

# ရေဝတီဆိုက်

ခင်ထွန်းလွင်

လောကကြီး၌ အဖြစ်မှန်ဇာတ်လမ်းအချို့သည် စိတ်ကူးစိတ်သန်းများဖြင့် လျှို့ဝှက်ဆန်းကြယ်စွာ သီကုံးရေးသားထားသည့်စိတ်ကူးယဉ်ဇာတ်လမ်းများထက် ဆန်းကြယ်ပါပေသည်ဟု ပြောတတ်ကြပါ၏။ သို့ဆိုပါလျှင် ကြားရသူများက ထိုစကားရပ်အား ယုံကြည်လက်ခံကြမည်လားဟူ၍တော့ မပြောတတ်ပါ။ မိမိအနေနှင့်မူ ကိုယ်တိုင်ကြုံတွေ့ကြားသိထားခဲ့သည့် ဇာတ်လမ်းတစ်ပုဒ်အရ ထိုအဆိုအား ထောက်ခံရမည်သာ ဖြစ်ပါ၏။ ယင်းဖြစ်ရပ်၌ ပါဝင်သူ ဇာတ်ဆောင်ဇာတ်ကောင်များအနက် အချို့မှာ ယနေ့တိုင် သက်ရှိထင်ရှားရှိနေပါသေး၏။ သံသရာတွင် ကျင်လည်နေကြသူတိုင်း၌ ယင်းသို့အလားတူ ဆန်းကြယ်မှုဖြစ်စဉ်များ ကိုယ်စီရှိနေကြသည်လားဟူ၍တော့ မဆိုနိုင်ပါချေ။



အောင်ဘညိုဆိုသည့်အမည်ဆန်းဆန်း ရွာကလေးသည် ဘိုကလေးမြို့နယ်အတွင်း၌တည်ရှိပြီး အများစုမှာ ရေလုပ်ငန်းအမှုဖြင့်အသက်ဝမ်းကျောင်းကြ၏။ ကဒုံ၊ ဇရော၊ ကိုင်းဒေသာင်၊ အမာတို့ကဲ့သို့ ရေလုပ်ငန်းထွန်းကားသည့် ရွာစဉ်များနည်းတူပင် ရွာကလေးမှာ စည်ကားလှပါ၏။ စနွား၊ ငါးဖောင်၊ ကျားထောင်၊ ပိုက်ချစသည့်လုပ်အင်အားနှင့်လုပ်ရသည့် ရေလုပ်ငန်းအကြီးစားကြီးများအပြင် ဘဝင်းထောင်၊ မျှင်ထိုး၊ ကဏန်းချိတ်နှင့် ငါးရှာ ဖားရှာကြသည့် အသေးစားရေလုပ်ငန်းလေးတွေဖြင့်အသက်မွေးကြသူတွေလည်း ဒုနှင့်ဒေးဝင် ရှိကြပါ၏။

ထိုထိုသော ရေနှင့် ဆက်နွယ်နေသည့် ထွက်ကုန်အများစု၏ ဈေးကွက်တားမြို့ကြီးများဆီမှာသာ ဖြစ်၏။ ပင်လယ်ပြင်က ဖမ်းဆီးရမိသမျှ ငါး၊ ပုဇွန်၊ မှင်၊ ကင်းမွန် အစရှိသည်တို့ကို ငါးခြောက်မျိုးစုံ၊ ငါးပိ၊ ငံပြာရည် အဖုံဖုံတို့ဖြင့် အဖိုးတန် ငါးစိဖောင်းသာမက ဒုံးခြောက်၊ မျှင်ခြောက်ပါမကျန် ထွက်ကုန်အမယ်စုံကို မြို့ကြီးများရှိပွဲရုံများသို့ တွင်တွင်ကြီး တင်ပို့ကြ၏။ ထိုခေတ်အခါတ ပင်လယ်ပိုင်းဒေသများ၏ ဆက်သွယ်ရေးစနစ်မှာ ရေလမ်းတစ်မျိုးတည်းသာ ရှိသေး၏။

ရေကြောင်းလိုင်း၌လည်း အစိုးရ(၂)ထပ်သင်္ဘောများ ပြေးဆွဲသည့် ရေဝတီလိုင်းနှင့် ကုန်တင်ရန် တစ်ထပ်သင်္ဘောလေးများ ပြေးဆွဲသည့် ဗဟိုလီကလိုင်းဟူ၍ ရှိပါ၏။ အစိုးရလိုင်းသင်္ဘောက ခရီးသည်တင်ရန် ပြေးဆွဲသည်ဖြစ်၍ အချိန်မီကုန်စည်များ ပို့လိုပါက တစ်ထပ်သင်္ဘောလေးတွေကိုသာ အားကိုးရသည်။ ရေနားနီးနီးမွေးပြီး ကြီးပြင်းလာကြသည့်အလျောက် ဝင်လယ်ပိုင်းသားတို့မှာ အုဝဲဆိုကတည်းက ရေနှင့် ရင်းနှီးပြီးသားချည်းဖြစ်သည်။ ကျားကျား၊ မမ ထူးထူးခြားခြား ရေကြောက်သည်ဟူ၍ မရှိကြ။ ရေထဲတွင် ၃၊ ၄ နာရီလောက်များတော့ ကိုယ်အသာဖော့ပြီး လိုရာကိုလွန်းထိုးကူးခပ်သွားလာနိုင်သူများ ဖြစ်ကြ၏။ ရွာသို့ ကုန်ကောက်လာသည့် တစ်စင်းတာရံ



www.burmeseclassic.com

www.burmeseclassic.com

စာများ၏ရေကြောင်းသည်ဟုသောအပြောကိုအောင်ဘညိုရွာသားများ
ရှိစရာပြက်လုံးထုတ်သလိုပင်။

ရေလုပ်ငန်းထွန်းကားသော ရွာဖြစ်သည့်အလျောက် ရွာမှာ ဘော
သောင်သာသာရှိကာ ကျောင်း၊ ကန်၊ ဘုရားများနှင့် စည်စည်ကားကားရှိ
ဆေးရုံ၊ စာသင်ကျောင်းနှင့်တကွ ဈေးကြီးမှာလည်း ဟည်းထနေအော
ကြီးမားသည်။ ဈေးရုံကြီးများထဲတွင်လည်းရောင်းဝယ်ဖောက်ကားသူများ
စည်ကားလှ၏။ ဈေးရုံအတွင်း ငါးခြောက်တန်းတွင် ဒေါ်ထည်၏ ဆိုင်တ
ရောင်းသူဝယ်သူများနှင့် လက်မလည်နိုင်အောင် ရှိ၏။ ခင်ပွန်းဖြစ်
ကိုအောင်ဘ စနွားပျက်၍ပင်လယ်တွင် ဆုံးပါးပြီးကတည်းက ပင်လယ်
ရသည့်အလုပ်ကို ဖြတ်လိုက်၏။ လှေနှင့် ပိုက်ပါမကျန် ဆက်စပ်ပစ္စည်း
မှန်သမျှတွေကို ရသည့်ဈေးနှင့် ရောင်းရကာ ဒေါ်ထည်လုပ်ငန်း ပြောင်း
လိုက်၏။

ငွေကြိုပေးပြီး ကုန်ကောက်သည်၊ ကုန်လှောင်သည်၊ ဈေးရုံထဲ
ဆိုင်ခန်းယူပြီး ငါးပိ၊ ငါးခြောက်မျိုးစုံကို လက်ကားသာမက လက်လီ
ဖြန့်၏။ အကျိုးပေးသည်ကြောင့် လုပ်ငန်းက အရာထင်ကာ ခင်ပွန်းသည်
ကိုအောင်ဘရှိစဉ်ကထက် စီးပွားပိုတက်၏။ တစ်ဦးတည်းသောသမီးဖြစ်
မှုမှုတင်ကို ဆယ်တန်းနှင့် ကျောင်းနုတ်၍ အရောင်းအဝယ်သင်ကာ
ထိုင်စေသည်။ လိမ္မာရေးခြားရှိသော သမီးလေးကလည်း တစ်ထွာသင်လျှ
တစ်လံအထိမြင်ကာ မိခင်လုပ်ငန်းကို ကျွမ်းကျွမ်းကျင်ကျင်ပင် ကူပေးနိုင်၏

မအေတစ်ခု၊ သမီးတစ်ခုမို့ ရသမျှ မယိုမဖိတ်ရလေအောင် အ
အဆောင်းကောင်းသော ဒေါ်ထည်မှာ မိန်းမလုပ်၊ မိန်းမစားဖြစ်လင့်တ
စီးပွားတစ်ရှိန်ထိုးတက်လာသည်ကို ဘေးပတ်ဝန်းကျင်က ရိပ်မိကြ
အိုးအိမ်စီးပွား အသင့်တက်စားရုံ ဖြစ်သည်ကို သိကြ၍လည်း ဓာတ်သိ
သာမက အနီးအနားရွာများက ကာလသားများကပါ အပိုင်ချိုင်လိုသူ



များလာ၏။ သည့်အတွက် ဒေါ်ထည်မှာ မိမိတို့သားအမိ၏ အကျိုးစီးပွား
တ သမီးဖြစ်သူ နောင်ရေးအတွက်ကိုပါ ထည့်သွင်းစဉ်းစားလာရတော့
သည်။

မိမိတို့မှာ ဥစ္စာစီးပွားရှိလင့်ကစား မိန်းမသားများသာဖြစ်၍ အရေးဆိုက
ဘက်လောက်လားလားအားကိုးအားထားပြုရာ ယောက်ျားသားလိုသည်
တန်အမှန်။ သို့တည်းပေမယ့် ရှင်ကြီးကျားထက်ဆိုးမည်ကိုတော့
တည် ကြောက်သည်။ အိမ်ဦးခန်းတက်ထိုင်၍ မိမိတို့ရှာထားသမျှစီးပွား
သောက်စားဖြုန်းတီးပစ်မည့်သူမျိုးကို စိတ်ကူးထဲပင် မထည့်ဝံ့။ သို့နှင့်
ဒေါ်ထည်မှာ သမီးဖြစ်သူနှင့် သင့်တော်မည့်သူကို မျှင်ပုံထဲက ပုစွန်ရွေးထုတ်
သလို တစ်မှုဟုတ်ချင်း စဉ်းစားခန်းထုတ်ရတော့၏။

ခုရဲအုပ်ကလေးတစ်ယောက်ပဲရှုးတိုင်း၊ မိုးညိုဘက်မှ ဘိုကလေးအပိုင်
အောင်ဘညိုရွာဘက်သို့ ပြောင်းရွှေ့မိန့်ကျလာခြင်းသည် ဒေါ်ထည်အဖို့
သိုင်းသက်သည့်ပတ္တလာ မိုးရွာသည်နှင့် အဆင်သင့်ဆိုသည့်ကိန်း ဆိုက်
သွားသည်ဟု ဆိုရမည်။ ရဲစခန်းအတွက် တစ်ပတ်စာ၊ တစ်လစာ ရိက္ခာဝယ်
ကျွတ်ရင်းက ဒေါ်ထည်ဆိုင်မှာ ပင်တိုင်ဖောက်သည်အဖြစ် အဖွဲ့ကျကာ
အချင်းတနီး ရှိလာ၏။ ရုပ်ရည်သန့်ပြန့်ကာ အပြောအဆိုရည်မွန်သော
ရဲအုပ်လေးကို ရှင်းရှင်းပြောရလျှင် မြင်ရုံနှင့်ပင် ဒေါ်ထည် သဘောကျကာ
သမီးဖြစ်သူအတွက် ရည်စူးမိလိုက်၏။

ကုန်ရောင်းကုန်ဝယ် လူရည်လည်သည့် အရောင်းအဝယ်သမား
ဒေါ်ထည်ကား လူကဲခတ် မညံ့လှပေ။ သို့ပေသည့် မိမိအထင်ကိုကား အမြင်
မလုပ်ဝံ့ချေ။ နောက်ကြောင်းထုပ္ပတ်လှ၏ ဇာတ်ကိုကား စုံစမ်းရမည်
၏။ ရန်ကုန်သို့ကုန်ပို့ရင်းက သူရထားသည့်လိပ်စာအတိုင်း ရဲအုပ်လေး၏
ချုပ်သို့ အရောက်သွားကာ အနီးအနားမှ ထောက်လှမ်းစုံစမ်းသည်။ မိခင်
ဘ၃မှာ အိမ်ထောင်ရုံးပါးသွားကာ မိမိနှင့်ဘဝတူ မုဆိုးမပင်ဖြစ်ပြီး သား



www.burmeseclassic.com

www.burmeseclassic.com

နစ်ယောက်အား အိမ်ဆိုင်လေးဖွင့်ကာ ပညာသင်ပေးခဲ့ကြောင်း၊ သားဖြစ်သူတို့မှာ ရိုးသားအေးဆေးကြပြီး အိမ်ထောင်မရှိသူ လူပျိုလူလွတ်များဖြစ်ကြကာ မိခင်ကြီးကို ပြန်လည်ထောက်ပံ့ လုပ်ကျွေးနေကြသူများဖြစ်ကြောင်း ကြားသိရမှ ဒေါ်ထည် ဟင်းချ၍ ရသွား၏။

သမီးဖြစ်သူ မူမူတင်ကလေးမှာ ဒေါ်ထည်၏နားချထားမှုကြောင့် ရဲအုပ်ကလေးအပေါ် ယုံကြည်မှုပိုကာ အားကိုးလိုသည့်စိတ်များ တိမ်းညွတ်လျက်ရှိသည်၊ အနေအထိုင်တည်ကြည်ကာ ရာထူးရာခံလေးလည်းရှိ၍ အထင်လည်းကြီးမိ၏၊ ရဲအုပ်ကလေးကိုယ်တိုင်မှာလည်း ဒေါ်ထည်၏ ရေလာမြောင်းပေး စကားများဖြစ်သည့် ...

"မောင်ခင်မောင်ဇော်ရယ် - အမေတို့ကို ကိုယ့်ဒွေးတော်မိကြီးလို သဘောထားပါ၊ သမီးလေးကိုလည်း နှမလေးလို စောင့်ရှောက်ပါ၊ အမေတို့က မိန်းမသားချည်းဆိုတော့ တော်ရုံလူများကိုလည်း မယုံရဲပါဘူး၊ မောင်ရင်လေးကတော့ အနေအထိုင်တည်ကြည်တာရယ်၊ ရိုးသားဖြောင့်မတ်တာရယ်ကြောင့် စုလို ရင်းရင်းနှီးနှီးပြောဝံ့တာပါ၊ အိမ်လည်း ဝင်ပါ၊ ထွက်ပါကွယ်"

ဟု စကားများကြောင့် ရင်းရင်းနှီးနှီးဖြစ်လာကာ မကြာခဏဆိုသလို အိမ်ဖက်ကိုပါ အလည်အပတ်ရောက်ကာ စားအိမ်သောက်အိမ်ပင် ဖြစ်လာ၏၊ ရဲအုပ်လေး၏အတွေး၌လည်း ...

"အင်း - အမေကြီးက သဘောကောင်း၊ မနောကောင်းနဲ့၊ နို့ပြီး - မူမူတင်ကလေးကလည်း ရုပ်ကလည်း မဆိုးဘူးပဲ၊ အရောင်းအဝယ်လည်း တတ်ပြီး စီးပွားလည်း ရှာတတ်ပုံရရဲ့၊ ပြီးတော့ - ငါ့ကိုလည်း ခင်ရှာတယ်" ဟု သူ့ဘက်ကို သာသာထိုးထိုးပင် တွေးမိ၏။

မူမူတင်ကိုယ်၌သည်လည်း မိမိအား လက်ရှိရစ်ဝဲနေသော ဗရုတ်ဗရက်ကာလသားများနှင့် ချိန်ထိုးနှိုင်းယှဉ်ကြည့်ကာ ရဲအုပ်လေးဘက် အလေးသာနေမိ၏၊ "အင်း - ကိုကိုဇော်က အနေအထိုင်လည်း တည်တံ့တယ်၊ ရာထူးရာခံနဲ့ဆိုတော့ တို့သားအမိအတွက်လည်း အားကိုးရမှာ၊ မေဒင်ကလည်း အိမ်ထောင်ကျကိန်းရှိတယ်လို့ ဟောထားတာနဲ့ အံကျများဖြစ်နေမလား၊ အို - ငါ ဘာတွေတွေးနေပါလိမ့်၊ မုန့်ဆီကြော်က ဘယ်နေမှန်းမသိ" စိတ်ကူးဖြင့်ကြိတ်မြုံးနေသည်ကြောင့် ရဲအုပ်လေးတစ်ယောက် ဆိုင်ရှေ့ရောက်လာသည်ကို မသိလိုက်ချေ၊ ချောင်းဟန့်ပြီး အသံပြုလိုက်မှ မူမူတင် သတိပြုမိသွားကာ အနေရခက်သလိုကြီး ဖြစ်သွားသည်မို့ - "ကိုကိုဇော်ကလဲ - လန့်သွားတာ၊ အသံမပေး၊ ဘာမပေး နဲ့"၊ "အို - ဘာလန့်စရာများရှိလဲ - မူမူရဲ့ ဆေးသည်ရှိရာ ဈေးဝယ်လာတာကို၊ ဘယ်သူ့အကြောင်းများ တွေးနေလို့လဲ - ကိုကိုဇော့်အကြောင်းလား" ဟု ပြုံးစေ့စေ့မျက်နှာပေးနှင့် ရဲအုပ်ကလေး၏ အမေးကို မူမူတင် ချစ်မျက်စောင်းကလေးဝဲကာ ခေါ်င်းကလေးအသာငုံ့ရင်း ဖြေလိုက်၏။

"ကိုကိုဇော် - သိပ်ဆိုးတာပဲ"

=😐=

အောင်ဘညိုရွာကလေးတွင် ဇတ်ဆိုးမှဆိုးမသမီး၏မင်္ဂလာပွဲပင်ဖြစ်သည့်ကာစား မြိမ့်မြိမ့်သဲဝက်ဝက်ကွဲအောင် စည်ကားလှကြောင်း ပြောစမှတ်တွင်သွားသည်၊ အကျွေးအမွေးအတွက် ဒံပေါက်သမားအဖွဲ့ကိုရန်ကုန်တတ်မှ ငှက်စေကာ ရွာလုံးကျွတ် မီးမိုးတိတ် အလျှံပယ်ကျွေးသည်၊ အငြိမ့်ပွဲနှင့် ရေခဲမုန့်က အဆစ်ပါသေး၏၊ အလုပ်အကိုင်ည၌ ဘိုကလေးတေးသံဦးတီးဝိုင်းအဖွဲ့ကိုပါ အငှားထည့်၏၊ ဒေါ်ထည်ဘက်က ဘိုကလေးနယ်မြို့တက် ကုန်သည်ပွဲစား မိတ်ဟောင်းမိတ်သစ်များ၊ ရဲအုပ်ကလေးမျက်နှာဖြင့်ဌာနဆိုင်ရာအသီးသီးတို့မှလည်း သိုင်းကြ၊ ဝိုင်းကြ၍ ဇတ်ဆိုးသမီးသား၏စည်ကားလှသောမင်္ဂလာပွဲအတွက် သွားလေသူကိုအောင်ဘကိုသာ ဒေါ်ထည်တစ်ယောက် မျက်ရည်များပင် ကျရသေး၏။

=😐=





www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာပွဲအပြီးတွင်ကား သားသမက်အလိမ္မာက အိမ်ပါလာပြီဖြစ်၍ ဒေါ်ထည်အဖို့၌မှု သားရွှေအိုးထမ်းလာသည့်ကိန်း ဆိုက်သည့်နယ်တည်း။ ယခင်အခါက ဥစ္စာစီးပွား ကြီးမားဖြစ်ထွန်းသည်မှာ မှန်သော်လည်း မိန်းမသားချည်းမို့မလေးမခန့် လုပ်လိုသူများလည်း ရှိသေးသည်ကြောင့်အားငယ်ရသည့်အခါများ ရှိ၏။ ယခုတွင်မူ သားမက်ဖြစ်သူ ရဲအုပ်လေး၏ ဂုဏ်ပုဒ်ကြောင့်မည်သူမျှမခန့်လေးစားမလုပ်ဝံ့ကြချေ။ သမီးအလိမ္မာတုံးကလေးကလည်းစီးပွားဥစ္စာကိုကျားစီးဖားစီး ပိုပြီးရှာ၏။ ယခင်လို ဆိုင်ခုံတွင် ထိုင်မနေဘဲ အစွန်အဖျား ပင်လယ်ကမ်းပါးတိုင် ကိုယ်တိုင်ဆင်းကာ ကုန်ကောက်သည်၊ ပင်လယ်အဝင်လှေများကို ပုစွန်ပေး၊ ငါးပေး ငွေထုတ်ပေးကာ ရသမျှကုန်ကို သိမ်းသည်၊ ယခင်လို ချိကောက်ကုန်မဝယ်တော့ဘဲ အိမ်၌ကိုယ်ပိုင်ငါးပိကျိတ်စက်ထောင်သည်ကြောင့် ငါးပိလုပ်ငန်းသာမကငံပြာရည်ဘက်ပါလှည့်၍ လုပ်ငန်းတိုးချဲ့နိုင်၏။ သမီးဖြစ်သူ အလုပ်လောဘကြီးလွန်း၍ ဒေါ်ထည်ကပင် တားယူရ၏။

"ညည်း၊အေ - ဒီလောက်လည်း လောဘမကြီးပါနဲ့၊ ညည်းမြင်ရတာမောလှတယ်အေ၊ မအေနဲ့တုန်းကတော့ ကြော့လို့၊ ဟိုမသွားရဲ၊ ဒီမသွားရဲနဲ့၊ အိမ်ထဲပဲ ကုတ်နေတာ၊ ယောက်ျားရမှ ရှာလိုက်ရတဲ့စီးပွား၊ ပင်လယ်ဘက်ထိတော့ မဆင်းပါနဲ့အေ" ဟူသော ငေါ့တော့တော့အပြောကို —

"အို - အမေကလည်း - သမီးတို့က သည်လိုချည်းနေမှာမဟုတ်ဘူး၊ စားအိုးက တိုးတော့မှာ၊ နို့ပြီး - ကိုကိုဇော်ကလည်း အရာရှိသာဖြစ်တာ ရှာတတ်ဖွေတတ်တာမဟုတ်ဘူး၊ ကလေးရလာရင်ကလေးနောင်ရေးအတွက် ခုထဲက ကြိုပြီးရှာထားရမှာ - အမေရဲ့" ဟူ၍ သမီးဖြစ်သူ၏ တွေးတွေးဆဆ အပြောကို ဒေါ်ထည်က - "အင်း - ငါနဲ့တုန်းက ဘာအပူအပင်မှမထားဘဲ ကလေးလုပ်နေတဲ့သမီး - သင်းအိမ်ထောင်နဲ့ သင်းကျတော့ သိတတ်နေလိုက်တာ" ဟူ၍သဘောပဲ ကျသလိုလို သံဝေဂပဲ ရသလိုလိုနှင့် ဒေါ်ထည်မှာ ခေါင်းညိတ်ရသေး၏။

=☹=

သည်လိုနှင့် အိမ်ထောင်ကျအပြီး တစ်နှစ်ကျော်ကျော်လောက်တွင် ဒေါ်ထည်တို့ မိသားစု၌ မြေးယောက်ျားလေးတစ်ဦး ပွားစီးလာ၏။ အဖေတူမြမြဖွေးဖွေး သားဦးလေးမို့ "ပြည့်ဖြိုးဦး" ဟူ၍ကင်ပွန်းတပ်၏။ ဒေါ်ထည်အဖို့မှာကား ဆိုဖွယ်ရာမရှိတော့၊ မြေးဦးလည်းဖြစ်ပြန်၊ ယောက်ျားလေးလည်းဖြစ်သည်မို့ သွားလေသူ ကိုအောင်ဘ ဝင်စားတာလေလားဟူ၍ ဒေါ်ထည်စိတ်မှာ ဗျာများရပြန်သည်၊ မြေးအနှစ်တုံးကို လက်က မချနိုင်အောင်ပင် အချစ်ကြီး ချစ်မိ၏၊ လိမ္မာရေးခြားရှိလှသည့် သမီးနှင့်သမက်လေးကြောင့် ဒေါ်ထည်မှာ စိတ်ကျေနပ် နှစ်သိမ့်ရသလို မြေးလေး၏ သံယောဇဉ်ကြောင့်လည်း မိသားစုအပေါ် အတွယ်တာ ပိုပြီးကြီးမားလာ၏၊ ချစ်ခြင်းမေတ္တာများ ထုံမွမ်းလျက်ရှိသော မိသားစုအပျော်ရွှင်ရဆုံးအချိန်တွေမှာ များမကြာမီ တာလအတွင်းကုန်ဆုံးရတော့မည်မှန်း ထိုအချိန်က ဒေါ်ထည်တစ်ယောက် ယောင်ရမ်းမျှပင် မတွေးခဲ့မိပါချေ၊

ထိုရောက်ရှားဖွယ်အချိန်ကားမှတ်မှတ်ရရတစ်ခုသောမိုးဦးကျကာလအခါပင်တည်း၊ ရက်စက်သောကြမ္မာဆိုး၏ အစပင်တည်း၊ အချိန်မရွေးကျရောက်လာတတ်သည့် မိုးသက်လေကြောင့် ပင်လယ်ခရီးကို နားလေ့ရှိကြသောကာလ၊ ရန်ကုန်ပွဲရုံက လူကြုံနှင့်ထည့်ပေးလိုက်သော ကုန်အမှာစာကြောင့် မှုမှုတင် နောက်ဆုံးအခေါက်လေးတော့ သွားလိုက်ဦးမည်ဟုသတိပြတ် ဆုံးဖြတ်မိလိုက်ခြင်းပင်၊ မအေကြီးနှင့် လင်သားဖြစ်သူ တားနေသည့်ကြားမှ ကုန်တင်တစ်ထပ်သင်္ဘောလေးဖြင့် သည်တစ်ရာသီအတွက် နောက်ဆုံးအခေါက်ပဲဟု အတိုက်အခံလုပ်ကာ ဖွတ်ထွက်လာခြင်းဖြစ်၏၊





www.burmeseclassic.com

www.burmeseclassic.com

"သည်ခရီးနဲ့၊ သည်ခရီးက သွားနေကျပါ - အမေရဲ့၊ နို့ပြီး - ပွဲရုံက တွက်ပေးလိုက်တဲ့ ကုန်ဖိုးငွေက လွဲမှားနေတယ်၊ ငွေကလည်း နည်းနည်းနောနော မဟုတ်ဘူး - အမေ၊ လူကိုယ်တိုင်လိုက်ရှင်းမှ ဖြစ်မှာမို့ပါ - နော် - ကိုကိုဖော်၊ မှုမှုကို စိတ်ချပါ - ယောကျ်ားရယ်" ဟု ချော့ချော့မော့မော့ပြောကာ သားဖြစ်သူကို နမ်းရှုပ်ရင်းက ထွက်ခွာသွားသော ဇနီးသည်ကို သက်ရှိထင်ရှားအနေနှင့် ခင်မောင်ဖော် နောက်ဆုံးတွေ့လိုက်ရခြင်းပင်။

=☺=

မှုမှုတင်တို့ ကုန်သည်တစ်သိုက် စင်းလုံးငှားသွားသော တိမ်ညိုမြင်းတစ်ထပ်ကုန်သင်္ဘော ကွေ့ချောင်းအလွန်မှာ မုန်တိုင်းမိလို့တဲ့ဟုသော ချောက်ချားဖွယ် သတင်းဆိုးကြီးက အောင်ဘညိုတစ်ရွာလုံးကို ကိုင်လှုပ်လိုက်သလို ဆောက်တည်ရာမရ ဖြစ်စေခဲ့၏၊ ထိတ်ထိတ်ကြဲဆိုသော ရေလုပ်ငန်းရှင်ကြီးတွေအတော်များများပါသွားကြသည်မို့လည်းတစ်ရွာလုံး ပွက်ပွက်လန်ကာ ငိုယိုပြေးလွှားသံတွေဖြင့် ဆူညံနေ၏၊ ဆွေမျိုးသားချင်းအများစုတို့သည်လည်း သတင်းကြားရာအရပ်သို့ ပုံထောင်ကိုယ်စီဖြင့် ချက်ချင်းဆိုသလိုပင် ဒရောသောပါး လိုက်ရှာသွားကြ၏။

မိုးသက်လေကြောင့် ဘေးကာအလုံချထားသော ကုန်သင်္ဘောကို လေပြင်းတစ်ချက်ဆောင့်လိုက်ရာမှ လှိုင်းလုံးကြီးထဲ လိမ့်ဝင်သွားကြောင်း၊ မှောင်စပျိုးရိုန်ဖြစ်ပြီး မိုးမှောင်ကြီးပါ ဆက်ကျနေ၍ တစ်ဦးနှင့်တစ်ဦး သဲသဲကွဲကွဲပင် မမြင်ရကြောင်း၊ အော်သံဟစ်သံများဖြင့် ဆူညံနေသည့်ကြားမှ တော်လဲသံကြီးကဲ့သို့ ကျယ်ကျယ်လောင်လောင် အော်သံကြီးတစ်ချက်လည်းကြားလိုက်ရကြောင်း၊ ထူးခြားသည်မှာ မည်သည့်နေရာမှ အော်လိုက်သည်မသိရသော တိုတစ်တွေ လွတ်ပြီ၊ ကျွတ်ပြီဟောဟုသော အသံနက်ကြီး



သည် လူတစ်စု ပျော်မြူးစွာ ဝိုင်းဝန်းအော်ဟစ်လိုက်ကြသည့် အသံမျိုးကြီးနှင့်တူကြောင်းကို ထိုအဖြစ်ဆိုးမှ အသက်မသေဘဲ တစ်ဦးတည်းသော လွတ်မြောက်သူ ကုန်စာရေးမောင်ဘငွေးဆိုသူ၏ ပြောပြချက်အရကြားသိရခြင်းဖြစ်၏၊ ထိုထူးဆန်းဖွယ်အသံကြီးသည် ရေထဲမှ ရုတ်တရက် ထွက်ပေါ်လာခြင်းပင် ဖြစ်သည်။

ယင်းအဖြစ်အပျက်ကား အောင်ဘညိုတစ်ရွာလုံးအတွက် မည်သည့်အခါမျှ မေ့မရဖွယ်ရာအဖြစ်ဆိုးကြီးအဖြစ် ကမ္ပည်းတွင်နေရစ်တော့သည်၊ တစ်ရွာလုံးမှာလည်း လူသံ၊ ငှက်သံများပါ တိတ်ဆိတ်ကာ တစ်စပြင်ကြီးသဖွယ် ချောက်ချားနေကြ၏၊ ဆိုင်ရာများကို ကန်တော့ပွဲများဖြင့် ပ,သကာ ပြန်လည်ဆယ်ယူရရှိသည်မှာ (၁၃)ဦးတိတိ ရှိ၏၊ ထိုကာလ၌ ရွာအတွင်းသူ့အိမ်ကိုယ့်အိမ် အတော်များများမှာ နာရေးကိစ္စများဖြင့်သာ လုံးပမ်းနေကြရသည်၊ ရက်လည်နေ့၌ကား အဆိုးဆုံးဖြစ်၏၊ ရွာတောင်ကျောင်း၊ မြောက်ကျောင်းတို့မှ ဘုန်းတော်ကြီးများလည်း အာဂန္တုဘုန်းကြီးပင်မကျန် အကုန်အစင် သုသာန်ဇရပ်သို့ ကြွကြွရကာ သရဏဂုံတင်ပေးကြရ၏၊ တစ်ရွာလုံးလည်း မျက်ရည်များ ခန်းခြောက်အောင် ရင်တီးလက်ခတ် ငိုကြွေးကြရပြီးဖြစ်၍ ငိုကြွေးရာ၌ အသံများပင် မထွက်ကြတော့၊ ငှက်ဆိုးထိုးသံ၊ ကျီးပြိုသံ၊ ခွေးအူသံတို့ ကြီးစိုးနေသည့် ထိုသို့သောနေ့ရက်များကို ကာလအတန်ကြာအောင် ရွာသူရွာသားတို့က မမေ့နိုင်ကြချေ၊ ငှက်ဆိုးထိုးသံ၊ ခွေးအူသံများကလည်း နေ့စဉ်ရက်ဆက် ညတိုင်းပင် ဖြစ်သည်၊

ထိုအဖြစ်ဆိုးကြီး၌အဆိုးဆုံးကို ခွဲပြပါဆိုလျှင် ဖေါ်ထည်ကြီးတို့မိသားစုသည်လည်း အပါအဝင်ဖြစ်၏၊ မှုမှုတင် ဆုံးပါးပြီး (၆)လခန့်အကြာတွင် ဖေါ်ထည်ကြီးမှာ သမီးစိတ်နှင့်ပင် ကွယ်လွန်သွားခဲ့သည်၊ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုသည်ကဲ့သို့ ရဲအုပ်ကလေးမှာလည်း ရှမ်းပြည်နယ်ဘက်သို့ ပြောင်းရွှေ့မိန့် ကျလာပြန်သည်၊ သို့နှင့် ရွာမှာရှိသည့် စီးပွားလက်ငုတ်ကို



www.burmeseclassic.com

www.burmeseclassic.com

ကာလပေါက်ဈေးနှင့် ထိုးရောင်းကာ သားကလေးကိုပိုက်ပြီး ရွာကို စွန့်ခွာခဲ့ရ၏။ မြို့က မအေကြီးနှင့် အစ်ကိုဖြစ်သူ မိသားစုထံ ကလေးကို ထိုးအပ်ရမ်းတောပေနေသောစိတ်နှင့်အတူ ရှမ်းပြည်နယ်ဘက်သို့ ဆက်လက်ပင် လွင့်ပါးခဲ့လေ၏။ နှစ်များမကြာမီ နောက်အိမ်ထောင်ပြုသွားတော့သည်။

=😐=



**ဘာမှလုပ်ပေးလို့မရပါဘူးတဲ့။**
**သူ့ သင်္ဘောနစ်တဲ့ နေရာနားက**
**ရေဝတီသိုက်မှာ တခြားသိုက်စောင့်**
**ပုဂ္ဂိုလ်တွေနဲ့အတူ စောင့်နေရတယ်တဲ့။**
**အချိန်တန်မှ နှစ်တွေကြာမှ**
**လူ့တားလဲလို့ရမှ လွတ်မှာလို့ပြောတယ် ...**

ဒေါ်ထည်ကြီးတို့မိသားစုအဖြစ်သည်ကား မျက်လှည့်ပြလိုက်သကဲ့သို့ မယုံကြည်နိုင်ဖွယ်ရာ ပြောင်းလဲခဲ့သည်။ ညီငယ် ခင်မောင်ဇော်၏ အဖြစ်ဆိုးကို ကြုံးစားမေ့ပျောက်ပစ်ကာ လသားအရွယ်ကလေး ထိုးပေးလာသည်ကို အစ်ကိုကြီးမိသားစုဖြစ်သူက တာဝန်ယူလိုက်ရသည်။ စည်းစနစ်ကျသော ပညာတတ်အစ်ကိုကြီးမိသားစု၏ ပျိုးထောင်မှုဖြင့်ပင် ပြည့်ဖြိုးဦးလေးမှာ ရေကြောင်းသိပ္ပံကျောင်းဆင်းပြီး နှစ်ပိုင်းအတွင်းပင် ရေကြောင်းအရာရှိငယ်လေးဖြစ်လာခဲ့သည်။ အစ်ကိုကြီးမိသားစုကိုသာ မိဘရင်းသဖွယ် သိထားသည်။ အစ်ကိုကြီးမိသားစုကလည်းဖြစ်စဉ်အကြောင်းများကို ကလေးအား အသိမပေးဘဲ ပြည့်စုံးကားရျ မျိုသိပ်ထားလိုက်ကြ၏။

သားဖြစ်သူ သင်္ဘောတစ်ခေါက်ပြန်လာတိုင်း အစ်ကိုကြီး မိသားစုမှာ သားအတွက် ဂုဏ်တက်ကြရသည်။ ငွေကြေးသာမက အသုံးအဆောင်ပစ္စည်းကအစ လိုလေသေးမရှိအောင် မိဘအပေါ် သိတတ်လွန်းသည့်သားကို သားသမီးရင်းများနှင့်တန်းတူ ချစ်မဝနိုင်ကြပေ။ သားဖြစ်သူ ပြောပြသည့် လုပ်ငန်းခွင်အတွေ့အကြုံများကလည်း သူတို့အဖို့ အထူးအဆန်းဇာတ်လမ်းများပင်ဖြစ်သည်။

"တစ်ညပေါ့ - အမေရယ်၊ ကျွန်တော် ကုန်းပတ်ပေါ်တက် လေညှင်းခံနေတုန်း မေ့ခနဲဖြစ်သွားရာကနေ တစ်ယောက်ယောက်က လှုပ်နှိုးလိုက်သလိုပဲ ဖျတ်ခနဲ လန့်နိုးလာလို့ ကိုယ့်အခန်းထဲ ပြန်ဝင်အိပ်လိုက်တယ်။ ကံကောင်းတယ် - အမေရေ၊ အဲဒီညက ပင်လယ်ထဲမှာ လေပြင်းကျတာ၊ ကျွန်တော်တို့သင်္ဘောမှာ မလေးက သင်္ဘောသားတစ်ယောက် ပျောက်သွားတယ်၊ ကျွန်တော့်လိုပဲ ကုန်းပတ်ပေါ်တက်သွားတာ တွေ့တယ်လို့ သူ့အဖော်က ပြောတယ်။ အိပ်ပျော်နေပျော်ဖြစ်ပြီး ရေထဲကျသွားတာ ဖြစ်ဖို့များတယ်လို့ အားလုံးက ပြောနေကြတယ်" ဟု သားဖြစ်သူက ပေါ့ပေါ့ပြောပြနေသော်လည်း အကြောင်းသိမိသားစုက စိတ်မအေးနိုင်၊ နောက်ကြောင်းဇာတ်လမ်းက ရှိထား၍လည်း သားအပေါ် ပူပန်စိတ်နှင့် စိုးထိတ်နေကြ၏။

=😐=





www.burmeseclassic.com

www.burmeseclassic.com

သားဖြစ်သူအတွက် ကုသိုလ်ကောင်းမှုပြုကာ ဘုရားကု ကုကြ၏။ သို့တင်မက ဝေဒင်ယကြာပါမကျန် အစုံလုပ်ကြပြန်၏။ တစ်ကြိမ်တွင် မတော့ နတ်ခေါင်းစွဲတစ်ဦးထံရောက်ရန် အကြောင်းဖန်လာ၏။ စူးစမ်းလို စိတ်နှင့် အဖော်လိုက်သွားရာက သားဖြစ်သူအတွက်ပါ ရည်ရွယ်၍ မေးမြန်းလေသည်။ ခေါင်းစွဲလုပ်သူ၏ အမေးဖြစ်သည့် ကွယ်လွန်သူ မြုပ်နှံသည့် သချိုင်းနှင့် ကွယ်လွန်သည့်ရက်စွဲကို တိကျသေချာစွာ ပြောပြရ၏။ ခေါင်းစွဲဖြစ်သူအဖွားအိုကြီးက ခေါင်းတုန်တုန်၊ လည်တုန်တုန်ဖြင့် နဖူးစတွင် လက်အစုံပူးကပ်ကာ ဘာသာစကားတစ်မျိုးဖြင့် ရွတ်ဖတ်သရဇ္ဈာယ်၏။ မည်သည့်ဘာသာစကားမှန်း မသိရ။ မကြာလိုက်သောအချိန်တွင် အိမ်ဥရှတိုင် အပေါ် ထောင့်နားဘက်ဆီက "ရှီ" ဟူသော အသံရှည်ကြီး ဆွဲဆွဲငင်ငင်မြည်လိုက်လာကာ သေသူ၏ဝိညာဉ်ရောက်လာကြောင်းအရိပ်ပြလေတော့၏။ ခေါင်းစွဲက ကြားခံစကားဖြင့် အမေးအဖြေလုပ်ပေးသည်။ ဝိညာဉ်၏ဖြေသံကိုကား လေချွန်သံအလိုက်ဖြင့် အောက်ပါအတိုင်း ကြားရ၏။

ခေါင်းစွဲ - "နှစ်တွေကြာနေလို့ မရှိတော့ဘူးအောက်မေ့တာ ရှိသေးတာပဲ။ မငိုနဲ့လေ - မငိုနဲ့။ ဘာပြောချင်လဲ - ပြောလေ"

လေချွန်သံဖြင့် - "…………"

ခေါင်းစွဲ - "သူ့ကလေး ရှိတယ်တဲ့ - ဟုတ်လား။ ကလေးကို စိတ်မချဖြစ်နေတယ်"

အစ်ကိုကြီးဖြစ်သူ - "ဟုတ်ပါတယ် - ကျွန်တော်တို့ မွေးစားထားတယ်။ စိတ်ချပါလို့ - သားအရင်းလို စောင့်ရှောက်ထားတယ်လို့ ပြောပေးပါ"

လေချွန်သံဖြင့် - "…………"



ခေါင်းစွဲ - "သူ့ယောကျ်ားကိုဖော် နောက်မိန်းမယူတာ သိတယ်လို့ပြောနေတယ်"

အစ်ကိုကြီးဖြစ်သူ - "ဟုတ်ပါတယ် - နောက်အိမ်ထောင်ပြုသွားပါတယ်။ သားက ကျွန်တော်တို့နဲ့ပဲ နေတာပါ"

လေချွန်သံဖြင့် - "…………"

ခေါင်းစွဲ - သူ့သားကို ရေလမ်းခရီး မလွှတ်ပါနဲ့၊ မသွားစေပါနဲ့တဲ့။ သူ့လို ဖြစ်မှာစိုးလို့ စိတ်မချဖြစ်နေတယ်။ တော်တော်သောက ဖြစ်နေတယ်"

အစ်ကိုကြီးဖြစ်သူ - "မလွှတ်ပါဘူးလို့ - အလုပ်လည်း ပြောင်းပေးမှာလို့ ပြောပြလိုက်ပါ။ သားရဲ့အမေ ဘယ်ရောက်နေလဲ။ ကျွတ်အောင်၊ လွတ်အောင် ဘာလုပ်ပေးရမလဲ။ ဘယ်မှာ ဘာလှူပေးရမလဲလို့ မေးပေးပါခင်ဗျာ။ လိုအပ်တာ လုပ်ပေးပါ့မယ်"

လေချွန်သံဖြင့် - "…………"

ခေါင်းစွဲ - "ဘာမှလုပ်ပေးလို့ မရပါဘူးတဲ့။ သူ သဘောင်္ကနစ်တဲ့ နေရာနားက ရေဝတီသိုက်မှာ တခြားသိုက်စောင့်ပုဂ္ဂိုလ်တွေနဲ့အတူ စောင့်နေရတယ်တဲ့။ အချိန်တန်မှ နှစ်တွေကြာမှ လူစားလဲလို့ရမှ လွတ်မှာလို့ ပြောတယ်"

အစ်ကိုကြီးဖြစ်သူ - "စိတ်ချပါ - သားအတွက် မပူပါနဲ့။ ကောင်းမှုကုသိုလ်ပဲ ပြုလုပ်ပေးပါ့မယ်"

လေချွန်သံဖြင့် - "…………"

ခေါင်းစွဲ - ကျေနပ်ပါပြီတဲ့။ သံသရာက အရှည်ကြီးပါ။ နောက်တွေ့ကြမှာပေါ့။ သူ သွားပြီတဲ့"



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းစွဲလုပ်သူ၏ပြောစကားကိုကြားလိုက်ရသည့်အစ်ကိုကြီးမိသားစုမှာ သေသူအတွက်ရော၊ မွေးစားထားသည့် သူတို့သားအတွက်ပါ ဇာတ်ကြောင်းတွေ အသစ်ပြန်ဖြစ်တာဝမ်းနည်းပက်လက် ဖြစ်ရသည်။ ကြိုမပြောထားပါပဲလျက်နှင့် ညီဖြစ်သူ နောက်အိမ်ထောင်ပြုသည့်အကြောင်းနှင့် သားဖြစ်သူအကြောင်းတွေကို ဒက်ထိပေဟာပြောပေးသည့် နတ်ခေါင်းစွဲ၏ ပညာစန်းကိုလည်း အံ့သြရ၏။ တိုက်ဆိုင်မှုများလေလားဟု ဖြေတွေးတွေးကြည့်သော်လည်း သိစိတ်ရော၊ မသိစိတ်ကပါ အမှန်တွေဟု အလိုလို လက်ခံနေမိ၏။ သားဖြစ်သူ၏ ရေလမ်းသွားရသည့် သင်္ဘောသားအလုပ်ကိုလည်း ပြောင်းပေးမှဖြစ်မည်ဟု စိတ်ကို တုံးတုံးချလိုက်သည်။ ရင်ခွင်ပိုက်အရွယ်ကတည်းက အမိလုပ်သူနှင့် သေကွဲ၊ အဖေလုပ်သူနှင့် ရှင်ကွဲကွဲရသည့် ကလေး၏အဖြစ်ဆိုးကိုလည်း သည်ဘဝသည့်မျှသာ ဖြစ်ပါစေဟု ဆုတောင်းမိသည်။ ဪ - သံသရာ၌ ကျင်လည်နေကြရသည့် ဘဝများစွာတို့၏ အဖြစ်အပျက်အကြောင်းအရာများသည်ကား ဆန်းကြယ်လှပေစွ။

→ မင်းဘုန်းလွင်



www.burmeseclassic.com

# ထူးဆန်းတွေလီ ကျိုက္ကမိ

ဝါဦးနွန်းထို

ကျိုက္ကမီ ...

ကျိုက္ကမီဟု ဆိုလိုက်လျှင် ပင်လယ်ထဲသို့ စောင်းတန်းရှည်ကြီး ချွယ်တန်းထားပြီး ထိုစောင်းတန်းအတိုင်း လျှောက်သွားလိုက်လျှင် ကြီးမားသော ကျောင်းဆောင်ကြီးအတွင်း၌ ဘုရားလေးဆူ ဝန်းရံလျက် အလယ်တွင် နဂါးရုံဆင်းတုတော်တစ်ဆူ သီတင်းသုံးတော်မူနေသည်ကို ဖူးတွေ့ကြည်ညိုရပေလိမ့်မည်။ ဆင်းတုရုပ်ပွားတော်တို့၏ အဆင်းက ကြည်ညိုဖွယ်ရာ လက်ရာမြောက်ကာ အလွန်တရာမှ သပ္ပာယ်လှပေသည်။

=😐=

ဆုတောင်းပြည့်ရေလယ် ဆံတော်ရှင်မြတ်ဘုရားကြီး ကျိုက္ကမီမြို့သို့ မကြာသေးမီကမှ ကျွန်မတို့ မိသားစု ရောက်ရှိခဲ့ကြသည်။ ခရီးသွားကားကြီးဖြင့် ရန်ကုန်မှ ည (၉)နာရီခန့်တွင် စတင်ထွက်ခွာခဲ့ရာ ကျိုက္ကမီသို့ မနက် (၅) နာရီကျော်တွင် ရောက်ရှိခဲ့တာကြောင့် တစ်ညတာမျှ ခရီးနှင်ရသည်ဟု ဆိုနိုင်ပေမည်။ ကျိုက္ကမီဘုရားသို့ ရောက်ပြီဟုဆို၍ အထုပ်အပိုးတို့ကို သယ်ကာ ကားပေါ်မှဆင်းလျှင်ဆင်းချင်း အမြီးရှင်းတော့ဆိုင်ထားသော နဂါးနှစ်ကောင်သည် အသီးသီး ဆန့်တျင်ဘက်အရပ်သို့လှည့်ပြီး ဦးမော့လျက်ရှိသော ဂန္ထိရဆန်ဆန်မှန်ဦးဝက ဆီးကြို၍နေသည်။ စိတ်ဝင်စားဖွယ်ဆန်းကြယ်လျက်ရှိသော ထိုမုခ်ဝက ကျွန်မ၏ စိတ်ဝိညာဉ်ကို ဆွဲညို့သွားခဲ့ပြီ။

"နှင်းပွင့်ရေ - အထုပ်အပိုးတွေကို အခန်းထဲမှာ ချထားခဲ့လိုက်တော့။ ဝါလည်း ပစ်ထားခဲ့လိုက်ပြီ၊ မနက်စာ သွားစားကြရအောင်"

"ဟုတ် - သွားကြမယ်"

ကျိုက္ကမီသို့ ရောက်သည့်အချိန်က မနက် (၅) နာရီခွဲခန့်ဖြစ်ပြီး တည်းခိုခန်းဆောင်တွင် အခန်းယူပြီးသည့်နောက် ထမင်းစားသောက်ရန်အတွက် ဆိုင်တန်းများဘက်သို့ ထွက်ခဲ့ကြ၏။ ကျိုက္ကမီ၏ အရှက်ဦးသည် ရောင်နီပျိုးရုံမျှသာ ပျိုးသေး၍ ပတ်ဝန်းကျင်တစ်ခွင်တွင် လှုပ်ရှားပြောဆိုသံများ မရှိသေး။ ငိုက်မေ့အိပ်စက်နေကြဆဲ ဖြစ်သည်။

လာခဲ့သည်က မိသားစုလေးဦး၊ စားသောက်ဆိုင်ထဲသို့ ဝင်သွားသည်နှင့် တစ်ဦးမျက်နှာပင် တစ်ဦးမကြည့်အား၊ တိုင်ပင်ဖို့ဆိုလျှင် ဝေလာဝေး၊ ကိုယ့်ကြိုက်ရာ ကိုယ် မှာကြသည်။ ထမင်းကြော်၊ ထမင်းဆီဆမ်း၊ မုန့်ဟင်းခါး၊ လက်ဖက်ရည် တစ်ယောက်တစ်မျိုးစီ။ ရယ်စရာတော့ ကောင်းပြီ၊ လာချတော့ ထမင်းကြော်မှာသည့်လူကို မုန့်ဟင်းခါး ချလို့ရ၊ လက်ဖက်ရည်သောက်မည့်သူကို ထမင်းဆီဆမ်း ပေးလိုပေးနှင့်၊ အားလုံး ကိုယ့်ပွဲသူ့ပွဲ အချင်းချင်းလဲပြီး တစ်ယောက်တစ်လှည့်ဆီ ဝိုင်းဆွဲလိုက်ကြသည့်အခါ မနက်စာ ထမင်းဝိုင်းလေးခမျာ ခဏအတွင်း ပြိုက်ခနဲ၊ အုမတောင့်မှ သီလစောင့်မည့်သူမသော



www.burmeseclassic.com

www.burmeseclassic.com

ထုံးကို နလုံးမူသော ကျွန်မသည်လည်း မနက်စာ စားသုံးပြီးမှပဲ ကျိုက္ကမီ ဘုရားကို ဖူးမြော်ရန် စိတ်ထက်သန်လာတော့၏။

=☺=



ပိုပြီးထူးဆန်းတာက မျှောလိုက်တဲ့ ဆင်းတုတွေရဲ့ အောက်ခံပလ္လင်တွေပဲ သမီးတို့ရေ။ ကျွန်းသားတုံးတစ်တုံး၊ သက်န်းသားတုံးနှစ်တုံးနဲ့ ကျောက်လှည်းဘီးကြီးကွဲ့။ ကဲ-ဘယ်လောက်ထူးဆန်းလိုက်သလဲ။ ဒီလိုအရာတွေပေါ်မှာ ဆင်းတုတော်တွေကို ပင့်ဆောင်တင်ပြီး ရေမှာမျှောခဲ့တာတဲ့။ ဒီကျိုက္ကမီဘုရားကြီးက သက်န်းသားတုံးနဲ့ မျှောလာတဲ့ ဆင်းတုတော်လို့ ပြောကြတယ်။

"ကျိုက္ကမီဘုရားက မျှောလေးမျှော (မြောလေးမြော) သမိုင်းဝင် ဘုရားကွယ့်"

မိသားစုလေးယောက်သား စောင်းတန်းအတိုင်း လမ်းလျှောက်လာခဲ့စဉ်တွင် ဖေဖေက ထိုသို့ဆိုသည်၊ မျှောလေးမျှော သမိုင်းဝင်တဲ့၊ ထိုစကား



လုံး၏အနက်ကို ကျွန်မ အဓိပ္ပာယ်မဖော်ဆောင်တတ်သဖြင့် မျက်လုံးကလေး ကလယ်တလယ်ဖြစ်ကာ ဖေဖေ့ကို မေးရသည်၊

"ဖေဖေ - မျှောလေးမျှောဆိုတာ ဘာလဲ။ သမီး သိပ်နားမလည်ဘူး"

"မျှောလေးမျှောဆိုတာက အာသောကမင်းကြီး အဓိဋ္ဌာန်ပြုပြီး ရေမှာ မျှောလိုက်တဲ့ ဆင်းတုတော်တွေကို ဆိုလိုတာ သမီးရဲ့၊ သမိုင်းကြောင်းက ရှည်လွန်းလို့ နောက်မှ ဖေဖေ ပြောပြမယ်၊ အခုတော့ အတိုချုံးပြီးပြောရရင် ဘုရင်ကြီးက ဗုဒ္ဓသာသနာ ထွန်းကားမယ့်အရပ်မှာ သီတင်းသုံးတော်မူပါလို့ အဓိဋ္ဌာန်ပြုပြီး ရေမှာမျှောလိုက်တော့ လေးဆူလုံး ဖေဖေတို့နိုင်ငံမှာပဲ ဆိုက်ကပ်တာကွယ့်"

"ဟယ် - ကြည်နူးစရာကောင်းလိုက်တာ ဖေဖေရယ်"

ကျွန်မသာမက အစ်မလတ်ပါ စိတ်ပါဝင်စားလာပြီး နလုံးပီတိဝွမ်းထိ ထိကာ ကြည်နူးလိုက်မောသည့်အသံနှင့် ဆိုလိုက်၏၊ ကျွန်မကိုယ်တိုင်လည်း ရင်ထဲတွင် လှိုက်ခနဲဖြစ်ကာ ပီတိဖြာဝေသွားမိသည်၊ အာသောကမင်းတရားကြီး၏ အဓိဋ္ဌာန် သည် မှန်ကန်အောင်မြင်နေပြီဖြစ်ကြောင်း ကျွန်မတို့နိုင်ငံရှိ စေတီပုထိုးများ၊ ဘုန်းတော်ကြီးမြတ်လှသည့်သံဃာတော်များ၊ အလှူရေစက် လက်နှင့်မကွာ ရှိကြသည့် ဗုဒ္ဓဘာသာဝင်များကို ရှုကြည့်ခြင်းအားဖြင့် သိရှိနိုင်သည် မဟုတ်ပါလား။

"ပိုပြီးထူးဆန်းတာက မျှောလိုက်တဲ့ဆင်းတုတွေရဲ့ အောက်ခံပလ္လင်တွေပဲ သမီးတို့ရေ၊ ကျွန်းသားတုံးတစ်တုံး၊ သက်န်းသားတုံးနှစ်တုံးနဲ့ ကျောက်လှည်းဘီးကြီးကွဲ့၊ ကဲ - ဘယ်လောက်ထူးဆန်းလိုက်သလဲ၊ ဒီလို အရာတွေပေါ်မှာ ဆင်းတုတော်တွေကို ပင့်ဆောင်တင်ပြီး ရေမှာ မျှောခဲ့တာတဲ့၊ ဒီကျိုက္ကမီဘုရားကြီးက သက်န်းသားတုံးနဲ့ မျှောလာတဲ့ ဆင်းတုတော်လို့ ပြောကြတယ်၊ ပင့်ဆောင်လာတဲ့ပစ္စည်း (ကျောက်လှည်းဘီးကြီး) ကို ကျိုက်ပေါ်လော မွဲရှင်တော်ဘုရားမှာတော့ အထင်အရှားပြထားတယ် ကွယ့်၊ အဲ - မျှောလေးမျှောအကြောင်း ဆက်ရရင် တခြားသုံးဆူတော့



www.burmeseclassic.com

www.burmeseclassic.com

ပုသိမ်က ရွှေမုဋ္ဌောစေတီတော်မှာတစ်ဆူ၊ သထုံက ကျိုက်ပေါလောမှဲ့ရှင်တော်ဘုရားနဲ့ ထားဝယ်က ရှင်မုတ္တီးဘုရားတို့ပဲ။ တကယ့်ကို ရှားပါးပြီး ဆန်းပြားအံ့ဩစရာကောင်းတဲ့ ဆင်းတုတော်တွေပေါ့။ ဖူးထိုက်လို့ ဖူးခွင့်ရတုန်းကုသိုလ်ရအောင် ရိုရိုသေသေ ကြည်ကြည်ညိုညို ဖူးကြ၊ ဦးနိုက်ကြ၊ လိုရာဆုကို အဓိဋ္ဌာန်ပြုကြ။ ဆုတောင်းပြည့်တယ် သမီးတို့ရဲ့"

"ဟုတ်ကဲ့ပါ - ဖေဖေ"

ဖေဖေ ပြောပြသဖြင့် ကျွန်မတို့ ညီအစ်မနှစ်ယောက်လည်း ကျိုက္ခမီဘုရားကြီး၏ သမိုင်းကြောင်းအကျဉ်းနှင့် မှော်လေးမှော်ရာဇဝင်ကို အနည်းငယ် သိရှိလိုက်ရ၍ ဗဟုသုတတိုးပွားသွားခဲ့သည်။ သမိုင်းကြောင်းဆိုလျှင်တစုတ်တရနားဆင်လိုသူ ကျွန်မကတော့ ထိုမျှဖြင့် အားမရသေး။ အချိန်အားလပ်မှ သိချင်တာတွေ ဖေဖေ့ကို ထပ်မေးဖို့ တေးထားလိုက်၏။

အချိန် သိပ်ကြာကြာ မလျှောက်လိုက်ရ၊ ထယ်မိနစ်ခန့် အေးအေးလူလူလျှောက်သွားလိုက်ပြီးသည့်နောက် ခန့်ညားကြီးမားလှသော ကျောင်းဆောင်ကြီးကို တွေ့မြင်လိုက်ရသည်၊ စိတ်ထဲတွင် ဗိုလ်ကျိုက်လှုပ်ရှားသွားမိ၏။ ကျိုက္ခမီဘုရားကို တွေ့မြင်ဖူးမြော်ရတော့မည် မဟုတ်ပါလား၊ ကျောင်းဆောင်ကြီး၏ လှေကားထစ်များဆီသို့ တက်သွားသွားချင်း ပထမဆုံး အမျိုးသမီးများ မတက်ရဟူသော ဆိုင်းဘုတ်ကို ဦးစွာတွေ့ရှိလိုက်ရပြီး ထိုအဆောင်မှာ အမျိုးသားများ သီးသန့်ဖူးမြော်သော ဘုရားဆင်းတုတော်များ သီတင်းသုံးတော်မူရာ ကျောင်းဆောင်ကြီးဖြစ်ကြောင်း သိရသည်၊ အမျိုးသမီးများမှာမူ ထိုအဆောင်နှင့်ကပ်လျက် တစ်ဖက်ကျောင်းဆောင်ကြီးမှနေ၍ ဘုရားဆင်းတုတော်များကို လှမ်းမြင်ဖူးမြော်ရမည် ဖြစ်၏။

ကျိုက္ခမီသို့ လာရောက်သူတိုင်း ပြောစမှတ်ပြုကြသည်က ဘုရားလာဖူးသော ငါးကြီးများအကြောင်း။ မကွေးမြို့ကျောင်းတော်ရာမှ ငါးကြီးများကဲ့သို့ပင် ကျိုက္ခမီဘုရားတစ်ဝိုက်တွင်လည်း ဘုရားခြေတော်ရင်းသို့ လာရောက်ဦးနိုက်ရင်း ဘုရားဖူးမွှမိတ်ဆွေများ ကျွေးမွေးလှူဒါန်းသော ပေါက်ပေါက်ဆုပ်တို့ကို စားသုံးသော ငါးတန်၊ ငါးယောင်၊ ငါးကြင်းကြီးများရှိသည်ဟုယခင်က ကြားခဲ့ဖူး၏။ ရောက်မှပဲ ဒိဋ္ဌတွေ့ရတော့သည်၊ ပင်လယ်ပြင်ထဲသို့ ပေါက်ပေါက်ဆုပ်ရောင်စုံကို ပက်ကြဲချလိုက်သည်နှင့် ငွေရောင်အဆင်းဖြူဖြူဝင်းဝင်းငါးကြီးများသည် ဟိုမှသည်မှ ခေါင်းပြူပေါ်လာကာ ကြီးမားလှသော သူတို့၏ ပါးစပ်ပြဲကြီးများဖြင့် ပေါက်ပေါက်ဆုပ်တို့ကို ထိုးဟပ်သည်။ ချစ်စဖွယ်ကောင်းလှသည့် ငါးကြီးများပါပေ။

"အယ် - အယ် - ဟိုမှာကြည့်ဦး၊ ငါးကြင်းသေးသေးလေး၊ သူ့ပါးစပ်ကျဉ်းကျဉ်းလေးက တို့ကြဲတဲ့ပေါင်မုန့်ခြောက်ကို မဟပ်နိုင်ဘူး ဖြစ်နေတယ်၊ နည်းနည်းဖွဲ့ကျွေးမှပဲ"

အစ်မလတ်က ပြောလည်းပြော၊ လက်ကလည်း ကိုင်ထားသည့် ပေါင်မုန့်ခြောက်ကို ဗိစိကွေးလေးများဖွဲ့ကာ ပင်လယ်ထဲ ကြဲချနေ၏၊ ဖေဖေကဘုရားကို ရိုရိုသေသေ သေချာဖူးမြော်ရန် မည်မျှပင် လမ်းပြဆုံးမခဲ့ပါစေ၊ ဘုန်း ကြီးကျောင်းထဲရောက်သည့်တိုင် သရက်ပင်ပေါ် အရင်တက်တတ်သော လူငယ်တို့၏ သဘာဝအတိုင်း ကျိုက္ခမီဘုရားကြီးကို ဖူးမြော်ရန်အတွက် ကျောင်းတိုက်နားသို့ ရောက်နေပြီ ဖြစ်သော်လည်း ရောင်းချနေသော ပေါက်ပေါက်ဆုပ်သည်ကို မြင်သည့်အခါ ငါးစာ အရင်ကျွေးရန် ညီအစ်မနှစ်ယောက် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြသည်၊ ဘုရား၊ တရားကို မကြည်ညို၍ လားဟုမေးလျှင် မဟုတ်ပါ၊ မိန်းကလေးများပီပီ တိရစ္ဆာန်လေးများကို သနားကြင်နာတတ်သောကြောင့်ပင်၊ ဝယ်ယူထားသော ပေါက်ပေါက်ဆုပ်နှင့် ပေါင်မုန့်ခြောက်များကုန်မှပဲ ငါးများကို နှုတ်ဆက်ကာ ကျောင်းပေါ်သို့ တက်ခဲ့ကြ၏။

=😐=

www.burmeseclassic.com

ဖူးတွေ့ရလေပြီ။ ဘုရားလေးဆူကို ထိုဆင်းတုများ၏အထက်၌ ပို၍ ညက်တော်ငယ်သော ပုံစံတူ နောက်ထပ်ဘုရားလေးဆူရှိပြီး ထိုလေးဆူ ဝိုင်းရံထားသည့်အလယ်တွင် နဂါးရုံဘုရားတစ်ဆူကို လက်ရာမြောက်စွာ ဖူးမြင်ရသည်။ တည်ထားသည့်ပုံသဏ္ဌာန်က အတန်ငယ်ဆန်းကြယ်ပေရာ သမိုင်းကြောင်းကဲ့သို့ပင် အံ့သြဖွယ်ရာတို့ ပြည့်စုံနေသည့် ဆုတောင်းပြည့် ဘုရားကြီးပါလားဟု ကျွန်မ၏ ရင်ထဲ၌ ခံစားလိုက်မိသည်။

"မေမေ - ဘယ်ဆင်းတုက သက်နှင်းတုံးနဲ့မျောလာတဲ့ ဘုရားလဲဟင်"

များပြားလှသော ဆင်းတုတော်ကြီးဆူကို ဖူးမြော်ရင်း ရင်ထဲတွင် မတင်မကျဖြစ်နေသော မေးခွန်းကို အောင့်အည်းမျိုသိပ်မထားနိုင်တော့၍ မေမေ ဘုရားရှိခိုးပြီးချိန်အထိ မနည်းသည်းခံစောင့်နေပြီးသကာလ ရုက်ချင်းပင် မေးခွန်းထုတ်မိ၏။

"ဪ - မျှော်လိုက်တဲ့ဆင်းတုတော်ကို ပြောတာလား၊ အထဲမှာငုံပြီး တည်ထားတယ် ပြောကြရဲ့၊ ဘာဖြစ်လို့လဲ - သမီးလေး"

"ဟင် - ဒါဆို၊ ဒီအပြင်က ဆင်းတုတော်တွေ မဟုတ်ဘူးပေါ့၊ ဘာဖြစ်လို့ ငုံပြီးတည်လိုက်ရတာလဲ၊ ဘုရားဖူးတွေက မျောလာတဲ့ ဆင်းတုတော်ကို ဖူးချင်မှာပေါ့"

"အယ် - သမီးကလည်း မသိဘဲလျှောက်ပြောနေပြန်ပြီ၊ ဆင်းတုတော်က သိပ်တန်ခိုးကြီးတယ်ကွယ့်၊ ဒီတော့ မသမာသူတွေက ခိုးယူဖို့ကြံစည်ကြလို့ ခိုးလို့မရအောင် အတွင်းမှာငုံပြီး တည်လိုက်တာဖြစ်မှာပေါ့၊ မရှိမသေ မပြောရဘူးလေ"

"မဟုတ်ပါဘူး၊ သမီးက စိတ်မကောင်းဖြစ်လို့ ပြောလိုက်မိတာပါ၊ ဒါဆို သမီးတို့က ဆင်းတုတော်ကို ဖူးခွင့်မရတော့ဘူးပေါ့"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ သမီးရယ်၊ အပြင်က ဆင်းတုတော်တွေကလည်း ပုံတူထုထားတဲ့ ကိုယ်ပွားဆင်းတုတော်တွေပဲပေါ့ကွယ်၊



အရေးအကြီးဆုံးက မြတ်စွာဘုရားသခင်ကို ယုံယုံကြည်ကြည်နဲ့ ကြည်ညို ဖူးမြော်ဖို့ပဲ၊ မြတ်ဗုဒ္ဓရဲ့တရားတော်တွေကို လေးစားလိုက်နာဖို့ပဲ၊ မြတ်ဘုရား ရဲ့သားတော် ရဟန်းသံဃာတွေကို ရိုသေပူဇော်ဖို့ပဲ၊ အခု အပြင်က ဆင်းတု တော်တွေကို ဖူးတာဟာလည်း အတွင်းက ဆင်းတုတော်ကို ဖူးရသလိုပါပဲ၊ အရေးကြီးတာက စိတ်ပဲ - သမီးရဲ့"

"ဟုတ်ကဲ့ - မေမေ"

မေမေ ရှင်းပြဆုံးမမှုပဲ ကျွန်မလည်း အသိအလိမ္မာတိုးရလေသည်၊ သို့ကြောင့်လည်း ပွင့်တော်မူပြီးသော မြတ်စွာဘုရားသခင်တိုင်းက ...

"မကောင်းမှုရှောင်

ကောင်းမှုဆောင်

စိတ်ကို ဖြူအောင်ထား"

ဟု ဆုံးမလမ်းပြခဲ့ခြင်း ဖြစ်ပေမည်၊

သတိတရားတို့ဖြင့် သံဝေဂရကာ အသိစိတ် ဝင်သွားသည့်အခိုက်မို့ ပဋ္ဌာန်းဒေသနာတော်ကို စိတ်နှစ်ကိုယ်ပါ ရွတ်ဆိုပွားမိရာ မည်မျှအချိန်ကြာ မြင့်သွားသည်မသိ၊ ပဋ္ဌာန်းရွတ်ဆိုခြင်း ပြီးဆုံးသွားသည့်အခါ၌ ကျွန်မ၏ အနီးအနားတွင် မိဘများ မရှိတော့၊

=😐=

"ဘယ်လိုဖြစ်သွားသလဲ မသိပါဘူး အစ်မကြီးရယ်၊ တကယ်ကို စိတ် လွတ်သွားတာ၊ သူများ ပြန်ပြောပြမှပဲ ရှက်လိုက်တာဗျာ"

ကျွန်မလည်း အမျှအတန်းပေးဝေကာ ထိုင်နေရာမှ ထလာလိုက်စဉ် ကြားလိုက်ရသည့်စကားစုကြောင့် အသံလာရာဆီသို့ စိတ်အာရုံညွှတ် ရောက်သွားသည်၊ မျက်လုံးတို့ကို ဝေ့ဝဲကြည့်လိုက်တော့ နဂါးမယ်တော်

www.burmeseclassic.com

အနီးတွင် အမျိုးသားကြီးတစ်ဦးနှင့် အမျိုးသမီးကြီးတစ်ဦး စကားပြောဆိုနေကြခြင်း ဖြစ်သည်၊ အသံတို့က ခပ်တိုးတိုးရယ်ပါ။ ကျွန်မနှင့် ကပ်နေ၍သာ ကြားလိုက်ရခြင်းဖြစ်၏၊

ကျိုက္ကမီဘုရားတွင် အမျိုးသမီးဘုရားရှိခိုးဆောင်နှင့် အမျိုးသားဘုရားရှိခိုးဆောင်ဟူ၍ သပ်သပ်စီခွဲခြားထားသည်၊ အမျိုးသားများက ကျိုက္ကမီဘုရားကြီး တည်ထားသီတင်းသုံးတော်မူနေသော ကျောင်းဆောင်ပေါ်တွင် ဘုရားပူဇော်ကြပြီး အမျိုးသမီးများကတော့ ဆင်းတုတော်ကို လှမ်းမြင်ဖူးမြော်နိုင်သော တစ်ဖက်အဆောင်တွင် သပ်သပ်ပူဇော်ရှိခိုးကြရသည်၊ အမျိုးသားများ ဘုရားရှိခိုးသည့် ကျောင်းဆောင်ပေါ်သို့ အမျိုးသမီးများ တက်ခွင့်မရှိသလို အမျိုးသမီးများ ဘုရားရှိခိုးသည့် ကျောင်းဆောင်ဘက်သို့လည်း တော်ရုံဖြင့် အမျိုးသားမလာ၊ ဤဘုရားသို့ ရောက်သည်နှင့် သမီးရည်းစားလင်မယားများပင် သပ်သပ်စီ ဖူးမြော်ကြသည်ကို တွေ့ရ၏၊ ယခုမူ အမျိုးသားကြီးတစ်ဦးက အမျိုးသမီးကျောင်းဆောင်ထဲသို့ ရောက်ရှိနေ၍ ကျွန်မစိတ်ဝင်စားသွားသည်၊ ဘယ်လိုလူကြီးပါလိမ့် - ဘာတွေပြောနေပါလိမ့်ဟူသောအတွေးနှင့် သူတို့နားသို့ မသိမသာကပ်သွားလိုက်၏၊

"ဒါကတော့ ဖြစ်တတ်ပါတယ် - ဦးမောင်မောင်ရယ်၊ ကျွန်မက ဒီမှာဘုရား ဝေယျာဝစ္စ လုပ်ကိုင်ပေးနေတဲ့သူဆိုတော့ ဒီလိုအဖြစ်မျိုးတွေမကြာခဏ တွေ့ဖူးပါတယ်၊ သိပ်လည်း မရှက်ပါနဲ့"

"ရှက်လုရျည်ကြီးတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ - စိတ်ထဲမှာ အခုထက်ထိထူးဆန်းနေတုန်း ဘာဖြစ်သွားမှန်းကို မသိလိုက်တာ၊ ကျောင်းဆောင်ရှေ့ကိုလည်းရောက်ရော ဖြုန်းခနဲ မေ့သွားတော့တာပဲ၊ သတိလည်း ပြန်ရလာရော ကျုပ်အနားမှာ လူတွေဝိုင်းနေပြီ၊ မိန်းမပြောပြမှ ကျုပ် ကွေးနေအောင်က,မှန်း သိလိုက်ရတယ်"

"ဘယ်လို - ဘာ - ဘာဖြစ်လို့လဲ ဦးလေး"



ကျွန်မလည်း မနေနိုင်တော့၊ သူတို့နှစ်ယောက် ပြောဆိုနေသောစကားများအပေါ်စိတ်ဝင်စားလွန်းလှသဖြင့် မဆီမဆိုင်စပ်စုကာ ဝင်မေးမိတော့၏၊ ရုတ်တရက် သူစိမ်းတစ်ယောက်က ဝင်မေးလိုက်သောကြောင့် နှစ်ယောက်သား ကြောင်သွားကြပြီးမှ ထိုဦးလေးကြီးက ...

"ဪ - ဒီလိုပါ - သမီး၊ မနေ့က ဦးလေး ဒီကျောင်းဆောင်ရှေ့မှာ ထက,မိလို့၊ ပြောရင် - သမီးတို့လူငယ်တွေ ယုံမှာမဟုတ်ပါဘူး၊ နတ်ပူးတယ်ပဲ ဆိုပါတော့"

"အာ - သမီးက အဲဒါမျိုးတွေကို သိပ်စိတ်ဝင်စားတာ၊ ယုံလည်း ယုံကြည်ပါတယ်"

"ဒီလိုလူငယ်မျိုးဆိုရင်တော့ သေချာပြောပြပါ့မယ်၊ ဦးလေးရဲ့နာမည်က ဦးမောင်မောင်၊ (...........)ကုမ္ပဏီရဲ့မန်နေဂျာပါ၊ အခုလည်း ကုမ္ပဏီတိစွန့် စက်စဲကို သွားဖို့လာခဲ့တာ၊ သံဖြူဇရပ်လည်းရောက်ရော ဦးလေးရဲ့စိတ်ထဲ ကျိုက္ကမီဘုရားကို ဝင်ဖူးရင်ကောင်းမယ်လို့ တွေးလိုက်မိတယ်၊ ဒါနဲ့ရောက်လာတယ်ဆိုပါတော့၊ ဒီကိုရောက်တော့ မိန်းမကပြောတယ်၊ အမျိုးသမီးတွေ ဘုရားရှိခိုးတဲ့ဘက်မှာ နဂါးမယ်တော်ရုပ်ထု ရှိတယ်၊ အဲဒါ နွားနို့တို့ ပေါက်ပေါက်ဆုပ်တို့ကပ်ပြီး လုပ်ငန်းကိုင်ငန်းအဆင်ပြေအောင် ဆုတောင်းပါလားတဲ့၊ ဒီလိုပြောတာလည်း အခြားမဟုတ်ဘူး၊ ဦးလေးကိုနဂါးတွေနဲ့ ပတ္တာန်းဆက်ရှိတယ်လို့ ဆရာတစ်ယောက်က ဟောဖူးတယ်လေ၊ ဦးလေးလည်း လုပ်ကြည့်တာ မမှားဘူး၊ မြတ်စွာဘုရားရှင်ကလည်း ဗလိနတ်စာကျွေးတာကို ခွင့်ပြုခဲ့ရုံမကဘူး၊ နတ်တို့ကို မိမိရဲ့ဧည့်ကောင်းစောင်ကောင်းလိုသဘောထားပြီး ပ,သကျွေးမွေးသင့်တယ်လို့ ဟောဖူးတော့ ဒါဟာသရဏဂုံမပျက်စေပါဘူးလေလို့တွေးပြီး နဂါးမယ်တော်ရုပ်ထုရှိတဲ့ ဒီဘက်အဆောင်ကိုအလာ၊ ဟိုလှေကားထစ်နားလည်းရောက်ရော ဘာဖြစ်သွားမှန်းကို မသိလိုက်တာ၊ ဖျတ်ခနဲ သတိလစ်သွားလိုက်တာ သတိလည်းပြန်ရရော လူတွေက ဦးလေးကို ဝိုင်းကြည့်နေလေရဲ့၊ ဦးလေးလည်း ဘာဖြစ်သွားသော



www.burmeseclassic.com

www.burmeseclassic.com

လဲလို့မေးကြည့်တော့ စောစောက ကလိုက်တာ ကွေးကောက်တွန့်လိမ်နေရောဆိုပဲဗျာ၊ သမီးတို့တောင် တွေ့လိုက်မလား မသိ၊ မခန့်ညနေကတင်ပဲ၊ ငါးစာရောင်းတဲ့ကောင်လေးဆို ခုထက်ထိ ဦးလေးကို နောက်နေတုန်း"

"သမီးတို့က ဒီနေ့မနက်မှရောက်လို့ မတွေ့လိုက်မိဘူး ဦးလေးရယ်၊ အမှန်အတိုင်းပြောရရင်တော့ တွေ့ဖူးချင်သား၊ တစ်ခါမှ မမြင်ဖူးဘူး"

"ဒါတွေက တကယ်ရှိတယ် - သမီးရဲ့၊ အန်တီက ဒီမှာနေတဲ့လူဆိုတော့ ခဏခဏ တွေ့ဖူးတာပေါ့၊ တစ်ခါကများဆို မိန်းမငယ်လေးတစ်ယောက်၊ သမီးအရွယ်လောက်ပဲ ရှိမယ်၊ နဂါးမယ်တော်ရုပ်ထုကိုလည်း မြင်ရောငိုလိုက်တာဆိုတာလေ ရှိုက်ကြီးတငင်ပဲ၊ ငိုရုံနဲ့ မပြီးသေးဘူး၊ နဖူးနဲ့ ကြမ်းပြင်ကို ဆောင့်တာများ ဟိုးနောက်က ပျဉ်ချပ်တွေတောင် လှုပ်တယ်၊ တဒုန်းဒုန်းပဲ၊ အန်တီမှာ သူများ တစ်ခုခုဖြစ်သွားတော့မလားဆိုပြီး စိုးရိမ်လိုက်ရတာ၊ သတိလည်းပြန်ရလာရော ဘာမှမနာတဲ့အပြင် ဆောင့်ထားတဲ့ နဖူးကလည်း ပေါက်ဖို့ကွဲဖို့နေနေသာသာ သွေးခြေတောင် မဥဘူးတော်၊ တကယ်ကို အံ့သြစရာပဲ၊ နောက်ပြီး ဒီနဂါးမယ်တော်ရုပ်ထုအကြောင်းလည်း ပြောပြရဦးမယ်၊ အရင်ကဆို ဒီအပေါ်မှာ မှန်အုပ်ထားတယ်လေ၊ ဖုန်တွေ၊ သဲတွေ မတက်အောင် ပေါ့၊ ဒါပေမဲ့ - သိပ်မကြာခင်ကမှ ဖြုတ်လိုက်ရတယ်၊ မယ်တော်က သူ့ နေရထိုင်ရတာ မလွတ်လပ်ဘူး၊ အသက်ရှူကျပ်တယ်လို့ အိပ်မက်ပေးလို့လေ"

ဘုရားမှာ ဝေယျာဝစ္စပြုလုပ်သော အဒေါ်ကြီးကလည်း သူမ၏ အတွေ့အကြုံကို တစ်ဆင့်ပြန်ဖောက်သည်ချ၏၊

"ကျွန်တော်လည်း အရင်က ဒါတွေ သိပ်မယုံပါဘူးဗျာ၊ အခု ကိုယ်တွေ့မှပဲ ယုံတော့တယ်၊ ဘယ့်နှယ့် - ယောက်ျားကြီးတန်မဲ့ ကွေးနေအောင် က,ဖူးသွားပြီကိုး - ဟား - ဟား - ဟား"

ဦးလေးကြီးက သူ့အဖြစ်သူ ပြန်ပြောပြီး သဘောကျစွာ ရယ်မောနေ၍ ကျွန်မလည်း ရောယောင်ကာ ရယ်လိုက်မိသည်၊ ထိုအခိုက် ...



"ဟဲ့ - နှင်းပွင့် ဘာလုပ်နေတာလဲ၊ ဟိုမှာ အမေတို့ စောင့်နေပြီ"

ဟုခေါ်ကာ ကျွန်မအနားသို့ ရောက်လာသူက ကျွန်မ၏ အစ်မ၊ သူမက ထိုသို့အော်ပြောပြီးမှ အနားက ဦးလေးနှင့်အဒေါ်ကို အားနာသွားဟန်ဖြင့် ပြုံးပြလိုက်ပြီး ...

"ဪ - အသိတွေနဲ့ တွေ့နေတာလား"

"မဟုတ်ဘူး၊ အခုမှ သိတာ၊ ဒီဦးလေးနဲ့အဒေါ် ပြောပြနေတာကို စိတ်ဝင်စားတာနဲ့ ဝင်နားထောင်နေတာ"

"အမလေး - နှင့်အကြောင်း ငါ သိပါတယ်၊ ဟင်း - ဟင်း -"

အစ်မလတ်က လူများရှေ့တွင်မို့ "ကုန်ကြမ်းအရှာထွက်နေတာလား စာရေးဆရာမကြီးရဲ့" ဟု နှုတ်ခမ်းတဆော်ဆော်ဖြင့် မလှောင်ပြောင်တော့ဘဲ ဟင်း - ဟင်း ဟု၍သာ အဆုံးသတ်လိုက်သည်၊ ထိုစဉ် ကျွန်မတို့နားသို့ ရုပ်ရည်ချောမောလှပသော အမျိုးသမီးကြီးတစ်ဦး ရောက်ရှိလာ၏၊ ခေတ်ဆန်ဆန်ဝတ်စားထားပြီး တန်ဖိုးကြီးပစ္စည်းများကို ဆင်မြန်းထားရာ ဦးလေးကြီး၏ ဇနီးဆိုသူပင် ဖြစ်ပေလိမ့်မည်ဟု အကဲခတ်မိသည်၊

"မောင်ရေ - ပြန်ကြစို့လေ"

"အင်း - ပြန်ကြတာပေါ့ - မေရယ်၊ ဪ - သမီး ဒါက ဦးလေးရဲ့ဇနီး မေလှနွယ်ပါ"

"ဟုတ် - တွေ့ရတာဝမ်းသာပါတယ်၊ အန်တီက အရမ်းချောတာပဲ"

"ဟင်း - ဟင်း - သမီးကလည်း တွေ့တာနဲ့ မြှောက်တော့တာပဲ၊ သမီးလေးကလည်း ချစ်စရာလေးပါ"

"ဪ - မဟုတ်ပါဘူး၊ သမီးက အမှန်အတိုင်းပြောတာပါ၊ သမီးနာမည်က နှင်းပွင့်၊ ဒါက သမီးရဲ့အစ်မပါ၊ မိဘတွေကတော့ ဟိုနားမှာ စောင့်နေကြပြီ၊ သမီးတို့ကို ခွင့်ပြုဦးနော်"

"ဪ - အေး - အေး"

www.burmeseclassic.com

နဂါးမယ်တော်ရုပ်ထု၏အနား၌ အမျိုးသမီးကြီးနှစ်ဦးနှင့် အမျိုးသားကြီး တစ်ဦး ကျန်ရစ်ခဲ့ကြပြီ။ ကျွန်မလည်း အမျိုးသမီးဘုရားရှိခိုးဆောင်သို့ ရောက်ရှိလာသော အမျိုးသားကြီး၏ စိတ်ဝင်စားဖွယ်ဖြစ်ရပ်မှန်ကို ကြားသိခဲ့ရပြီမို့ စိတ်ကျေနပ်နေမိသည်။

ကျောင်းဆောင်ကြီးပေါ်မှ ဆင်းလာသည့်အခါ အပြင်လောကသည် အလာတုန်းကလို မှောင်ရီပိုးတဝါးအလင်းရောင်ဖျော့ဖျော့မဟုတ်တော့ဘဲ တောက်ပစူးရှသော နေရောင်ခြည်အောက်တွင် ကျောင်းဆောင်ကြီးများ သည် ရွှေရောင်တဝင်းဝင်း တောက်ပြောင်နေလေသည်။ ရေကျခနေမှိန်ဖြစ် တာကြောင့် ဘုရားကြီး၏ တစ်ဖက်တစ်ချပ်ရှိ ရှင်ဥပဂုတ္တကျောင်းသက်နှစ်ဆောင်ကို ပြာလွဲ့လွဲ့ပင်လယ်ပြင်နှင့် ပန်းတင့်စွာ တွေ့မြင်နေရ၏။ ထူးထွေ ဆန်းလှသည့် ကျိုက္ကမီပါပေ။

→ ဂါဦးနွန်းကို



www.burmeseclassic.com

# သချိုင်းထဲက ည

**ဓားစုထိုက်**

"လောကကြီးကို စိတ်နာရမှာလား"

"ငါ့ကိုယ်ငါ စိတ်နာရမှာလား။

အဆင်မပြေမှုတွေက ငါ့ဆီပဲ ရောက်လာနေကြတယ်၊

ငါ ညံ့နေလို့လား။

ငါ မညံ့ပါဘူး၊

ငါ့အတွက် စိတ်တိုင်းမကျစရာတွေကြီးပဲဖြစ်နေတဲ့ လောကကြီးမှာ

ငါ မနေချင်တော့ဘူး၊

စိတ်ညစ်တယ်၊

ဘယ်သူ့ကို တိုင်တည်ပြီး ညစ်ရမှန်းတောင် မသိတော့ဘူး၊

လောကကြီးကို တိုင်တည်ပြန်တော့လည်း မတရားဘူး၊

သူ့ဘာသာသူနေတဲ့ လောကကြီးကို ငါ အပြစ်မပြောသင့်ပါဘူး၊

အရာအားလုံးက ငါ မှားတာပါ"



စိတ်ညစ်တိုင်း အလိုမကျမှုတွေ၊ အဆင်မပြေမှုတွေ ဖြစ်လာတိုင်း ကျုပ် ရွတ်နေကျစကားတွေပေါ့။ ဒီစကားတွေကို ရွာထိပ်က ကုက္ကိုပင်ကြီးအောက်မှာ တစ်ယောက်တည်း ထိုင်ပြောနေကျလေ၊ ကျုပ်ကို နားထောင်ပေးတာ ကုက္ကိုပင်ကြီးပဲ ရှိတာဗျ။ ကျုပ်မိသားစုကလည်း ကျုပ်ကို ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် မထင်ကြဘူးဗျာ။ အသက်ကြီးလာတော့ အသုံးမဝင်တော့လို့လား၊ ကျုပ်က လယ်သမားသားသမီးဆိုတော့ လယ်ယာလုပ်တတ်တယ်၊ ဒီနှစ်လယ်က အထွက်မကောင်းတော့ စိတ်ညစ်နေရတာပေါ့ဗျာ။ လယ်ဆိုတဲ့အတိုင်း လည်နေတာပါပဲ၊ ကုက္ကိုပင်ကြီးကို ကျုပ်လေ တစ်ချက်မော့ကြည့်လိုက်တယ်၊ ကျုပ်ကို သူက ငုံ့ကြည့်နေသလို ခံစားရတယ်ဗျ၊ အဲဒီအချိန်မှာပဲ လေတစ်ချက် ဝှေ့လိုက်တာ ကျောချမ်းသွားသလိုလို၊ ဒါနဲ့ပဲ ကျုပ်လည်း အိမ်ပြန်ခဲ့တယ်၊ ညနေစာစားသောက်ပြီး အိမ်ရှေ့ကွပ်ပျစ်ပေါ်လဲလျောင်းနေရင်း မျက်လုံးတွေလည်း စင်းကျလာတယ်၊

"ဟင်"

ကျုပ် လန့်သွားတယ်ဗျ၊ ကုက္ကိုပင်အောက် ကျုပ်က ရောက်နေတယ်လေ၊ ကျုပ်က ကွပ်ပျစ်ပေါ်လျောင်းနေတာ မဟုတ်လား။ အံ့သြနေတုန်းမှာပဲ အသံတစ်သံ ကြားရတယ်၊

"ဟေ့ကောင်ရ - မင်းပဲ လောကကြီးမှာ မနေချင်ဘူးဆို၊

ဒါကြောင့် - ငါက ဒီနေရာ ခေါ်လိုက်ရတာပဲကွ၊

ငါကတော့ လူ့လောကကြီးထဲ သွားပြီ၊

လူ့လောကကြီးထဲ မနေချင်တဲ့ နောက်တစ်ယောက်လာတော့

မင်းလည်း လူလဲပြီး ပြန်လာခဲ့ပေါ့ကွာ၊

သွားပြီဟေ့"

"ဟာ - ဘုရား - ဘုရား၊ မြတ်စွာဘုရား - ကယ်တော်မူပါ"

ကျုပ်လည်း ဘုရားတလိုက်မိတယ်၊ ဝက်တော်ကိုးပါးကိုလည်း ရွတ်မိနေတယ်၊ အဲဒီအချိန် "ဝုန်း" ဆိုပြီး ပြုတ်ကျသံကြားလိုက်ရတယ်၊ ကျုပ်လည်း



www.burmeseclassic.com

www.burmeseclassic.com

ခါးနာသလို ခံစားလိုက်ရတယ်။ အိမ်ရှေ့ကွပ်ပျစ်ပေါ်မှာ အိပ်ပျော်သွားတာပဲ။ အိပ်မက်တွေ မက်နေတာပါလား။ အိပ်မက်မက်ပြီး ကွပ်ပျစ်ပေါ်က ပြုတ်ကျတာ။ ကျုပ်ကလည်း ပက်လက်ကြီး ကွပ်ပျစ်ပေါ်မှာ အိပ်နေတာကိုး။ အိမ်ပေါ် တက်ပြီး အိပ်ရာထဲမှာ အိပ်မှပဲ။ ခဏနေတော့ - ကျုပ်လည်း အိပ်ပျော်သွားတယ်။ ဒါပေမဲ့ - တစ်ယောက်ယောက်က လာနှိုးနေတယ်။ ကျုပ်လည်း အိပ်မှုန်စုံမွှားနဲ့ သူ့နောက်က လိုက်ခဲ့ရတယ်။ သူက ရွာပြင်ကို သွားနေတာပါလား။ ရွာပြင်မှာ သချိုင်းပဲ ရှိတာလေ။ သချိုင်းကို ကျော်ပြီးမှ ကျုပ်တို့ လယ်တွေဆီ ရောက်မှာ။ လယ်ထဲသွားတာနဲ့ တူပါတယ်လေ။

ကျုပ် မြေလှမ်းတွေ ရပ်တန့်သွားတယ်။ သူက သချိုင်းထဲ ဝင်သွားတာကိုးဗျ။ ကျုပ်ကို လက်ယပ်ခေါ်နေတယ်။ ခွေးအူသံတစ်ချက် ကြားလိုက်ရတယ်။ မသွားဘူးလို့ တင်းခံထားတဲ့ ခြေထောက်တွေက အလိုလိုနေရင်း လမ်းမလျှောက်ရဘဲ ရောက် သွားသလို ခံစားရတယ်။ ကျုပ်လည်း သူ့အနောက်ကနေ လိုက်ခဲ့ရတာပေါ့။ ဒါပေမဲ့ - အထဲရောက်တော့ သချိုင်း မဟုတ်ဘူး။ ရွာကြီးတစ်ရွာ ဖြစ်နေတယ်။ ဒီရွာက ဘာရွာလဲ၊ ဘယ်အချိန်က တည်ထားတာလဲ၊ ဒီရွာရှိတာ ကျုပ် မသိပါလား။ ရွာထဲရောက်တော့ တချို့အိမ်ကလူတွေက ကျုပ်ကို နှုတ်ဆက်ကြတယ်၊ ကျုပ်လည်း ကြောင်တောင်တောင် ဖြစ်သွားတယ်၊

ဒါပေမဲ့ - ကျုပ် စိတ်ထဲ မိတ်ဆွေဟောင်းတွေနဲ့ ပြန်တွေ့ရလို့ ဝမ်းသာသလိုတော့ ရှိတယ်၊ ကျုပ်လည်း ရွာကို လျှောက်ကြည့်နေရင်း ဟိုအိမ်က လှမ်းခေါ်၊ ဒီအိမ်က လှမ်းခေါ်နဲ့၊ ဘာတွေလဲမသိဘူး၊ ဖော်ရွေကြတယ်လို့ပဲ ပြောရမလား၊ တစ်ရွာလုံး သွားလာလှုပ်ရှားနေကြတာကိုကြည့်ရင်း အိမ်တစ်အိမ်ရှေ့ရောက်တော့ ဆံပင်ဖားလျားနဲ့ ကောင်မလေးတစ်ယောက် နောက်ကျောပေးလျက် မတ်တတ်ရပ်နေတာကို တွေ့ရတယ်။ ဆံဝင်ရှည်တွေက မြေကြီးပေါ်မှာပုံနေတယ်လေ၊ ဆံပင်ကောင်းလိုက်တာလို့တွေးတုန်း သူမက လှည့်ကြည့်ပါတယ်။ ကျုပ် သွေးပျက်မတတ် ဖြစ်သွားတယ်။ သူမရဲ့



မျက်နှာက အသားလုံးကြီး အတိုင်းပဲ။ ကျုပ်ကို ခေါ်လာတဲ့ သူ့ကိုလည်း အားကိုးတကြီးနဲ့ ကြည့်မိပြန်တော့လည်း အသားလုံးကြီးပဲရှိတဲ့ မျက်နှာကို တွေ့လိုက်ရတယ်။ သူက ခုန ဒီမျက်နှာ မဟုတ်ပါဘူး။ ပတ်ဝန်းကျင်ကို ကြည့်မိတော့လည်း အသားလုံး မျက်နှာတွေနဲ့ပါလား။ ကျုပ် ယောက်ယက်ခတ်စွာဖြင့် ကျုပ်ရဲ့မျက်လုံးအစုံ ကို လက်ဖြင့်အုပ်ပြီး အော်လိုက်မိတယ်။

"အား ..."

ဒါပေမဲ့ - မကြာဘူး။ ချက်ချင်းပဲ လက်ဖယ်ပြီး ကြည့်လိုက်တော့ အသားလုံးမျက်နှာတွေမဟုတ်ပဲ လှပတဲ့ကောင်မလေးတွေ၊ ကောင်လေးတွေ၊ ခန့်ညားတဲ့ယောက်ျားကြီး၊ မိန်းမကြီးတွေနဲ့ ဆော့ကစားနေတဲ့ ကလေးတွေကို တွေ့ရတယ်၊ ကျုပ်မျက်လုံးတွေ ပြန်ပွတ်သပ်ရင်း ဘာဖြစ်တာလဲလို့ တွေးမိတယ်၊ ဇဝေဇဝါဖြင့် ကျုပ် ခေါင်းခါမိတယ်၊ ကျုပ်ပဲ အိပ်ရေးမဝလို့ အမြင်တွေ မှားနေတာလား။ ကျုပ်နဲ့မသိတဲ့ သူ့ရဲ့နောက်ကို ဘာလို့လိုက်လာမိတာလဲ ဆိုတဲ့အတွေးများဖြင့် ခေါင်းတွေလည်း ကုတ်မိနေပါရဲ့၊

"နောင်ကြီး - အိမ်ပေါ်တက်လေ၊

စကားပြောရင်း အကြမ်းသောက်ရအောင်ပေါ့ဗျာ၊

ဒါ - ကျွန်တော့်အိမ်ပဲ၊

တစ်ခါတလေကျရင် ရွာထိပ်ကုက္ကိုပင်ကြီးမှာ သွားနေတယ်"

"ဟင်"

သူပြောတဲ့စကားတွေက တစ်မျိုးကြီးပဲ၊ အားနာတာနဲ့ သူပြောတာတွေကို မှင်တက်ပြီး နားထောင်နေမိတယ်၊ အိမ်ပေါ်မှာထိုင်ရင်း အိမ်ကြီးကို မျက်လုံးဝေ့ပြီး ကြည့်လိုက်မိတယ်၊ စိတ်ထဲမှာတော့ ခံစားမှုမကောင်းဘူး၊ အိမ်ကြီးရဲ့အနံ့အသက်တွေကလည်း တစ်မျိုးကြီးပါလား၊ အမွှေးတိုင်နံ့တွေကလည်း အသုဘမှာထွန်းတဲ့ အနံ့တွေလိုပဲ၊ ကျုပ်က နှာခေါင်းတရှုံ့ရှုံ့လုပ်နေတာ သူက ကြည့်နေတယ်၊ သူ့ရဲ့အကြည့်တွေကလည်း ဝါးစားမတတ်ပဲဗျ။ ယောက်ျားအရင့်မာကြီးဖြစ်တဲ့ ကျုပ်တောင် လန့်တယ်၊

"အမွှေးတိုင်နံ့ မခံနိုင်ဘူးထင်တယ်၊ မနက်က အမေ လာထွန်းသွားတာ ဗျ"



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ပါဘူးဗျာ - ရပါတယ်"

သူ့စကားတွေက အံ့ဩစရာပါလား။ မနက်က အမေလာထွန်းသွားတဲ့ အမွှေးတိုင်က အခုထိ အနံ့ရှိတုန်းပဲ။ ဒါထက် အံ့ဩစရာကောင်းတာကို ကျုပ် တွေ့လိုက်ရတယ်။ အိမ်ထောင့်တစ်နေရာက စားပွဲပေါ်မှာ အမွှေးတိုင်အငွေ့ တလူလူနဲ့ပါလား။ ပြီးတော့ - ထမင်းထုပ်တစ်ထုပ်၊ သူ့ရဲ့ဓာတ်ပုံရှေ့မှာ တင် ထားပါလား။ ရေတစ်ခွက်တောင် ပါလိုက်သေးတယ်။ အမွှေးတိုင်တွေလည်း အများကြီး ထွန်းထားတယ်၊ နှင်းဆီပန်းအနီရဲရဲလေးတစ်ပွင့်ကိုလည်း ပန်းအိုးထိုးထားတာ တွေ့ရသေးတယ်။ ကျုပ် မျက်လုံးအပြူးသားနဲ့ အံ့ဩနေ တာကို သူကလည်း သိတယ်။

"နောင်ကြီး - ဘာတွေကြည့်နေတာလဲ"

"ဩော် - ဘာမှမဟုတ်ပါဘူး"

"ဟား - ဟား - နောင်ကြီး - လန့်သွားတယ်မဟုတ်လား၊ စားပွဲပေါ်က အရာတွေကြည့်ပြီးတော့လေ၊ အမေက ဒီလိုပဲ၊ ဒါတွေမလုပ်လည်း ရပါတယ် ဆိုတာကို ပြောလို့မရဘူး။ အဲဒီလိုလာထားတိုင်း ကျွန်တော် စားလို့မရဘူး"

"ဘာဖြစ်လို့ စားမရတာလဲ"

"နောင်ကြီး - နောက်တော့သိလိမ့်မယ်၊ အခုပြောလိုက်ရင် ခင်ဗျား - သွေးပျက်သွားလိမ့်မယ်"

သူ့စကားတွေက အဆန်းကြီးပါလား၊ လူငယ်တွေကလည်း အဆန်း တွေ လုပ်တတ်တာပဲလေ၊

"နောင်ကြီးလည်းကုဏ္ဍိုပင်ကြီးနားလာတယ်မဟုတ်လား။ ကျွန်တော်က နောင်ကြီးကို ခင်နေတာဗျ။ နောင်ကြီး စိတ်ညစ်တိုင်း ရေရွတ်နေတဲ့စကား တွေ အကုန်ကြားတယ်၊ စိတ်ညစ်ရင် ကျွန်တော်နဲ့ လာနေပါလား။ အိမ်မှာ ဘယ်သူမှမရှိဘူး"

"အမေ ရှိတယ်ဆို ..."



"အမေက ရွာထဲမှာ နေတာလေ၊ ကျွန်တော်က အဲဒီမှာ နေလို့မရဘူး။ ဒါက ကျွန်တော့်နေရာပဲ"

"မင်းက ဆိုးလို့ အိမ်မှာနေလို့မရတာလား"

"ဟာ - ဘယ်ကဆိုးရမှာလဲ၊ ကျွန်တော့်မှာ အဖေ၊ အမေနဲ့ ညီမလေး ရှိတယ်၊ သူတို့ကလည်း ကျွန်တော့်ကို သိပ်ချစ်ကြတယ်၊ ကျွန်တော်လည်း သူတို့ကို သိပ်ချစ်တယ်၊ ဒါပေမဲ့ - ကံကြမ္မာဆိုးကြီးက အတူတူနေခွင့် မပေး ထားဘူး။ ဒါတွေပြောရင် ဝမ်းနည်းတယ်ဗျာ"

သူ့စကားကို နားထောင်ရင်း စိတ်မကောင်းဖြစ်သွားတယ်၊ ပြီးတော့ - ကျုပ်သားသမီးတွေကို သတိရလိုက်သေးတယ်၊ သူတို့နဲ့များ ကွာလိုက်တာ၊ ကျုပ်သားသမီးတွေက ကျုပ်ကို မချစ်ကြသလို ဥပေက္ခာပြုထားကြတယ်၊

"ဒါနဲ့ - နောင်ကြီးလို့ ခေါ်ရမှာထက် အဘလို့ ခေါ်ရမှာ၊ ကျွန်တော့်အဘ နဲ့ နောင်ကြီးက သိပ်မကွာလောက်ဘူး၊ ဒါပေမဲ့ - ကျွန်တော်ကတော့ နောင် ကြီးလို့ပဲ ခေါ်ချင်တယ်၊ အစ်ကိုကြီးတစ်ယောက်လို ခင်မိလို့ပါဗျာ"

သူ့စကားကို နားထောင်မိတော့ နပျိုသွားသလို ခံစားရတယ်၊ စိတ် ညစ်နေတာတွေလည်း ပျောက်သွားသလိုပါပဲ၊

"နောင်ကြီး - ကုဏ္ဍိုပင်နား လာတဲ့အချိန် ကျွန်တော်က ခေါ်ပေမယ့် နောင်ကြီး မကြားဘူးလေ၊ ဘယ်ကြားပါ့မလဲ၊ ခုချိန်မှ နောင်ကြီးကို လာခေါ် လို့ရတာ၊ ညနေက ကွပ်ပျစ်ပေါ်မှာ အိပ်ပျော်သွားတယ် မဟုတ်လား၊ ည ရောက်တာတောင် အိမ်ပေါ်ကို နိုးပြီးခေါ်မယ့်သူ မရှိဘူး၊ ဒါနဲ့ပဲ - အိမ်ရှေ့ ကွပ်ပျစ်ပေါ်မှာ အိပ်နေရင်း ပြုတ်ကျသွားတယ်လေ"

"ဟင် - ဟုတ် - ဟုတ်တယ်"

ကျုပ်လည်း စကားတွေ ထစ်ငေါ့စွာနဲ့ပြန်ဖြေမိတယ်၊ အံ့ဩစရာကောင်း လိုက်တာ၊ ကွပ်ပျစ်ပေါ်ကနေ မြေပြင်ပေါ်ပြုတ်ကျတာ သူက သိတယ်၊ ဒေါ နေတော့ - သူ ငါ့ကို လာခေါ်သွားတာပဲ၊

"မောင်ရင်က သိနေတယ်"



www.burmeseclassic.com

www.burmeseclassic.com

"သိတာပေါ့ဗျာ၊ ကျွန်တော်က ရွာထိပ်ကုက္ကိုပင်မှာ ညနေစောင်းရင် အမြဲလာတယ်၊ မိသားစုတွေကို လာမျှော်ကြည့်တာလေ"

"ဪ - ဒါများ - ရွာထဲကအိမ်တော့ မသွားဘဲနဲ့"



**ထိုအချိန်မှာပဲ ကျုပ် မိုက်ခနဲဖြစ်သွားတယ်။**
**ခေါင်းတွေ မူးနေသလိုပဲ။ ကျုပ်ထိုင်နေတဲ့နေရာကိုကြည့်ပြီး**
**အံ့ဩရပြန်တယ်။ ခုနက အိမ်ကြီးတစ်လုံးထဲမှာ ထိုင်နေခဲ့တာပါ။**
**ခုတော့–အုတ်ဂူတစ်လုံးပေါ်မှာ ထိုင်နေတယ်။ ထမင်းထုပ်လေးကို**
**လည်း စားနေလျက်သားပေါ့။ အုတ်ဂူမှာ နာမည်ရေးထားတာ**
**"ထင်ကျော်"ဆိုပါလား။ ခုနက လူက "ထင်ကျော်"များလား ...**

"သွားလို့မရဘူး။ ရွာစောင့်နတ်ရိုက်လိမ့်မယ်၊ အခုတောင် နောင်ကြီးက လောကကြီးထဲမှာ မနေချင်တော့ဘူးဆိုလို့ အရဲစွန့်ပြီးလာခေါ်တာ၊ နွားရိုင်းသွင်းချိန်တုန်းက နွားဗိုက်အောက်ကနေ ကပ်လိုက်လာရတာလေ"

သူ့စကားများကြောင့် ကျုပ် ကျောချမ်းသွားသလိုလို၊ နွားရိုင်းသွင်းချိန်ဆိုတာ မကောင်းဆိုးဝါးတွေထွက်တဲ့အချိန်ပဲ၊ သူက နွားတွေနဲ့ ကပ်လိုက်



လာတယ်၊ ဒါဆိုရင် – သူက သရဲလား။ ဒါပေမဲ့ – လူအတိုင်းပဲ၊ ကျုပ် ကြောက်မှာစိုးလို့ သရဲရုပ်ကို ဖျောက်ထားတာလား၊

ဒီရွာက ဘာရွာလဲ၊ တစ်ခါမှ မတွေ့ဖူးပါဘူး။ ရောက်လည်း မရောက်ဖူးဘူး။ ရွာကလူတွေ မအိပ်ကြဘူးလား၊ ညဘက်တွေလည်း လျှောက်သွားနေကြတယ်၊ တစ်ရွာလုံး စည်ကားနေတယ်၊

သူက ခပ်ယဲ့ယဲ့ပြုံးရင် ဖြေပါတယ်၊

"ရွာထိပ်မှာ ရွာနာမည် မတွေ့ခဲ့ဘူးလား၊ ပြီးခဲ့တဲ့အပတ်ကတောင် ဓနုခင်းဘက် နောင်ကြီးတို့ လာသွားကြသေးတယ်လေ"

ကျုပ် စဉ်းစားကြည့်လိုက်တော့ ပြီးခဲ့တဲ့အပတ်က ဘယ်သွားမိလို့လဲ၊ သွားတာတော့ တစ်ခုရှိတယ်၊ အသုဘ သွားပို့တာပါ၊ ရွာထဲက "ဒေါ်ပု"ရဲ့ အသုဘကိုတော့ လိုက်ပို့ခဲ့တယ်၊ ဒီရွာကိုတော့ မလာခဲ့ပါဘူး၊

"ကဲပါ – စဉ်းစားမနေပါနဲ့တော့၊ ခေါင်းတွေ ရှုပ်ကုန်တော့မယ်၊ ရေနွေးကြမ်းသောက်ဦး"

ထိုစဉ် ဆံပင်ဖားလျားနဲ့ ကောင်မလေးတစ်ယောက် ရောက်လာပါတယ်၊ ကျုပ်ကို လှမ်းကြည့်တဲ့အကြည့်တွေက မကောင်းဆိုးဝါးတစ်ကောင်ကြည့်နေသလို ခံစားရတယ်၊ ညအချိန် ဆံပင်ဖားလျားနဲ့ မသွားကောင်းဘူးဆိုတာ မသိကြဘူးလား၊ သရဲကပ်တတ်တယ်၊ အခုခေတ်ကလေးတွေများ အကြောက်အလန့် မရှိကြဘူး၊ ကျုပ်လည်း ဝေဖန်ရင်းနဲ့ ကောင်မလေး ပြန်သွားတာကိုကြည့်နေမိတယ်၊ သူမက လှေကားထစ်တွေကို ခြေမလှမ်းဘဲနဲ့ ဆင်းသွားတယ်၊ အနောက်ဘက်လှည့်ပြီး တစ်ချက်ပြုံးပြတယ်၊ ပြုံးနေတာကို ကြည့်ရင်းနဲ့ပဲ အသားလုံးမျက်နှာကြီး ဖြစ်သွားတာကို တွေ့လိုက်ရတယ်၊ မျက်နှာလွှဲပြီး တစ်ချက်ပြန်ကြည့်တဲ့အခါမှာတော့ ချောမောလှပတဲ့ သူမရဲ့ မျက်နှာကို မြင်ရပြန်တယ်၊ ဒါတင် မကပါဘူး၊ ကောင်လေးကို ကြည့်မိတော့လည်း အစွယ်အဖွေးသားနဲ့ ပြုံးပြနေတာ တွေ့ရတယ်၊ မျက်လုံးပွတ်ရင်း ပြန်ကြည့်တော့ ပုံမှန်ပဲ၊



www.burmeseclassic.com

www.burmeseclassic.com

"ဘာတွေလဲဟာ – စိတ်ရှုပ်လိုက်တာ"

"ကဲ – နောင်ကြီးရေ – ထမင်းစားပါဦး။ မနက်က အမေ လာပို့သွားတာ။ နောင်ကြီးကတော့ စားလို့ရတယ်"

သူကတော့ ပြောရင်းဆိုရင်း ထမင်းထုပ်ဖြေပြီး ကျုပ်ကို ကျွေးပါတယ်။ ကျုပ်ကလည်း ဘာမှမပြောနိုင်ပဲ ထမင်းစားနေမိတယ်။

"အမေ့ကို တွေ့ရင် ပြောပေးစမ်းပါဗျာ။ ကျွန်တော့်နာမည်ခေါ်ပြီး အလှူလုပ်ပေးပါလို့။ ဆရာတော်တွေကိုကပ်ပြီး အမျှပေးမှ အမေကျွေးတာတွေ ကျွန်တော် စားလို့ရမှာလေ"

ကျုပ်လည်း သူပြောတာ နားထောင်ရင်း မှင်တက်နေမိပါတယ်။ စားနေတဲ့ထမင်းတောင် နင်သွားတယ်။ စကားတွေက အထူးအဆန်းတွေပါလား။ ထိုအချိန်မှာပဲ ဘုန်းကြီးကျောင်းမှ "အုန်းမောင်း" ခေါက်သံကြားရတယ်။

"ဟော – မိုးလင်းတော့မယ်။ ကျွန်တော် သွားရတော့မယ်။ နောက်မှပဲ တွေ့မယ်ဗျာ"

ထိုအချိန်မှာပဲ ကျုပ် မိုက်ခနဲဖြစ်သွားတယ်၊ ခေါင်းတွေ မူးနေသလိုပဲ၊ ကျုပ်ထိုင်နေတဲ့နေရာကိုကြည့်ပြီး အံ့ဩရပြန်တယ်၊ ခုနက အိမ်ကြီးတစ်လုံးထဲမှာ ထိုင်နေခဲ့တာပါ။ ခုတော့ – အုတ်ဂူတစ်လုံးပေါ်မှာထိုင်နေတယ်။ ထမင်းထုပ်လေးကိုလည်း စားနေလျက်သားပေါ့။ အုတ်ဂူမှာ နာမည်ရေးထားတာ "ထင်ကျော်" ဆိုပါလား၊ ခုနက လူက "ထင်ကျော်" များလား။

"ဒါဆို – သေသူက သူ့ကိုကျွေးထားတဲ့ထမင်းကိုကျုပ်ကိုကျွေးတာပေါ့။ အမလေး – ဘုရား – ဘုရား"

"ကျုပ် – သချိုင်းထဲ ရောက်နေတာပဲ"

ကျုပ်လည်းအသိဝင်လာပြီး သချိုင်းထဲက အမြန်ပြေးထွက်လာခဲ့တယ်။ အိမ်ရောက်တော့ ကျုပ်လည်း အမောဆို့နေတာပေါ့၊ အိမ်ပေါ်သို့ မြန်မြန်လှမ်းတက်လိုက်တာ လှေကားထစ်မှ ခြေချော်ပြီး ပြုတ်ကျပါလေရောဗျာ။ ကျုပ်လည်း ဒူးတွေတုန်၊ လက်တွေတုန်ပြီး ကယောင်ချောက်ချားဖြစ်နေတာပေါ့။



"အား – ကျွတ် – ကျွတ်"

"ဟော – အဘ – သတိရလာပြီ။ ရေသောက်မလား။ အဘကလည်းလေ မိုးမလင်းသေးဘူး၊ ဘာထလုပ်တာလဲ၊ အိမ်ပေါ်က ပြုတ်ကျတာလေ၊ တော်သေးတာပေါ့၊ မကျိုးမပဲ့သွားလို့၊ အရှိန်နဲ့ဆိုတော့ မေ့သွားတာ၊ ဒါကြောင့် ပြောတာ အသက်ကြီးနေပြီ – အေးအေးဆေးဆေးနေပါလို့"

ကျုပ်ကို ဒီလိုပြောတော့ ဝမ်းနည်းလိုက်တာဗျာ၊ အသက်ကြီးနေပြီဆိုတော့ မိသားစုမှာ အသုံးမဝင်တော့ဘူးလား။ အသက်ကြီးလာလေ၊ အထီးကျန်ဖြစ်လာလေပါပဲ၊ တစ်ချိန်က ကျုပ် ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့တဲ့သူတွေက အသက်ကြီးလာတော့ ကျုပ်ကို အလိုမရှိကြတော့ဘူးလား။ အသက်ကြီးလာတဲ့သူတွေရဲ့ခံစားချက်ကို နားမလည်ကြတာလား။

ကျုပ်ရဲ့အဖြစ်အပျက်တွေကို ပြန်စဉ်းစားနေမိတယ်၊ ကျုပ်က သရဲခြောက်ခံရတာလား၊ သရဲနဲ့ တကယ်စကားပြောခဲ့တာလား၊ သရဲကျွေးတဲ့ထမင်းကိုရော တကယ်ပဲ စားခဲ့သလား၊ ရွာထိပ်က ကုက္ကိုပင်ကြီးမှာရော သူ တကယ်လာနေတတ်သလား။ အိမ်ရှေ့ကွပ်ပျစ်မှာထိုင်ရင်း အတွေးများစွာဖြင့် အလုပ်ရှုပ်နေပါတယ်၊ ကျုပ်လည်း ခေါင်းတွေ မူးလာပြီ၊ ကျုပ် "ဘာလုပ်သင့်သလဲ" ဟု ဆုံးဖြတ်မရဖြစ်နေတယ်၊ ကျုပ်ကို မလိုလားတဲ့အိမ်မှာ မနေချင်တော့ပါဘူး၊ ကျုပ် ဘယ်သွားရမလဲ၊

နောက်တစ်နေ့မှာ ရွာဦးဘုန်းတော်ကြီးကျောင်းသို့ ရောက်ခဲ့ပါတယ်၊ ကျုပ်ရဲ့ အိပ်မက်လိုလို၊ တကယ်လိုလိုအဖြစ်အပျက်တွေကို ဆရာတော်အား လျှောက်ထားမိပါတယ်၊ ကျုပ်ရဲ့ မိသားစုတွေ ကျုပ်အပေါ် ထားရှိတဲ့ သံယောဇဉ်ကိုလည်း ပြောပြမိတာပေါ့ဗျာ၊

"ဒါယကာကြီးအတွက် အဲဒါ အကောင်းဆုံးပဲကွဲ့၊ ကိုယ့်ကို အလိုမရှိတော့တဲ့သူတွေကို အပြစ်မမြင်နဲ့ကွဲ့၊ သံယောဇဉ်မရှိပဲ တရားအားထုတ်နိုင်အောင် သူတို့က ကူညီလိုက်တယ်လို့ သဘောထားပေါ့၊ ဘုရားသာသနာနဲ့ ကြုံတဲ့အချိန်မှာ ဘာဝနာတရားကိုသာ ကြိုးစားအားထုတ်ပါ၊ အရွှံ့ထဲက



www.burmeseclassic.com

www.burmeseclassic.com

အမြတ်ကိုရှာပြီး သံသရာရှုပ်ငြိမ်းဖို့ တရားရှာတာ အကောင်းဆုံးပဲ၊ အသေ
မဦးခင် ညာက်ဦးအောင် ပြင်ဆင်ပေတော့"

"တင်ပါ့ - ဘုရား"

တစ္ဆေရွာသို့ အလည်တစ်ခေါက်ရောက်၍ တစ္ဆေကျွေးသော ထမင်းကို
စားခဲ့တဲ့ ကျုပ်အတွက် အဆိုးထဲက အကောင်းတွေပေါ့ဗျာ။

ခုလို အဖြစ်အပျက်တွေသာ မရှိခဲ့ရင် ကျုပ်လည်း တရားရမှာမဟုတ်
ဘူး။ အလကားနေရင်း စိတ်ညစ်တာတွေပဲ တွေးနေတတ်တဲ့ ကျုပ်ကို သုသာန်
သို့ အလည်ခေါ်ခဲ့တဲ့ သူကိုပဲ ကျေးဇူးတင်ရမလား။ သူကျွေးတဲ့ထမင်းကို စား
ခဲ့၍ သူ့အတွက် ရည်စူးပြီး ကောင်းမှုတွေပြုရင်း အမျှပေးဝေပါ့မယ်။ ကျုပ်ရဲ့
ကျန်နေတဲ့ဘဝသက်တမ်းမှာ တရားဘာဝနာ အားထုတ်ရင်း သံသရာ ရှုပ်
ငြိမ်းဖို့အတွက် ကြိုးစားမည်ဟု ဆုံးဖြတ်ချက် ချလိုက်ပါတော့တယ်ခင်ဗျာ။

→ **ဓာရာထိုက်**

**စာမူရှင်များသို့**

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့မည်
မဟုတ်ပါ၍ မိတ္တူပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
ဂန္ဓီရလောက မဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com

# သန့်
# ဟိန်းထက်
# စုန်းတိုက်တဲ့ည...





-ကြောက်စရာကြီး"

-အုံ့ဖြိုလည်း ကောင်းတယ်။ စိတ်ဝင်စားစရာလည်းကောင်းတယ်။

-ကြောက်ဖို့လည်း ကောင်းတယ်ကွာ"

ဘယ်ကမလဲ-သူရိန်။ ရှုဖို့ စက်ဆုပ်ဖို့ကောင်းတဲ့

လမ်းပညာတွေပေါ့"

တော့-ကျွန်တော်တို့နှစ်ယောက် သရဲဗီဒီယိုအခွေကို

ကြည့်နေကြခြင်းဖြစ်သည်။ သရဲကားက ယိုးဒယားသရဲကား။ သရဲကားဆိုပေမယ့်

အဝေ အောက်လမ်းပညာတွေနဲ့ ပြုစားတဲ့ဂါတ်လမ်းဆိုရင် ပိုမှန်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

ဖါတ်လမ်းက အတော်ဆွဲဆောင်မှုရှိပြီးကြည့်ကောင်းလှ၏။ ထမင်းစားနေရာမှ ရုတ်တရက် ထအန်တော့ ပါးစပ်ထဲမှ ဘာရိတ်မားတွေ ထွက်ကျလာသည်၊ အသွားထက်ထက်ဘရိတ်မားအသစ်တွေမို့ အတွင်းကလီစာတွေ ပြတ်ရကာ သွေးစိမ်းရှင်ရှင် ပန်းထွက်သောမြင်ကွင်း၊၊ ဒွါရကိုးပေါက်မှ သွေးတွေ အဆက်မပြတ်ယိုစီးကျနေသော မြင်ကွင်းကိုတွေ့ရပြီး အခုလို ကျွန်တော်တို့နှစ်ယောက် ထုတ်ဖော်ပြောမိကြခြင်း ဖြစ်သည်။

"ဒီစုန်းကဝေအတတ်တွေဟာတို့နိုင်ငံတင်မကဘူး၊ ကမ္ဘာပေါ်မှာလည်း သူ့နေရာနဲ့သူ ကြီးထွားပျံ့နှံ့နေတယ် - သူရိန်။ လျှို့ဝှက်ပြီး သိုသိုသိပ်သိပ်ရှိလို့ သိပ္ပံပညာလို ထင်ထင်ပေါ်ပေါ်မရှိတာ"

"အေးကွာ - ဗိုးကြယ်၊ မင်းကတော့ ဆရာကြီး အောင်စကြဲသျှင်ရဲ့ လက်ရင်းတပည့်ဆိုတော့ ဒီအပိုင်းမှာ ပိုပြီးနှံ့စပ်သိကျွမ်းမှာပေါ့၊ ငါတောင် မင်းနဲ့ပေါင်းပြီး အတော်သိလာပြီ"

ကျွန်တော်ကငယ်စဉ်ကတည်းက အင်းစမပညာရပ်တွေ၊ အထူးအဆန်း ပညာရပ်တွေ လိုက်စားခဲ့သူ ဖြစ်သည်၊ အခုတော့ - သာသနာပြုပုဂ္ဂိုလ် လေးကြိုးကိုင်ဆရာကြီး အောင်စကြဲသျှင်၏ အရိပ်အာဝါသအောက် ခိုလှုံမိတော့ ဆရာကြီး၏ အားအထားရဆုံး လက်ရင်းတပည့်ကြီး ဖြစ်လာခဲ့ရသည်၊

မပြောမဖြစ်၊ အနည်းအကျဉ်းမျှ ပြောရဦးမည်၊ "သာသနာပြုပုဂ္ဂိုလ်" ဟူသည် အမျိုးမျိုး အဖုံဖုံရှိကြပေရာ ဆရာကြီး၏သာသနာပြုပုံက တစ်မျိုး ဖြစ်၏၊ တိကျပြတ်သား၍ ရဲရင့်လှသောဆရာကြီးသည် သာသနာပြုအလုပ် နှင့်တွဲဖက်၍ "မကောင်းမိစ္ဆာ နှိမ်နင်းခြင်း" အလုပ်ကိုလည်း တွဲဖက်လုပ်ခဲ့ပါ သည်၊

"အဖျက်သမားကို အရင်ရှင်းပြီးမှ နယ်မြေအေးချမ်းမယ်၊ နယ်မြေအေး ချမ်းမှ လုပ်ချင်တဲ့၊ ကောင်းတဲ့အလုပ်တွေ လုပ်နိုင်မယ်လေ၊ စုန်းကဝေတွေ ပေါ်တဲ့နေရာမှာ ဘုမသိ ဘမသိနဲ့ စေတီတစ်ဆူတည်ဖို့ကြိုးစားရင်း ဒီစေတီ



လည်း အဖျက်တွေကြားမှာ ရောင်ဝါမပွင့်နိုင်ရှာဘူး၊ ဒီတော့ - မိစ္ဆာတွေကို အရင်သုတ်သင်ရှင်းလင်းရမယ် - ဒါပဲ"

ဤကား ဆရာကြီး အောင်စကြဲသျှင်၏ လက်သုံးစကားပင်ဖြစ်၏၊ "ဝိဇ္ဇာ သိုက်၊ မာတ်၊ နတ်" ဟူသော လေးကြိုးကိုင်၊ လေးကြိုးပိုင် ဆရာကြီးသည်

**ဗိုက်ထဲက ဘာရိတ်မားတွေတင်မကပါ။**
**ငါးရှဉ့်အရှင်များပါ ထွက်လာပါသည်။ ငါးရှဉ့်အရှင်များက**
**တွန့်လိမ်ခေါက်ထိုးရင်း ပါးစပ်၊ နှာခေါင်း၊ နားရွက်များမှ**
**တိုးထွက်လာသည်မှာ အသည်းယားစရာ။ တချို့အကောင်**
**များက ခန္ဓာကိုယ်အရေပြားကို တိုက်ဖောက်၍**
**ထိုးခွဲထွက်လာ၏ ...**



ပထမံအတတ်များဖြင့် မကောင်းမိစ္ဆာ၊ အဖျက်အမှောင့်များကိုတတ်စွမ်းသမျှ ရှင်းလင်းနေသူ ဖြစ်၏၊

ဆရာကြီး၏ တိုက်ပွဲတိုင်း၌ ကျွန်တော်သည် ပါဝင်စမြဲဖြစ်၍လည်း ရေမြင့်၍ ကြာတင့်သလို ကျွန်တော်လည်း တိုက်ရည်ဝလာခဲ့သည်၊ ယခု



www.burmeseclassic.com

www.burmeseclassic.com

လည်း တိုက်ပွဲတစ်ခုအတွက် ကျွန်တော်တို့ ထွက်လာကြခြင်း ဖြစ်သည်။ ယခုတစ်ခေါက်တွင်တော့ "သုရိန်" ကိုပါ ခေါ်လာခဲ့သည်။

တကယ်တော့ - ကျွန်တော့်သူငယ်ချင်း သုရိန်မှာ အထူးအဆန်းကို စိတ်ဝင်စားလိုစိတ်၊ စွန့်စားလိုစိတ်မှလွဲ၍ ပညာအခြေခံ မရှိ။ သို့သော်လည်း ကောင်း၏၊ ဆိုး၏ကို ချင့်တွက်တတ်သော ဆရာကြီး အောင်စကြာသျှင်၏ ညွှန်ကြားချက်အရ သုရိန့်ကို ကျွန်တော် ခေါ်လာခဲ့ရသည်။

ဒီညတော့ - မအူပင်မြို့ပေါ်ရှိ ဆရာကြီး၏ တပည့်သာဝကတစ်ဦး၏ အိမ်တွင် တစ်ညတည်းခိုကြသည်၊ မနက်စောစော ရောက်သည်နှင့် မအူပင်မှ အလှမ်းကွာသော တောရွာလေးတစ်ရွာသို့ ကျွန်တော်တို့ ဆက်ထွက်ကြရပေမည်။

လွတ်လွတ်လပ်လပ် နေခွင့်ရသော ထိုအိမ်တွင် စောစောမအိပ်တတ်သော ကျွန်တော်တို့နှစ်ယောက်က အခုလို ယိုးဒယားသရဲကားကို စိတ်ဝင်တစား ထိုင်ကြည့်နေကြခြင်းဖြစ်သည်၊ ထိုဇာတ်ကား၌ စုန်း၊ ကဝေတို့၏ပြုစားခြင်းပညာရပ်များစွာ ပါဝင်နေပေရာ ကျွန်တော်တို့အကြိုက် ဖြစ်ခဲ့ရ၏။

ဗိုက်ထဲက ဘရိတ်ဓားတွေတင်မကပါ၊ ငါးရှဉ့်အရှင်များပါ ထွက်လာပါသည်၊ ငါးရှဉ့်အရှင်များက တွန့်လိမ်ခေါက်ထိုးရင်း ပါးစပ်၊ နှာခေါင်း၊ နားရွက်များမှ တိုးထွက်လာသည်မှာ အသည်းယားစရာ၊ တချို့အကောင်များက ခန္ဓာကိုယ်အရေပြားကို တိုက်ဖောက်၍ ထိုးခွဲထွက်လာ၏။

"ညီတို့ မအိပ်ကြသေးဘူးလား၊ သိပ်ညဥ့်နက် မခံနဲ့လေ၊ အခုတောင် ညဆယ့်တစ်နာရီကျော်ပြီ - အိပ်ကြတော့၊ မနက်စောစော ခရီးဆက်ကြရဦးမယ်လေ"

ဆရာကြီး၏ တပည့်၊ အိမ်ရှင် ကိုစိုးကျော်က သတိပေးတော့မှ ကျွန်တော်တို့ အိပ်ရာဝင် ဖြစ်ကြသည်၊ အိမ်က နှစ်ထပ်အိမ်ဖြစ်၍ အပေါ်ထပ် ဘုရားခန်းတွင် ကျွန်တော်တို့အတွက် သီးသန့်ပြင်ပေးထားကြသည်၊



ဆရာကြီးက ခြင်ထောင်တစ်လုံး၊ ကျွန်တော်တို့နှစ်ယောက်အတွက်တော့ နှစ်ယောက်အိပ်ခြင်ထောင်တစ်လုံးဖြင့် နေရာချပေးထား၏၊ ခြေကိုဆေး၍ တက်လာခဲ့ကြပြီး ခြင်ထောင်ထဲဝင်တော့ ဆရာကြီး အောင်စကြာသျှင် ... ယောက် ကောင်းစွာအိပ်မောကျနေပြီး ဟောက်သံများပင် ထွက်နေ...

"တို့ဆရာကြီးတော့ ခရီးပန်းလို့ ထင်တယ်၊ ဟောက်တောင် ဟောက် ...ပြီ"

"ရှူး - တိုးတိုး - သုရိန်၊ ဆရာကြီး နိုးသွားဦးမယ်"

ကျွန်တော်က သုရိန့်ကို လေသံတိုးတိုးဖြင့် သတိပေး၍ ဘုရားဦးချကာ ...အိပ်လိုက်တော့သည်၊

"ရူး - ခလော - ဂရူး"

ဆရာကြီး၏ ဟောက်သံက ပိုကျယ်လာသည်၊ သို့သော် - ကြားနေကျ ...ဟောက်သံနှင့်မတူ၊ ကျွန်တော် မျက်မှောင်ကြုတ်၍ အသာနားစွင့်နေမိသည်၊

"ဝရူး - ခေါ် - ဂရူး - ခလော"

ဟောက်သံက ပိုပိုကျယ်လာ၏၊ ဆရာကြီးကို စော်ကားပြောဆိုခြင်း...တော့ မဟုတ်၊ လူတစ်ယောက်ဟောက်သံနှင့် မတူ၊ တောတွင်းတိရစ္ဆာန်...တစ်ကောင်၏ မာန်ဖီသံမျိုး၊ သုရိန်က ကျွန်တော့်ကိုလက်ကုတ်၍ လေသံ...တိုးဖြင့် ဆို၏၊

"ဗိုးကြယ် - ဘယ်လိုလဲကွာ၊ မင်း - ဆရာဟောက်သံကြီးက တစ်မျိုးပဲ၊ ...သံကြားတာနဲ့ ငါတောင် ကျောချမ်းလာတယ်"

ကျွန်တော်ကလည်း လေသံတိုးတိုးဖြင့် ပြန်ပြောရသည်၊

"အင်း - ငါလည်း ဒါပဲ စဉ်းစားနေတာ၊ ဒါမျိုး တစ်ခါမှမကြားဖူးဘူး၊ အသံ...တိမ်းနေတာပဲ၊ ငါ့စိတ်ထင် ခြင်္သေ့ကြီးတစ်ကောင် မာန်ဖီနေသလိုမျိုးပဲ"

"ဝရူး - ဝေါင်း - ခေါ် - ခလူး"



www.burmeseclassic.com

www.burmeseclassic.com

ဆရာ အောင်စကြဲသျှင်၏ ဟောက်သံကြီးက အခန်းထဲဝယ် ဆူညံ
တော့သည်။ ဤအသံကြောင့် ကျွန်တော်တို့နှစ်ယောက် မည်သို့မျှ အိပ်
ခွင့်ရမည်မဟုတ်ပေ။

ထိုအခိုက် –

"ကျွိ – ကျွတ် – ကျွတ် – ကျွတ် – ကျွတ်"

အိမ်မြှောင်စုတ်ထိုးသံများ ထွက်ပေါ်လာပြန်သည်။

အိမ်မြှောင်က တစ်ကောင်တည်းမဟုတ်၊ အသံတွေက အရှေ့အနော
တောင်မြောက် အရပ်လေးမျက်နှာမှ ကျွတ်ကျွတ်ညံအောင် ထွက်ပေါ်လာ
ခြင်းဖြစ်၏။

"တစ်ခုခုတော့ တစ်ခုခုပဲ" ဟု ကျွန်တော့်စိတ်ထဲ တွေးနေမိသည်
တော်ရုံမကြောက်တတ်သော ကျွန်တော် အခုထူးခြားစွာပင် ကြက်သီး
တဖျန်းဖျန်းထနေ၏။

"အူ – ဝူး – ဝူး – ဝူး"

ရုတ်တရက် ခွေးတွေက ဆွဲဆွဲငင်ငင် ထအူ၏။ ကျွန်တော်တို့အိမ်ရှိ
ဘက်သို့ကြည့်၍ ခွေးတွေ အူနေကြပုံရသည်။ စိတ်ထဲမှာ သိပ်ဘဝင်မကျ
တော့၊ အိပ်နေရာမှ ဆတ်ခနဲ ကျွန်တော် ထထိုင်လိုက်သည်။

"ဂီး – ဂစ်"

"ငှက်ဆိုး" ဟု အလွယ်ခေါ်ကြသည့် လင်ကောင်ပိုးငှက်၏ ကျက်သ
မဲ့သောအသံကိုလည်း ကြားလိုက်ရသည်။

ဘာတွေလဲ၊ – ဘာတွေဖြစ်ကုန်ပြီလဲ၊

ဆရာ့ရဲ့ထူးဆန်းသောဟောက်သံ၊

အိမ်မြှောင်စုတ်ထိုးသံ၊

ခွေးအူသံ၊

ငှက်ဆိုးသံ၊

ဤအသံပေါင်းစုံကြောင့် ကျွန်တော် ဘယ်လိုမှ မအိပ်နိုင်ဘဲ ထထိုင်
...တ်ရခြင်းပင်၊ သူရိန်ကတော့ တုပ်တုပ်မျှမလှုပ်၊ စောင်ခေါင်းမြီးခြုံထား
...းသည်။ သူလည်း ဘယ်လိုနည်းနဲ့မှ အိပ်ပျော်မည်မထင်၊ ကြောက်လန့်
...ည်ဟု ကျွန်တော် တွေးမိသည်။

"ကျလစ် – ကျီ – ကျီ – ကျီ – ကျီ"

ဟော – ကြားရပြန်ပြီ၊

ပြတင်းပေါက်မှန်ကို တစ်ခုခုဖြင့် ဆွဲခြစ်သွားသလိုမျိုး၊

"တောက်"

တစ်ဆက်တည်းမှာ ဝီဝီသသ ကြားလိုက်ရတာက တောက်ခေါက်သံ၊
...ပြတင်းပေါက်နားဆီကပင် အသံထွက်ပေါ်လာခြင်းဖြစ်သည်၊

"ဗိုး – ဗိုးကြယ် – မင်း – မင်း – ကြားလား"

သည်တစ်ခါတော့ သူရိန်တစ်ယောက် ခေါင်းမြီးမခြုံနိုင်တော့၊ ကျွန်တော့်
...ည်းတူ ထထိုင်ရင်း တီးတိုးဆိုသည်၊ ကြယ်ရောင်မရှိ၊ လရောင်မရှိ၍ အရာ
...သည် မှောင်မည်းနေ၏၊

"ကြားတယ် – သူရိန်၊ မှန်ကို တစ်ခုခုနဲ့ ဆွဲခြစ်သွားသလိုမျိုး၊ ပြီးတော့ –
...တက်ခေါက်သံ"

ထိုစဉ်မှာပင် ဆရာ အောင်စကြဲသျှင်၏ အသံကို ကြားလိုက်ရ၏၊

"ဝါတပည့်တို့ပြန်အိပ်ကြ၊ ဘာမှမဖြစ်ဘူး – ဘာမှစိတ်မပူနဲ့၊ အိပ် – အိပ်
...၊ မနက်ကျမှ ဆရာ ရှင်းပြမယ်"

ဟင် – ဆရာ နိုးနေပါလား၊

ခုနကပဲ ဟောက်သံကြီးပေး၍ နှစ်နှစ်ခြိုက်ခြိုက်စွာ အိပ်ပျော်နေသည်ဟု ထင်ရ
...သော ဆရာက အခုတော့ အဖြစ်ပျက်အားလုံးကို အစအဆုံးသိတဲ့ပုံစံဖြင့်
...ပြောနေသည်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့အနားတွင် အားကိုးအားထား
...ရလိုက်တဲ့ ဆရာသမားတစ်ယောက်လုံး ရှိနေ၍ အားတက်သွားသည်၊





www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ကျွန်တော်တို့နှစ်ယောက်စလုံး စိတ်တုံးတုံးချကာ အိပ် လိုက်တော့သည်။ ခွေးအူသံလည်း မကြားရတော့ပါ။ ငှက်ဆိုးတွန်သံလည်း ထွက်ပေါ်မလာ။ ထို့အတူ အိမ်မြှောင်စုတ်ထိုးသံလည်း မရှိ။ သို့သော် ထုံ အတိုင်း ဆရာ အောင်စကြဲသျှင်၏ ထူးခြားချောက်ချားဖွယ် ဟောက်သံ ကတော့ ချက်ချင်းဆိုသလို ထွက်ပေါ်လာပါတော့သည်။

အခုပဲ စကားပြောပြီး ခေါင်းချအိပ်လိုက်တာနဲ့ ဆရာက ချက်ချင်း ပျော်သွားပြီး ဟောက်တော့တာပဲလားဟု ကျွန်တော့်စိတ်ထဲမှာ နောက် တွေးလိုက်မိသည်။

ထို့နောက် နောက်ထပ် ဘာမှဆက်မတွေးနိုင်တော့ဘဲ နှစ်မြိုက် အိပ်ပျော်သွားရာ နောက်တစ်နေ့ မနက်စောစောတွင် နိုးလာခဲ့တော့၏။

=😐=

ကျွန်တော်တို့ နိုးလာတော့ ကမန်းကတန်း အိပ်ရာထ၍ ကိုယ်လက်သ စင်အပြီးမှာတော့ အငွေ့တထောင်းထောင်း ထနေသော ကောက်ညှင်းပေါ ပန်းကန်များက အသင့်စောင့်ကြိုနေပါသည်။

"ငါ့တပည့်တို့ - လာကြ၊ စားသောက်ပြီး ခရီးဆက်ရမယ်"

"ဟုတ်ကဲ့ - ဆရာကြီး"

ကောက်ညှင်းပေါင်းနှင့် နမ်းထောင်းကို မနက်စာအဖြစ် စားသောက် စဉ်အတွင်း ဆရာကြီးနှင့် စကားပြောဖြစ်သည်။

"အင်း - ငါ့တပည့်တို့က ဆရာ့ဟောက်သံကြောင့် အံ့သြနေမယ်ထ တယ်၊ ဒီအကြောင်း နည်းနည်းပြောပြရတာပေါ့၊ အမှန်က ငါ့တပည့်တို့ထ နေသလို ဆရာ အိပ်ပျော်နေတာ မဟုတ်ဘူး၊ ဒီလိုဟောက်သံထွက်တာ လည်း အင်းပညာရဲ့အစွမ်းကြောင့်ပဲ"



"ဗျာ - အင်းအစွမ်း၊ ဘယ်လိုအင်းအစွမ်းများလဲ - ဆရာကြီး"

"အိမ်း - ဒီလိုကွဲ၊ ဒီအင်းကို ကေသရာဇာခြင်္သေ့လက်ပြန်အင်းလို့ ခေါ် တယ်၊ ဒီအင်းသောက်ထားသူဟာ ခြင်္သေ့တစ်ကောင်လိုပဲ အသံထွက်တယ်၊ တောထဲမှာ ခြင်္သေ့ဆိုတာ ဘုရင်ပဲ၊ ခြင်္သေ့ဟိန်းတာ မပြောနဲ့ဦး၊ ခြင်္သေ့ အိပ် ပျော်လို့ ဟောက်တဲ့အသံကြားရင်တောင် တောတိရစ္ဆာန်တွေ ကြောက်ကြ တယ်၊ အနားမကပ်ရဲဘူး၊ ဒီခြင်္သေ့အင်းသောက်ထားသူအတွက်လည်း မကောင်းဆိုးဝါး၊ နာနာဘာဝတွေ အနားမကပ်ရဲကြဘူးကွဲ့"

"ဟာ - ဒါဆို - တောတွေ၊ တောင်တွေထဲမှာ တစ်ပါးတည်း၊ တစ်ယောက် တည်း တရားအားထုတ်သူတွေအတွက် အတော်အသုံးဝင်တာပေါ့နော်"

သူရိန်နဲ့အမေးကြောင့် ဆရာကြီးက ပြုံး၍ ခေါင်းတဆတ်ဆတ်ညိတ် ကာ အခုလို ရှင်းပြ၏၊

"မောင်သူရိန်ပြောတာ မှန်ပါတယ်၊ တောတောင်တွေထဲ လှည့်လည် သွားလာနေသူဟာ ဒီအင်းသောက်ထားရင် သူ့ကိုတောရိုင်းတိရစ္ဆာန်တွေက ခြင်္သေ့မင်းလို့မြင်ပြီး ရှောင်ကွင်းသွားကြရတယ်၊ ဒီလိုပုဂ္ဂိုလ်ထူးတွေဟာ မေတ္တာစာတ်မအောင်ခင်၊ မပြည့်ဝခင်မှာ လျှို့ဝှက်လက်နက်တွေ တစ်မျိုး မဟုတ် တစ်မျိုး ဆောင်ထားကြရတယ်၊ ဒါတွေကို လူတွေမသိကြဘူး၊ မေတ္တာဓာတ်ပြည့်ဝဖို့ဆိုတာ လွယ်တဲ့အဆင့်မဟုတ်ဘူး၊ ဒီအခြေအနေ မှာ တောထဲသွားပြီး ကျားရိုင်းကို မေတ္တာပို့နေရင် ကျားစားသွားမှာပဲ"

ဆရာကြီး အောင်စကြဲသျှင်၏ စကားများက ပြတ်သားလွန်းပေစွ၊ ထို့ပြင် ယုတ္တိဗေဒလည်းရှိ၏၊ သဘာဝလည်းကျလှပေသည်၊ လူကြားကောင်း အောင် အပေါ်ယံပြောနေသူများနှင့် ကွာလှ၏ဟု ကျွန်တော် ထင်ပါသည်။

"ဆရာကြီးရယ် - ကျွန်တော်တို့ကိုလည်း ဒီအင်းလေး ချီးမြှင့်ပါလား ဆရာကြီး၊ ကျွန်တော်တို့လည်း တစ်ချိန်ချိန်မှာ တောတောင်ထဲ သွားလာနေ ရဖို့ ရှိမှာပါ"



www.burmeseclassic.com

www.burmeseclassic.com

သူရိန်က မျက်နှာငယ်ငယ်လေးဖြင့် ယခုကဲ့သို့ တောင်းခံလေရာ ကျွန်တော်လည်း လှမ်း၍ စနောက်လိုက်မိသည်။

"ဟုတ်တယ် - ဆရာ။ ရှိုးမြှင့်လိုက်ပါ။ ဒီကောင်က ရေနှစ်ကျရင် တောထဲမှာ ထင်းခွေတဲ့အလုပ်လုပ်မှာ - ဟီ - ဟီ"

ကျွန်တော့် စကားကြောင့် သူရိန်မှာ မျက်နှာကြီး နီးမြန်းသွားပြီး ...

"အောင်မာ - ငါက ဘာလို့ ထင်းခွေစားရမှာလဲ - မင်းသာ"

"ကဲ - ကဲ - ငါ့တပည့်တို့တော်ကြပါ။ ဆရာ ရှိုးမြှင့်ပါမယ်။ ဒါပေမဲ့ - ဒီအချိန်မှာ သိရုံပဲသိခွင့်ရဦးမှာ၊ ဒီအင်းကို သောက်ခွင့် မရသေးဘူး"

"ဗျာ - ဘာကြောင့်ပါလဲ - ဆရာကြီး"

ကျွန်တော်ကိုယ်တိုင် သိလို၍ မေးလိုက်ခြင်းဖြစ်၏။

"ဘာကြောင့်လည်းဆိုတော့ - ဒေါသကို မထိန်းချုပ်နိုင်သေးလို့ပဲ။ ဒီအင်းကို မှော်သွင်းထားတဲ့သူဟာ သိပ်ထက်မြက်သကွဲ့၊ ဒေါသထွက်လို့ တစ်ဖက်သားကို ကြိမ်းဝါးပြောမိရင် ပြောသလိုဖြစ်တတ်တယ်၊ အံကြိတ်ပြီး မာန်ရုံနဲ့ တစ်ဖက်လူ မခံနိုင်ဘူး - ဒါကြောင့်ပါပဲ"

ရှင်းပါပြီ၊ ဒါလည်းဟုတ်ပေ၏။ သဘာဝကျပေ၏ဟု ကျွန်တော် မှတ်ယူလိုက်သည်။ ထို့နောက် ဆရာကြီး ဆွဲပြသော ကေသရာဇာခြင်္သေ့လက်ပြန်အင်းကို စိတ်ဝင်တစား လေ့လာကြည့်နေမိသည်။

"တကယ်တော့ - ဒီခြင်္သေ့အင်းကို အလွယ်သောက်လို့မရဘူးကွဲ့၊ တစ်ကွက်တည်း၊ တစ်ရက်တည်းသောက်စရာလည်းမဟုတ်ဘူး။ (၃၂)ရက်တိုင်တိုင် မှော်သွင်းသောက်ရတယ် - တပည့်တို့၊ ပွဲစုံခင်းပြီး ဆိုင်ရာပင့်ဖိတ်၊ အပ်နှံပြီး ကျကျနန လုပ်ရတာမျိုး၊ အလွယ်တော့ မစမ်းလေနဲ့"



## ကေသရာဇာခြင်္သေ့လက်ပြန်အင်းတော်ကြီးပုံ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဓိ | ဏ္ဍာ | ဂ | ကံ | ရ | ကံ | ဂ | ဏ္ဍာ | ဓိ |
| ဏ္ဍာ | ဂ | ကံ | ရ | သ | ရ | ကံ | ဂ | ဏ္ဍာ |
| ဂ | ကံ | ရ | သ | ဒွိ | သ | ရ | ကံ | ဂ |
| ကံ | ရ | သ | ဒွိ | ဗု | ဒွိ | သ | ရ | ကံ |
| ရ | သ | ဒွိ | ဗု | | ဗု | ဒွိ | သ | ရ |
| ကံ | ရ | သ | ဒွိ | ဗု | ဒွိ | သ | ရ | ကံ |
| ဂ | ကံ | ရ | သ | ဒွိ | သ | ရ | ကံ | ဂ |
| ဏ္ဍာ | ဂ | ကံ | ရ | သ | ရ | ကံ | ဂ | ဏ္ဍာ |
| ဓိ | ဏ္ဍာ | ဂ | ကံ | ရ | ကံ | ဂ | ဏ္ဍာ | ဓိ |

"ဒီအင်းက မင်းတုန်းမင်း လက်စွဲပြုတဲ့အင်း၊ ပြည်တန်တဲ့အင်းကွဲ့၊ လူတိုင်းအတွက် မဟုတ်တန်ဘူး။ ရွှေ၊ ငွေပြားမှာ ရေးဆွဲပြီး မင်းတရားကြီးရဲ့ထီးတော်အတွင်းမှာသွင်းထားစေတယ်ဆိုတော့ဘယ်လောက်အဖိုးထိုက်သလဲဆိုတာ ခန့်မှန်းကြည့်တော့၊ ဉာဏ်ရှိသလို သုံးနိုင်တယ်၊ အဓိကကတော့ မြင့်ရာမြတ်ရာမှာထားပြီး ရှိသေစွာ ဆောင်ရမယ်၊ မျက်နှာကြက်မှာထားလည်း ရတယ်။ မကောင်းဆိုးဝါး၊ အစိမ်းသရဲ၊ စုန်း၊ ဖုတ်၊ တစ္ဆေ၊ မှင်စာတို့အလူးကြောက်ရွံ့တဲ့အင်းပဲ၊ မိုင်းကိုင်စတ္တုမှာရှုပြီး အဝင်နကွတ် (သို့မဟုတ်) ခါးပတ်နက္ခတ်ကြုံတဲ့နေ့၊ သိဒ္ဓိစုတ်၊ နှစ်ဖက်မြင်မိတဲ့နေ့တွေမှာ စီရင်ပြီး တစ်နေ့တစ်အင်းကျ အုန်းစိမ်ရေနဲ့သောက်၊ (၃၂)ရက်၊ (၃၂)အင်းပေါ့။ အဓိဋ္ဌာန်ကာလအတွင်း အသားရှောင်၊ ကံငါးပါးလုံအောင်ထိန်းရင် မှော်ပေါက်တော့တာပဲ။ အခု - ငါ့တပည့်တို့ကြားရတဲ့ ခြင်္သေ့ဟောက်အသံက ဒီမှော်အစွမ်းပဲ - တပည့်တို့"

ဆရာအောင်စကြာသျှင်က စိတ်ရှည်စွာဖြင့် အထက်ပါအတိုင်း ရှင်းပြခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာကြီး ခင်ဗျား – ညက ဖွေးတွေအူ၊ အိမ်မြှောင်တွေစုတ်ထိုး၊ ငှက်ဆိုး အော်၊ ပြီးတော့ – တောက်ခေါက်သံကြီးလည်းကြားလိုက်တယ် – ဆရာ၊ အဲဒါ ဘာများဖြစ်တာပါလဲ ခင်ဗျား"

သူရိန်အမေးကြောင့် ဆရာကြီးက ခေါင်းတဆတ်ဆတ် ညိတ်နေ၏၊ ပြီးတော့မှ ...

"ဆရာတို့ လာနေပြီဆိုတာ တစ်ဖက်ကသိလို့ နှောင့်ယှက်ဖို့ လွှတ်လိုက်တဲ့မိစ္ဆာတွေ ရောက်လာတာပါ။ အင်း – အစီမံသေ သရဲကြီးနစ်ကောင်ဆိုပါတော့၊ ဒါပေမဲ့ – သူတို့မဝင်နိုင်လို့ အိမ်အပြင်ကနေပြီး တောက်ခေါက်တာတို့၊ မှန်ကို လက်သည်းနဲ့ ခြစ်ပြီး ကြိတ်မနိုင်ခဲမရ လုပ်ပြသွားတာတို့ပေါ့၊ ဟောဟိုက မှန်ကို သွားကြည့်ပါလား"

ဆရာကြီးပြောတော့မှ ညက မှန်ကို တစ်စုစုဖြင့် ခြစ်ဆွဲသွားသည့်ဖြစ်ရပ်ကိုသတိရသွားပြီး ကျွန်တော်တို့နှစ်ယောက်ပြိုင်တူထကာ အပြေးအလွှား သွားကြည့်မိကြသည်၊

"ဟာ – ဟုတ်တယ်၊ မှန်မှာ လက်သည်းခြစ်ရာကြီးတွေ"

"ဟင် – လက်ချောင်းလေးချောင်းနဲ့ ခြစ်သွားတာပဲ"

ကျွန်တော်တို့မှာ ယခုမှ တွေးရင်းတွေးရင်း ကြက်သီးထလာခဲ့မိသည်။ မကောင်းဆိုးဝါးမိစ္ဆာသရဲကြီးများ ရောက်လာခဲ့သည်ဆိုသောအဖြစ်က ရင်ထိတ်စရာပင်။ တကယ်တော့ – ဆရာကြီး၏ သီလ၊ သမာဓိ၊ စရဏအစွမ်းများကြောင့်သာ ကျွန်တော်တို့ ဘေးမသီရန်မခ ဖြစ်ခဲ့ရသည့်မဟုတ်ပါလား။

"ရန်သူက ကြိုသိနေပြီဆိုတော့ ပေါ့ဆလို့ မဖြစ်ဘူး။ အစစ အရာရာ သတိဝီရိယ စိုက်ကြရမယ်။ မောင်ရင်တို့လည်း ဂုဏ်တော်တွေ မပြတ်ပွားကြ၊ ကိုယ့်စည်းကိုယ်လုံအောင် ကာကွယ်ထားကြ၊ ကဲ – ခရီးဆက်ကြစို့"

ထို့နောက်တွင်တော့ ဆရာကြီးနှင့် ကျွန်တော်တို့နှစ်ယောက်သည် မအူပင်မြို့မှ ခရီးဆက်ရန် ပြင်ဆင်ကြတော့သည်။ ဆရာကြီး၏ တပည့်ကျော် စီစဉ်ပေးသော နွားလှည်းဖြင့် ခရီးဆက်ကြမည် ဖြစ်၏။ ဦးတည်ရာကား ရေလဲကြီးကျေးရွာ ဖြစ်၏။

"စုနစ်ရက်သားသမီးတွေသာမက သာသနာကိုပါ ဒုက္ခပေးနေတဲ့ စုန်းမကြီးဟာ အဲဒီရေလဲကြီးရွာမှာ ရှိနေတယ်၊ ဆရာတို့ အဓိကတာဝန်က ဒီမိစ္ဆာစုန်းမကြီးကို ရှင်းပစ်ဖို့ပဲ၊ ဒီစုန်းမကြီးကလည်း လွယ်မတွက်နဲ့၊ အသက်က နစ်ရာကျော်ပြီ"

"ဗျာ – အသက်နှစ်ရာကျော်ပြီ"

ကျွန်တော်တို့ အံ့ဩကြရကုန်သည်၊ စုန်းတွေကလည်း ဤမျှအထိ အဆင့်ရှိမည် မထင်ထားခဲ့၊ စုန်းကဝေ၊ အောက်လမ်းပညာစက်တွင်လည်း အထက်လမ်းကဲ့သို့ပင် သိဒ္ဓိ၊ မဟိဒ္ဓိတွေ ရှိကြသည်ဟု ဆရာကြီးက ရှင်းပြ၏။ သက်တမ်းကို ဆွဲဆန့်နိုင်ရန် ထုံကူးခြင်းကျင့်စဉ်သည်လည်း ရှိသတဲ့၊

သို့သော်ကောင်းသောအလုပ်များဖြင့်ပြီးသောထုံကူးခြင်းတော့မဟုတ်။ အောက်လမ်းပညာဖြစ်၍ ယုတ်ညံ့မှုများ၊ စက်ဆုပ်မှုများဖြင့်သာ ပြီးနေပေလိမ့်မည်၊ လူတစ်ယောက်ကို သတ်ပြီးလျှင် အသက်ဘယ်နနှစ်တိုးမည်၊ လူအယောက်မည်မျှဆိုလျှင် အာယုအသက်ကို မည်မျှအထိ ဆွဲဆန့်နိုင်ပြီ စသည်ဖြင့် ရှိကြပါလိမ့်မည်၊ ကောင်းသောထုံကူးခြင်း မဟုတ်ဆိုသည်မှာ အမှန်ဖြစ်ကြောင်း သိသာကြပေလိမ့်မည်၊

=😐=

ကျွန်တော်တို့ နွားလှည်းကို မောင်းသူကား အသက်လေးဆယ်ခန့် အသားညိုညို၊ အရပ်ရှည်ရှည် ယောကျ်ားသားတစ်ယောက်ဖြစ်ပြီး သူ့အမည်ကို "ကိုဘခင်" ဟုသိရ၏။ ကျွန်တော်သိရသလောက် သူသည် စကားနည်းပြီး လူရိုးလူအေးကြီးတစ်ဦးပင် ဖြစ်၏။ ဤလမ်း၊ ဤခရီးကို အကြိမ်ကြိမ် သွားဖူးနေကြဖြစ်ကြောင်းလည်း သိသာလှပေသည်၊

www.burmeseclassic.com

ကျွန်တော်တို့မြို့သားနှစ်ယောက်မှာကား နွားလှည်းစီးရသော အရသာကိုသဘောတွေ့နေမိသည်။ လှည်းဆောင့်လျှင်မနာအောင် ကောက်ရိုးထူထူခင်းပြီးမှ အပေါ်က ဖျာကြမ်းတစ်ချပ် ခင်းပေးထား၍ သက်သောင့်သက်သာ ထိုင်စွင့်ရကြ၏။ ထို့ပြင် ပေါင်းမိုးလည်း ပါရှိပေရာ နေပူဒဏ်ကို ကောင်းစွာ ကာကွယ်နိုင်ခဲ့သည်။

လှည်းက နှစ်နာရီနီးပါးမျှ သွားပြီးချိန်မှာတော့ မမျှော်လင့်သောဖြစ်ရပ်တစ်ခု ဖြစ်ပေါ်ခဲ့၏။ အားကောင်းမောင်းသန် နွားကြီးသည် ခြေလှမ်းမှန်မှန် သွားနေရမှ ရုတ်တရက်ရပ်သွား၏။ ထိုနောက် ရှေ့လက်နှစ်ချောင်းကိုမြှောက်၍ ပတတ်ရပ်ရန်ကြိုးစားလိုက်ရာ ဆရာကြီးရော ကျွန်တော်တို့ပါ လှည်းပေါ်မှ ဒလိမ့်ခေါက်ကွေးကျသွားရလေတော့သည်။

"ဟဲ့ - ဟဲ့ - ငနီ - ဘာဖြစ်တာလဲ"

"ဟာ - ဆရာကြီး"

"ဝုန်း - ဒုန်း"

ကျွန်တော့်မှာ တင်ပဆုံရိုးနာတာကိုပင် သတိမထားနိုင်ဘဲ ဆရာကြီးကို ပြေးထူရတော့သည်။

"ဆရာကြီး - ရလား။ ဘယ်နာသွားသေးလဲဟင်"

"အား - ကျွတ် - ကျွတ် - ရတယ် - ရတယ်၊ အမှတ်တမဲ့မို့ပြုတ်ကျသွားတာပါ။ ကိစ္စမရှိပါဘူး - ဖိုးကြယ်၊ ခါးတစ်ချက် နာသွားရုံလောက်ပဲ"

"ဘယ်လိုဖြစ်ရတာလဲဗျာ - ဟင် - ငနီ - ငနီ"

လှည်းဆရာ ကိုဘဒင်မှာ သတိကောင်းစွာဖြင့် မိမိရရ ဆုပ်ကိုင်မိ၍ လှည်းပေါ်မှာမကျပဲ ကျန်ခဲ့၏။ သို့သော် ၎င်း၏ နွားကြီးငနီကား ပါးစပ်မှ အမြှုပ်တစီစီထွက်၍ ဖက်ကျိုးကျနေလေပြီ။

"ဟင် - ငနီ - ငနီ - သေပြီ - ဆရာကြီး၊ ငနီ - သေပြီ"

"ဟေ - ဘယ်လိုဖြစ်တာလဲကွဲ့၊ ခများ - ခရီးပန်းလွန်းလို့လား"



"မဖြစ်နိုင်ဘူး - ဆရာကြီး။ ဒီလမ်း ဒီခရီးလောက်က ဒီကောင် သွားနေကျပါ။ အခုမှဘယ်လိုဖြစ်တာပါလိမ့်။ အလို - ဒါ - ဒါက"

"ဘာလဲ - ဘာဖြစ်လို့လဲ - ကိုဘဒင်"

ကျွန်တော်နှင့်သူရိန်က နွားကြီးကို သွားကြည့်တော့ နွားကြီး ညာဘက်ခြေတွင် သွေးစို့နေသော အစွယ်ပေါက်ရာနှစ်ခုကို တွေ့လိုက်ရ၏။

"ငနီ့ကို အကောင်ရှည်တိုက်သွားတာဗျ"

"အကောင်ရှည်" ဆိုသည်မှာ "မြွေ" ကိုပြောမှန်း ကျွန်တော် သိလိုက်သည်။ သို့သော် အနီးအနားတွင် မြွေအရိပ်အယောင်မျှမတွေ့။ မြွေနှင့်တူတာ ဆို၍ မီးကျွမ်းထားသလိုဖြစ်နေသော တစ်တောင်သာသာ နိုင်လွန်ကြိုး တစ်ချောင်းကိုသာ တွေ့ရသည်။ လုံးပတ်က လူကြီးလက်မခန့် ရှိပေလိမ့်မည်။

ဆရာကြီး အောင်စကြဲသျှင်သည် အဆိုပါနိုင်လွန်ကြိုးကို သေရာစွာ လှေ့လာပြီးနောက် "တောက်" တစ်ချက်ခေါက်လိုက်၏။ ဆရာကြီး၏တောက်ခေါက်သံကြောင့် ကျွန်တော်တို့ပင် ကြက်သီးထသွားမိသည်။

"ဒါ - တိုက်မြွေကွ - ရိုးရိုးမြွေ မဟုတ်ဘူး။ ဒင်းတို့လက်ချက်ပဲ၊ ငါတို့လာမှာသိလို့ နည်းအမျိုးမျိုးနဲ့ ဟန့်တားနေတာ၊ နေနှင့်ဦးပေါ့ကွာ - ဒင်းတို့လက်ဦးသွားတာကိုး"

ဆရာကြီး၏မကျေမချမ်းစကားသံကြောင့် ကျွန်တော်တို့အားလုံး အံ့ဩသင့်သွားရသည်။ "တိုက်မြွေ" တဲ့၊ ကြားသာကြားဖူးပြီး တစ်ကြိမ်တစ်ခါမှ မမြင်ဖူးခဲ့၊ ယခုတော့ - မျက်ဝါးထင်ထင် တွေ့လိုက်ရပြီ၊ သို့တိုင်အောင် ကြိုးတစ်ချောင်းထက် ပိုမထူးခြားသောမြင်ကွင်းကြောင့် စိတ်ထဲတွင် သိပ်တော့ဘဝင်မကျ။

"မှတ်ထား - ဖိုးကြယ် - သံသယမဖြစ်နဲ့၊ ဒါ - တိုက်မြွေအစစ်၊ တစ်ကြိမ်ပဲ အသုံးပြုလို့ရတယ်၊ ဖန်တီးပြီးချိန်မှာတော့ တကယ့်မြွေတစ်ကောင်ပဲ၊ ခွဲလို့မရဘူး၊ လှုပ်ရှားအသက်ဝင်ပြီးသွားတာ၊ မြွေတစ်ကောင်ပိုင်ဆိုင်တဲ့ အစွမ်းအားလုံး ရှိတယ်၊ အဲ - တစ်ခုခုကို ကိုက်ပြီးသွားပြီဆိုတာနဲ့ ချက်ချင်းလောင်

www.burmeseclassic.com

ကျွမ်းပြီး နဂိုမူလရုပ် ကြိုးတစ်ချောင်း ဖြစ်သွားတော့တာပဲ၊ အကိုက်ခံရတဲ့ သတ္တဝါအတွက်တော့ တကယ့်အဆိပ်ပြင်းမြွေတစ်ကောင် အကိုက်ခံရတဲ့ အတိုင်းပဲ"

ဆရာကြီးရှင်းပြတော့မှ ကျွန်တော်တို့တစ်တွေ သဘောပေါက်သွားကြသည်၊ ဤသို့သော ပညာရပ်များ အမှန်တကယ် ရှိနေပါပကောဟုလည်း သဘောပေါက်နားလည်လာမိသည်၊ ဤဖြစ်စဉ်ကို သိပ္ပံပညာဖြင့် မည်သို့ ရှင်းပြမည်နည်း၊၊ သိပ္ပံပေတံဖြင့် တိုင်းထွာ၍မရသော လောကီပညာရပ် တစ်ခုပင် မဟုတ်ပါလား၊

"ရေလဲကြီးရွာရောက်ဖို့ ဘယ်လောက်လိုသေးလဲ - မောင်ဘခင်"

"သိပ်မလိုတော့ဘူး - ခင်ဗျား၊ ဟိုး - လယ်ကွင်းအလွန်မှာ မြင်နေရတဲ့ သစ်ပင်အုပ်အုပ်ကြီးတွေဟာ ရေလဲကြီးရွာနယ်နိမိတ်ပဲ - ဆရာကြီး"

"အိမ်း - ဒါဖြင့် - ဆက်လျှောက်ကြတာပေါ့၊ ဒီမှာ အချိန်ကုန်နေလို့ မဖြစ်ဘူး"

ဆရာကြီးက ဆော်ဩနေ၍ ကျွန်တော်တို့လည်း ခရီးဆက်ရန် ပြင်ကြရသည်၊ ကိုဘခင်သာ သူ့နွားကြီးအတွက် စိတ်မကောင်းဖွာဖြင့် သမင်လည်ပြန် ကြည့်ကြည့်ရင်း နောက်ဆုံးက လိုက်ပါလာခဲ့ရှာသည်၊

ဆရာကြီးက လမ်းလျှောက်ရင်းမှ တပည့်များ ဗဟုသုတရစေခြင်းငှာ "တိုက်မြွေ"နှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို တတွတ်တွတ် ပြောပြလာခဲ့ပေသည်၊ ကျွန်တော်တို့အတွက်တော့ စိတ်ဝင်စားဖွယ်ချည်း ဖြစ်၏၊

"ဆရာ့အတွက်ကတော့ မြွေဆိုတာ ကြောက်စရာမဟုတ်တော့ဘူးကွဲ့၊ ပြောရရင် ဘယ်မြွေမှ ဆရာ့ကို ထိနိုက်အောင် အန္တရာယ်မပြုနိုင်ဘူး၊ ဘာကြောင့်လည်းဆိုတော့ ဆရာက မြွေမှော်အောင်ထားလို့ပဲ"

"ဗျာ - မြွေမှော်"



ကျွန်တော် စိတ်ဝင်တစားဖြစ်သွားရသည်၊ သူရိန်လည်း ကျွန်တော့်လို င်စိတ်ဝင်တစားဖြင့် မေးတော့၏၊

"ဆရာကြီး - မြွေမှော်ကိုစိတ်ဝင်စားတယ် - ဆရာကြီး၊ ကျွန်တော်တို့ကို ည်း နည်းနည်းရှင်းပြပါလား ခင်ဗျား"

"အင်း - အလျဉ်းသင့်ရင်ပြည့်ပြည့်စုံစုံပြောပြဖို့စိတ်ကူးပြီးသားပါကွယ်၊ အခုတော့ - သိရုံမှတ်ရုံလောက်ကိုတော့ သွားရင်းနဲ့ ပြောပြသွားတာပေါ့၊ မြွေနဲ့ပတ်သက်တဲ့ မြွေမှော်တွေက တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ် န်းဆိုသလိုအမျိုးမျိုးရှိပါတယ်၊ ဒီအထဲကမှ ရှေးခေတ်သမားအစဉ်အဆက် ခံစွဲလာခဲ့တဲ့ "အလမ္ဘူတမြွေမှော်"ကို ဆရာသွင်းထားတယ် - တပည့်တို့၊ မြွေမှော်နည်းစနစ်က စည်းကမ်းအလွန်ကြီးပြီး ဆောင်ရန်၊ ရှောင်ရန်တွေ များတယ်၊ လွယ်လင့်တကူတော့မဟုတ်ဘူး"

တ်ချက်၊ ၊ လွန်စွာမှလည်းစိတ်ဝင်စားဖွယ်ကောင်း၍ လွန်စွာမှလည်းထူးခြားအစွမ်းထက်သော "အလမ္ဘူတမြွေမှော်" သွင်းနည်းကို ဤနေရာတွင် စာမျက်နှာအခက်အခဲကြောင့် အသေးစိတ် မဖော်ပြနိုင်တော့ပါ၊ စိတ်ဝင်စားသူများ၊ ဗဟုသုတရှာမှီးသူများအနေဖြင့် အပြည့်အစုံ သိလိုက စာရေးသူထံ ဆက်သွယ်မေးမြန်းတောင်းယူနိုင်ပါသည်၊

ကျွန်တော်တို့သည် "အလမ္ဘူတမြွေမှော်"၏ အဓိကအကျဆုံး မြွေမှော်အင်းကြီးကိုမူ ဆရာကြီးထံမှ ကြည့်ရှုခွင့် ရခဲ့ပါသည်၊



www.burmeseclassic.com

www.burmeseclassic.com



=😐=

"အရေးပေါ်ကုထုံး ရှိသေးတယ်၊ အဆိပ်ရှိသတ္တဝါတွေကိုက်ရင် အဆိပ် မတက်အောင်တားတဲ့ "အဆိပ်တားထုံးမန်း" ပေါ့၊ ဂါထာက ဒီလိုကွဲ၊

(ဥုံ ဗုဒ္ဓတား၊ ဓမ္မတား၊ သံဃတား၊ တားဆရာတား၊ ဂဠုန်မင်းသားဆီး၍တား)

ဒီဂါထာနဲ့ထုံးကို (၉)ခေါက် အသံပြင်းပြင်းတားပြီး အကိုက်ခံရတဲ့နေရာ ကို ဒီထုံးမန်းနဲ့ သုံးချက်တား၊ အဆိပ်မတက်တော့ဘူး၊ အဆိပ်တန့်တယ်"

ထို့နောက်တွင်တော့ ဆရာအောင်စကြဲသျှင်သည် မြွေနှင့်ပတ်သတ် သော အကြောင်းများ မြွေပြသောစမ၊ မြွေလမ်းလွှဲမန္တန်၊ မြွေအာစေးမန်းရေ နှင့်ဆေး၊ ကိုက်သောမြွေကို အဖိုအမခွဲခြားနည်း၊ နေ့အလိုက် မြွေဆိပ်ရ မန္တန်များအကြောင်း အစွယ်ရာမှတ်သားနည်း စသည့် ဗဟုသုတဖြစ်ဖွယ် ရာများကို ပြောပြလာခဲ့သည်။



ထိုသို့ဖြင့် ကျွန်တော်တို့သည် ရေလဲကြီးရွာသို့ ရောက်လာခဲ့ပါသည်။ သစ်ပင်ကြီးများပြား၍အရိပ်အာဝါသကောင်းသော ရွာကြီးတစ်ရွာလည်းဖြစ် ၏။ အများစုမှာ လယ်ယာကိုင်းကျွန်းအလုပ်များ လုပ်ကိုင်ကြကုန်သည်။

ဆရာကြီး၏ အစီစဉ်အရ ရွာထဲတွင် ခဏတစ်ဖြုတ်သာ နားကြပြီး ရွာ မြင်ရှိရေလဲသချိုင်းသို့ ဆက်ထွက်လာခဲ့ကြသည်။

"တို့ခရီးဆုံးက ဒီသချိုင်းကုန်းပဲမောင်တို့၊ ပညာသည်စုန်းမကြီးရဲ့ မြစ်များခံရာ နေရာပေါ့၊ သချိုင်းက သာလာယံဇရပ်မှာ စခန်းချကြမယ်"

ကျွန်တော်တို့အဖွဲ့သချိုင်းဇရပ်ကိုရောက်တော့ ဆရာကြီးက နွားလှည်း ဆရာကို ကျေးဇူးတင်စကားပြောရင်း ပြန်လွှတ်လိုက်လေသည်၊ ရေလဲ သချိုင်း၌ လူအစုများစွာကို တွေ့နေရ၏။ အခြေအနေသုံးသပ်ချက်အရ အသုဘ ချလာကြပုံရသည်၊ သို့သော် အသုဘမှာ တစ်လောင်းတည်း မဟုတ်၊ နှစ်လောင်းဖြစ်၏။

အနီးအနားမှ ဖြတ်သွားသော ရွာသားတစ်ဦးကို ခေါ်ယူမေးမြန်းကြည့် ရာ မြွေကိုက်ခံရ၍ သေဆုံးခြင်းဖြစ်ကြောင်း၊ သို့သော် - ကိုက်သည့်မြွေကို မတွေ့ရကြောင်း၊ ယမန်နေ့က တစ်လောင်းလည်း မြွေကိုက်ခံရခြင်းဖြစ် ကြောင်း ကြားသိလိုက်ရသည်။

"အင်း - သေချာတယ်၊ စုန်းမကြီးလက်ချက်ပဲ၊ သူ အသက်ဆက်နေ တာ၊ လူတစ်ယောက်ကိုသတ်ရင် အသက်နည်းနည်းပိုရှည်လာတယ်၊ ဒီနည်းနဲ့ တိုက်မြွေတွေလွှတ်ပြီး အသက်ကိုဆွဲဆန့်နေတာ၊ ဒီညမှာ ဆရာတို့ အလုပ်စကြမယ်"

ဆရာကြီးက ကျွန်တော်တို့က ပစ္စည်းပစ္စယများ စုရိုင်း၍ ရွာထဲဝင်ကာ ရှာဖွေကြရသည်၊ ဆရာကြီးကမူ ဇရပ်တွင်နေရင်း အင်း၊ ဆေး၊ စမများကို အသင့်ဖြစ်စေရန် စီမံနေလေ၏၊ ကျွန်တော်တို့ကား နေလုံးကြီးဝင်သွားမည့် အချိန်ကို ရင်တထိတ်ထိတ်ဖြင့် စောင့်နေကြရသည်။

=😐=



www.burmeseclassic.com

www.burmeseclassic.com

သုံးရက်လခြမ်းကွေး၏ ဘော်ငွေသွေးရောင်အလင်းက မှိတ်တုတ်မှိတ်တုတ်ကြယ်များနှင့် အပြိုင်လင်းလက်နေ၏။ နေ့ခင်းက လူစည်သလောက် ယခုတော့ သချိုင်းသည် သချိုင်းပီသစွာဖြင့် တိတ်ဆိတ်ခြောက်ကပ်နေပါသည်၊ တိတ်ဆိတ်သည်ဆိုသော်လည်း လုံးဝအရှင်း တိတ်ဆိတ်နေခြင်းတော့ မဟုတ်၊

ပိုးကွက်နှင့် ခင်ပုပ်တို့၏ အော်မြည်သံများကိုလည်း တစ်ချက်တစ်ချက် ကြားရသလို ညဥ့်ငှက်များ၏အော်သံများ၊ ဖားရုံညင်းတို့၏ "တဂွပ်ဂွပ်" အော်သံများလည်း ကြားနေရသည်၊ တစ်ချက်တစ်ချက်မှာတော့ ခွေးအူသံများက ပျံ့လွင့်လာတတ်၏။ ခွေးအူသံက ဝမ်းခေါင်းသံနှင့် ကြောက်စရာကောင်းလှသည်၊

ဆေးမှုန့်တချို့ရောထားသော ရေမန်းတစ်ပုလင်းဖြင့်လည်း ဇရပ်ကို ပတ်လည်ဝိုင်း၍ စည်းချစေ၏၊ တဖြည်းဖြည်းနှင့် လခြမ်းကွေးက ထန်းပင်တဖျားသို့ ရောက်လာခဲ့သည်၊ ဆရာကြီးသည် အင်း၊ ဆေး၊ အရုပ်များကို သိဒ္ဓိတင်ခြင်း၊ နှိုးခြင်း၊ အမိန့်ပြန်ခြင်းများ ပြုလုပ်နေ၍ ကျွန်တော်နှင့် သူရိန်မှာ သတိဝီရိယအပြည့်ဖြင့် ပတ်ဝန်းကျင်ကို စောင့်ကြည့်နေကြရသည်၊ ထိုစဉ်မှာပင် လှုပ်ရှားလာသော မည်းမည်းအရာတစ်ခုကို စမြင်လိုက်ရလေတော့သည်၊

"ဗိုး–ဗိုးကြယ်–ဟို–ဟိုမှာ–တရွေ့ရွေ့နဲ့ လာနေတာ ဘာလဲ မသိဘူး"

"အိမ်း–ငါမြင်တယ်–သူရိန်၊ ငါလည်း ကြည့်နေတယ်၊ နေဦး–အသာစောင့်ကြည့်နေ"

သချိုင်းအဝင်ဝမှ တရွေ့ရွေ့လာနေသော ထိုအရာသည် တစ်စထက်တစ်စ နီးကပ်လာခဲ့သည်၊ မပီဝိုးတဝါးအလင်းရောင်ဖြင့် ပုံဖမ်းမိသည်မှာ ထိုအရာမှာ အသက်လေးဆယ်ကျော်ခန့် တုတ်တုတ်ခိုင်ခိုင် မိန်းမကြီးတစ်ယောက်ပင် ဖြစ်နေပါသည်၊ လက်ထဲတွင်လည်း တစ်စုံတစ်ခုကို ဆွဲကိုင်၍ ခပ်သွက်သွက် လျှောက်လာနေခြင်းဖြစ်သည်၊



ထိုမိန်းမကြီးသည် ဇရပ်အနီးသို့ ရောက်သည်နှင့် ဆရာကြီးအောင်စကြာသျှင်၏ တည်ကြည်ခန့်ညား၍ မာန်ပါသောမေးသံက ထွက်ပေါ်လာတော့သည်၊

"ဘယ်သူလဲဟေ့–စနေသမီးလား"

"ဟုတ်ပါတယ်"

မိန်းမကြီးက အတက်အကျမရှိသော အသံဖြင့် ပြန်ဖြေ၏၊

"စားမြိန်ထုပ်ကော ပါရဲ့လား"

"ပါပါတယ်"

"ဟုတ်ပြီ–အထဲမလာနဲ့၊ အဲဒီမှာစောင့်နေ"

ဆရာကြီးက ထိုင်ရာမှ ထလိုက်၍ ကျွန်တော်တို့လည်း ထလိုက်ကြသည်၊

"ကဲ–ဗိုးကြယ်က ဆရာ့ဆေးလွယ်အိတ်လွယ်ထား၊ ဆရာ့အနားမှာနေ၊ အရေးအကြောင်းမှာ ဆရာ တစ်ခုခုတောင်းရင် ပေးနိုင်အောင်လို့၊ သူရိန် ငါ့တပည့်က ငါးတောင့်ထိုး ဓာတ်မီးဖွင့်ပြီးလိုက်ခဲ့"

ကျွန်တော်တို့သည် ဇရပ်ပေါ်မှဆင်း၍ ထိုမိန်းမကြီးဆီ လျှောက်လာကြသည်၊ ကျွန်တော်လေ့လာမိသ၍ ထိုမိန်းမသည် လူသားစင်စစ်ဖြစ်ပြီး အများထင်သလို နာနာဘာဝ ဟုတ်ဟန်မတူ၊ တစ်ခုထူးခြားတာက ထိုမိန်းမသည် အသိနှင့်စွာ ကင်းကွာနေပုံစံမျိုး ဖြစ်နေသည်၊

"ရွာထဲက စနေသမီးကို လိုအပ်လို့ ဆရာ ခေါ်လိုက်ရတာပါ၊ သူ့အကူအညီလည်း လိုတယ်၊ ငါ့တပည့်တို့ အသာစောင့်ကြည့်နေ"

ဆရာကြီးက ကျွန်တော်တို့ သဘောပေါက်စေရန် လေသံတိုးတိုးဖြင့် ရှင်းပြပြီးနောက် ထိုမိန်းမကြီး ရှေ့တည့်တည့်တွင် ရပ်လိုက်၏၊ ထို့နောက် ကောင်းကင်သို့ တစ်ချက်မော့ကြည့်ကာ လက်နှစ်ဖက်ကို ဆန့်တန်းလျက် အသံဝါဝါကြီးဖြင့် အော်ပြောလိုက်လေသည်၊



www.burmeseclassic.com

www.burmeseclassic.com

"စတုမဟာရာဇ်နတ်မင်းကြီးလေးပါး၊ တောပိုင်၊ တောင်ပိုင်၊ ဘုမ္မိုသ အစောင့်အကြပ်များ၏ ခွင့်ပြုချက်အရ သုသာန်ရွာက မဖဲဝါအရှင် ကြွတော် မူပါ၊ အကျွန်ုပ်၏ သီလ၊ သမာဓိ၊ စရဏ ဂုဏ်အစွမ်းဖြင့် သရဲ့ရှိုင်းတို့၏ အရှင် သခင်ဖြစ်တော်မူသော မဖဲဝါကိုယ်တိုင် ကြွပါရန် အကျွန်ုပ်က တလေးတစား ပင့်ဖိတ်ပါသည်၊ မနေးအမြန် ကြွပါ"

"သရဲ့ရှိုင်းက မဖဲဝါ" ဆို၍ကျွန်တော်တို့နှစ်ယောက်ကြက်သီးတဖြန်းဖြန်း ထကာ ခေါင်းနားပန်းကြီးသွားရသည်၊ နာမည်ကြားကတည်းက ကြောက်ရွံ့ နေမိသော မဖဲဝါကို ဆရာက ပင့်ဖိတ်နေသည်၊ ဘာအကြောင်းကြောင့်ဆို တာ မသိရ၊

မဖဲဝါသည် မည်သို့ရောက်ရှိလာမည်နည်း၊ မည်သည့်ပုံပန်းဖြင့် ရောက် လာမည်နည်း၊ စူးစမ်းလိုစိတ်နှင့် ကြောက်ရွံ့စိတ်က ပူးတွဲဖြစ်ပေါ်နေ၏၊ မှောင် မှောင်မည်းမည်း ပတ်ဝန်းကျင်တို့လည်း မဝံ့မရဲဖြင့် ခိုးခိုးကြည့်နေကြရသည်၊

သို့သော် ကျွန်တော်တို့ ထွက်ထားသလိုမျိုးတော့ မဟုတ်ပါ၊ အဆိုပါ တုတ်တုတ်ခိုင်ခိုင် မိန်းမကြီး၏ခန္ဓာကိုယ်သည် တဆတ်ဆတ် တုန်ခါလာ ပါသည်၊ နတ်ဝင်သည်တို့ပုံစံမျိုးဖြင့် ရှေ့နောက်ဝဲယာလှုပ်ယမ်းရင်း ပါးစပ်မှ လည်း "တဟင်းဟင်း" ညည်းညူနေ၏၊

ထို့နောက် မတ်တတ်ရပ်လျက်ပင် ခေါင်းက ဇက်ကျိုးကျသလို ငိုက်စိုက် ကျသွား၏၊ တဆတ်ဆတ် တုန်ခါမှုလည်း မရှိတော့၊ ကျွန်တော်တို့လည်း ပါးစပ်အဟောင်းသားဖြင့် အံ့ဩနားမလည်နိုင်စွာဖြင့် ကြည့်နေမိသည်၊

"ကဲ - မဖဲဝါရောက်ပြီဆိုတာ သိတယ်၊ ခေါင်းမော့ပါဦး"

ဆရာကြီးစကားကြောင့် ခေါင်းငိုက်စိုက်ကျသော မိန်းမကြီး၏ဦးခေါင်း က တဖြည်းဖြည်း မော့လာပြီ၊

"ဟာ - ဟင်"

"အမယ်လေး"

= ☺ =



ကျွန်တော်နှင့်သူရိန်မှာ အထိတ်တလန့်ဖြစ်ကာ နောက်သို့ခြေတစ်လှမ်း ဆုတ်လိုက်မိသည်၊ ကြည့်ပါဦး၊ ထိုမိန်းမ၏မျက်နှာသည် ထူးထူးခြားခြား မပြောင်းလဲသော်ငြား ၎င်း၏ မျက်စိနှစ်လုံးက မျက်ဆံမရှိ၊ ဖြူဖြူကြီး ဖြစ်နေ ၏၊ ပါးစပ်မှလည်း သွားရည်များ စီးကျကာ "တဟီးဟီး" ညည်းနေလေ သည်၊

"ဆရာတို့ထပ်ဆုံကြရပြန်ပြီ - မဖဲဝါ၊ မဖဲဝါကိုအကူညီတောင်းစရာတစ် ခုကြောင့်ပါ၊ မဖဲဝါလည်း သိပြီးဖြစ်ရောပေါ့၊ ဒီနယ်တကြောမှာ အစွယ်ထောင် သောင်းကျန်းနေတဲ့ စုန်းမကြီးကို နှိမ်နင်းဖို့ လာတာပါ၊ စုန်းမကြီးရဲ့အသက် ဘူးဟာ ဒီသရဲ့ရှိုင်းထဲမှာ ရှိတယ်ဆိုတာ သိပေမယ့် နေရာအတိအကျမသိလို့ အခက်ကြုံနေရပါတယ်၊ မဖဲဝါက ကူညီစောင့်ရှောက်ပါဦး၊ မဖဲဝါအတွက် အုန်းအသည်းဆီပြန်ဟင်းနဲ့ စားမြိန်ထုပ်လည်း ပါတယ်၊ အရင်သုံးဆောင် ပါဦး၊ ကျွန်ုပ်တို့ ဒါနပြုတာပါ"

ဆရာကြီးအောင်စကြာသျှင်၏ပြောဆိုနေပုံကမိတ်ဟောင်းဆွေဟောင်း တစ်ဦးကို ပြောဆိုနေပုံမျိုးဖြစ်သည်၊ ကြားခဲ့ရသလောက် မဖဲဝါကလည်း ဆရာကြီးကို ယခင်ကလည်း အကူညီပေးခဲ့ပုံပေါ်သည်၊ နာနာဘာဝ၊ ဝိနာ ဘာဝလောကတွင် မဖဲဝါသည်ကား အရာထင်သောအရှင်သခင်ပင်တည်း၊

မဖဲဝါ ဝင်ပူးနေသော မိန်းမကြီးသည် ဆောင့်ကြောင့်ထိုင်ချကာ ငှက် ပျောရွက်ဖြင့်ထုပ်ထားသော ထမင်းထုပ်ကိုဖွင့်ကာ အားပါးတရ ပလုတ် ပလောင်းစားလေတော့၏၊ ထန်းသီးပေါက်နီးနီးထမင်းလုတ်ကြီးကိုပါးစပ်ထဲ သွတ်သွင်းလိုက်တိုင်း လျှံကျလာသော ထမင်းများကလည်း မနည်း၊

မဖဲဝါသည် ထမင်းထုပ်ကြီးကို အားပါးတရ စားပြီးနောက် ပေကျံနေ သောလက်ကို ၎င်း၏ထဘီဖြင့် သုတ်၏၊ ထို့နောက် သူငယ်အိမ်လန်နေ သောမျက်ဖြူကြီးဖြင့် ထရပ်လိုက်သည်၊

ထို့နောက် ဆရာကြီးကိုကြည့်၍ "လိုက်လာ" ဟူသော သဘောဖြင့် လက်ယပ်ခေါ်ကာ ရှေ့မှ တရွေ့ရွေ့ ထွက်ခွာသွား၏၊ ကျွန်တော်တို့လည်း



www.burmeseclassic.com

www.burmeseclassic.com

ခပ်ချာချာမှ လိုက်ပါလာခဲ့သည်၊ တစ်ခုဆန်းတာက ထိုအချိန်၌ သချိုင်းသည် အထူးပင်ခြောက်ကပ်တိတ်ဆိတ်နေ၏။ "ဂီး – ဂစ်" ဟူသော ငှက်အော်လည်း မကြား၊ ရွတ်ခနဲ ဖြတ်ပျံသွားခြင်းပင်မရှိ၊

ကြောင်ပေါက်စနီးနီးရှိသော ဇရာမကြွက်ကြီးတွေလည်း မတွေ့ရ၊ ခါတိုင်းဆို အဲဒီမြေကြွက်ကြီးတွေက မြေပုံတစ်ခုနဲ့တစ်ခုကြား လှုပ်လီလှုပ်လဲ့ သွားလာနေတတ်၏၊ အခုတော့ – ဘယ်ကျင်းထဲ ပုန်းနေသည်မသိ၊ ယုတ်စွ အဆုံး ခွေးအူသံပင် မကြားရ၊

သစ်ရွက်သစ်ခက်များပင် တစ်ချက်မလှုပ်သောအခြေအနေသည် လိုအပ်သည်ထက် တိတ်ဆိတ်နေ၍ ကျွန်တော့်ရင်ထဲ တစ်မျိုးတစ်ဖုံကြီး ခံစားနေရသည်၊ မဖဲဝါသည် ရှေ့မှ သုတ်သုတ်လျှောက်နေဆဲ၊ ကျွန်တော်တို့ကလည်း ဖွဲကောင်းကောင်းဖြင့် နောက်မှ လိုက်နေဆဲ၊

တဖြည်းဖြည်းနှင့် သချိုင်းအစွန်ကို ရောက်လာခဲ့သည်၊ တစ်နေရာ၌ ကြီးမားသော ပညောင်ပင်ကြီးတစ်ပင်ကို တွေ့၏၊ မဖဲဝါသည် ထိုအပင်ကြီးရှိရာသို့ ဦးတည်လျှောက်သွားပြီးနောက် အပင်ရှေ့၌ ရပ်လိုက်သည်။ ထို့နောက် မြစ်ဆုံတစ်နေရာသို့ လက်ညှိုးညွှန်ပြလိုက်သည်၊

"ဒီလောက်ဆို – သဘောပေါက်ပါပြီ – မဖဲဝါ၊ မဖဲဝါကို ကျေးဇူးတင်ပါတယ်ဗျာ၊ တရားမျှတမှုရှိပြီး စိတ်ကောင်းရှိတဲ့ မဖဲဝါကို ဆရာတို့ အမြဲအသိအမှတ်ပြုနေမှာပါ၊ အခု – လိုရာပြန်ကြွနိုင်ပါပြီဗျာ"

ဆရာကြီး၏ စကားအဆုံးမှာတော့ မိန်းမကြီး၏ခန္ဓာကိုယ်မှာ တဆတ်ဆတ်တုန်ခါလာပြီးနောက် နောက်သို့ လန်ကျသွားတော့သည်၊ လက်မြန်သောသူရိန်က နောက်မှ အချိန်မီ ပွေ့ထူထားလိုက်နိုင်၍ တော်သေးသည်၊

"အား – ကျွတ် – ကျွတ်"

ယခုမှ အသိနှင့်ကိုယ် ပြန်ကပ်မိသွားပုံရသည်၊ မိန်းမကြီးသည် ဇက်ကြောကို သူ့လက်ဖြင့် ဖျစ်ညှစ်ဆုပ်ရင်း ပြန်ထလာလေသည်၊



"ကူညီပေးတဲ့အတွက် ခင်ဗျားကိုလည်း ကျေးဇူးတင်ပါတယ်ဗျာ၊ ကဲ – ဒီတပည့် သူရိန် – မင်းအဒေါ်ကို ထိန်းထားပေးပါကွာ၊ ခမျာ – မောနေရှာရော့ပေါ့"

"ဟုတ်ကဲ့ – ဆရာကြီး"

---

**စုန်းမကြီးသည် မြေပေါ်သို့ ခြေကားရား လက်ကားရားဖြင့် ပြုတ်ကျလာရာ ငှင်းပြုတ်ကျရာ အောက်တည့်တည့်၌ ဘယ်ကဘယ်လိုရောက်လာ မှန်းမသိသော အနက်ရောင် ခေါင်းတလားကြီးတစ်လုံးကို တွေ့လိုက်ရသည်။ စုန်းမကြီးသည် ထိုခေါင်းတလားထဲသို့ ချိန်သား ကိုက်စွာဖြင့် "ဝုန်း" ခနဲ ပြုတ်ကျသွားတော့သည်။**

---



"ဗိုးကြွယ် – အဲဒီအမြစ်ဆုံကြားက မြေကြီးတွေ ဖယ်ထုတ်ကြည့်ကွာ"

ဆရာကြီးစေခိုင်းချက်အရ ကျွန်တော်လည်း မြစ်ဆုံကြားမှမြေများ ဖော်ထုတ်ရသည်၊ မြေမှာ မြေပွဖြစ်နေ၍ များစွာအခက်အခဲမရှိ၊ အနီးအနားရှိ သစ်တိုင်းခြောက်တစ်ခုဖြင့် အလွယ်တကူတူးထုတ်နိုင်ခဲ့သည်၊ တံတောင်သာသာခန့်တူးပြီးမှာတော့ –

www.burmeseclassic.com

"ဟော - ဒီမှာ - ဘာလေးလဲမသိဘူး - ဆရာကြီး။ ဩော် - ဒါ - ကြေး - ကြေးဘူးလေး တစ်ခုပဲ"

ကြေးဝါဖြင့် ပြုလုပ်ထားသော ဘူးလေးတစ်ခုကို ကျွန်တော် ရလိုက်သည်၊ ကိုယ် နားမလည်နိုင်သောအရာဖြစ်၍ ဆရာကြီးလက်ထဲ ကမ်းပေးလိုက်သည်၊ ဆရာကြီးက ဘူးလေးကို ဖွင့်ကြည့်လိုက်ရာ အတွင်း၌ သဲများကို တွေ့လိုက်ရ၏၊ သို့သော် သာမန်သဲနှင့်တော့မတူ၊ အနက်ရောင်ရှိသည့် "သဲနက်" များပင်တည်း။

သူရိန်ထိုးပေးထားသော ဓာတ်မီးရောင်အောက်မှ သဲနက်များသည် ကြည့်နေရင်းမှ မီးစုန်းတောက်သလို အရောင်တွေ တဖျတ်ဖျတ် တောက်လာသည်။ "တဖျစ်ဖျစ်"မြည်သံများလည်း ထွက်ပေါ်လာ၏၊ ထူးဆန်းသော သဲနက်များက အသက်ဝင်လာခြင်းပင်လော။

"သေရောတယ် - ဒါ - စုန်းမကြီးရဲ့အသက်ဘူးပဲ၊ သူ့ရဲ့အသက်ဝိညာဉ်ဟာ ဒီသဲနက်တွေပဲ၊ ဒါကို ရှင်းပစ်လိုက်ရင် ကိစ္စပြတ်ပြီ"

ထိုစဉ်မှာပင် ...

"ဝေါ - ဝရော - ဒုန်း"

"ဟာ - သစ်ကိုင်းကြီး - ရှောင် - ရှောင်"

သစ်ကိုင်းကြီးတစ်ခုက ရုတ်တရက်ကျိုးကျလာလေသည်၊

သတိကောင်း၍ အားလုံးရှောင်ရှားနိုင်၍ အန္တရာယ်မရှိခဲ့၊ အံ့ဩစွာ ကြည့်နေရင်းမှပင် ပညောင်ပင်ကြီးအပေါ်မှ လက်ကြီးနှစ်ဖက် ပေါ်ထွက်လာသည်၊ ပိန်လှီခြောက်သွေ့သော လက်တံများဖြစ်သော်လည်း သာမန်ထက် ရှည်လျားသောလက်တံနှစ်ဖက်ဖြစ်သည်၊ လက်ထဲက ပိန်သလောက်လက်ဝါးက ကြီး၏၊ ထို့ပြင် ကောက်ကွေးနေသော လက်သည်းချွန်ကြီးများ ပါဝင်၏

ပင်စည်ကြီးကို ကုတ်ဖဲ့လိုက်သော လက်ကြီးနှစ်ဖက်နောက်မှ ဦးခေါင်း တစ်လုံး ထွက်ပေါ်လာသည်၊ ပင်စည်သစ်ကိုင်းများကြားမှ ထွက်ပေါ်လာ



သောဦးခေါင်းသည် အမျိုးသမီးတစ်ဦး၏ဦးခေါင်းဖြစ်မှန်း အုပ်ဆိုင်းကျလာသော ဆံပင်များကြောင့် သိလိုက်ရသည်။

"သတိထားကြ - ဒါ - စုန်းမကြီးပဲ၊ သူကိုယ်တိုင်ထွက်လာပြီ"

ဆရာကြီးက လေသံတိုးတိုးဖြင့် လှမ်းသတိပေးသည်၊ စုန်းမကြီးသည် သစ်ပင်ကြီးမှ ဖောက်ထိုးဆင်းလာနေခြင်းဖြစ်သည်၊ မျက်စိတစ်မှိတ်အတွင်း မှာပင် ဖျတ်ခနဲ မြေပေါ်ရောက်၍ ခြေစုံရပ်နေသော စုန်းမကြီးသည် ခါးနှစ်ဖက် ထောက်ကာ ဆရာကြီးအား စူးစူးရဲရဲကြည့်နေ၏၊ ထို့နောက် ...

"ဟဲ့ - ဆရာစုတ် - ငါ့ဘူး ပြန်ပေးစမ်း"

"ဒီမယ် - အဘွားကြီး - ခင်ဗျားဟာ အသက်တွေလည်းကြီးပြီ၊ နှစ်တွေလည်း ကြာခဲ့ပြီ၊ အခုထိ အသိတရားမရဘဲ မိုက်တွင်းနက်နေတုန်းပဲလား"

ဆရာကြီး၏ စကားကြောင့် စုန်းမကြီးမှာ ဒေါသထွက်ရွှနန်မှု ဒေါသထွက် ၍ ...

"ဟဲ့ - မနေ့တစ်နေ့မှ လူဖြစ်တဲ့ကောင် - ငါ့ကို ဆရာမလုပ်နဲ့၊ ငါ့ဘူး အခု ပေးစမ်း" ဟု ကြိမ်းဝါးအော်ဟစ်လေတော့သည်၊

"မပေးဘူး - လုံးဝမပေးဘူး - ဖျက်ဆီးပစ်မယ်"

အလွယ်တကူတောင်းမရနိုင်မှန်းသိ၍ စုန်းမကြီးသည် လက်ဝါးနှစ်ဖက် ကို ထပ်၍ပါးစပ်မှ တတွတ်တွတ် ရွတ်ဆိုလေတော့သည်၊ ထိုခဏ၌ ၎င်း၏ ခန္ဓာကိုယ်၌ ပိုးစုန်းကြူးအကောင်ပေါင်းများစွာ ကပ်ငြိနေသကဲ့သို့ တလက် လက် အရောင်များ ထွက်ပေါ်လာ၏၊

"သတိထား - သူ့ပညာစက်တွေ လွှတ်တော့မယ်၊ စုန်းတောက်နေပြီ"

မျက်ခြေမပြတ် ကြည့်နေသော ဆရာကြီးကလည်း သူ့တပည့်တွေ အတွက် စိတ်ပူစွာဖြင့် သတိပေးသည်၊

"စိတ်ချ - ဆရာကြီး"

"သေစမ်း - ဆရာစုတ်၊ ရော့ - မြည်းကြည့်စမ်း၊ ငါ့ရဲ့ဖိနလောင်မီးလောင်နက်"



www.burmeseclassic.com

www.burmeseclassic.com

"ဝေါ - ဝရော"

စုန်းမကြီး၏လက်ထဲမှ အနီရောင်မီးလုံးကြီးတစ်လုံးက "ဝေါ" ခနဲ ပြေးထွက်လာသည်။ ဆရာကြီးကလည်း ကျွန်တော့်ထံမှ ရေမန်းပုလင်းကိုတောင်း၍ တစ်စုံတစ်ခုကို တီးတိုးရွတ်ဆိုကာ ရေကို တစ်ငုံငုံလိုက်သည်။ ထို့နောက် မီးလုံးကြီးဆီသို့ "ဖလူး" ခနဲ မှုတ်ထုတ်လိုက်ရာ အပြာရောင်အလင်းတန်းများ ပြိုးခနဲ ပြက်ခနဲ လက်သွားကာ မီးလုံးကြီးမှာ ပြိုကွဲသွားတော့သည်။

"ဘယ်နှယ့်ရှိစ အဖွားကြီး - ကျုပ်ရဲ့စက်နိမ်သိဒ္ဓိရေစင်အကြောင်း သိပြီလား"

"ဟင်း - ဟင်း - ပွဲမပြီးသေးပါဘူး။ ဆက်ကြည့်စမ်းပါ - ဆရာစုတ်ရာ"

စုန်းမကြီးမှာ ပထမလက်နက် မအောင်မြင်၍ ဒုတိယလက်နက်ကို ထုတ်သုံးမည့်သဘောဖြစ်သည်။ ခါးကိုကိုင်း၍ ကွေးညွတ်လိုက်ရာ မျက်စိရှေ့၌ပင် ကြီးမားသော လင်းတငှက်ကြီး ဖြစ်သွားချေပြီ။ သူ့အကြံစည်က ဝေဟင်အသာစီးဖြင့် အနိုင်ယူရန် ရည်ရွယ်ထားပုံရ၏။

သို့သော် သူ့ထက်ဦးအောင် ဆရာကြီးက လွယ်အိတ်ထဲမှ ရွှေရောင်ဆေးလုံးတစ်လုံးထုတ်ကာ လင်းတငှက်ကြီးအား ပစ်ပေါက်လိုက်လေသည်။

"ဝုန်း"

"ဖလူး - ဖလူး - ဖလပ် - ဖလပ်"

မီးခိုးလုံးကြီးတစ်ခုက ပေါက်ကွဲသံနှင့်အတူ ပေါ်ထွက်လာပြီး ငှက်ကြီးလည်း မပျံနိုင်တော့၊ ငှက်မွေးများက ဖြာခနဲ ဖွာထွက်ကုန်၏။ မူလရုပ်သွင် စုန်းမအဘွားကြီးအသွင်လည်း ပြန်ဖြစ်သွားရသည်။

"ဖိုးကြွယ် - မကွရာဆေးမှုန့်ကို အဲဒီကြေးဘူးထဲက သဲနက်တွေအပေါ်က ဖြူးလိုက် - မြန်မြန်လုပ်"

"ဟုတ် - ဟုတ်ကဲ့ - ဆရာကြီး"



ကျွန်တော်လည်း မဆိုင်းမတွပင် မကွရာဆေးဘူးမှ ဆေးမှုန့်များကို ကြေးဝါဘူးအတွင်းရှိ သဲနက်များအပေါ် ဖြူးချလိုက်သည်။ တီကောင်ကို ဆားနှင့် တို့လိုက်သလိုပင်၊ ငြိမ်သက်နေသော သဲနက်များက ဆေးမှုန့်ကျသည်နှင့် လှုပ်ရှားရုန်းကြွကာ ဘောင်ဘင်ခတ်သွားတော့သည်။ သဲနက်တွေ ဆူပွက်ကုန်လေပြီ။

"မလုပ် - မလုပ်နဲ့ - ငါ - နစ်ပေါင်းရာချီပြီး ကြိုးစားထားရတာ"

စုန်းမကြီးက အော်ဟစ်ရင်း တစ်ဟုန်ထိုး ပြေးထွက်လာသည်။ သို့သော် ဆရာကြီးက ဆေးမှုန့်တချို့ကိုလက်ဝါးပေါ်တင်၍ "ဖူး" ခနဲ မှုတ်ထုတ်လိုက်ရာ "ရှိုး" ခနဲ အလင်းစက်ဝန်းကြီးတစ်ခုက စုန်းမကြီးကို အရှိန်နှင့် ပြေးဝင်ဆောင့်လိုက်၏။

"အား - အီး"

စူးစူးဝါးဝါးနာနာကျင်ကျင်အော်ဟစ်ရင်း စုန်းမကြီးမှာ "ဝုန်း" ခနဲ လေထဲ မြောက်တက်လွင့်စဉ်သွားတော့သည်။ ထိုအချိန်တွင် ကြေးဝါဘူးအတွင်းရှိ သဲနက်များသည်လည်း ကြေမွအငွေ့ပျံနေလေပြီ။

"မ - မလုပ် - နဲ့ - အား"

စုန်းမကြီးသည် မြေပေါ်သို့ ခြေကားရား လက်ကားရားဖြင့် ပြုတ်ကျလာရာ ၎င်းပြုတ်ကျရာအောက်တည့်တည့်၌ ဘယ်ကဘယ်လိုရောက်လာမှန်းမသိသော အနက်ရောင်ခေါင်းတလားကြီးတစ်လုံးကို တွေ့လိုက်ရသည်။ စုန်းမကြီးသည် ထိုခေါင်းတလားထဲသို့ ချိန်သားကိုက်စွာဖြင့် "ဝုန်း" ခနဲ ပြုတ်ကျသွားတော့သည်။

တစ်ပြိုင်တည်း၌ပင် ခေါင်းတလား၏အဖုံးကလည်း "ဂျိုင်း" ခနဲ ပိတ်ပြီးသားဖြစ်သွားလေပြီ။ အဖြစ်ပျက်တို့မှာ မျက်စိတစ်မှိတ်၊ လက်ဖျစ်တစ်တွက် အချိန်ကာလအတွင်း ဖြစ်သွားခြင်းဖြစ်၏။

ဤခေါင်းတလားကြီးနှင့် ပတ်သက်၍ ဆရာကြီးအောင်စကြာသည်ပင် ကိုယ်တိုင် နားမလည်နိုင် ဖြစ်နေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟင် - ဒီခေါင်းတလားက ဘယ်လိုရောက်လာတာလဲ၊ စုန်းမကြီးကတော့ အထဲမှာ ပိတ်မိသွားပြီ"

ဆရာကြီးကိုယ်တိုင် နားမလည်မှတော့ တပည့်ဖြစ်သူ ကျွန်တော်နှင့် သူရိန်မှာ ဘာဆိုဘာမှ နားမလည်တော့ပါ၊ မျက်တောင်ခတ်ရန်ပင် မေ့လောက်အောင် ရင်သပ်ရှုမောဖွယ် မြင်ကွင်းများကို ကြည့်နေမိကြသည်၊

"ဒုန်း - ဒုန်း - ဒုန်း"

"လွှတ်ပေး - ငါ့ကိုလွှတ်ပေးစမ်း - အဖုံးဖွင့်စမ်း"

ခေါင်းတလားအတွင်းမှ စုန်းမကြီးမှာ အဖုံးကို တွန်းထိုးထုရိုက်တာ အော်ဟစ်နေလေသည်၊ သို့သော် အဖုံးကား မပွင့်၊ ခေါင်းတလားတ တုပ်တုပ်မျှပင် မလှုပ်၊

"ဆရာ - ဆရာကြီး - ဒါ - ဒါ - ဆရာကြီး လုပ်လိုက်တာလားဗျာ"

သူရိန်က မအောင့်အည်းနိုင်ဘဲ ထုတ်မေးလိုက်ခြင်းဖြစ်သည်၊ ဆရာကြီးက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းပြသည်၊

"မဟုတ်ဘူး - ဆရာ့လက်ချက် မဟုတ်ဘူး"

"ဒါ - ဒါဖြင့် - ဘယ်သူလုပ်လိုက်တာလဲ ဟင်"

"... ... ... ... ... ..."

ဆရာကြီးနှုတ်မှ တုံ့ပြန်သံ ထွက်မပေါ်လာပါ၊

ဆရာကြီးကိုယ်တိုင်တစ်စုံတစ်ခုကိုအလေးနက်စဉ်းစားနေပုံပေါ်သည်၊ မျက်မှောင်ကြုတ်၍ ခေါင်းအနက်ကြီးကို စူးစိုက်ကြည့်နေ၏၊ အတွင်းမှ "တဒုန်းဒုန်း" ထုရိုက်သံများနှင့် အော်ဟစ်သံများ ထွက်ပေါ်နေဆဲ၊

"ဘာပဲဖြစ်ဖြစ် - ဆရာတို့ အောင်မြင်ခဲ့ပြီ၊ စုန်းမကြီးရဲ့အသက်ဘူးကို ဖျက်ဆီးနိုင်ခဲ့ပြီ၊ သူမှာ ဘာပညာစက်မှ မရှိတော့ဘူး၊ ပြီးတော့ - သူလည်း ဒီအထဲက ဘယ်တော့မှ ထွက်နိုင်မှာ မဟုတ်တော့ပါဘူးကွယ်"

ဆရာကြီး စကားအဆုံးမှာတော့ ခေါင်းတလားကြီးမှ "ဝုန်း" ခနဲ မီးခိုးလိပ်ကြီးတစ်ခု ထိုးထွက်လာ၏၊ မီးခိုးထု လွင့်ပါးသွားချိန်မှာတော့ ရှေ့မှ လူဘီလူးကြီးတစ်ကောင်က ထိုအနက်ရောင်ခေါင်းကိုထမ်းကာ တစ်လှမ်းချင်း ထွက်သွားသည်ကို တွေ့လိုက်ရသည်၊

အားလုံး အံ့သြသင့်ကာပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေမိသည်၊ လူဘီလူးကြီးသည် ခေါင်းကိုထမ်းရင်း လျှောက်သွားရာ ခြေလှမ်းဆယ်လှမ်းခန့်ရောက်သောအခါ သူ့ရှေ့၌ အမျိုးသမီးတစ်ယောက် ဘွားခနဲ ပေါ်လာသည်၊

အသက်အားဖြင့် သုံးဆယ်ကျော်ခန့်ရှိမည်ဖြစ်ပြီး ဆံပင်ဖားလျားချကာ အဖြူရောင်ဝတ်စုံထက်အောက်ကို ဝတ်ဆင်ထားသောအမျိုးသမီး ဖြစ်သည်၊ လူဘီလူးကြီးသည် ထမ်းထားသောခေါင်းတလားကိုချ၍ ထိုအမျိုးသမီးအား ဒူးထောက်ကာ အရိုအသေပေးနေ၏၊

"ဒီခေါင်းကိုယောရှုဝတွင်းထဲ ပစ်ချလိုက်ပေတော့ - အမောင်သုပိယကွဲ"

"မှန်လှပါ အရှင်"

အမျိုးသမီး၏အမိန့်သံအဆုံးမှာတော့ လူဘီလူးကြီးသည်ခေါင်းတလားကို ပြန်ထမ်းလိုက်ပြီးနောက် မြင်ကွင်းမှပင် နှစ်ယောက်စလုံး ကွယ်ပျောက်သွားတော့သည်၊ ထိုအခါကျမှ အရာရာကို သဘောပေါက်သွားကာ ဆရာအောင်စကြာသျှင်သည် အောက်ပါစကားတစ်ခွန်းကို တစ်ကိုယ်တည်း ထုတ်ပြောလိုက်ပါတော့၏သတည်း၊၊

"ကျေးဇူးတင်ပါတယ် - မဗဲဝါ"

→ ဝသုန်ဟိန်းထက်

www.burmeseclassic.com




# ကြိုးသမားဝိညာဉ်

စိုးဝေ

"ဂျိုင်း"

အရုက်ဦး၏ နံနက်ခင်းအလင်းရောင် မပေါ်သေးသည့် တိတ်ဆိတ်နေ ရှိန်ဝယ် ကြောက်မက်ဖွယ်ရာ ထွက်ပေါ်လာသောအသံကြီးမှာ မြင်တွေ့နေရသော လူအားလုံး၏ စိတ်နှလုံးကို မချမ်းမြေ့ဖွယ်ရာ မြင်တွေ့နေကြရသည်။

ယင်းမှာ သေဒဏ်ကျခံခဲ့ရသော ကြိုးသမားအောင်ဒင်ဆိုသူအား ဒီမနက်စောစောမှာ ကြိုးစင်ကြီးပေါ်ဝယ် ဒေါက်ဖြုတ်သတ်ဖြတ်ခဲ့သည့် မြင်ကွင်းကို မြင်တွေ့ကြရလို့ပဲ။

ဒီလိုကြိုးပေးစီရင်ရမည့် တာဝန်မှာ ကျွန်ုပ်တာဝန်ဖြစ်နေသောကြောင့် ထောင်ပိုင်ကြီးထံမှ လက်ကိုင်ပဝါအဖြူလေးကို မှောင်ရီပိုးတဝါးကြားမှာ ဝှေ့ယမ်းအချက်ပြနေသောကြောင့် ကျွန်ုပ်လက်ထဲဝယ် စေးထန်းနေအောင် ဆွေးများဖြင့် နစ်နေသည့် ဒေါက်မောင်းတံကို ဆွဲချလိုက်၍ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကြီးသမားအောင်ဒင်၏သေဆုံးနေသောခန္ဓာကိုယ်ကိုကြိုးစင်အောက်လိုက်ခေါင်းထဲမှ ဆွဲထုတ်ယူကာ သချိုင်းဆီ သယ်ဆောင်သွားပြီး မြေမြှုပ်သင်္ဂြိုဟ်ပေးလိုက်သည်။

ကျွန်ုပ်လည်း ယနေ့ တာဝန်မှူးကြီး တာဝန်ကျနေသောကြောင့် ည (၈) နာရီတိတိမှာ ထောင်ထဲသို့ ဂျူတီပြန်ဝင်ရမည် ဖြစ်သည်။ ဇနီးသည် ရှုံးပေးနေသော ထမင်းပွဲကို နောက်ဖေးမှာ တစ်ယောက်တည်း ထိုင်စားနေသည်။

ဇနီးဖြစ်သူနှင့် သားမှာ တီဗွီမှာ ပြသနေသော ကိုရီးယားဇာတ်လမ်းတွဲအား အိမ်ရှေ့မှာ ထိုင်ကြည့်နေသောကြောင့် ဖြစ်သည်။

ကျွန်ုပ် ထမင်းစားပြီး စားကြွင်းစားကျန်များကို နောက်ဖေးရှိခွေးစာခွက်ထဲ သွန်ချပစ်နေစဉ်…

"ဝုတ် - ဝုတ်"

ခွေးမည်းတစ်ကောင်က တစ်စုံတစ်ရာကို လှမ်းမြင်နေသဖြင့် ထိုးဟောင်နေခြင်း ဖြစ်သည်။

ကျွန်ုပ်လည်း နောက်ဖေးဘက်တွင် မည်သူတစ်စုံတစ်ယောက် ရှိနေ၍များ ခွေးဟောင်နေရသလဲဆိုသည့် အတွေးဖြင့် နောက်ဖေးအပြင်ဘက်သို့ ထွက်ကြည့်ရှာဖွေနေမိသည်။

ထိုစဉ် လှုပ်ရှားနေသော အရိပ်သဏ္ဍာန်လိုလို မသဲကွဲဖွယ်ရာ တွေ့မြင်လိုက်သဖြင့် အိမ်ခန်းထဲဝင် လက်နှိပ်ဓာတ်မီးကိုယူကာ ဟိုဟိုဒီဒီ လိုက်လံထိုးကြည့်သော်လည်း မည်သည့်အရိပ်အယောင်မျှ မတွေ့ပေ။

"အင်း - ငါ့စိတ်ထဲ ထင်နေလို့များလား"

ဟု စိတ်ထဲမှာ ကြိတ်ပြီးမှတ်ချက်ချနေမိသည်။ ကျွန်ုပ်လည်း ညတာဝန်ပြန်ဝင်ရမည်ဖြစ်၍ ဇနီးသည်ကို တံခါးများ သေချာပိတ်ပြီးမှ အိပ်ရန် မှာကြားပြီး ထောင်ထဲ ပြန်ဝင်လာသည်။

ကျွန်ုပ်မှာ ညတာဝန်မှူးကြီး တာဝန်ယူထားရသဖြင့် ညဘက် လုံခြုံရေးကင်းများကို လိုက်လံစစ်ဆေးနေရသည်။ အိပ်ဆောင်များကို တိုက်ခန်းများ စသည်တို့ကို ကင်းသမားများ နိုးနိုးကြားကြား ရှိ မရှိ လိုက်လံစစ်ဆေးနေသည်။



အားလုံး လှည့်ပတ်စစ်ဆေးပြီး ကျွန်ုပ် ရုံးတာဝန်ထမ်းဆောင်နေသော အချုပ်ရုံးခန်းဝင်ကာ ချုပ်ရီမန်များကို နက်ဖြန်ရုံးထွက်အမီ ရုံးထုတ်နိုင်ရန် စားပွဲမှာ ထိုင်စစ်ဆေးနေလေသည်။

ထိုစဉ် ကျွန်ုပ် မျက်ဝန်းထောင့်နေရာမှ တစ်စုံတစ်ယောက် ဖြတ်သွားသလို ရုတ်တရက် ရိပ်ခနဲမြင်လိုက်သဖြင့် ဖွင့်ထားသောတံခါးမှ အပြင်ဘက် လှမ်းကြည့်လိုက်သည်။

သို့သော်လည်း ကျွန်ုပ် ထင်သလို တစ်စုံတစ်ရာမမြင်ရဘဲ ရုံးခန်းရှေ့ရှိ အမျိုးသမီးဆောင်ကို ကာရံထားသော အုတ်ရိုးမည်းမည်းကြီးကိုသာ အမှောင်ထုအောက်ဝယ် မြင်တွေ့နေရသည်။

ကျွန်ုပ်လည်း နက်ဖြန် ရုံးထွက်ရမည့် အချုပ်သားများအတွက် ချုပ်ရီမန်များကို နယ်မြေလမ်းကြောင်းအလိုက် သားရေပင်နှင့် စည်းနေသည်။

ရုံးခန်းဝင်ပေါက်နေရာမှာ ချိတ်ထားသော ပြက္ခဒိန်စာရွက်များသည် လေမတိုက်ပါဘဲ တဖျတ်ဖျတ် လှုပ်ရှားမြည်နေသံကို ကြားလိုက်သည်။ အလုပ်ထဲ အာရုံဝင်စားနေရာမှ ဖျတ်ခနဲ လှမ်းကြည့်လိုက်သော်လည်း ပြက္ခဒိန်စာရွက်များမှာ သံချိတ်တွင်ချိတ်ထားသည့်အတိုင်း ပကတိငြိမ်သက်နေသည်။

"အင်း - အောင်ဒင်များ လာနှောင့်ယှက်နေတာများလား"

မဆီမဆိုင် အတွေးတစ်ချက် ခေါင်းထဲဖြတ်ဝင်လာသည်။ နံနက်စောစောလင်းအားကြီးအချိန်ခန့်ဝယ် ကြိုးသမားအောင်ဒင်ကို ကျွန်ုပ် ကိုယ်တိုင် ခေါက်ဖြုတ်စီရင်ခဲ့ပြီး ဖြစ်သည်။

အောင်ဒင်တစ်ယောက် လတ်တလောသေဆုံးသွားခဲ့ပြီးနောက် ၎င်း၏ ဝိညာဉ်မှာ မကျွတ်မလွတ်နိုင်သေးဘဲ ထောင်ထဲမှာ လေလွင့်မျောပါနေသလားဟု စိတ်မှာတွေးနေမိသည်။

"ဆရာ - ကျွန်တော့်ကို ခေါက်ဖြုတ်သတ်ခဲ့တော့ ဆရာမှာကော အပြစ်တစ်စုံတစ်ရာ မရှိဘူးလား"

www.burmeseclassic.com

"ဘယ်ရှိပုံမလဲ - အောင်ဒင်ရာ၊ ငါတို့ဝန်ထမ်းတွေဆိုတာက နိုင်ငံတော်လစာကို စားနေရတဲ့ နိုင်ငံ့ဝန်ထမ်းတွေပီပီ အထက်က အမိန့်ပေးလာတော့ တာဝန်အရ လုပ်ကြရတာပါ"



**ကျွန်ုပ် နှုတ်မှ လှမ်းမေး[illegible] ထိုအကျဉ်းသားသည် အိပ်နေရာမှ တစ်ဖက်သို့ လှည့်လာပြီး ကြည့်လိုက်စဉ် ကျွန်ုပ် တစ်ကိုယ်လုံး လိပ်ပြာလွင့်စဉ်မတတ် ဖြစ်သွားတော့သည်။ ယင်းအကျဉ်းသား၏ မျက်နှာမှာ နံနက်စောစောက ကျွန်ုပ်ကိုယ်တိုင် ဒေါက်ဖြုတ်သတ်ခဲ့သော ကြိုးသမားအောင်ဒင်ဖြစ်နေသောကြောင့် ကြောက်ရွံ့ထိတ်လန့်သွားခြင်း ဖြစ်ပါသည်။**

နံနက်က ကြိုးစင်ကြီးပေါ်ဝယ် ကြိုးမပေးမီ အောင်ဒင်က နောက်ဆုံးနှုတ်ဆက်စကားပြောစဉ် အထက်ပါအတိုင်း မေးမြန်းနေသဖြင့် ပြန်ဖြေကြားခဲ့ခြင်း ဖြစ်သည်၊

ယခုတော့ ကျွန်ုပ်ကိုယ်တိုင် ဒေါက်ဖြုတ်သတ်ခဲ့ရသော အောင်ဒင် တစ်ယောက် မကျွတ်မလွတ်ရှာဘဲ သူ့ရဲ့ဝိညာဉ်က ခိုနားစရာနေရာမရှိသောကြောင့် ထောင်ဝင်းထဲမှာ သွားလာမျောပါနေဟန်တူသည်၊



ကျွန်ုပ်လည်း အလုပ်များကို လက်စသတ်ကာ နံနက်ရုံးထွက်တွင် အဆင်သင့်ဖြစ်နိုင်ရန် ချုပ်ရီမန်များကို သူ့လမ်းကြောင်းအလိုက် စီထပ်ပြီး စားပွဲပေါ်မှာ အဆင်သင့်တင်ထားသည်၊

"ဒေါင် - ဒေါင် - ဒေါင် - ဒေါင်"

ဂိတ်မကြီးပေါ်မှ နာရီမောင်းထိုးရန် အချက်ပေးသံချောင်းခေါက်သံကို ကြားလိုက်ပြီး နာရီမောင်းကို ဆက်တိုက်ခေါက်နေလေသည်၊

"ဘာလိုလိုနဲ့ ညဥ့်တောင် အတော်နက်သွားပြီပဲ၊ ညဆယ့်နှစ်နာရီမောင်းတောင် ခေါက်သွားပြီ၊ ဒုတိယအကြိမ် ကင်းလှည့်လည်စစ်ရဦးမည်၊ အလုပ်တွေသိမ်းပြီး ကင်းလှည့်စစ်ဦးမယ်"

ဟု တစ်ကိုယ်တည်းပြောကာ ရုံးခန်းမီးကို ပိတ်လိုက်ပြီး ရုံးတံခါးကို သော့ခတ်ပိတ်လိုက်သည်၊

ထောင်ဘူးဝအနောက်ဘက်နေရာမှ အမျိုးသမီးဆောင်ဘေး မြေနီလမ်းကလေးအတိုင်း အုတ်ရိုးပတ်လမ်းပေါ်မှ လျှောက်လာနေသည်၊

ထောင်အုတ်ရိုးမည်းမည်းကြီးဘေးမှ ဖြတ်ကာ လျှောက်လာနေသည်၊ လမ်းမှာရှိသော မျှော်စင်ကင်းများကို စစ်ဆေးရင်း လျှောက်လာခဲ့သည်၊

ထို့နောက် အမျိုးသမီးအိပ်ဆောင်လွန်လာသောအခါ လရောင်အောက်ဝယ် ကြိုးစင်ကြီးကို ထီးတည်းတွေ့မြင်လိုက်ရသည်၊ လေနုအေးလေများ တိုက်ခတ်နေသည့်ကြားမှာ ကျောထဲဝယ် စိမ့်ခနဲ အေးစက်သွားသည်၊

ဒီကြိုးစင်ကြီးပေါ်မှာ မနက်စောစောကပဲ ကြိုးသမားအောင်ဒင်ကို ကြိုးပေးကွပ်မျက်ခဲ့သေးသည်၊ ယခုတော့ ကြိုးစင်ပတ်ဝန်းကျင်မှာ ဘာသံမျှ မကြားရဘဲ တိတ်ဆိတ်ငြိမ်သက်နေသည်၊

"ခူး - ခလော - ခလော"

ဟောက်သံသဲ့သဲ့ကို နားထဲမှာ ကြားလိုက်ရသောကြောင့် ဝန်ထမ်းတာဝန်ကျ ကင်းသမားသည် တစ်နေရာရာမှာ ကင်းမစောင့်ဘဲ ပုန်းအိပ်နေဟန်တူသည်၊



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် - ကင်းသမားကို နှိုးရန် လက်နှိပ်ဓာတ်မီးရောင်ဖြင့် ပတ်ဝန်းကျင်တစ်ဝိုက်ကို ထိုးကြည့်ရှာဖွေနေသည်။ လက်နှိပ်ဓာတ်မီး အလင်းတန်းအောက်ဝယ် ကြိုးစင်ကြီးပေါ်တွင် တစ်ယောက်ယောက် လှဲအိပ်နေသလို ပုံစံမျိုးကို အမှတ်မထင် တွေ့မြင်လိုက်ရသည်။

ကျွန်ုပ်လည်း မိမိ ကင်းတာဝန်ချိန်တွင် ကင်းမစောင့်ဘဲ ကြိုးစင်ကြီးအပေါ်ဝယ် တက်အိပ်နေသော ကင်းသမားအား နှိုးမှထမည်ကိုသိသဖြင့် ကြိုးစင်ပေါ်သို့တက်သည့် လှေကားခုံဆယ့်သုံးထစ်ကို တစ်ထစ်ချင်း နင်းတက်လာနေသည်။

ထိုမှ ကြိုးစင်ကြီးအပေါ်သို့ ရောက်လာသောအခါ လက်ထဲမှ လက်နှိပ်ဓာတ်မီးကိုထိုးပြီး နှီးမည့်ဟန်ပြင်လိုက်စဉ် အိပ်နေသူမှာ ပုံစံအကျီ လုံချည် အဖြူဝတ်ဆင်ထားသော အကျဉ်းသားတစ်ဦး ဖြစ်နေသည်။

"ဟေ့ - မင်း ဘယ်သူလဲ"

ကျွန်ုပ် နှုတ်မှ လှမ်းမေးလိုက်သောအခါ ထိုအကျဉ်းသားသည် အိပ်နေရာမှ တစ်ဖက်သို့ လှည့်လာပြီး ကြည့်လိုက်စဉ် ကျွန်ုပ် တစ်ကိုယ်လုံး လိပ်ပြာလွင့်စဉ်မတတ် ဖြစ်သွားတော့သည်။ ယင်းအကျဉ်းသား၏ မျက်နှာမှာ နံနက်စောစောက ကျွန်ုပ်ကိုယ်တိုင် ဒေါက်ဖြုတ်သတ်ခဲ့သော ကြိုးသမား အောင်ဒင်ဖြစ်နေသောကြောင့် ကြောက်ရွံ့ထိတ်လန့်သွားခြင်း ဖြစ်ပါသည်။

"ဟင် - ဟင် - အောင် - အောင်ဒင်ပဲ။ မင်း - သေသွားပြီလေ၊ ဘာဖြစ်လို့ မင်း ဒီပေါ်ရောက်နေရတာလဲ။ ဒါ - ဒါဆို - သ - သရဲလား မသိဘူး"

ဟု ကျွန်ုပ်နှုတ်မှ ဗလုံးဗထွေးပြောဆိုနေရင်း ကြိုးစင်ကြီးပေါ်မှ ကြောက်ရွံ့ထိတ်လန့်စိတ်ဖြင့် ကမန်းကတန်း ဆင်းပြေးလာခဲ့သည်။ ထိုစဉ် ...

"ဗုန်း"

"အင့်"

ဟူသော ညမှောင်မှောင်မည်းမည်းကြီးအောက်ဝယ် ကျွန်ုပ်မှာ ကြောက်အားလန့်အားဖြင့် ထွက်ပြေးလာစဉ် ဝင်တိုးမိတော့သည်။

"ဟေ့ - ဘယ်သူလဲ"



အမှောင်ထဲမှာ နှစ်ဦးသားဝင်တိုက်မိကြပြီး တစ်ဖက်လူမှ အလန့်တကြား မေးလည်းမေး၊ လက်ထဲမှ လက်နှိပ်ဓာတ်မီးကို ထိုးကြည့်မိတော့မှ ကျွန်ုပ်မှန်း သိသွားသည်။

"ဟာ - ဆရာ - ဘယ်လိုဖြစ်လာတာလဲ"

"ငါ - ငါ - ကြိုးစင်ပေါ်မှာ သရဲနဲ့ တိုးလို့ကွ"

"ဟာ - မဖြစ်နိုင်တာ ဆရာ။ ဘယ်မှာလဲ - လာ - သွားကြည့်မယ်"

ဟု စစ်ခွေးကင်းလှည့်နေသော တပ်ကြပ်စံထွန်းမှ ပြောနေသည်။ စစ်ခွေး ကင်းတာဝန်ကျ တပ်ကြပ်စံထွန်းမှာ သူ့အယ်လ်ဆေးရှင်းခွေးကြီးကို အမျိုးသမီးဆောင်နောက် ခြံစည်းရိုးမှာ ကြိုးချည်ထားခဲ့ပြီး လှည့်လိုက်စဉ် အမှောင်ထဲမှာ ကျွန်ုပ်နှင့် ဝင်တိုးမိကြခြင်း ဖြစ်ပါသည်။

"ဟင် - ဘာမှလဲ မရှိပါလား"

"စောစောကလေးတင် ပုံစံအကျီလုံချည်အဖြူဝတ်ပြီး လှဲအိပ်နေတာကွ"

"ဟာ - ဆရာကလည်း မဖြစ်နိုင်တာပဲ၊ ဆရာ စိတ်စွဲနေလို့ဖြစ်မှာပါ"

တပ်ကြပ်စံထွန်း၏ စကားကြောင့် ကျွန်ုပ် စိတ်ထဲဝယ် ဇဝေဇဝါဖြစ်သွားသည်။

"အေးကွာ - တော်တော်ထူးတော့ ထူးတာပဲ"

ကျွန်ုပ်မှာ ကိုယ်တိုင်ကြုံတွေ့မြင်တွေ့နေပါလျက် အစအန မမြင်နိုင်အောင် ပျောက်ချင်းမလှ ပျောက်သွား၍ စိတ်ထဲမှာ အံ့ဩနေမိသည်။

နံနက်ခင်းထောင်ထဲမှ ဂျူတီထွက်လာသောအခါ ထောင်ကျောင်းဆရာတော်ကြီး ကုမာရထံ ယင်းကိစ္စအကြောင်း သွားရောက်လျှောက်ထားကြည့်လေသည်။

"ဒကာကြီး - ဒီကိစ္စမျိုးဆိုတာ ဟိုး - ဗုဒ္ဓမြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မမူကပင်လျှင် သေလွန်သွားခဲ့ကြသောသူများသည် မကျွတ်မလွတ် သောဘဝကိုရောက်သွားခဲ့ကြတယ်။ အဲဒီပရလောကသားတွေဟာ ဒီတို့ကောင်းရာမွန်ရာဘုံဘဝ ရောက်စေဖို့ကိုယ်တိုင်ကုသိုလ်ဒါန မပြုနိုင်



www.burmeseclassic.com

www.burmeseclassic.com

နိုင်ကြဘူး၊ သူတစ်ပါးက သေလွန်သွားခဲ့ကြသူများအတွက် လှူဖွယ်ဝတ္ထု ပစ္စည်း များဖြင့် ရဟန်းသံဃာအရှင်သူမြတ်များကို လှူဒါန်းဆက်ကပ် တရားနာ အမျှဝေဖေးမှာ ထိုကုသိုလ်တို့ကို သာဓုခေါ်လို့ ရနိုင်မှာ ဖြစ်တယ်"

ဟု မိန့်ကြားပြောဆိုလေသည်၊ ကျွန်ုပ်လည်း မိမိနေထိုင်ရာအိမ်ဆီသို့ ခေတ္တပြန်လာပြီး ဖနီးသည်ကို ဖြစ်ပျက်ပုံအကြောင်းစုံအား ပြောပြခဲ့သည်၊ နောက်ဇနီးသည်နှင့်အတူ ဆရာတော်ဦးကုမာရထံ သင်္ကန်းတစ်စုံဆက်ကပ် လှူဒါန်းပြီး ရေစက်ချကာ အမျှဖေးဝေလိုက်သည်၊

"တပည့်အောင်ဒင်ရေ - ငါနဲ့မင်းဟာ ဘာရန်ငြိုးရန်စမှ မရှိကြဘဲ ငါ့ တာဝန်အရ ဆောင်ရွက်ခဲ့ရတာပဲ ရှိတယ်၊ ငါပြုသောကံ ပဲ့တင်သံဟာ ငါ့ထံ ပြန်လာလျှင်လည်း အခု ငါ ပြုသောကုသိုလ်ဒါနကို မင်းလည်း ရောက်ရာ ဘုံဘဝကနေ ငါ့အပေါ် ခွင့်လွှတ်ပြီး သာဓုအနုမောဒနာ ခေါ်ယူပါကွာ၊ မင်း လည်း ရောက်ရာဘုံဘဝမှာ ကောင်းရာမွန်ရာ ရောက်ပါစေကွာ၊ အောင်ဒင် ရေ - အမျှ - အမျှ - အမျှ"

ဟု နှုတ်မှ ရွတ်ဆိုကာ ရေစက်ခွက်ကိုကိုင်ပြီး အမျှပေးဝေနေလိုက် သည်၊ ထောင်ကျောင်းဆရာတော် ဦးကုမာရ၏ ကျောင်းသစ်မ်းလေး ခေါင် မိုးပေါ်မှ အိမ်မြှောင်စုတ်ထိုးလိုက်သံကို ပီပီသသ ကြားလိုက်ရလေသည်၊

သည့်နောက်ပိုင်း ကျွန်ုပ်လည်း တာဝန်ထမ်းဆောင်နေသော အချိန် ဝယ် မည်သည့်အနှောက်အယှက်ပေးခြင်းမျှ မခံရတော့ပေ၊

နောက်ဆုံး ညဘက်ကင်းလှည့်လည် စစ်ဆေးနေသည့်အခါ ထောင်ထဲ မှ ကြိုးစင်ကြီးနားဆီ ဖြတ်သွားရသည့်တိုင် မည်သည့်အရိပ်အယောင်မျှ မမြင်မတွေ့ရတော့ဘဲ တိတ်ဆိတ်ငြိမ်သက်နေလေတော့သည်၊

→



www.burmeseclassic.com

## သိုက်နန်းရှင်၏ ချစ်သူနှင့်

# အခြားဖြစ်ရပ်ဆန်းများ

### ထိုဆောင်းဦး (အလိန်လည်ကျေးရွာ)

လွန်ခဲ့သော အနှစ်(၄၀)ကျော်လောက်က အလိန်လည်ကျေးရွာတွင် အလွန်ထူးဆန်းသောဖြစ်ရပ်များ ဖြစ်ပွားခဲ့သည်။ အလိန်လည်ကျေးရွာသည် အိမ်ခြေ (၇၀၀)ကျော်သည့် ရွာပိုင်းကြီး ဖြစ်သည်။ သစ်ကြီးဝါးကြီးနှင့် သီးပင်စားပင်များပေါများပြီး အုပ်အုပ်ဆိုင်းဆိုင်းနှင့် နေထိုင်၍ကောင်းသော ရွာကြီးတစ်ရွာဖြစ်သည်။ ရွာသူရွာသားများကလည်း ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့နေထိုင်သူများသော ရွာကြီးတစ်ရွာ ဖြစ်သည်။ မြံပိုင်းတွေနှင့် သိုက်သိုက်ဝန်းဝန်းနေထိုင်သောရွာသားများ ဖြစ်ပြီး လယ်ယာလုပ်ငန်း လုပ်ကိုင်ကြသည်။

အလိန်လည်ကျေးရွာ၏ ရွာလယ်လမ်းသည် ကျောက်ပြားခင်းလမ်းဖြစ်ပြီး ရွာ၏တောင်နှင့်မြောက် သွယ်တန်းထားသည်။ ယခင်အချိန်က ရွာ၏ ဘုန်းကြီးကျောင်း နှစ်ကျောင်းနှင့်တွဲဖက်အထက်တန်းကျောင်းတစ်ကျောင်း တို့သည် ရွာ၏မြောက်ဘက်ပိုင်းတွင်တည်ရှိပြီး ယခုအခါတွင် ပန်းလှိုင်မြစ်၏ ရေတိုက်စားမှုကြောင့် ကမ်းပါးတွေ ပြိုကျပြီး စာသင်ကျောင်းနေရာရော ဘုန်းကြီးကျောင်းနှစ်ကျောင်းနေရာပါ ရေတိုက်စားသွားသဖြင့် ဘုန်းကြီးကျောင်းနှစ်ကျောင်းရော စာသင်ကျောင်းပါ ရွာ၏ တောင်ဘက်ပိုင်းသို့ ပြောင်းသွားကြပြီဖြစ်သည်။ ရွာကြီးသည် လမ်းများစွာဖြင့် တည်ဆောက်ထားသဖြင့် မရောက်ဘူးသူဆိုရင် မျက်စိလည်တတ်သည်။

အလိန်လည်ကျေးရွာတွင် ရွာလယ်ကျောက်ပြားခင်းလမ်း၊ နောက်ဖေးတန်းလမ်း၊ ရွာသစ်ကုန်းလမ်း၊ မီးလောင်ကုန်းလမ်းနှင့် ကမ်းနားလမ်းဆိုပြီး လမ်းငါးလမ်းနှင့် ဖွဲ့စည်းထားပြီး တစ်လမ်းနှင့်တစ်လမ်းကူးသော ကန့်လန့်ဖြတ်လမ်းတွေကလည်း များစွာပါဝင်သည်။ ထိုဖြတ်လမ်းလေးများတွင် တဲအိမ်ကလေးများ၊ မြံပိုင်းများ တည်ရှိသည်။ အလိန်လည်ရွာတွင် အိမ်ကြီးရခိုင် မြံပိုင်းတွေနှင့် တင့်တောင်းတင့်တယ် နေထိုင်ကြသည်။ တစ်ရွာလုံးကလည်း ဆွေမျိုးများ တော်နေကြသဖြင့် အေးချမ်းစွာနေထိုင်ကြပြီး ပျော်စရာ အလွန်ကောင်းသော ရွာကြီးတစ်ရွာ ဖြစ်သည်။

အလိန်လည်ရွာတွင် ဦးပန်းမောင်၊ ဒေါ်ကြည်မြင့်တို့မိသားစုတွင် သားသမီး (၇)ယောက် မွေးခဲ့ပြီး အလိန်လည်ကျေးရွာတွင် လယ်ယာလုပ်ငန်းများ လုပ်ကိုင်ပြီး မိသားစုနှင့် အေးချမ်းစွာ နေထိုင်ခဲ့ကြသည်။ လယ်ဧက (၂၀၀) ကျော်ပိုင်ဆိုင်ပြီး မြံအကြီးကြီးနှင့် တောင်ပိုင်းတွင် အိမ်ကြီးရခိုင်နှင့် တင့်တောင်းတင့်တယ် နေနိုင်ကြသည်။

ဒေါ်ကြည်မြင့် အသက်(၃၀)ကျော်အရွယ်က ဖြစ်ခဲ့သော ဖြစ်ရပ်ဆန်း အလိန်လည်ကျေးရွာတွင်သာမက ရွာနီးချုပ်စပ်များပင် လာရောက်ကြည့်ရှုကြရသည်။ မကြည်မြင့်တို့ ပန်းမောင်နှင့် အိမ်ထောင်ကျပြီး ကလေး(၄)ယောက်ရသောအချိန်တွင်ဖြစ်သည်။ ထိုအချိန်က အလိန်လည်ကျေးရွာတွင် မကြည်မြင့်၏အမေ ဒေါ်သဲဖြူမှာ ရွာမျက်နှာဖုံးဖြစ်သည်။ လယ်ဧက (၁၀၀) ကျော်ပိုင်သော သူဌေးမကြီးဖြစ်သည်။ သမီးတွေကလည်း ကွမ်းတောင်ကိုင် ပန်းတောင်ကိုင်တွေဖြစ်ပြီး အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ ချောမောလှပသော





www.burmeseclassic.com

www.burmeseclassic.com

သူများဖြစ်သဖြင့် အလိန်လည်ကျေးရွာသည် တောလယ်ကျွန်းပေါ်တွင် ထင်ရှားသောရွာတစ်ရွာ ဖြစ်ခဲ့သည်။

ဒေါ်သဲဖြူက သုံးဆယ်သူဖြစ်ပြီး ဆရာစံနှင့် သူငယ်ချင်းဖြစ်၍ ဒေါ်သဲဖြူက ဆင်များပိုင်သဖြင့် ဆရာစံကို ဆင်ငှားသည်။ ဆရာစံ တိုက်ပွဲရှုံးသွားပြီး ပတ်သက်သူများကို အင်္ဂလိပ်အစိုးရက လိုက်ဖမ်းသဖြင့် အဖေဘက်က ဆွေမျိုးတွေရှိရာအလိန်လည်ကျေးရွာသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ အဘိုးမှ အမွေပေးသဖြင့် လယ်ယာများ ပိုင်ဆိုင်ခဲ့ပြီး မိမိပါလာသော ငွေဖြင့် ထပ်ဝယ်သဖြင့် လယ်ဧက (၁၀၀)ကျော် ပိုင်သွားသည်၊ သူယောက်ျား ဦးပန်းအောင်ကတော့ ရွှေဘိုသားဖြစ်သည်၊ သားသမီး(၆)ယောက် မွေးခဲ့သည်၊ သမီးတွေက အချောအလှတွေဖြစ်သဖြင့် ရွာကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်များ ဖြစ်ခဲ့သည်။

အလတ်မ မကြည်မြင့်သည် ပန်းမောင်နှင့် အိမ်ထောင်ကျခဲ့သည်။ အိမ်ထောင်မကျခင် ကလေးအရွယ်ထဲက နံနက်(၄)နာရီထပြီး ထွမ်းချက်၍ ဘုရားကို နေ့စဉ်ကပ်ခဲ့သည်၊ ဘုရားပန်းကို လဲနေခြင်း၊ ရေလဲခြင်း၊ ပန်းကပ်ခြင်းများ ပြုလုပ်ခဲ့သည်၊ ထိုပန်းမောင်နှင့် အကြောင်းပါပြီး ဒေါ်သဲဖြူ၏ အိမ်ခြေရင်းတွင် အိမ်တစ်လုံးဆောက်နေခဲ့သည်၊ ဒေါ်သဲဖြူခြံကြီးက အကျယ်ကြီး ဖြစ်သည်၊ ပေ(၃၀၀)၊ ပေ(၅၀၀)ရှိသော သီးပင် စားပင်အစုံရှိသော ခြံကြီး ဖြစ်သည်၊ တစ်နေ့ မကြည်မြင့် ထမင်းချက်ပြုတ်ပြီး ရေမိုးချိုး၊ သနပ်ခါးနှင့် နံ့သာရေများ ခြေဆုံးခေါင်းဆုံး လိမ်းပြီး ဘုရားကျောင်းဆောင်ရှေ့တွင် ဖျာခင်းပြီး အိပ်ချင်လိုက်တာဆိုပြီး ခေါင်းအုံးအသစ်နှင့် အိပ်လိုက်သည်မှစ၍ နိုးလို့မရတော့ပါ။ သတိမေ့တာလည်း မဟုတ်ပဲ အိပ်မောကျနေခြင်းသာ ဖြစ်သည်၊ မည်သို့နိုးနိုး နိုးလို့မရပါ။ မြန်မာဆေးဆရာ၊ အင်္ဂလိပ်ဆေးဆရာ၊ ပယောဂဆရာများ ပြကြည့်သော်လည်း မထူးပါ။ ပါးစပ်မှ ရေလေး၊ အရည်လေး၊ ထမင်းရည်၊ ကြက်ပြုတ်ရည်များ နည်းနည်းချင်းစီ တိုက်ပေးနေရသည်၊ ညီမဝမ်းကွဲလေး (၃)ယောက်က လာပြုစုပေးနေသဖြင့် တော်သေးသည်၊ ရွာတွင်ရှိလူများသည် အားလုံးလိုလိုပင် အမျိုးလည့်ပတ်တော်နေကြ



သည်၊ ဆေးဆရာ ပေါင်းစုံသွားပြီး ဘာလိုလိုနဲ့ မကြည်မြင့် အိပ်ပျော်သွားသည်မှာ (၃)လ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

ရန်ကုန်၊ ကမာရွတ်ဘက်က မြန်မာဆေးဆရာကြီး ဆရာကြိုင် ဆေးကုရာတွင် အစွမ်းထက်သည့် စွယ်စုံရသည်ဟု သတင်းကြားသဖြင့် ရွာမှလူကြီးတစ်စု သွားရောက်ပင့်ကြသည်၊ အသားဖြူဖြူ၊ ပိန်ပိန်၊ အရပ်ပုပု၊ တိုက်ပုံပန်းရောင်အနနှင့် ခေါင်းပေါင်းပန်းရောင်လေးနှင့် ဆေးလွယ်အိတ်ကြီး လွယ်ထားသော ဆရာကြိုင်ဆိုသော အသက်(၆၀)လောက်ရှိမည့် အဘတစ်ယောက် အလိန်လည်ရွာသို့ သင်္ဘောဖြင့် ပင့်ဆောင်သော ရွာလူကြီးများနှင့်အတူလာကြသည်၊ ဆရာကြိုင်ကို ဒေါ်သဲဖြူနှင့် တူမများက နေရာထိုင်ခင်းများ ခင်းပေးကြသည်။

ဆရာကြီးလည်း လူနာကို အကဲခတ်လိုက်ပြီး ဘုရားကျောင်းဆောင်ရှေ့တွင် ဘုရားဝတ်ပြုလိုက်သည်၊ ပြီးမှ – ဒေါ်သဲဖြူကိုခေါ်ပြီး ဘုရားပွဲထိုးရန် ရမိုင်ငှက်ပျောသီး (၅)ဖီးနှင့် အုန်းသီးတစ်လုံး၊ သပြေပန်း၊ အလင်းတိုင်၊ အမွှေးတိုင်၊ လက်ဖက်အသားနှင့် အကြော်စုံတစ်ပွဲ၊ နံ့သာရည်တို့ကို အနီးအနားတွင်ရှိသောသူများ ဝိုင်းဝန်းဆောင်ရွက်ပေးသဖြင့် ခဏချင်းပင် ပြီးစီးသွားသည်၊ ဆရာကြီးလည်း ဘုရားပွဲထိုးပြီး အလင်းတိုင်၊ အမွှေးတိုင်များ ကပ်ကာ ဘုရားဝတ်ပြုပြီး (၅)ပါးသီလခံကာ သုတ်များ၊ ပရိတ်တော်များကို ရွတ်ဆိုပူဇော်နေသည်၊ တစ်ခဏကြာမှ ဘုရားကျောင်းဆောင်မှ သောက်တော်ရေစွန့်ပြီး မိမိအိတ်ထဲမှ ဆေးအနီတောင့်ကို ပုလင်းထဲမှ ထုတ်ယူလိုက်ပြီး ဓားပါးလေးနှင့် ခြစ်ယူလိုက်သည်၊ ပြီးမှ ဘုရားသောက်တော်ရေနှင့် ဖျော်လိုက်ပြီး အိပ်မောကျနေသော မကြည်မြင့်ကို တိုက်လိုက်သည်၊ ဆေးရေဖြင့် ဆံပင်များကိုလည်း သပ်ချပေးလိုက်သည်၊

(၃)လလောက်အိပ်မောကျနေသောမကြည်မြင့်တစ်ယောက်တဖြည်းဖြည်း လူးလွန့်လှုပ်ရှားလာသည်၊ လူးလွန့်လှုပ်ရှားနေရာမှ ရုတ်တရက် သီချင်းတွေ ဆိုတော့သည်၊ ဆိုနေသောသီချင်းများကလည်း မည်သူမှ မကြားဘူးသော သီချင်းများ ဖြစ်နေသည်၊ သီချင်းများကလည်း နတ်ပြည်မှ



www.burmeseclassic.com

www.burmeseclassic.com

ဥယျာဉ်ကြီး သာယာပုံကိုသီကုံး၍သီဆိုနေခြင်းဖြစ်သည်။ ဆရာကြီးကတော့ ဘုရားကျောင်းဆောင်ရှေ့တွင် တရားထိုင်နေပါသည်။ ဆရာကြီး၏အာရုံထဲတွင် နတ်သမီးများ ဥယျာဉ်ထဲတွင် ဒန်းစီးပြီး သီချင်းများ သီဆိုနေကြသည်။ မကြည်မြင့်ကိုလည်း နတ်သမီးအသွင်ဖြင့် ဒန်းစီးပြီး သီချင်းဆိုနေပုံကို တွေ့နေရသည်။ ရောင်စုံပန်းခင်းကလေးများမှာ တစ်မျှော်တစ်ခေါ်ကြီး ရှိနေပြီး ပန်းကလေးများက အလင်းရောင်များပင် ထွက်နေသည်။ အသီးအနှံများကလည်း အသီးမျိုးစုံသီးနေပြီး လူ့ပြည်တွင် မတွေ့ဘူးသောအရောင်ထွက်နေသည့်အသီးလေးများကို သိမြင်တွေ့နေရသည်။ ရောင်စုံသက်တံ့များကလည်း ဥယျာဉ်ကြီးထဲတွင် အများအပြားတွေ့ရပြီး နတ်သားနတ်သမီးများ သက်တံ့ပေါ်တွင် ဆော့ကစားနေကြသည်။ အချို့သော နတ်သား၊ နတ်သမီးများက တူရိယာများ တီးမှုတ်က,ခုန်နေကြသည်။

ဆရာကြီးရှေ့တွင် ရွှေရောင်ဝင်းထိန်နေသော နတ်မင်းကြီးတစ်ပါး ဘွားခနဲဆို ပေါ်လာသည်။ နတ်မင်းကြီးက ဆရာကြီးကို ရှိရှိသေသေဖြင့် ထကာ ပြောတော့သည်။

"ဒီမယ် - ဆရာကြီး၊ ခင်ဗျား - နတ်ပြည်ကိုရောက်နေတဲ့မကြည်မြင့်ကို ပြန်ခေါ်မလို့ လုပ်နေတာလား"

"ဟုတ်တယ် - နတ်သားကြီး၊ မကြည်မြင့်ကို ပြန်ခေါ်ရမယ်"

"ပြန်မခေါ်ပါနဲ့ - ဆရာကြီး၊ သူ အရင်ဘဝပြုခဲ့တဲ့ကံနဲ့ အခုဘဝ ပြုတဲ့ကံတွေက ပေါ်နေပါပြီ၊ ဒါကြောင့် - နတ်ပြည်က သူ့ကို ခေါ်ထားတာပါ၊ အချိန်နည်းနည်းလိုနေသေးလို့ နောက်တစ်ပတ်ဆိုရင် အပြီးခေါ်သွားတော့မယ်"

"အာ - ဒီလိုတော့ မလုပ်ပါနဲ့၊ သူက အခုမှ အသက်(၃၀)ကျော်ကျော်လေး ရှိသေးတယ်၊ လူမမည်ကလေးတွေလည်း ရှိသေးတယ်၊ သူ့ကလေးတွေကို ကျွေးမွေးစောင့်ရှောက်ဦးမယ်၊ အသင်နတ်သားခေါ်သွားရင် ဒီကလေးလေးတွေ ဒုက္ခရောက်ကုန်မှာပေါ့၊ လူ့သက်တမ်းစေ့ နေပါစေ"

"ဒီလိုဆိုတော့လည်း ဟုတ်ပါတယ်လေ၊ သူ့ကို လူ့သက်တမ်းစေ့ ပေးနေရမှာပေါ့၊ အခုတော့ - ဥယျာဉ်ထဲမှာ ပျော်နေတဲ့အတွက် လူ့သက်တမ်း



(၇)ရက်လောက်နောက်ထပ်နေခွင့်ပြုပါ၊ ဟိုမှာတွေ့ရတဲ့လှပတဲ့အဆောက်အအုံကြီးက သူနေရမယ့် အဆောက်အအုံကြီးပါ၊ အခုတော့ - သူမနေသေးတော့ ဘယ်သူမှ နေလို့မရသေးပါဘူး"

ပန်းဥယျာဉ်ကြီး၏အလွန်တွင် အလွန်လှပသော အဆောက်အအုံကြီးကို တွေ့နေရသည်။ ဆရာကြီးလည်း အာရုံပြုနေရာမှ ထလိုက်ပြီး ဘုရားသောက်တော်ရေကို သွေးဆေးနှင့်ဖျော်ပြီးတိုက်ကျွေးလိုက်သည်။ အိပ်မောကျနေသော မကြည်မြင့်ကတော့ သီချင်းဆိုမြဲ ဆိုနေသည်။ သူ သီချင်းဆိုနေသည်မှာ တစ်ခါတစ်ရံသာယာနာပျော်ဖွယ်ကောင်းပြီး တစ်ခါတစ်ရံတွင်တော့ လွမ်းဆွတ်ဖွယ် ကောင်းလှသည်။ ခြံဝိုင်းထဲနှင့် အိမ်ပေါ်တွင် လာရောက်ကြည့်ရှုသူတွေနဲ့ပြည့်နေသည်။ (၇)ရက်တိတိ သီချင်းဆိုနေသဖြင့် ရွာနီးချုပ်စပ်မှလူများ လှည်းများဖြင့် လာရောက်ကြည့်ရှုကြသည်။ အနီးအနားတွင်ရှိသော မုန့်သည်များ၊ ဈေးသည်များ လာရောင်းကြသဖြင့် ပွဲလေးတစ်ခုအလား စည်ကားနေသည်။ အလိန်လည်ရွာ၊ သူဌေးမကြီး ဒေါ်သဲဖြူသမီး သတိလစ်နေရာကနေ သတိရပြီး နတ်သီချင်းတွေ ဆိုနေတယ်ဆိုပြီး သတင်းပျံ့နေသဖြင့် ဝေးလံသောရွာများမှပင် လှည်းများဖြင့် လာကြည့်ကြသည်။

=☺=

(၇)ရက်ပြည့်သောနေ့ နံနက်(၉)နာရီတွင် သတိရလာပြီး ရေတောင်းတော့သည်။ ထိုအချိန်မှစ၍ မကြည်မြင့်လည်းပြန်ကောင်းလာပြီး သားသမီး(၇)ယောက်ရရှိကာ အသက်(၇၀)ကျော်အရွယ်ရောက်မှ လူကြီးရောဂါနှင့်ကွယ်လွန်ခဲ့သည်။ ဒေါ်ကြည်မြင့်သမီး မအေးကြည်ဆိုသော သမီးတွင် ထူးဆန်းစွာ မွေးဖွားသောကလေးတစ်ယောက် မွေးဖွားလာသည်။ ၎င်းကလေးလေးကို ပဋိသန္ဓေတည်သောအချိန်တွင် အိပ်မက်တစ်ခု မြင်မက်သည်။

မအေးကြည်သည် အိပ်မက်ထဲတွင် နတ်သမီးများ ဝတ်ထားသကဲ့သို့ ဝတ်ထားပြီး ဘုံနှစ်ဆင့်ရှိသော ပြာသာဒ်အဆောက်အအုံ၏အပေါ်ဆုံးထပ်



www.burmeseclassic.com

www.burmeseclassic.com

လသာဆောင်တွင် မတ်တတ်ရပ်နေပြီး ကောင်းကင်ကို ကြည့်နေမိသည်။ ကောင်းကင်တွင် နေမင်းနှင့် လမင်းကြီး တစ်ပြိုင်တည်း ထွန်းလင်းပြီး ပြသာဒ်အောက်မြေပြင်တွင် အလင်းရောင်အပိုင်းကြီးနှစ်ပိုင်းပေါ်လာပြီး ကလေးလေးတစ်ယောက် မိမိဗိုက်ထဲသို့ တိုးဝင်သွားတော့သည်။ ကလေးလေးက ယောကျ်ားလေးတစ်ယောက် ဖြစ်နေသည်။ ကလေးလေးမွေးပြီး(၅)နှစ်သားလောက်တွင် အလိန်လည်ရွာတွင် ရေကြီးလေသည်၊ ရေကြီးသဖြင့် တစ်ရွာလုံး ရေတွေ ပြည့်နေသည်၊ ရွာလယ်လမ်းမပေါ်တွင်လည်း ရေများပြည့်နေပြီး လှေများဖြင့် သွားလာနေကြသည်။

လူကြီးများက အလုပ်အကိုင်ပျက်၍စိတ်ညစ်သော်လည်း ကလေးတွေကတော့ဖြင့် ရေဆော့ရသဖြင့် ပျော်ရွှင်နေကြသည်။ ရေကလည်း အချို့နေရာတွင် ကလေးရင်ခေါင်းလောက်သာ နက်သော်လည်း အချို့နေရာများကျတော့ လူကြီးပေါင်လောက်၊ ဒူးလောက် အနိမ့်ပိုင်းများတွင်တော့ လူကြီးတစ်ရပ်စာလောက် နက်သည်။

မောင်ဖုန်းမြင့်နှင့် ကလေးတစ်စု အိမ်ရှေ့တွင် ငှက်ပျောတုံးကြီးကိုဖက်ပြီး ဆော့ကြသည်၊ ငှက်ပျောတုံးများကိုစီးပြီး ရေကူးကြသည်။ ရေတက်လာသဖြင့် ရေနှင့် ပါလာသော မြွေပွေး၊ မြွေဟောက်များ၊ မြွေဆိုးများ မျောပါလာတတ်သဖြင့် လူသွားလူလာနည်းသောအိမ်၏နောက်ဘက်၊ ခေါင်းရင်းဘက်ခြေရင်းဘက်တွေ မြွေဆိုးများကို ရေထဲတွင် တွေ့ရတတ်သည်။ ကလေးများလူလတ်ပိုင်းများ ရေဆော့သော အိမ်ရှေ့တွင်တော့ လူနံ့ကြောင့် မြွေဆိုးတွေ မလာကြပါ။ အိမ်ခေါင်းရင်းတွင် မောင်ဖုန်းမြင့်အဖေက မြွေကြီးတစ်ကောင် ပက်လက်အနေအထားနှင့် မျောလာသဖြင့် သေနေသည် ထင်ရပေမယ့် မသေကာသဖြင့် ဝါးလုံးရှည်နှင့် ထိုးကြည့်ရာ သေချင်ယောင်ဆောင်နေသော တောကြီးမြွေဟောက်ကြီး ရေထကူးပြီး ခြံကြီးအနောက်ဘက်မှ ရေစီးကြောင်းအတိုင်း ကူးခတ်သွားသည်။ မောင်ဖုန်းမြင့်ကလေးတို့က ဖယောင်းတိုင်မီးနှင့်လွှတ်ရသော သင်္ဘောလေးများ လွှတ်နေကြသည်။ နံနက်(၉)နာရီလောက်တွင် မောင်ဖုန်းမြင့်တို့အိမ်ရှေ့တွင် ကလေးများ ဆော့ကစားနေကြသည်။ (၁၀)နာရီကျော်သွားတော့ မိမိတို့အိမ် ပြန်သွားကြသည်။ အသက်(၅)နှစ်သာ ရှိသေးသော မောင်ဖုန်းမြင့်ကလေးက အိမ်ပေါ်မတက်သေးဘဲ ခေါင်းရင်းက သင်္ဘောမာလကာပင်ကြီးအောက်တွင် တစ်ယောက်တည်း သွားရောက်ဆော့ကစားနေသည်။ သင်္ဘောမာလကာပင်မှာ သင်္ဘောသီးကဲ့သို့ သီးသော မာလကာသီးမို့လို့ သင်္ဘောမာလကာပင်ဟု ခေါ်သည်။

ထိုအချိန်တွင်မောင်ဖုန်းမြင့်လေးပတ်ဝန်းကျင်တွင် အုန်းဆံကြီးအရွယ်အမောက်နှင့် မြွေရောင်စုံလေးများ သွားလာကူးခတ်နေကြသည်။ နို့နှစ်ရောင်၊ အနီတောက်တောက်အရောင်၊ အပြာနုနုတောက်တောက်အရောင်၊ အစိမ်းတောက်တောက်အရောင်၊ ပြာနုရောင်လေးများနှင့် ချစ်စရာအရုပ်ကလေးများနှင့် တူလေသည်။ ခေါင်းတွင် အမောက်နီရဲရဲလေးတွေ၊ လည်ကုတ်တွင်လည်း မြင်းများ လည်ဆံမွေးကဲ့သို့ အနီရောင်အတွန့်တွန့်လေးများ ပါလေသည်။ အမြီးတွင်လည်း အနီရောင်အတွန့်တွန့်လေးများပါသဖြင့် နဂါးများနှင့်တူလှပြီး နဂါးအသေးလေးများဖြစ်သည်၊ လျှာလေးတွေကလည်း အနီရဲရဲအရောင် နှစ်ခွနှင့်ဖြစ်ပြီး အစွယ်လေးများမှာလည်း ဖြူဖွေးပြီးလှပနေသည်။ မျက်စိလေးများကလည်း ရူးရူးရဲရဲ တောက်တောက်ကလေးများဖြစ်ပြီး အလွန်လှသော ပလတ်စတစ်အရုပ်ကလေးများသဖွယ်ဖင် ဖြစ်သည်။ မောင်ဖုန်းမြင့်လေးက နဂါးလေးတွေကို လက်ဖဝါးလေးပေါ်တင်ပြီး လက်ညှိုးလေးဖြင့် တို့ကြည့်နေသည်။ အမောက်ကလေးများ၊ တစ်လစ်တစ်လစ် လှုပ်နေသော လျှာလေးများ၊ အစွယ်လေးများကို ကိုင်ကြည့်နေသည်။

နဂါးလေးများက ကလေး လက်ပေါ်သို့ တစ်ကောင်ပြီးတစ်ကောင် တက်လာလိုက်၊ ပြန်ဆင်းသွားလိုက် လုပ်နေကြသည်။ ကလေးလေးအနားတွင် ရေပေါ်၌ခွေပြီး ခေါင်းလေးများထောင်ပြီး ကလေးလေးကိုကြည့်နေကြသည်၊ ကလေးက နဂါးလေးများကိုကိုင်ကြည့်လိုက်၊ တခစ်ခစ်ရယ်လိုက်နှင့် ပျော်ရွှင်နေသည်။ ထိုအချိန်တွင် မည်သည့်မြွေဆိုးမှ ကလေးအနားသို့

www.burmeseclassic.com

မလာရဲပါ။ ကလေးလည်း ဆော့လို့အားရမှ အိမ်ပေါ်တက်သွားသည်။ မောင်ဖုန်းမြင့်လေးမှလွဲ၍ နဂါးလေးများကို မည်သူမျှ မတွေ့ရပါ။

"သား - သား - ဘာတွေနဲ့ ဆော့နေတာလဲ"

"သားသားက သူငယ်ချင်းအရုပ်လေးတွေနဲ့ ကစားတာ"

ကလေးပြောပြသဖြင့် သူ့အမေ ဒေါ်အေးကြည်လည်း ချောင်းကြည့်ရာ နဂါးလေးများဖြစ်နေသဖြင့် ကလေးအနားသို့ မသွားရဲပါ။ ကလေး ရေထဲမှ တက်လာရင် နဂါးလေးများလည်း ပျောက်ကွယ်သွားသည်။ ထူးဆန်းသော ကလေးဖြစ်သည်။

တစ်ည သူတို့အိမ်တွင် သူတို့မောင်နှမတစ်စုပဲရှိသောအချိန်ဖြစ်သည်။ အဖေနှင့်အမေက ရွာတောင်ပိုင်းသို့ သွားနေသဖြင့် ည(၇)နာရီအထိ ပြန်မလာသေးပါ။ ခြေရင်းပြတင်းပေါက်မှ ထူးဆန်းသောအရာတစ်ခုကို မြင်လိုက်ရသဖြင့် သူတို့မောင်နှမတစ်စု အံ့ဩနေကြသည်။ ထိုအရာကား ရှည်မျောမျောအရာတစ်ခုဖြစ်ပြီး ထိပ်ချွန်ကာ နောက်ဘက်ကိုကားသွားကာ နောက်ဘက်မှ မီးပွားပန်းထွက်ကာ ရေ့သို့ တရွေ့ရွေ့သွားနေသည်။ ခုံးချုံ ကလေးက ဘေးဘက်တွင်လည်းအပေါက်ဖောက်ထားပြီးအထဲတွင်မီးလင်း နေပြီး ထိုင်ခုံများတွင် လူများ ထိုင်နေပြီး လမ်းလျှောက်သူက လျှောက်နေ တာကိုဘေးအိမ်၏ခေါင်မိုးပေါ်လူကြီး လက်တစ်ဖောင်လောက်မှဖြတ်သန်း သွားသည်။ ဤခုံးပျံလေးသည် ဂြိုဟ်သားများလား၊ ဥစ္စာစောင့်များလားပင် မသိကြ၊ ဆန်းတာကတော့ အလွန်ထူးဆန်းသည်၊ လူကြီးတွေကတော့ သိုက်ပြောင်းတာလို့ ပြောပါ တယ်၊ ဂြိုဟ်သားတွေများ ကမ္ဘာပေါ် လျှို့ဝှက် လာနေထိုင်တာလို့ ထင်မိနိုင် သည်။

မောင်ဖုန်းမြင့်လေး၏ ဘကြီးဦးကျော်က သချိုင်းထဲတွင် ထင်းသွားခွေ ရင်း အမောက်နီကြီးနှင့်အနီရောင်မြွေကြီးက လိုက်သဖြင့် ထင်းစည်းကိုထား ခဲ့ပြီး ထွက်ပြေးလာခဲ့ခြင်းဖြစ်သည်။ ထိုချိန်ကစ၍ ရွာသားများ သချိုင်းကုန်း တောထဲသို့ ထင်းသွားမခွေတော့ဘဲ အခြားတစ်ဖက်တွင်ရှိသော ကိုခဲတော



ထဲသို့ ထင်းသွားခွေကြသည်။ ဒီရေရောက်တောကြီး၊ သချိုင်းတောကြီး၊ ကိုခဲတောကြီးများသည် ညို့မှိုင်းနေအောင် ကောင်းလှသည်၊ ဒီရေရောက်တော တွင် အပင်ကြီးများရှိသော်လည်း သချိုင်းတောနှင့် ကိုခဲတောက အပင်ကြီး များမရှိဘဲ ချုံပင်ကြီးများနှင့် ကိုင်းပင်ကြီးများသာ ရှိသည်၊ ချုံပင်ကြီးများက လည်း လူနစ်ရပ်လောက်ရှိပြီး ချုံနွယ်ပိတ်ပေါင်းများသဖြင့် ရေများ၊ တော ခွေးများ၊ ယုန်ညိုကြီးများ၊ တောကြောင်များ၊ ယုန်ဖြူ ယုန်ကျားလေးများ ပေါများလှသည်၊ ချုံပုတ်လေးများတွင် ခြေတစ်ချောင်း ငုံးငှက်ကလေးများ လည်း ခဏခဏ တွေ့ရသည်။

ဒီရေရောက်တောများ ပေါက်ရောက်ရာ အနိမ့်ပိုင်းကမ်းနားတန်းတွင် အိမ်တန်းများရှိသည်၊ မျက်နှာချင်းဆိုင်အိမ်များ ဆောက်ထားပြီး အလယ် တွင် သစ်သားတံတားရှိပြီး နှစ်ဖက်အိမ်များသို့ သစ်သားတံတားများ ခင်းကာ ဆက်သွယ်ထားသည်၊ ကမ်းနားတန်းသည် ဟိုးယခင်က မရှိခဲ့ပါ၊ အလိန်လည်ရွာနှင့် တစ်ခေါ်သာသာလောက်သာဝေးသော ကျွဲခတ်သောင် ရွာပျက်ကြီး ကမ်းနားတန်း ဒီရေရောက်တောကိုရှင်းပြီး အိမ်များဆောက်ကာ နေထိုင်ကြသည်၊ ကျွဲခတ်သောင်ရွာလည်း အဲဒီအချိန်ကစ၍ ရွာပျက်ကြီး ဖြစ်သွားသည်။ ကျွဲခတ်သောင်ရွာတွင် နေထိုင်ကြသော လူများသည် ခန်းလှိုင်မြစ်အတွင်း ငါးရှာ၊ ချောင်းရိုး၊ မြောင်းရိုးများတွင်ပါ ဖားရှာ၍အသက် မွေးဝမ်းကျောင်းကြသူများဖြစ်ပြီး အနေအထိုင်ညစ်ပတ်ပြီး ဘုရားမှန်း၊ တရားမှန်းမသိကြဘဲဖြစ်သလိုနေကြသည်။ အဝတ်လျှော်ရန်လုပ်ထားသည့် ကျောက်သည်တစ်ဖက်တွင် ရုပ်ပွားတော်ပုံနှင့်စာများပါသော ကျောက်ပြား ဖြစ်နေပြီး အိမ်အတက်အဆင်းတွင် မြေနှင့်တုံးလုပ်ထားသော အင်္ဂတေတုံး ကလည်း ဘာသာရေးအဆောက်အအုံပစ္စည်းများဖြစ်နေသည်။ ဤသို့အနေ အထိုင်မတတ်မှုကြောင့် မူလကတည်းက သိုက်ရွာကြီးဖြစ်သော ကျွဲခတ် သောင်သည် အနေထိုင်ပက်စက်သော ရွာသားများကို ရွာတွင် မနေနိုင် အောင် ခြောက်လှန့်၍မောင်းထုတ်သဖြင့် အလိန်လည်ရွာ ကမ်းနားတန်းသို့ ပြောင်းလာကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကမ်းနားတန်းတွင်နေသော ဦးလှကြိုင်က ကျွဲခတ်သောင်ရွာသား မဟုတ်ပါ။ အလိန်လည်ရွာသားဖြစ်ပြီး ကမ်းနားတန်းတွင် ခြေတံရှည်အိမ် တစ်လုံး ဆောက်၍နေခြင်း ဖြစ်သည်။ ဦးလှကြိုင်နှင့် ဒေါ်တင်အေးတို့တွင် သားသမီး(၅)ယောက် ထွန်းကားခဲ့သည်။ ဦးလှကြိုင်လယ်ပွဲသည် ကျွဲခတ် သောင်ရွာပျက်နှင့် နီးသည်။ စပါးသိမ်းရိန်ဆိုလျှင် တဲထိုးပြီး သူရင်းငှား အတူတူ စပါးကျီစောင့်ကြသည်။ နေ့ခင်းက ပင်ပန်းသဖြင့် ထမင်းစားပြီးတာ နဲ့ မှေးခနဲ အိပ်ပျော်သွားသည်။ ည(၁)နာရီထိုးတွင် ဘာကြောင့်မှန်းမသိ နိုးလာသည်။ စိတ်ထဲတွင်လည်း ကြည်လင်နေသည်။ ဒီနေ့ လပြည့်နေ့ည ဖြစ်လို့ အပြင်တွင် လမင်းကြီးကလည်း ထိန်ထိန်သာနေသည်။

ကိုလှကြိုင်လည်း ဆက်မအိပ်တော့ပဲ တဲရှေ့ဝါးနှင့်ပြုလုပ်ထားသော ဝါးကွပ်ပျစ်တွင်ထိုင်ပြီး ရေနွေးထိုင်သောက်ရင်း လှပလွန်းတဲ့လပြည့်ညဝယ် ရှုခင်းတွေကိုကြည့်ရှုငေးမောနေမိသည်။ တဲရှေ့တွင် နေ့ခင်းက လှေ့ထား သော စပါးပုံကြီးကလည်း လရောင်ထဲတွင် တောင်ကြီးအလားပင် ဖြစ် တော့သည်။ စာရင်းငှားလေး မောင်ထွေးကတော့ ပင်ပန်းသဖြင့် အိပ်ပျော် နေသည်မှာ ဟောက်သံတောင် ထွက်နေသည်။ ညကြည့်လက်ပတ်နာရီကို ကြည့်လိုက်တော့ည(၁၁)နာရီထိုးပြီဖြစ်သည်။ ထိန်ထိန်သာနေသောလမင်း ကြီး၏အောက်တွင် ပတ်ဝန်းကျင်ရှုခင်းများသည် လှပလွန်းသဖြင့် တခြား ကမ္ဘာများရောက်နေသည့်အလားပင် ထင်ရသည်။ လေအေးလေးကလည်း တစ်ချက်တစ်ချက် ဖေ့ဝိုက်တိုက်နေသဖြင့် ကြည်နူးစရာကောင်းနေသည်။ ထိုအချိန်တွင် လေအေးအေး တသုန်သုန် တိုက်နေသည့်အထဲတွင် အလွန် မွှေးကြိုင်သောရနံ့များ ပါလာသဖြင့် ရင်ထဲတွင် ဖော်မပြနိုင်သောအေး များ ဖြစ်ပေါ်လာသည်။ ဘယ်ကို လွမ်းဆွတ်တမ်းတနေမှန်းမသိ လွမ်းနေ တော့သည်။

ထိုအချိန်တွင် အလွန်ချောမောလှပသော မိန်းကလေးတစ်ယောက်နှင့် ဦးလေးကြီးတစ်ယောက် တဲရှေ့ရောက်လာသည်။

=😐=



"ဟိတ် - ခင်ဗျားတို့ ဘယ်သူတွေလဲ"

"အစ်ကိုကြီး - ကျွန်မတို့က မြို့ကပါရှင်၊ ဒါ - ကျွန်မဦးလေးပါ၊ ဟိုဘက် တဲမှာတည်းရင်း လသာတာနဲ့ ဒီဘက်ကို ထွက်လာတာ"

"ဟိုဘက်လယ်ပွဲက ကိုစံရင်တို့ တဲကလား"

"ဟုတ်ပါတယ်ရှင်၊ ဦးစံရင်တို့က လယ်တဲမှာပဲ နေကြတော့ ကျွန်မတို့ အဲဒီမှာပဲ တည်းကြပါတယ်ရှင်၊ အခုလည်း ထိန်ထိန်သာနေတဲ့ လမင်း ကြောင့် လှပလွန်းတဲ့ ရှုခင်းတွေကိုကြည့်ရင်း အစ်ကိုတို့တဲဘက်ကို ရောက် လာတာပါရှင်"

"သွားတာတော့ သွားကြပေါ့၊ မြေခင်းလက်ခင်းလည်း သတိထားဦး၊ ဒီမှာက အကောင် ပေါ်မှပေါ်ပဲ"

"ဒါတော့ မပူပါနဲ့ရှင့်၊ ကျွန်မက မြွေနိုင်ဂါထာရွတ်ပြီး ထွက်လာတာ ပါရှင့်"

"ကဲ - ကဲ - လေးလေး - အခင်းသွားချင်ရင် သွားလေ၊ ကျွန်မ ဒီက အစ်ကိုနဲ့ စကားပြောလိုက်ဦးမယ်"

ဦးလေးကြီးလည်း အခင်းသွားရန် ဝက်လာပင်တွေ ပေါက်နေတဲ့ဘက် ထွက်သွားသည်။ မိန်းကလေးက ရှိလှမှ အသက်(၂၀)ကျော်ကျော်လောက် ရှိဦးမည်။ ချောမောလှပပြီး မွှေးကြိုင်နေသည်။ အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ မျက်နှာအသည်းပုံလေးနှင့် လွန်စွာလှပလှသည်။ မျက်လုံးလေးကလည်း တောက်ပပြီး မျက်တောင်ကော့လေးများနှင့် လှပကြော့ရှင်းလှသည်။

"အစ်ကို - ကျွန်မ ထိုင်မယ်နော်"

"ဟုတ်ကဲ့ - ထိုင်ပါဗျာ"

ပြောပြောဆိုဆိုပင် ကိုလှကြိုင်ထိုင်နေသော ဝါးကွပ်ပျစ်ပေါ်တွင် ဝင် ထိုင်လိုက်သည်။ ကိုလှကြိုင်က အသက်(၃၅)နှစ်ရှိပြီဖြစ်သည်။ အလုပ်ကြမ်း တွေလုပ်ရသဖြင့် ခန္ဓာကိုယ် ကျစ်လျစ်ပြီး ရင်အုပ်က ကျယ်ပြန့်ပြီး ကြီးမား ဖြိုးတွက်သားအဖုအထစ်နှင့် ယောကျ်ားပီသသော ယောကျ်ားတစ်ယောက် ဖြစ်ပြီး စိတ်ရင်း သဘောရင်း ကောင်းလှသဖြင့် ရွာတွင်လည်း ဖျိုတိုင်းကြိုက်



www.burmeseclassic.com

www.burmeseclassic.com

တဲ့နှင်းဆီနိုင်ဖြစ်ခဲ့ဖူးသည်။ ကိုလှကြိုင်လည်း မွှေးကြိုင်လှပသော ခန္ဓာကိုယ်လေးနှင့် နီးနီးကပ်ကပ် ထိုင်လိုက်ရသဖြင့် ရင်ထဲတွင် နွေးခနဲ ဖြစ်သွားသည်။ မိမိနားတွင် လမင်းလေးတစ်စင်း ထွက်နေသည်ဟုပင် ထင်ရသည်။

မိမိနားတွင် အသင့်ရှိသော ရေနွေးကြမ်းဖြင့် ဧည့်ခံလိုက်သည်။

"ရေနွေးကြမ်း သောက်ပါဦး"

မိန်းကလေးက ရေနွေးကြမ်းနွေးနွေးလေးကို တစ်ခွက်ငှဲ့သောက်လိုက်ပြီး ကိုလှကြိုင်ကို ရွှန်းရွှန်းစားစားကြည့်လိုက်သဖြင့် ကိုလှကြိုင်ရင်ထဲတွင် ကြည်နူးလှပြီး ရင်ထဲတွင် အေးချမ်းလှသည်။

"ညီမရယ် - ညီမက တော်တော်ချောတာပဲနော်။ ရုပ်ရှင်မင်းသမီးတွေတောင် ရှုံးလောက်တယ်"

"အို - အစ်ကိုကလဲ - မြှောက်နေပြန်ပါပြီ။ ကဲ - ရော့ - ရော့ - ဒီမှာ မြို့ကပါလာတဲ့ ကိတ်မုန့်စားဦး" ဆိုပြီး သူ့အိတ်ထဲမှ ထုတ်ယူလိုက်သည်။ မွှေးကြိုင်နေသော ကိတ်မုန့်နှစ်ချပ်ကို တစ်ယောက်တစ်ချပ်စားရင်း၊ ရေနွေးကြမ်းသောက်ရင်း တစ်ယောက်မျက်နှာတစ်ယောက် ငေးမောကြည့်နေမိကြသည်။

"ကဲ - အစ်ကို - ကျွန်မ ပြန်ဦးမယ်။ စကားပြောလို့လည်း ကောင်း၊ ရေနွေးကြမ်းကလည်း ကောင်းလှတယ်။ မနက်ဖြန်ညကျမှ လာခဲ့ဦးမယ်"

ထိုအချိန်တွင် တဲခေါင်းရင်းဘက် ကုက္ကိုပင်ပေါ်မှ ညှဉ့်ငှက်တစ်ကောင်၏ ခပ်အစ်အစ်အသံပေါ်လာပြီး အခင်းသွားသော သူ့ဦးလေးကြီးလည်း ပြန်ရောက်လာသဖြင့် မိန်းကလေးလည်း သူ့ဦးလေးကြီးနှင့် ပြန်လိုက်သွားသည်။ လသာသာ တဲတွင် သူတို့တူဝရီးနှစ်ယောက် သွားနေပုံမှာ လျှင်မြန်လွန်းလှသည်။ ကိုလှကြိုင်လည်း အိပ်ချင်လာသဖြင့် တဲထဲဝင်၍ အိပ်ပျော်သွားတော့သည်။

ထိုအချိန်တွင် ခေါင်းရင်းသစ်ပင်တွင် တွဲလောင်းချိတ်ဆွဲနေသော ညငှက်အကောင်မည်းမည်းကြီးလည်း ထပျံသွားပြီး မိန်းကလေးနှင့် သူ့ဦးလေးသွားရာဘက်သို့ ပျံသန်းသွားသည်။ အကောင်ကြီးက လူနီးပါးလောက်ရှိသော ညငှက်ကြီးဖြစ်နေသည်။ သည်နယ်တစ်ဝိုက်တွင် ဒီလိုညငှက်အကောင်ကြီးမျိုး မမြင်ဘူးပါ။

ကိုလှကြိုင် အိပ်မက်ထဲတွင် မိန်းကလေး၏ လက်ကိုဆွဲပြီး လရောင်ကြောင့် ထိန်ထိန်သာနေသော လယ်ကွင်းပြင်ကြီးထဲ လျှောက်သွားနေတာ ဖက်ရှက်ကလေးအလား ပေါ့ပါးပြီး တစ်ခဏအတွင်းမှာပင် အဝေးကြီးအထိ ရောက်သွားပြီး ရေတွင်းကုန်းရွာမှာ ရောက်သွားလိုက်၊ အလိန်လည်ရွာဘက် ရောက်လာလိုက်၊ ကျူတောရွာဘက် ရောက်သွားလိုက်၊ ချောင်းဝရွာဘက် ရောက်သွားလိုက်နှင့် ပျော်ရွှင်စွာ လျှောက်သွားနေကြသည်။ အလိန်လည်ရွာဘက်မှ ပင်လယ်ဓနိပင်ကြီးများကလည်း လရောင်ထဲတွင် လေပြေတိုက်သဖြင့် ယိမ်းကနေကြသည်။

ဟိုးအဝေးက သစ်ပင်အိုကြီးကလည်း လရောင်ထဲတွင် ထီးတည်းကြီးရှိနေပြီး လွမ်းဆွတ်ဖွယ်ရာ ကောင်းလှသည်။ ကြာတောရိုးဘက်မှ ရောင်စုံမီးလုံးကြီးများ တက်လာသဖြင့် ကြည့်၍ကောင်းလှသည်။ မိန်းကလေးက မီးလုံးကြီးများကို ကြည့်ပြီး တခစ်ခစ်ရယ်နေသည်။ မီးလုံးကြီးများက သူတို့ အနား ရောက်လာသဖြင့် မီးလုံးကြီးများကို မိန်းကလေးက ဆော့တစားနေသည်။ မီးလုံးကြီးတစ်လုံး ကိုလှကြိုင်အနားရောက်လာပြီး အလင်းများ ပိုမိုလင်းလာပြီး အထဲမှမိန်းကလေးတစ်ယောက်က ရယ်ပြနေသဖြင့် ကိုလှကြိုင် ကြောက်လာသဖြင့် နောက်သို့ ဆုတ်လိုက်သည်။

"ဟာ - အစ်ကိုကလဲ၊ ကျွန်တော့်ကို ဘာလို့လာကန်တာလဲ"

"ဟာ - မောင်ထွေး - ငါ အိပ်မက်မက်ပြီး ကန်မိလိုက်တာပါ"

"ဘယ်နနာရီတောင် ထိုးနေပြီလဲ"

"(၅) နာရီတောင် ထိုးပြီ၊ မကြာခင် ရောင်နီတောင် ပျို့တော့မယ်"

နံနက်လင်းတော့ ကျန်နေသော စပါးများကို လှေ့ကြသည်။ တစ်နေ့တာ အလုပ်ပြီးသဖြင့် ညရောက်လာတော့ မိန်းမလာပို့သော ထမင်းဟင်းများ စားသောက်ပြီး စောစောပင် အိပ်ပျော်သွားကြသည်။ ညတစ်နာရီထိုးတော့ အိပ်ပျော်ရာမှ နိုးလာသည်။ ဝါးကွပ်ပျစ်လေးတွင် ထိုင်ပြီး မနေ့ညက လာ

www.burmeseclassic.com

သော ယဉ်ယဉ်ဆိုသော မိန်းကလေးကို မျှော်နေမိသည်။ မျှော်နေတုန်းမှာပင် ယဉ်ယဉ်လည်း ရောက်လာသည်။ သူ့ဦးလေးကြီးကတော့ သူနှင့်မလိုက်တော့ပဲ မနေ့ညကလိုပင် ဝက်လာပင်များပေါက်ရောနေရာသို့ ဝင်သွားသည်။

"လာ - ညီမ - လာ - ရေနွေးသောက်ဦး"

"ဟုတ်ကဲ့ - အစ်ကို၊ ယဉ်ယဉ်လည်း အိပ်မပျော်တာနဲ့ ထွက်လာတာ။ လကလည်း သာယာလှလွန်းပြီး ပတ်ဝန်းကျင်ရှုခင်းတွေကလည်း အရမ်းလှနေတာကိုး၊ အစ်ကိုရဲ့-ကြည့်ပါလား၊ ရော့ - အစ်ကို - ပန်းသီးစားဦး။ မြို့က ပါလာတာ"

ယဉ်ယဉ်က ပန်းသီးတစ်လုံးကို ခွဲစိတ်ပြီး ကိုလှကြိုင်ကို ကျွေးသည်။ ကိုလှကြိုင်က ပန်းသီးယူစားရင်း ယဉ်ယဉ်လက်ကလေးကို ကိုင်မိလိုက်သည်။ ယဉ်ယဉ်က ကိုလှကြိုင်ကို ရွှန်းရွှန်းစားစား ကြည့်လိုက်ပြီး ကိုလှကြိုင် လက်ကိုကိုင်ပြီး ပန်းသီးကို ခွံ့ကျွေးလိုက်သည်။ ယဉ်ယဉ်၏ ရေလာမြောင်းပေးမှုကြောင့် ကိုလှကြိုင်နှင့် ယဉ်ယဉ်တို့ ချစ်သူတွေဖြစ်သွားပြီး ထိန်ထိန်သာနေသော လမင်းကြီးကို မော်ကြည့်ပြီး ယဉ်ယဉ်ကို ဖက်ထားလိုက်သည်။ ယဉ်ယဉ်ကလည်း ကိုလှကြိုင်ရင်ခွင်ထဲတွင် မှီထားလိုက်သည်။ ကိုလှကြိုင် နှင့် ယဉ်ယဉ်တို့လည်း ချစ်သူတွေ ဖြစ်သွားသဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပီတိဖြစ်နေကြသည်။

"ကဲ - အစ်ကို - မကြာခင် ရောင်နီပျို့တော့မယ်၊ ယဉ်ယဉ် ပြန်မှဖြစ်မယ်"

ယဉ်ယဉ်က ပြောလာသဖြင့် ကိုလှကြိုင်လည်း မလွှတ်ချင့်လွှတ်ချင် လွှတ်ပေးလိုက်သည်။ ယဉ်ယဉ်လည်း ကိုလှကြိုင်ပါးလေးကို တစ်ချက် နမ်းလိုက်ပြီး ထွက်ပြေးသွားသည်။ ကိုလှကြိုင် အံ့ဩဝမ်းသာငေးမောနေမိသည်။ ကိုလှကြိုင်လည်း အိပ်ချင်လာသဖြင့် တဲထဲ ဝင်အိပ်လိုက်တော့သည်။ ထိုအချိန်တွင် အစ် - အစ် - အစ် ညှက်အော်မြည်သံကြီး ပေါ်လာပြီး ခေါင်းရင်းကုက္ကိုပင်ပေါ်တွင် နားနေသော ညှက်ကြီးလည်း ယဉ်ယဉ်သွားသည့်ဘက်သို့ ပျံသန်းသွားတော့သည်။



နောက် (၃)ရက်လောက်ကြာတော့ မောင်ထွေးတစ်ယောက် နေမကောင်းသဖြင့် ရွာထဲတွင် ဆေးကုပြီး အိမ်ပြန်အိပ်သည်။ လယ်တဲတွင် ကိုလှကြိုင်တစ်ယောက်တည်းရှိသည့်အချိန်ဖြစ်သည်။ ည(၉)နာရီလောက်တွင် မြို့သူလေး ယဉ်ယဉ်တစ်ယောက် အိတ်တစ်လုံးနှင့် ရောက်လာသည်။

"အစ်ကို - ဦးလေးက ဟိုဘက်ကရွာမှာ ကိစ္စရှိလို့သွားတာ ပြန်မလာသေးဘူး။ ဦးစံရင်ပါ ပါသွားတယ်၊ သူရင်းငှားလေး မောင်အေးဝင်းပဲ ကျန်ခဲ့လို့ ကျွန်မ ဒီမှာ လာအိပ်တာ"

ကိုလှကြိုင်လည်း မိမိချစ်ရသူက လာအိပ်မည်ဆိုတော့ သဘောကျသွားသည်။ ထိုညတွင်ပင် ကိုလှကြိုင်နှင့် ယဉ်ယဉ်တို့ အကြင်လင်မယားဘဝသို့ ရောက်ခဲ့တော့သည်။ နံနက်မလင်းခင် ယဉ်ယဉ် ပြန်သွားသည်။ မောင်ထွေးသည် (၃)ရက်လုံး ယဉ်ယဉ်၊ ကိုလှကြိုင်နှင့် လာရောက်အတူတူအိပ်စက်နေသည်။ မောင်ထွေးပြန်ရောက်လာပေမယ့် ယဉ်ယဉ်ရောက်လာရင် မောင်ထွေးက ဘယ်လိုမှန်းမရတော့သဖြင့် ကိုလှကြိုင်နှင့် ယဉ်ယဉ်တို့လည်း အချစ်ရေယဉ်ကြောမှာ စီးမျောနေကြသည်။ ကိုလှကြိုင်နှင့် ဥစ္စာစောင့်မလေး ယဉ်ယဉ်တို့ အကြင်လင်မယားဖြစ်သည်ကို လူတွေ မသိပေမဲ့ ယဉ်ယဉ်တို့ လောကသားတွေကတော့ သိကြသည်။ ကိုလှကြိုင်လည်း သူတို့အိမ်သို့ ခေါ်သွားမည်ဆိုပြီး သိုက်ထဲသို့ ခေါ်သွားသည်။ သည်လိုနှင့် (၁)နှစ်ခန့်ကြာသော် ကိုလှကြိုင်နှင့် ဥစ္စာစောင့်မလေးယဉ်ယဉ်တို့ သားယောကျာ်းလေးတစ်ယောက် ရရှိသွားတော့သည်။ ယဉ်ယဉ်က သူ့သားလေးကို သူ့အဖေလိုလူတစ်ယောက် ဖြစ်စေချင်သည်။ သို့အတွက်ကြောင့် သူ့သားလေး တစ်နှစ်ပြည့်တော့ ကိုလှကြိုင်မိန်းမ မတင်အေးတွင် ဝင်စားနိုင်းလိုက်သည်။ ဒီလိုနဲ့ (၂)နှစ်လောက် ကြာပြီး ကောက်ရိတ်သိမ်းချိန်တွင် ကိုလှကြိုင်က ကောက်ရိတ်သူများကို …

"မင်းတို့ ဘာစားချင်လဲဟေ့ - ပြော၊ နောက်မှ မစားလိုက်ရဘူးလို့ မပြောနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com

ကောက်ရိုက်တဲ့သူတွေ မှာလိုက်တာတွေ မှတ်ပြီး ရိုးပြတ်တောထဲ နေ့ခင်းကြောင်တောင်ကြီးမှာပင် ကိုလှကြိုင် ထိုင်လိုက်လျှင် ပျောက်သွားတော့သည်။ ပြန်လာလျှင် ခေါက်ဆွဲကြော်၊ ကြာဇံကြော်၊ ကိတ်မုန့်၊ ရေခဲမုန့်၊ အဆော့တကိတ်၊ ဆိတ်ကလီစာများ ဝယ်လာသည်။ တောရွာတွင် မရနိုင်သော မစားရသော စားစရာများကို ကိုလှကြိုင် အထုပ်အမျိုးမျိုးနှင့် ယူလာတတ်သည်။ နောက်တော့ ရွာထဲတွင် ကိုလှကြိုင်အကြောင်း ပြောကြသည်။ ကိုလှကြိုင် ရိုးပြတ်တောထဲ ထိုင်လိုက်သည်နှင့် စားစရာများ၊ မုန့်များ ရရှိလာသည့် ထူးဆန်းသည့်အကြောင်း လူပြောများလာသဖြင့် ကိုလှကြိုင်ကို ဆွေမျိုးများနှင့် သူ့မိန်းမ မတင်အေးတို့က စိုးရိမ်ပြီး ပယောဂဆရာများ ပင့်၍ သိုက်ကြိုးတားသည်။ ဒါကိုသိသော ယဉ်ယဉ်က မနိုင်သဖြင့် ပိုဆိုးလာတော့သည်။ ဆရာတွေသာ ပေါင်းစုံလာသည်။ ကိုလှကြိုင်က ပိုဆိုးလာပြီး စိတ်ဝေဒနာသည်တစ်ယောက်လို ဖြစ်လာသည်။

မိုးတွင်းဆိုလျှင် ကိုလှကြိုင်တို့နေသော ကမ်းနားတန်းသည် ရေပြင်ကြီးဖြစ်နေပြီး အလယ်မှ တံတားဖြင့်သွားရသဖြင့် ကမ်းနားတန်းသည် ကြည့်ရသည်မှ တစ်မျိုးထူးခြားနေသည်၊ အလယ်တံတားသို့ အိမ်များမှ တံတားနှင့် ဆက်ထားပြီး သွားရသည်။ ဥစ္စာစောင့်မလေးယဉ်ယဉ်က ကိုလှကြိုင်တို့ လှေတစ်စီးနှင့် ည(၁)နာရီထိုးလို့ လူခြေတိတ်ချိန်တွင် ကမ်းနားဒီရေရောက်တောကြီးအတွင်းမှ လှေဖြင့် ကိုလှကြိုင်နေသော ကမ်းနားတန်းရှိ အိမ်သို့ ရောက်ရောက်လာသည်။ လှေက ကမ်းနားတန်း၏ အလယ်တံတားတွင် ဆိုက်လိုက်ပြီး တံတားပေါ်တက်၍ ကိုလှကြိုင်အိမ်နှင့် သွယ်တန်းထားသော တံတားမှတစ်ဆင့် အိမ်အတွင်းသို့ ဝင်ရောက်သည်။ ယဉ်ယဉ်လှေလာလျှင် မီးလုံးကြီးများ လှေ၏အပေါ် လေထဲမှ ဝဲပျံလိုက်ပါလာပြီး လင်းထိန်ပြီး ရောင်စုံမီးရောင်များဖြာထွက်နေသည်။ နောက်မှလှေလှော်သော မည်းမည်းအကောင်ကြီးကလည်း ကြီးမားလှသည်။ ကိုလှကြိုင် မိန်းမနှင့် ကလေးတွေက ကိုလှကြိုင်နှင့် အတူတူမအိပ်ရဲတော့ပဲ ဘုရားကျောင်းဆောင်ရှိရာ



ခေါင်းရင်းတွင် အိပ်ကြသည်၊ ကိုလှကြိုင်ကတော့ အခန်းထဲတွင် တစ်ယောက်တည်း အိပ်သည်။

ဥစ္စာစောင့်မလေးယဉ်ယဉ်လာလျှင် မီးလုံးကြီးများ (၄)လုံးပါလာပြီး မီးလုံးကြီးများကလည်း အိမ်အတွင်းဝင်ပြီး ရောင်စုံလင်းကာ အိမ်ထဲတွင် ပျံဝဲနေသည်၊ တစ်အိမ်လုံး ရောင်စုံမီးများနှင့် လင်းထိန်နေပြီး နံရံများနှင့် ကြမ်းခင်းများတွင်လည်း ပန်းခြူးပန်းနွယ်အရိပ်များက မြွေများသဖွယ် တွန့်လိမ်လှုပ်ရှားနေကြသည်၊ မတင်အေးနှင့် ကလေးများလည်း ကြောက်လှသဖြင့်ခြင်ထောင်ထဲက မထွက်ရဲဘဲ ရှိနေကြရသည်။ ရန်ကုန်မြို့ အင်းစိန်တွင် နေသော မတင်အေး၏ အမေကြီး ဒေါ်ရီ လာစောင့်အိပ်သည်၊ ပိုမိုကြမ်းတမ်းပြီးဟီး – ဟီး – ဟီး ဆိုသော အသံများပါ ကြားရသဖြင့် အဘွားကြီး ကြောက်ဖျားဖျားပြီး ရန်ကုန်ပြန်ပြီး ဆေးကုလိုက်ရသည်၊

အဘိုးကြီးက သူ့မိန်းမကိုပါ ခြောက်ရပါမလားဆိုပြီး ဓားတွေ၊ လှံတွေနှင့် စောင့်အိပ်မှ ပိုဆိုးလာသည်၊ လှုပ်ရှားနေသော ပန်းခြူးပန်းနွယ်များက အဘိုးကြီးအိပ်သော ခြင်ထောင်အမိုးနှင့် နံရံလေးဖက်လုံးတွင် ပေါ်လာပြီး တွန့်လိမ်လှုပ်ရှားနေကြသည်၊ ဟီး – ဟီး – ဟီး ဆိုသောအသံကြီးကလည်း အဘိုးကြီး ခြင်ထောင်နားတွင် ကပ်အော်နေသကဲ့သို့ဖြစ်ပြီး ဓားနှင့်ခုတ်၊ လှံနှင့် ထိုးမည်ဆိုသော အဘိုးကြီးလည်း သတိလစ်သွားတော့သည်၊ အဘိုးကြီး၏ ခြင်ထောင်အမိုးတွင် မီးလုံးကြီးတစ်လုံး နီးကပ်စွာ ပျံဝဲနေသည်၊ အဘိုးကြီးဆေးအတော်ကုလိုက်ရသည်၊

ထိုနေ့ညမှစ၍ မတင်အေးတို့မိသားစုလည်း ခေါင်းရင်းတွင်ရှိသော ကိုလှကြိုင်၏ အစ်မဝမ်းကွဲအိမ်တွင် သွားအိပ်တော့သည်၊ အဖိုးကြီးလည်း ရန်ကုန်ပြန်သွားတော့သည်။ အခြေအနေက အရမ်းဆိုးလာသည်။ ကိုလှကြိုင်ကတော့ စိတ်ဝေဒနာသည်တစ်ယောက်အလား တစ်နေ့လုံး ငေးငိုင်နေသည်၊ မတင်အေးက ထမင်းကျွေးလျှင်လည်း မစားပါ။

"နင့်ထမင်းတွေက ဘာလုပ်ဖို့လဲ။ ယဉ်ယဉ်က လာကျွေးပြီးသွားပြီ။ ခံပေါက်နဲ့ ကြွက်သားပါ စားပြီးသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com

ဆရာပေါင်းစုံနှင့် ကုနေသဖြင့် ယဉ်ယဉ်က စိတ်ဆိုးနေပြီး ကိုလှကြိုင်ကို ခေါ်လို့မရသဖြင့် မတင်အေးဆီတွင် ဝင်စားခိုင်းထားသော သူ့သားလေးကို နေ့ရာသီ တပေါင်းလ ကုန်းမြေခြောက်ချိန်တွင် ပြန်ခေါ်သွားတော့သည်။ ကိုလှကြိုင်၊ မတင်အေးတို့ပင် နို့ညှာသားလေးသည် အသက်(၃)နှစ်ကျော်ကျော် ချစ်စရာ၊ အသားဖြူဖြူ၊ ဝဝတုတ်တုတ် ချစ်စရာလေးဖြစ်သည်။ တစ်ညနေကလေးများ ဆော့နေကြပြီး တူတူပုန်းတမ်းဆော့ကြရင်း ကိုလှကြိုင်၏ သားလေး တူတူပုန်းရာမှ ပြန်ထွက်မလာတော့ပါ။ မီးတုတ်များ၊ ဓာတ်မီးများနှင့်လူကြီးများရှာသော်လည်း မတွေ့ပါ။ တတ်သိနားလည်သောအဒေါ်ကြီးက ပွဲပေး၍ပြန်ခေါ်မှ ရွာအထွက် ဝါးရုံပင်ကြီးများကြားတွင် ငုတ်တုတ်လေးထိုင်ပြီး အသက်ကင်းမဲ့သော ကလေးလေးကိုတွေ့သဖြင့် မတင်အေး ရင်ကျိုးမတတ်အောင်ငိုတော့သည်။ သူ့သားလေးကို ဖက်ပြီးငိုနေသည်။ ထိုအချိန်တွင် လူအုပ်ထဲမှ ဒေါ်မြင့်ကို ဝင်ပူးပြီးပြောသဖြင့် သိကြရသည်။ ဒေါ်မြင့်ကို ယဉ်ယဉ် ဝင်ပူး၍ ပြောနေသည်။ အခု ခေါ်သွားသောသားလေးမှာ သူနှင့် လှကြိုင်၏သားလေးဖြစ်သည်။ ကိုလှကြိုင်ကို ခေါ်မရ၍ လွန်ခဲ့သော (၇)နှစ်ခန့်က သူ့သားလေးကို မတင်အေးဆီတွင် ဝင်စားထားနိုင်ခြင်း ဖြစ်သည်။ အခု သူ့သားလေးကို ဖြစ်သလိုထားသဖြင့် ပြန်ခေါ်သွားခြင်းဖြစ်သည်။ ကိုလှကြိုင်တို့ အဖြစ်အပျက်ကြောင့် အိမ်နီးပတ်ဝန်းကျင်မှလူများပါ ကြောက်လာကြသည်။

ည(၁)နာရီထိုးလောက်တွင် မအိပ်ပဲ ချောင်းကြည့်လျှင် ထူးဆန်းပြီး ကြောက်စရာကောင်းသောမြင်ကွင်းကိုမြင်တွေ့ရမည်ဖြစ်သည်။ ဥစ္စာစောင့်မယဉ်ယဉ်သည် ကိုလှကြိုင်ကို မခေါ်နိုင်ပေမဲ့ အိမ်ကိုတော့ ညတိုင်းလာပြီး ကိုလှကြိုင်နှင့်အတူ တစ်ညလုံးနေပြီး ရောင်နီမလာခင် ပြန်သွားသည်။ ဒီအတိုင်းဆိုလျှင်တော့ ကိုလှကြိုင်လည်း သိပ်မကြာတော့ဟု ထင်ကြသည်။ မတင်အေးလည်း ရင်သွေးငယ်လေးတွေနဲ့ ကိုလှကြိုင်မရှိတော့လျှင် ဒုက္ခရောက်မည်ဖြစ်သည်။ ကိုလှကြိုင်လည်း အရူးတစ်ယောက်လိုဖြစ်နေသည်။ တစ်နေ့ တစ်နေ့ ဥစ္စာစောင့်မလေးယဉ်ယဉ်ကိုသာ တမ်းတနေသည်။



တစ်ခါတစ်ရံ သတိရသောအခါများတွင် သားသမီးလေးတွေကိုကြည့်ပြီး မျက်ရည်တျတတ်သည်။ ကိုလှကြိုင်အတွက်၊ မတင်အေးနှင့် ကလေးတွေအတွက် ဒုက္ခမှ ကင်းလွတ်သောနေ့ကို ရောက်လာခဲ့သည်။



[illegible]နည်းတို့အ[illegible]ကြီး [illegible]တ်သွား။
ငှက်ကလည်း [illegible] ခြောက်[illegible]ကြီး။
အိမ်ထဲဝင်[illegible] ဝင်လို့ရရင်တော့ မလွယ်[illegible]။
မည်းမည်းအကောင်ကြီးက လှေထဲမှ တက်လာပြီး
တင်းပုတ်ကြီးနှင့် လှမ်းပစ်လိုက်တာ အိမ်ကြီးကို
စုန်းခနဲ အသံမြည်သွားပြီး လျှပ်ယမ်းသွားသည်

လွန်ခဲ့သော (၁၀)ကျော်ကျော်လောက်က အလိန်လည်ကျေးရွာမှ သူဌေးမကြီး ဒေါ်သဲဖြူ၏သမီး ဒေါ်ကြည်မြင့်ကို ဆေးကုရင်း ရောက်ခဲ့သော ဆေးဆရာကြီး ဆရာကြိုင်သည် စိမ်းစိုသာယာပြီး သစ်ကြီးဝါးကြီးတွေနှင့် အုပ်အုပ်ဆိုင်းဆိုင်းရှိပြီး သီးပင်စားပင်များ ပေါက်ရောက်ပြီး ရေခနီများ ပေါ မျာ်းရာ အလိန်လည်ကျေးရွာသို့ အပြီးပြောင်းလာခဲ့သည်။ အလိန်လည်ကျေးရွာသည် ရွာပိုင်းကြီးဖြစ်ပြီး အိမ်ခြေ(၇၀၀)ကျော်လောက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

သာယာလှပြီး ရိုးသားသောလယ်သမားများသာ နေထိုင်ကြပြီး အိမ်ကြီးရခိုင်များနှင့် ကိုယ့်ခြံဝင်းနှင့်ကိုယ် နေထိုင်ကြသည်။ ရွာလယ်တန်းတွင် ကုန်စုံဆိုင်ကြီး (၇)ဆိုင်ရှိပြီး အေးချမ်းသာယာသော ရွာလေးဖြစ်သည်။ ရွာသူရွာသားများကလည်း မွန်ရည်ပြီး ချောမောလှပကြသည်။ တာဝန်ကျသော ဆရာ၊ ဆရာမများ အလိန်လည်ကျေးရွာ စာသင်ကျောင်းဆိုရင် နာမည်ကြားရုံနှင့် စိတ်ညစ်သွားကြသည်။ တကယ်တမ်း ရွာထဲရောက်ရော မပြန်ချင်တော့ပေ။ အလွန်သာယာအေးချမ်းသော ရွာကြီးမှန်း သိသွားသည်။ ရှေးလူကြီးများ ပြောတာကတော့ အလိန်လည်ဆိုသော နာမည်သည် မွန်နာမည်ဟု သိရပါသည်။ သေသေချာချာတော့ မသိပါ။

မြန်မာဆေးဆရာကြီး ဝိဇ္ဇာမဟိဒ္ဓိဂိုဏ်းဆရာကြီး ဆရာကြိုင် ရွာကိုပြောင်းလာတော့ ရွာမှ သိသူများက ဝမ်းသာသွားကြသည်။ ကိုလှကြိုင် ခံစားနေရသော ရောဂါကိုကုပေးရန် လာပင့်ကြသဖြင့် တနင်္ဂနွေနေ့၊ နံနက်(၉)နာရီတွင် ဆေးလွယ်အိတ်ကိုလွယ်ပြီး တပည့်ဖြစ်သူ အလိန်လည်ရွာသား ဦးစောဟန်နှင့် ဦးကျော်ကင်းတို့နှစ်ယောက်ကိုခေါ်ပြီး ကိုလှကြိုင်အိမ်သို့ ညအိပ်ဆေးကုရန် သွားကြသည်။ ကိုလှကြိုင်အိမ်ရောက်တော့ ဘုရားကျောင်းဆောင်တွင် ဝတ်ပြုလိုက်ပြီး ဘုရားပွဲထိုးရန် ရခိုင်ငှက်ပျောသီး (၅)ဖီး၊ အုန်းသီး အညွှာ ကောင်းကောင်းချောချောတစ်လုံးနှင့် သပြေပန်းများ၊ အမွှေးနံ့သာတိုင်များ၊ အလင်းတိုင်များ၊ အမွှေးနံ့သာရည်များစီရင်ပြီး ဘုရားပွဲထိုးပြီး ဝိဇ္ဇာမဟိဒ္ဓိလိုင်းမှ အထက်ပုဂ္ဂိုလ်ကြီးများကို ပင့်ဖိတ်၍ အိမ်အားစည်းချပြီး ဘုရားရှေ့တွင် ငါးပါးသီလခံယူပြီး ပရိတ်ပဋ္ဌာန်းများ၊ သုတ်တော်များ ရွတ်ဆိုပြီး ဘုရား ကိုယ်တော်မြတ်ကြီးကို ပူဇော်ဝတ်ပြုပြီး ဝေနေယျသတ္တဝါများကို မေတ္တာပို့၊ အမျှပေးဝေလိုက်သည်။

ဆရာကြီးလုပ်သမျှကို ကိုလှကြိုင်က ဘာမှမပြောသော်လည်း မျက်ထောင့်နီကြီးနှင့် ကြည့်နေသည်။ ဘုရားသောက်တော်ရေ စွန့်လိုက်ပြီး အိမ်ပတ်ပတ်လည်ကို ပက်ဖျန်းလိုက်သည်။ ကိုလှကြိုင်ကိုလည်း သောက်ခိုင်းသည်။ ပထမတွင် ကိုလှကြိုင်က ခေါင်းခါပြီး တွင်တွင်ငြင်းနေသော်လည်း



နောက်ဆုံးတော့ ဆရာကြီးကို မလွန်ဆန်နိုင်သဖြင့် ပရိတ်ရေကို သောက်လိုက်သည်။ ဆရာကြိုင်နှင့် တပည့်နှစ်ယောက်လည်း ဒီအိမ်တွင် စောင့်အိပ်ကြမည်ဖြစ်သည်။ ဆရာကြီး ဆေးကုနေချိန်တွင် ရွာတွင်းမှ လူများလည်း လာကြည့်နေကြသည်မှာ တစ်အိမ်လုံးပြည့်နေသည်။ ရွာထဲမှ သတ္တိကောင်းပြီး အထူးအဆန်းကိုကြည့်ချင်သော ကာလသားလေးယောက်ပါ လာစောင့်အိပ်ကြမည်ဖြစ်သည်။ မတင်အေးတို့ကတော့ ကိုလှကြိုင်၏ အစ်မဝမ်းကွဲ အိမ်တွင်သာ အိပ်ကြမည် ဖြစ်သည်။

ညဘက်ရောက်လာတော့ ဥစ္စာစောင့်မလေး ယဉ်ယဉ်တစ်နာရီထိုးတွင် လှေကလေးနှင့် မီးလုံးကြီးလေးလုံးနှင့် အလင်းရောင်များ လင်းထိန်ပြီး ရောက်လာသည်။ လှေနောက်တွင် မည်းမည်းအကောင်ကြီးလည်း ပါလာသည်။ ညငှက်ကြီးလည်း လမုပင်ကြီးပေါ်တွင် အောက်ထိုးတွဲလောင်းဆွဲနားလိုက်ပြီး ကိုလှကြိုင်ရှိရာ အိမ်အတွင်းသို့ နီရဲသောမျက်လုံးကြီးနှစ်လုံးနှင့် ကြည့်နေသည်။ ယဉ်ယဉ်လည်း တံတားပေါ်တက်ပြီး ကိုလှကြိုင်ရှိရာ အိမ်ဘက်သို့လာရာ မီးလုံးကြီးလေးလုံးကလည်း မီးရောင်စုံများ လင်းထိန်နေပြီး ယဉ်ယဉ်ခေါင်းပေါ်မှ ဝဲပျံလာသည်။ ယဉ်ယဉ်လည်း တံတားထိပ်မှ ကိုလှကြိုင် အိမ်ထဲသို့ လှမ်းကြည့်ပြီး အိမ်ထဲ ဝင်လို့မရသဖြင့် အပြင်မှ ကိုလှကြိုင်ကို လှမ်းခေါ်လိုက်သည်။

"အစ်ကိုရေ - အစ်ကိုရေ - အစ်ကိုရေ"

သုံးခွန်း လှမ်းခေါ်လိုက်သဖြင့် ကိုလှကြိုင် ရုတ်ခနဲအထ ကာလသားများက ကိုလှကြိုင်ကို ဝိုင်းချုပ်ထားသည်။ ကိုလှကြိုင်ကလည်း အတင်းရုန်းကန်နေသည်။ မီးလုံးကြီးလေးလုံးကလည်း ရောင်စုံမီးများ လင်းထိန်နေပြီး အိမ်နားကို ပျံဝဲပြီး ကပ်သော်လည်း အိမ်ထဲ ဝင်မရပဲ ပြန်ထွက်သည်။

ယဉ်ယဉ်က ...

"အစ်ကိုလှကြိုင်ရေ - ကျွန်မဆီကို လာပါဦး"

ငိုသံပါကြီးနှင့် ပြောလိုက်သဖြင့် ကိုလှကြိုင် အတင်းရုန်းကန်နေတော့သည်။ ဆရာကြီးက တရားထိုင်နေရာမှ စကားလှမ်းပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"လွှတ်ပေးလိုက်စမ်းပါ၊ သူ - ဒီအိမ်အပြင်ဘက်ကို ထွက်လို့မရပါဘူး။ ဟော့ - မောင်လှကြိုင် - ငြိမ်ငြိမ်နေပြီး ဘုရားဝတ်ပြုနေစမ်း"

အတင်းရုန်းကန်လှုပ်ရှားနေသော ကိုလှကြိုင်လည်း ဆရာကြီး၏အသံ လည်းကြားရော ငြိမ်သွားပြီး ဘုရားကျောင်းဆောင်ဘက်သို့ လှည့်ပြီး ဝတ်ပြု နေလိုက်သည်၊ ယဉ်ယဉ်၊ ကိုလှကြိုင်ကို ခေါ်မရသဖြင့် အိမ်အတွင်းရှိလူများ ကို မျက်တောင့်နီကြီးနှင့်ကြည့်ပြီး ...

"နင်တို့ - ငါတို့ချစ်ခြင်းကို ခွဲတယ်၊ နင်တို့ - ငါ့အကြောင်း သိစေရမယ်"

လမုပင်မှ နားနေသော ညငှက်က "အစ် - အစ် - အစ်" လို့အော်ပြီး အိမ်ရှေ့နားလောက်အထိ ပျံဝဲလာပြီးမှ ပြန်လှည့်ထွက်သွားသည်၊

"ဟာ - နည်းတဲ့အကောင်ကြီး မဟုတ်ဘူး၊ ငှက်ကလည်း လူမျက်နှာကြီး နဲ့ ကြောက်စရာကြီး၊ အိမ်ထဲ ဝင်လို့မရလို့၊ ဝင်လို့ရရင်တော့ မလွယ်ဘူး"

မည်းမည်းအကောင်ကြီးက လေ့ထဲမှ တက်လာပြီး တင်းပုတ်ကြီးနှင့် လှမ်းပစ်လိုက်တာ အိမ်ကြီးကို ဝုန်းခနဲ အသံမြည်သွားပြီး လှုပ်ယမ်းသွား သည်၊ သို့သော်လည်း ဘာမှဖြစ်မသွားပါ၊ မကြာခင် ရောင်နီပျို့လာတော့ မည်ဖြစ်သဖြင့် ယဉ်ယဉ်တို့လည်း လှေကလေးနှင့် ပြန်သွားတော့သည်၊

ဆရာကြီးလည်း ဆေးလွယ်အိတ်ထဲမှ ဆေးတောင့်အနီလေးကို ထုတ် ယူလိုက်ပြီး ဓားနှင့်ခြစ်ယူလိုက်ကာ ကိုလှကြိုင်ကို ပရိတ်ရေနှင့် ဖျော်ပြီးတိုက် လိုက်သည်၊ ကိုလှကြိုင်လည်း အိပ်ပျော်သွားသည်၊

နောက်တစ်နေ့ည (၇) နာရီလောက်တွင် ကိုလှကြိုင်အား ဝင်ပူးပြီးပြော တော့သည်၊ ကိုလှကြိုင်ပါးစပ်မှ မိန်းကလေးတစ်ယောက်အသံဖြင့် ပြောနေ သဖြင့် အံ့ဩနေကြသည်၊ လာရောက်ကြည့်သူများနှင့် တစ်အိမ်လုံး ပြည့် နေသည်၊

"ဆရာကြီးရယ် - သမီး - ဆရာကြီးကို ရှိခိုးပါတယ်ရှင်၊ သမီးတို့ ချစ် ခြင်းကို မခွဲပါနဲ့ရှင်၊ သမီးတို့ အကြင်လင်မယားဖြစ်နေတာ (၃) နှစ်ကျော်ပါ ပြီ၊ သမီးတို့မှာ ကလေးတစ်ယောက်တောင် ရနေပါတယ် - အဘရယ်၊ ကျန် ခဲ့တဲ့နှစ်လလောက် သမီးကလေးလေးကို ကိုလှကြိုင်၊ မတင်အေးတို့ဆီ ပို့



ထားတာ၊ ဂရုမစိုက်လို့ပြန်ခေါ်သွားပါတယ်၊ နောက်ပြီး - သားလေးကိုလည်း အရမ်းလွမ်းလို့ပါ - အဘရယ်၊ သမီးတို့ချစ်ခြင်းကို မခွဲပါနဲ့နော်"

ယဉ်ယဉ်က သူတို့အကြောင်းအား ဆရာကြီးကို သနားစဖွယ် ငိုယိုပြီး ပြောပြနေသည်၊

"မဟုတ်သေးဘူး - မိန်းကလေး၊ မောင်လှကြိုင်ကို မိန်းကလေးခေါ် သွားရင် သူ့ရင်သွေးလေးတွေကို ဘယ်သူလုပ်ကျွေးမှာလဲ၊ သူသာမရှိရင် ဒီလူမမည်လေးတွေ ဒုက္ခရောက်ကုန်မှာပေါ့၊ ဒါကြောင့် - ခေါ်သွားဖို့ ခွင့်မပြု နိုင်ပါဘူး၊ ဒီမှာ လူသက်တမ်းစေ့ နေပါစေကွယ်၊ မိန်းကလေးလည်း တွေ့ခဲ့နေ တာပဲလေ၊ လောဘသိပ်မကြီးပါနဲ့၊ ကိုယ့်ကြောင့် အခြားသူတွေ ဒုက္ခ မရောက်ပါစေနဲ့၊ နောက်ပြီး - လူ့သက်တမ်းကလည်း တိုတိုလေးပါ - မိန်းကလေး၊ စောင့်လိုက်ပါ၊ အဘ ပြောချင်တာကတော့ ဒါပါပဲ"

"ဒါဆို - အဘကို သမီးတစ်ခု တောင်းဆိုချင်ပါတယ် - အဘ၊ သမီး - သူ့ ကို တစ်လတစ်ခါလောက်တော့ လာတွေ့ပါရစေ"

"အင်း - ဒါဆို - သူ့မိန်းမနဲ့ သူ့ကလေးတွေကို ဒုက္ခမပေးရဘူး၊ ဒုက္ခပေး ရင်လည်း မရတော့ဘူး၊ သူတို့ကို အဘ အဆောင်တွေ ထားပေးလိုက်ပြီ၊ သူ တို့ ဝိဇ္ဇာမဟိဒ္ဓိလည်း အပ်ထားလိုက်ပြီ၊ ဒါကြောင့် အဘပြောတဲ့အတိုင်း လုပ်နိုင်မလား"

"ဟုတ်ကဲ့ - အဘ - သမီး - သူတို့ကို ဒုက္ခမပေးချင်ပါဘူး၊ အခုလိုဖြစ်ရ တာလည်းအရင်က ဆရာတွေကြောင့်ပါ၊ အဘ - သူတို့က မဟုတ်တဲ့ပညာ တွေနဲ့ လာလုပ်တော့ သမီးလည်း ကိုယ့်ကိုယ်ကိုယ် ကာကွယ်တာပါ - အဘ ရယ်၊ တင်အေးရဲ့နှီညှာကလေးကလည်း သမီးရဲ့သားလေးမို့လို့ပြန်ခေါ်လိုက် တာပါ၊ သမီး - ကိုလှကြိုင်နဲ့မတွေ့ရရင် သမီးရင်ကွဲရပါလိမ့်မယ် - အဘရယ်"

"အေး - အေး - ခွင့်ပြုပါတယ်ကွယ်၊ မိန်းကလေးပြောတဲ့စကားတော့ တကိတည်ပစေနော်၊ ရော့ - ရော့ - ဒီသစ္စာရေ သောက်လိုက်"

ယဉ်ယဉ် ဝင်ပူးနေသော ကိုလှကြိုင်လည်း ရေခွက်ကို ဆရာကြီးလက် ထဲမှ ယူသောက်လိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com

"မိန်းကလေး သစ္စာဖောက်လို့တော့ မရဘူးနော်၊ ဟိုမှာတွေ့တယ် မဟုတ်လား၊ မိန်းကလေးတို့ သိုက်ချုပ်ဘိုးတော်ကြီး"

"ဟုတ်ကဲ့ – တွေ့ပါတယ် – အဘရယ်၊ သမီး ကတိသစ္စာတည်ပါတယ်"

ကိုလှကြိုင်ကိုဝင်ပူးနေသော ဥစ္စာစောင့်မလေးယဉ်ယဉ်လည်း ဘုရားကို ဝတ်ပြုပြီး ပူးနေရာမှ ထွက်သွားတော့သည်၊ ဆရာကြီးက ကိုလှကြိုင်ကို ပရိတ်ကြိုးနှင့် အင်းပြားလေးတစ်ခု ဆွဲပေးလိုက်သည်၊ ကိုလှကြိုင်လည်း အဲဒီနေ့မှစ၍ လူကောင်းအတိုင်း ဖြစ်သွားပြီး လူ့သက်တမ်းဇာ့ နေနိုင်သွားသည်၊ ဥစ္စာစောင့်မလေးယဉ်ယဉ်လည်း တစ်ခါတစ်ခါ လာပြီး ကိုလှကြိုင်နှင့် လာတွေ့သည်၊ နောက်ပိုင်း နှစ်ကြာလာတော့ မတင်အေးနှင့် ယဉ်ယဉ်တို့လည်း ခင်သွားပြီး ညီအစ်မတွေလို နေသွားသည်ဟု ဆိုသည်၊

လောကကြီး၌ လူ့လောကနဲ့အတူတူ ထူးဆန်းအံ့ဩဖွယ်ကောင်းသော ဘဝတွေ ရှိသေးပါလား၊လို့ သိလိုက်ရသည်၊ လွန်ခဲ့သော နှစ်(၄၀)ကျော်က အလိန်လည်ကျေးရွာတွင် တကယ်ဖြစ်ပျက်ခဲ့သော အဖြစ်ပျက်များပင် ဖြစ်သည်၊

→ ကိုဆောင်းဦး (အလိန်လည်ကျေးရွာ)



www.burmeseclassic.com

# ဆေးနွား

မင်းတိုင်ဝင် (မြရောင်ခြေ)

ဆေးဆိုသည်မှာ အမျိုးမျိုးရှိ၏၊ သောက်ဆေး၊ ထိုးဆေး၊ လိမ်းဆေး၊ ရှူဆေး၊ သွင်းဆေး၊ ဆိုးဆေး၊ ဖျန်းဆေး၊ ငုံဆေး၊ ကွမ်းစားဆေး၊ အထက်လမ်းဆေး၊ အောက်လမ်းဆေး၊ တို့ဆေးဆိုသည့်ဆေးတွေ ရေတွက်မယ်ဆိုမကုန်အောင်များပြားလှပါသည်။ ယနေ့ ဆေးရုံဆေးခန်းများ၌ သုံးစွဲနေသော ဓာတုဆေးဝါးများ၊ အကျဇီဝဆေးများ၊ ပဋိသန္ဓေဆေးဝါးများ၊ လူနှင့်တိရစ္ဆာန်တို့ အသက်ကာကွယ်ရေး၊ ကုသရေးအတွက် ထိရောက်သောဆေးဝါးများရှိသလို သတ္တဝါမှန်သမျှ သေကြေပျက်စီးရသည့်အဆိပ်များ၊ အရောင် အမျိုးမျိုး ဆိုသည့်ဆေးများ၊ အရွက်ဖျန်းဓာတုဆေးဝါးများ၊ အပင်အာဟာရဆေးများ၊ တီထွင်ဖော်စပ်ပြီး အကျိုးရှိအောင် သုံးစွဲနိုင်သလို အကျိုးမဲ့အောင် သုံးစွဲကြ၏။

ထို့ပြင် သိပ္ပံ၊ ဓာတု၊ ဆေးဝါးများနှင့်အပြိုင်၊ အဂ္ဂိရတ်ဆေးများ၊ အတက်ဆေးများ၊ ဂိုဏ်းတော်ကြီးဆေးများ၊ အောက်လမ်း၊ မိစ္ဆာဆေးများလည်း



တီထွင်ကြ၊ စပ်ကြ၊ ဖော်ထုတ်ကြနှင့် တစ်ကျောင်း တစ်ဂါထာ ပြုလုပ်နေကြပါသည်။ ခုနပြောသည့်အထဲမှာ အောက်လမ်းဆေးများ ပါရှိသည်ကို သတိပြုမိမှာပါ။ အထက်လမ်းစောင့်ရှောက်တဲ့ပုဂ္ဂိုလ်ကြီးများ၏ ဆေးတော်ဘယ်လိုပင်အစွမ်းထက်စေကာမူ ပြုစားခြင်း၊ နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း မပြုလုပ်ရပါ။ ဘာကြောင့်လည်းဆိုရသော် ကံကို ထိမ်းရခြင်းဖြစ်၍ ဖြစ်၏။ ထိုပုဂ္ဂိုလ်တို့နှင့် အပြိုင် အောက်လမ်းမိစ္ဆာများက တစ်ပွဲပြန်၊ အံကြိတ်၊ ဇနောင့်ပေါက်၊ ဖျာသိမ်း၊ အိပ်ရာခေါက်၊ အစိမ်းတိုက်၊ ကဝေတိုက်၊ စုန်းတိုက်၊ နတ်တိုက်၊ သရဲတိုက်၊ တစ္ဆေတိုက် အတိုက်ပေါင်းစုံအောင် ပြိုင်ဆိုင်ကြပါသေးသည်။

ဒါကြောင့် - မြတ်စွာဘုရားဟောကြားတော်မူခဲ့သည်။ (၃၁)ဘုံသံသရာကြီးထဲတွင် လူ့ဘုံတစ်ဘုံ၊ နတ်ပြည်(၆)ဘုံ၊ ဗြဟ္မာ(၂၀)ဘုံ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်လေးဘုံ ဆိုတော့ အားလုံး(၃၁)ဘုံ ဖြစ်ပါသည်။ ထိုဘုံထဲတွင် သီးခြားဘုံမရှိကြဘဲ လူ့ဘုံနှင့် မှီတင်းနေထိုင်ကြသည့် တိရစ္ဆာန် ပြိတ္တာ၊ အသူရကာယ်တို့ ပါရှိနေပါသည်။ ပြိတ္တာဘုံတွင် တစ္ဆေ၊ သရဲ၊ ဖုတ်၊ ကျုတ်၊ မှင်စာ၊ သဘက်၊ မြေဖုတ်ဘီလူး၊ အောက်နတ်များ ပါဝင်နေပြန်ပါသည်။ အနေဆင်းရဲခြင်း၊ အစားအဟာရ ငတ်ပြတ်မွဲတေခြင်း၊ ကြီးသူကငယ်သူကို နှိပ်စက်မှုပြုခံရနေခြင်း၊ ဆင်းရဲဒုက္ခအလီလီနှင့် ကြုံတွေ့နေရသူများကို ဆိုလိုပါသည်။

ထို့ကြောင့်ပြိတ္တာပြည်လို့ ပြောကြပါသည်။ ငတ်၊ ပြတ်၊ ဆင်းရဲနှိပ်စက်မှု အမျိုးမျိုးကြောင့် အဆင်းရဲတကာ ထိပ်ခေါင်လို့ ထင်ပါမည်။ ဒီလိုငတ်ပြတ်နေသူတွေကို ဆေးစီရင်ခြင်းနှင့် အစာကျွေးခိုင်းစေခြင်း လုပ်ဆောင်သူ ဆရာများလည်း ရှိ၏။ အောက်လမ်းမိစ္ဆာတို့ အကြိုက် ပြုလုပ်ပေးရသောအခါ ဆရာက အစာမဝရေစာကျွေး၊ ခိုင်းသမျှ လုပ်ပေးရသောအလုပ်ကို မိစ္ဆာ ထိုက်သည်ဟုခေါ်ပြန်သည်။ တစ္ဆေနှင့်တိုက်၊ အစိမ်းမနှင့်တိုက်၊ သရဲနှင့်တိုက်၊



www.burmeseclassic.com

www.burmeseclassic.com

အင်းတိုက်၊ ကဝေနှင့်တိုက် အတိုက်မျိုးစုံအောင် တိုက်ခိုက်တတ်သည်။

အချို့ဆရာများက နိုင်းစေသူ ငွေပေး၍ ကြေးနှင့် တစ်ဖက်သား ခု
ရောက်အောင် ပြုလုပ်ပေးရသည်။ အတိုက်ခံရသူမှာ စီးပွားရေး၊ လူမှုရေး
အိမ်ထောင်ရေးတွေ ကျဆင်းပျက်စီးပြီး တချို့ရူးသွပ်၊ ပေါနှမ်း၊ သွက်ချာ
ဖြစ်ကာ ဘဝပျက်သည်အထိဖြစ်ခဲ့ရသည်။ ပုဏ္ဏကတိုက်ဆိုရင် အိမ်ကိုမီး
ပေါက်၊ ခြောက်လှန့်လုပ်၊ အိမ်ရှင်မနေနိုင်တော့။ ဒီလိုအတိုက်မျိုးစုံအပြ
ဆရာသမားများက မိမိတို့ ဝါသနာထုံရာကို အပြိုင်ကျဲတတ်ကြပါသည်။
နှစ်ဖက်နှစ်ဝ အကျိုးမရှိသော အကုသိုလ်အလုပ်မျိုးကို လုပ်ကိုင်ပေး
မိစ္ဆာခေါင်းဆွဲများဖြစ်၏။ ယခု အောက်လမ်းဆရာကြီးများ၏ ဆေးနွား
အကြောင်း တင်ပြချင်ပါသည်။

=☹=

ဆေးနွားဆိုသည်မှာ ဆေးစီရင်ထားသော နွားရုပ်ကလေး၊ အရော
အမျိုးမျိုးရှိ၏။ နွားနီ၊ နွားနက်၊ နွားကျား၊ နွားပြာ၊ နွားဖြူ စသည် စသည် နွား
အမွေးအလိုက် အရောင်ဆိုးတတ်ကြပါသည်၊ တစ်နည်းဆိုရသော် အသ
ဝင်သော နွားတစ်မျိုးဖြစ်၏။ ညအခါတွင် တွန်သံပေး၍ ရွာပြင်ထွက်သွား
နွားငှေဖက်ကိုရှာသောနွား၊ မိစ္ဆာနွားမျိုး ဖြစ်ပါ၏။ ထိုနွားသည် ငှေဖက်
ဖက်နွားနှင့် ငှေကြတိုက်ကြရင်း ရှုံးသူက ပြန်ပြေး၊ နိုင်သူက ဗိုလ်လုပ်
ကြသည်၊ ကျွန်ုပ်တို့ငယ်စဉ်က အိမ်ရှေ့ကွင်းစပ်၌ ညတိုင်း နွားတွန်သံ
ရ၏။ အဘိုးကတော့ ဒီနွားက နွားလားဥသဘလို့ ဆိုသည်၊ ဒီလိုနွား
တော့ နွားဘုရင်ပဲတဲ့။ ရုပ်ကလည်း ချော၊ အင်အားတောင့်တင်းပြီး နွား
နွားခိုင်မျိုး။ တချို့အိမ်တွေမှာ ရှိတတ်သည်၊ သခင်က မသိလို့၊ သူက
တာကတော့ တင်းကုတ်ဝင်၊ တင်းကုတ်အထွက်မှာ တွန်သည်။ ညသန်



မှာလည်း ဝမ်းတရီ၊ ဝမ်းတရီး၊ ဝမ်းတရီးလို့ တွန်ရင် အဲဒါ နွားလားဥသဘပဲ။
အဲဒီ့အိမ်က စီးပွားတက်သည်၊ ကောင်းကျိုးချမ်းသာရသည်၊ စိတ်ချမ်းသာ၊
ကိုယ်ချမ်းသာနဲ့ နေနိုင်သည်။

အဲဒီနွားရဲ့ထူးခြားတဲ့အချက်က ကွင်းတစ်ကွင်းလုံး၊ နွားတစ်အုပ်လုံး
သူ့ကို ကြောက်ကြသည်တဲ့၊ နွားမတွေဆိုလည်း သူ မိတ်လိုက်မည်ဆိုရင်
မပြေးကြဘူး၊ ဘယ်နွားသိုး၊ ဘယ်နွားမှ သူ့ကို ပြိုင်ဖက်မရှိ၊ ပြန်မငှေရဲဘူး။
ဒါကြောင့် ကျွန်ုပ် တို့အဘိုးပြောတဲ့ နွားဘုရင်ဆိုတာ မှန်ပါလိမ့်မည်၊

တစ်ခါတလေ ညဘက်မှာ ဝပ်ထိန်းဝပ်ထိန်း ဘွတ်အဲ လို့တွန်တဲ့နွားမျိုး
အသံကြားရင်ဒီနွားကတော့ နာနာဘာဝနွား၊ မိစ္ဆာနွားတဲ့၊ အောက်လမ်းတိုက်
နဲ့ စီရင်လွှတ်ထားတဲ့နွားလို့ ပြောပါသည်၊ ဒီနွားမျိုးကျတော့ သုသာန်တို့၊ ချော
ပျက်တို့မှာ ကျက်စားတာ၊ ရွာနီးချုပ်စပ်မှာ မနေပေ၊ သူ့တွန်သံကြားတာနဲ့
လင်ကောင်ပိုးငုက် အော်မည်၊ ခွေးတွေ တအားအူမည်ဆိုရင် ကြိမ်းသေ
ဆေးနွားပင်၊

အောက်လမ်းဆရာကြီးတို့ ဆေးနွားက သူတို့ပညာကို အစွမ်းကုန်
ပြိုင်ကြတာ နွားတိုက်လို့ နိုင်ရင် ရှုံးသူက ပညာတွေ အပ်လိုက်ရသည်၊ အညှဲ့
ခံလိုက်ရသည်၊ ဆေးနွားတစ်ကောင်ဖြစ်ဖို့ကလည်း သိပ်တော့မလွယ်လှဘူး
တဲ့၊ သတ္တိရှိရမည်၊ ဝီရိယရှိရမည်၊ ဆရာက နိုင်းသမျှလုပ်တဲ့ တပည့်မှ ဆေး
နွားရဖို့ သေချာတာဆိုတော့ ဘာတွေလုပ်ရမလဲ၊ ဘာတွေလိုက်နာရမှာလဲ၊
အဲဒီလိုမလိုက်နာရင် ဘာတွေဖြစ်တတ်သလဲ ... ကျွန်ုပ် သိချင်လာသည်၊

တစ်ခါက ကျွန်ုပ်တို့ ရွာရှေ့လေးတင်းကုတ်၊ ကြွက်နွယ်ချုံတဲက နွားရုပ်
ကလေးတစ်ရုပ်၊ ကောက်ရဖူးခဲ့သည်၊ ထိုနွားရုပ်ကလေးသည် ချိုတစ်ဖက်
ကျိုး၊ ခေါင်းတစ်ဖက် ဒဏ်ရာထင်နေ၏၊ ရွှံ့ရုပ်သဏ္ဌာန်၊ နွားနီကျားလေးဖြစ်
သည်၊ အသက်မရှိလို့ လူကြီးတွေက ပြောပါသည်၊ ဒီနွားက ဒီကြွက်နွယ်ချုံ
ထဲ ဘာကြောင့်ရောက်လာရသလဲ၊ ဘယ်သူ့နွားလည်းလို့လည်း သိချင်လာ
မည်၊ ဒါကြောင့် ဒီနွားအကြောင်း ကျွန်ုပ်ဘကြီး သာဂိက စပြီးပြောပါတော့



www.burmeseclassic.com

www.burmeseclassic.com

သည်။

"ဖအေး - ဒီနွားက ငါတို့လယ်ထိပ်က ကိုင်းချုံထဲမှာတွေ့လို့ ငါ ညောင်ခေါင်းထဲမှာ ထည့်ထားဖူးတယ်၊ အဲဒါ - ဘယ်လိုကနေ ကြွက်နွယ်ချုံထဲ ပြန်ရောက်နေလဲမသိပါဘူး"

"ဟုတ်တယ် - အစ်ကိုသာဂိရေ၊ မနှစ်က နွေဘက် ညတစ်ညမှာ လတာလည်း သာတယ်၊ ထိန်နေတာပဲ - လေးတင်းကုတ်ဘက်က နွားတစ်ကောင်၊ ဟိုကျောင်းစုဘက်က နွားတစ်ကောင် တွန်ပြီးတော့ ကွင်းထဲဘက် ဆင်းပြေးကြတယ်၊ အဲဒီည - ကျွန်တော် ရှာပြင်ထွက်ပြီး လေညင်းခံနေတာဗျ"

"ဟေ - ဟုတ်လား - အောင်သိန်း။ မင်းပြောတာ ဟုတ်နိုင်တယ်ကွ၊ ငါ့အထင်တော့ တို့ ဖုန်းဆိုးကြီးက ဆရာမိုးတို့ လက်ချက်ဖြစ်မှာကွ"

"ဟုတ်လား - အစ်ကို၊ ဟုတ်နိုင်တယ်ဗျ - မှတ်မိပြီ"

"ဒီလိုကွ - ဆရာမိုးက ဟိုတုန်းက အင်းရဲကြီးဘက်မှာ နေတာ၊ နောက်တော့ ဆေးကုရင်း သူ့မိန်းမ ပထမမယားကြီးက ဆရာငွေရဲ့နှမတဲ့ကွ၊ မိန်းမရှောဆိုတော့ ဆရာမိုးက အပိုင်ယူတာတဲ့၊ ဆရာငွေက မကျေနပ်၊ သဘောမတူလို့ ဆရာမိုးကို သတ်ဖို့ ကြံတယ်တဲ့ဗျာ"

"အစ်ကိုက ရာဇဝင်အစုံပေါက် သိတာလားဗျာ"

"အေး - ဟုတ်တယ်ကွ - အောင်သိန်းရဲ့၊ အစ်ကိုသာဂိပြောမှ ငါလည်း သဘောပေါက်တယ်၊ ဆရာငွေက သစ်ငုတ္တထောင်ရှာသားတဲ့ကွ၊ သူ့နှမကို ဆရာမိုး ခိုးပြေးတော့ ဓားနဲ့လိုက်တယ်၊ မိရင်တော့ အသေပဲကွ၊ တော်တော် ကြောက်စရာကောင်းတာ။ ဒါပေမဲ့ - ဆရာမိုးကို မမိဘူးကွ၊ ကံကောင်းတာပေါ့"

"ဟုတ်တယ် - ကျော်သိန်းရဲ့၊ ဆရာမိုးက ခုမိန်းမ မဟုတ်ဘူး၊ ပထမမိန်းမက - ဟိုကွာ - ဗကကြီးတို့ အမေပေါ့ကွာ"

"နောက်တော့ - ဆရာငွေက ဒီအောက်လမ်းဆရာကို တွေ့ရာသရိုင်းဓားမဆိုင်းဆို ပညာသင်တာတဲ့ကွ၊ ရှမ်းပြည်ဘက်မှာ သွားသင်တာ (၃)နှစ်လောက် ကြာတယ်"

"အင်းပညာပြိုင်ဖို့ ကြိုးစားရတာပေါ့"

"ဆရာငွေ ပြန်လာတော့ ဆရာတစ်ဆူ ဖြစ်နေပြီ၊ တော်တော်နာမည်ကြီးတာပဲ"

"ဟုတ်ပြီ - ဟုတ်ပြီဗျာ၊ ဒါဆို - ဆရာငွေနဲ့ ဆရာမိုးက ကမ္ဘာ့ရန်ပဲနော်"

"မှန်တာပေါ့ကွာ"

"ဆေးနွားတိုက်တယ်ဆိုတော့ ဆေးနွား ဘယ်လိုလုပ်သလဲ"

"ဒါတော့ - သူမှ သိမှာပေါ့ကွ - မင်းကလဲ"

"ဆရာမိုးအိမ်မှာ အကောင်တွေ မွေးထားတယ်၊ သူ့ခေါင်းရင်းက လက်ပံပင်မှာ အစိမ်းသေခေါင်းရှိတယ်၊ အစာကျွေးရတယ်တဲ့၊ တစ်နှစ်တစ်ကြိမ် အမဲသားတစ်ပိဿာချက်နဲ့ ဆန်တစ်ပြည်ချက်ကျွေးရတာတဲ့ ဘိုးကွက ပြောတယ်ဗျ"

"ဟေ - ကြောက်စရာကြီးဗျာ - အစ်ကိုကျော်သိန်းရဲ့"

"ဒီအကြောင်းသိချင်ရင် - ဟို - ဆရာ မှင်ပုလေးလာတော့ မေးကြည့်ပါလား"

"ကဲ - အိပ်ချင်လာပြီဟေ့ - ပြန်ကြစို့"

"အေးကွာ - နောက်ညမှ တွေ့ကြတာပေါ့"

ရှေးလူကြီးများသည် အိမ်ရှေ့မြေကွက်လပ်တွင် ဖျာကြမ်းခင်း၊ ရေနွေးတစ်အိုး ဆေးလိပ်တစ်ခွက်ဖြင့် ညတိုင်း စကားပြောကြသည်၊ ခြင်ကိုက်၊ မြှုတ်ကိုက်သည်ကို ပုဆိုးနှင့်ယပ်ခတ်၍ စကားပြော၊ ရေနွေးကြမ်းသောက်လေ့ရှိသည်၊ ရပ်ရေးရွာရေး၊ သာရေးနာရေးကိစ္စကို တိုင်ပင်ကြ၊ ဆွေးနွေးကြရင်း ညဉ့်ဝက်လောက်တော့ အချိန်ကုန်သွားတတ်ကြပါသည်၊ အဲဒီအချိန်တ





www.burmeseclassic.com

www.burmeseclassic.com

သူကြီးခေတ်၊ ကျွန်ုပ်တို့ငယ်ငယ်က တစ်ခါတစ်ခါ မှားပြတိုက် လှုသတ်တဲ့ အချိန်၊ ခေတ်ကလည်း ကောင်းတစ်ခါ ဆိုးတစ်လှည့်၊ နေ့ပြောနောက်ကြည့်၊ ညပြောအောက်ကြည့်နေကြရတာ၊ ဒီတုန်းက အစိမ်းတိုက်၊ အောက်လမ်းတိုက်ဆရာတွေကလည်း ပေါမှပေါ၊ ပညာသည်အုပ်စုကလည်း သူ့ထက်ငါ ပြိုင်ကြသည်၊ ဒါကြောင့်လည်း ငယ်ငယ်ကကြားဖူးတဲ့စကားက သေချင်ရင် စိန်မစားနဲ့၊ သစ်ငုတ္တထောင်နဲ့ မယ်ကြက်မအိုင်သွားတဲ့၊

ဆရာငွေဆိုတာက သစ်ငုတ္တထောင်မှာနေတာ၊ ဒီအနီးပတ်ဝန်းကျင်က ရွာတွေဖြစ်တဲ့ ကျုံဖားရိုး၊ တာကောက်၊ ကွဲခေါင်း၊ သဲချောင်း၊ ရိုးလယ်ကနေ တချုံပျော်၊ အင်းရဲအင်းမ အရှေ့တစ်ရိုး၊ ပရောဟိတ်တစ်ဆူပဲ၊ ဆရာငွေက ပယောဂမှန်သမျှ "ဦး႐ွ" ဆို ပျောက်တယ်တဲ့၊ နောက်ဗိန္ဒောက ဆရာဖောင်၊ အနာပေါက် ဆရာသောင်၊ မာ့တ်ကြမ်းကု ဆရာမြို့၊ တိုင်းရင်းဆေး ဆရာဟန် ဆိုကာ သူ့ခေတ်အချိန်က တကယ့်သမားဂုဏ်မြောက်တဲ့ဆရာကြီးတွေဖြစ်ပါသည်၊

ဒီတော့ - ဆရာမိုးအကြောင်း ပြောရဦးမည်၊ ဆရာမိုးက ကျွန်ုပ်တို့ရွာက ဖုန်းဆိုးကြီး ဘုရားငုတ်တိုကြီးနားမှာနေတာ၊ သူ့ဇနီးရယ်၊ သမီးနှစ်ယောက်၊ သားနှစ်ယောက်နဲ့ အတူနေတာ၊ ဆင်းရဲပါသည်၊ ဆရာမိုး ရွာက လယ်တဲမှာ ကောက်ရိတ်၊ ရိုးပြတ်ရိတ် နေ့စားလုပ်ရပါသည်၊ ဆရာမိုး ဥပမိရုပ်က အသားညိုညို၊ ကိုယ်ပြားပြား၊ လက်ပြင်ကိုင်းကိုင်း၊ ပိန်ပိန်ပုပုပါပဲ၊ ထူးခြားတာက သူ့မျက်လုံးနဲ့ တစ်ထွာကျော်ရှည်လျားတဲ့ မုတ်ဆိတ်မွေးဖြူဖြူက အားလုံးထဲမှာ ထင်ထင်ရှားရှား ထူးခြားနေပါသည်၊ ဆရာမိုးက စကားပြော အလွန်အေးဆေးပါသည်၊ သူ့သား ကိုသိန်းနှင့် ကျွန်ုပ်တို့ သက်တူရွယ်တူ အဘစိန်လှိုင် ကျောင်းနေစဉ်က ကျောင်းနေဖက်သူငယ်ချင်း သိပ်ခင်ကြပါသည်၊ တစ်ခါတလေ ကိုသိန်းခေါ်ရာ သူတို့အိမ်ကို လိုက်သွားဖူးပါသည်၊ ဘာမှမသိလို့ ဘာမှမကြောက်တာတော့ အမှန်ပါပဲ၊ ဒါပေမဲ့ - ရွာက ခတ်သိလူတွေက အဖေနဲ့အမေကို ပြန်ပြောလို့ အကြိမ်းခံရပါသေးသည်၊ ဘယ်လိုပင်ကြိမ်းကြိမ်း ကိုသိန်းကိုခင်တော့ ခိုးပြီးလိုက်သွား၊ သူတို့အိမ်ရှေ့က ငါးကန်ထဲမှာ ငါးဖမ်းကြ၊ ပျော်လိုက်တာ မပြောပါနဲ့၊ တစ်ခါက ရေနစ်လို့ သေမည်ဖြစ်ခဲ့ဖူးသေး၏၊

ဆရာမိုးကို ရွာထဲက လူတွေ ကြောက်နေကြ၏၊ သာရေးနာရေးဆို ဆရာမိုး လာသည်၊ သူ့ကိုပင် ဦးစားပေးကြ၏၊ ဆရာမိုး ကောက်ရိတ်ပေးမယ်၊ ပဲနုတ်ပေးမယ်ပြောလို့ အလုပ်မပေးလိုက်ရင် ဗိုက်အောင့်ဗိုက်နာဖြစ်လို့ သွားတောင်းပန်၊ ဆရာမိုး ကုပေးမှ ပျောက်တယ်လို့ ပြောကြပါသည်၊ နကဆရာမိုးအစိမ်းကောင် မွေးထားတယ်ဆိုတာက ညဆိုအဲဒီလက်ပံပင်ကိုကြည့်၊ ခွေးတွေ ဟောင်ကြ၊ အူကြ၊ လင်ကောင်ပိုးက တဂီးဂီးအော်ကြနှင့် ရွာထဲက ကိုဘိုးကွ၊ တို့၊ ကိုအုန်း၊ ကိုခွေးတို့က ဆရာမိုးအကောင်မှန်းသိလို့ ...

"ဆရာမိုး - ခင်ဗျားအကောင်ကို ထိန်းထိန်းသိမ်းသိမ်းထားပါ၊ ကလေးတွေ၊ ရွာသားတွေ လန့်ကုန်ပါဦးမယ် - ဆရာရယ် - တောင်းပန်ပါတယ်"

"ကိုခွေး - ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်ပြောရင် ရပါတယ်"

"ဟုတ်ကဲ့ - စိတ်ချပါရစေ - ဆရာမိုး"

"ကောင်းပါပြီဗျာ"

အဲဒီလို ရွာထဲကလူတွေက ဆရာမိုးကို သတိပေး တားမြစ်ကြပါသည်၊ ဆရာမိုးက ဘယ်တော့မှလည်း နင်ပဲငဆ ပြန်ပြောခြင်းမရှိ၊ တည်ငြိမ်အေးဆေးတဲ့စကားပဲ ပြောပါသည်၊ အမြဲတမ်းပြုံးနေသော မျက်နှာနှင့် မုတ်ဆိတ်နေတတ်ပါသည်၊

တစ်နေ့မှာ ဆရာမှင် ကျွန်ုပ်တို့အိမ်သို့ ရောက်လာသည်၊ ဆရာမှင်ကို အဘမှင်ဟု ကျွန်ုပ်တို့ ခေါ်ကြသည်၊ ကျွန်ုပ်ကို ကောင်လေးလို့ ချစ်စနိုး ခေါ်ပါသည်၊ ဆရာမှင်က ဒေါင့်ကြီးရိုးရွာမှာ နေ၏၊ အရပ်ပုပုလေး၊ အသားညိုညို၊ ခေါင်းက ဆံပင်တစ်ပင်မှမရှိ၊ မျက်မှန်ထူထူဝိုင်းဝိုင်းကြီးနှင့် ဗိန္ဒောနှင့် အထက်လမ်းကိုင်သူ ဆရာဖြစ်သည်၊ ကျွန်ုပ်ဒေါ်လေး၏ယောကျ်ားဘကြီး စိန်မောင်နှင့် ညီအစ်ကိုဝမ်းကွဲတော်သဖြင့် မိဘများနှင့် ရင်းနှီးကြလို့အိမ်



www.burmeseclassic.com

မှာပင် တည်းခိုသည်၊ ဆရာမှင်က ဝိဇ္ဇာပညာရပ် နားလည်ကျွမ်းကျင်သူ ဖြစ်သည်၊ လေ့လာလိုက်စားမှုလည်း ပိုသည်၊ မသိလို့မေးရင် အားလုံးဖြေနိုင်၏၊ အဖေက အဘဆရာမှင်ကို ဆေးနွားအကြောင်း စုံစေ့အောင် မေးတော့သည်၊

"အစ်ကိုမှင် - ခုတလော - ဆေးနွားတိုက်တဲ့အကြောင်း တော်တော်ပြောနေကြတယ်၊ ဆေးနွားဆိုတာ ဘာလဲ - အစ်ကို"

"ဟဲ့ - ဟဲ့ - ဟဲ့ - ဟဲ့ - ဆေးနွားဆိုတာ ဆေးနဲ့စီရင်ထားတဲ့နွားရုပ်ပေါ့ကွာ"

"ဘယ်လိုစီစဥ်လဲဗျ"

"ခက်တော့ ခက်တယ်ကွ၊ အသက်သွင်းရတာရှိသလို၊ မရတာလည်း ရှိတယ်၊ ဒီလိုအဝိဇ္ဇာကကာ၊ သဝိဇ္ဇာကကဆိုတာ သေတာ၊ ရှင်တာ ဆိုလိုတယ်ကွ"

"ဟုတ်ကဲ့ - အစ်ကို - ပြောပါဦး"

"ငါရှင်းပြမယ်၊ မင်းတို့ နားမလည်ရင် မေးပေါ့ကွာ"

"တို့ - ဟိုကိုးတွင်းကျွတ်တို့၊ ကိုးသချိုင်းပြန်တို့၊ ကိုးမားပိုင်တို့ဆိုတာ ရှိတယ်၊ အားလုံးဟာ အောက်လမ်းတွေချည်းပဲ၊ မကြောက်မလန့်လုပ်နိုင်မှ အောင် တာ၊ တချို့ရူးသွားတယ်၊ ကိုးတွင်းကျွတ်ကိုကြည့်၊ ပထမ သုသာန်မှာ တွင်းတူးပြီးတော့ တစ်ညလုံး တွင်းထဲမှာ ခေါင်းပေါ်ရုံဖော်၊ ကိုယ်က မြေကြီးထဲ မြှုပ်ထားရတာ၊ နောက်ပြီး - တစ်ယောက်တည်း ဆရာပေးတဲ့ဂါထာဆို၊ လာသမျှအကောင်တွေနဲ့ ပါးစပ်ဟာပြီးတော့ ဖမ်းတာ၊ တစ်ညပြည့်ရင် ကိုယ်က တွင်းပေါ် လွှားခနဲပေါ်လာတာ၊ ဒီလိုနဲ့ ရွာ၊ တံတား၊ သစ်ပင်ကြီးအောက်၊ ရက်ပေါင်း(၉)ရက်၊ (၉)ကြိမ် ပြည့်အောင်လုပ်မှ ကိုးတွင်းကျွတ်တာကွ"



"အဘ - ကြောက်စရာကြီးဗျာ"

"ကောင်လေး - နင် သတ္တိမရှိဘူးလား၊ အဘမြေးပါကွ - ဟဲ - ဟဲ - ဟဲ ဟဲ"

"ဟုတ်ကဲ့ - ခင်ဗျ - ဆက်ပါဦး"

"ငါ - အဲဒီလိုသင်ခဲ့ဖူးတယ်၊ နောက်တော့ - သူတို့ပယောဂအတိုက် ဘာနဲ့တိုက်တာလဲ၊ ပုဏ္ဏကတိုက်လား၊ တစ္ဆေသရဲတိုက်လား၊ အစိမ်းတိုက်လားဆိုတာ၊ ဘာနဲ့တိုက်တိုက် သူတို့ရဲ့အတိုက်ကိုသိမှ ကုလို့ရတာကွ"

"မှန်တာပေါ့ - အစ်ကို"

"ဒီကောင်တွေကညာက်နီညာက်နက်များတယ်၊ သူတို့ပက်စက်ယုတ်မာတတ်လို့ သူတို့အထာကို သိမှကွ၊ ဒါပေမဲ့ - ဆရာမနိုင် နစ်ဆောင်ပြိုင်ဆိုတာ သူတို့ကွ၊ သိရင်တော့ အထက်လမ်းကို သူ အရှုံးပေးရတာပါပဲ၊ ထို့အထက်ဝိဇ္ဇာကြီးများက သမ္မာဒေဝနတ်ကောင်းနတ်မြတ်နဲ့ စောင့်ရှောက်တာ၊ သူတို့ တမိစ္ဆာစောင့်ရှောက်တာ - ဘယ်တူပါ့မလဲကွာ"

ဆရာမှင် ဆေးပြင်းလိပ်မီးညှိပြီး တစ်ဝကြီးရှိုက်ကာ မီးခိုးငွေ့များကို မှုတ်ထုတ်နေ၏၊ ထည့်ပြီးသား ရေနွေးကြမ်းတစ်ခွက်ကို အားရပါးရ ကျိုက်ချလိုက်ပြီး သင်ပြင်းကြီးတစ်ချက် မှုတ်ထုတ်လိုက်တော့၏၊

"အင်း - အဘငယ်ငယ်က တကယ်ဖြစ်ခဲ့တဲ့အကြောင်းအရာကို မပြောချင်ပေမဲ့ ပြောရဦးမယ်၊ အဘမှာ အစ်ကိုကြီးဖြစ်တဲ့ ဆရာတင်တဲ့၊ ညီမကမယ်သုန်တဲ့ဗျ၊ မောင်နှမသုံးယောက် ရှိပါတယ်၊ မိဘတွေကတော့ စစ်အတွင်းက ဂျပန်ဓားချက်နဲ့ ဆုံးပါးခဲ့ရတယ်၊ အဘတို့ကိုစောင့်ရှောက်တာက ဘဘုန်းကြီးပါ၊ ဘဘုန်း ပျံတော်မူတော့ အဘ အသက်(၂၀)၊ အစ်ကိုကြီးမောင်တင်က (၂၅)နှစ်၊ သူက သင်္ကန်းဆီးနေတယ်၊ ညီမလေးမယ်သုန်က ကျောင်းမှာ ဝေယျာဝစ္စတွေ ကူလုပ်ရင်း ယောဂီဝတ်ဘဝနဲ့ နေတယ်"

"ဟုတ်ကဲ့ပါ - အဘ"

www.burmeseclassic.com

"ဒီလိုနဲ့ - ညီမလေးက အရွယ်(၁၇)နှစ်လောက်။ ရုပ်ကတော့ မိန်းမချော စာရင်းထဲမှာပါတယ်၊ ဗိုင်းကောင်းကျောက်ဖိနေတာဆိုတော့ အားလုံးစိတ်ချရတယ်"

"ဆက်ပါဦး - အဘရဲ့"

"မယ်သုန်ကို ရွာထဲက အရက်သမားငထူးက သိမ်းလိုချင်တယ်။ ဘယ်လိုမှကပ်မရတော့ ဟိုအနောက်ဘက်က ရိုးမြန်ဆရာကျားနဲ့ တိုင်ပင်၊ ငွေပေးပြီးတော့ သူ့အပေါ်စိတ်ညွတ်လာအောင် ဆေးနဲ့ပြုစားတာပေါ့ကွယ်၊ ဆေးက လွန်သွားတယ်ထင်ပါတယ်၊ မယ်သုန် ရူးတဲ့ဘဝ ရောက်သွားတယ်ကွဲ၊ အစ်ကို မောင်တင်ကလည်း ညီမလေးအတွက်နဲ့ သောကရောက်၊ ဘုန်းကြီးလူထွက် ပညာသင်တယ်၊ ဒါပေမဲ့ - ညီမလေးမယ်သုန် ကုရင်းသရင်းနဲ့ နောက်ဆုံး ကွယ်လွန်သွားပါတော့တယ်ဗျာ"

အဘမှင် မျက်ရည်ဝဲလာ၏၊ အသက်ကို ရှိုက်ရှူရင်းက စိတ်မကောင်းသည့်မျက်နှာ ပေါ်လာသည်။ သူ၏မျက်နှာသည် ရင့်ရော်အိုမင်းလာပြီး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လျက်နှင့် သက်ပြင်းရှည်ကြီး[illegible]ချလိုက်ပါတော့သည်။

"အစ်ကိုမှင် - ဒါဆို - အစ်ကိုတို့မှာ ညီအစ်ကိုနှစ်ယောက်ပဲ ရှိတာပေါ့"

"ဟုတ်တယ်ကွ - အစ်ကိုတင်ကလည်း အိမ်ထောင်ကျ၊ ငါ့မှာ တစ်ယောက်ထဲရယ်။ ဟို - အထက်သွားလိုက်၊ အောက်ပြည်မှာ ပညာသင်လိုက်နဲ့ နောက်ဆုံးတော့ အောက်လမ်းပညာတွေ အကုန်တတ်တော့ အထက်လမ်းပညာကို ခုလိုလိုက်စားပြီး ကျင့်ရတာပေါ့ကွာ"

"ကဲ - အစ်ကိုမှင် - အိပ်ချင်လည်း အိပ်ပါ"

"ရပါတယ် - မင်းသားက မျက်တောင်မခတ် စိတ်ဝင်စားနေတာကွ ဟဲ - ဟဲ - ဟဲ - ဟဲ"

"ဟုတ်ကဲ့ - အဘ၊ နားထောင်ကောင်းလို့ပါ"

"သားလေး - အိပ်တော့၊ အဘ - အားနာစရာကြီးဟယ်"



"အမေ - ကျွန်တော် - မနက်ဖြန် ကျောင်းပိတ်တယ် - ရပါတယ်"

"အဲဒါ - အဘက နောက်တော့ မယ်သုန်ကို နှိပ်စက်တဲ့ ရိုးမြန်ဆရာကျားတို့လိုက်ရှာတာပေါ့၊ ဟိုအနောက်ဘက် ရိုးမနားက ရွာကြီးတစ်ရွာမှာနေတာ၊ အဲဒီမှာကတော့ ဆရာ့ကို မသိတဲ့လူ မရှိသလောက်ပါပဲ၊ ဆင်းရဲပါတယ်၊ အိမ်တောင် ဖရိုဖရဲနဲ့နေရရှာတာကွ၊ အကျိုးအကြောင်းသိတော့ သူ တော်တော် စိတ်မကောင်းဖြစ်သွားတယ်၊ ဘာတတ်နိုင်မှာလဲကွယ်၊ သတ္တဝါ တစ်ခု၊ ကံတစ်ခုပေါ့၊ နောက်တော့ - အဲဒီ့အရက်သမားငထူး ရေနစ်သေးသလား၊ ဂျပန်သတ်လို့ သေသလားမသိတော့ဘူး၊ အဘ - စိတ်မကောင်းဖြစ်သွားပြီး လက်မှိုင်ချပြန်ခဲ့တယ်"

"အဘ - အဖေပြောတဲ့ဆေးနွားကို ပြောပြပါ၊ ကျွန်တော်တို့ အိမ်က ဘတ်တိုးလို နွားမျိုးလား - အဘ"

"အေးကွ - ညဆို - နွားမှ နွားအစစ်ပေါ့ - လူလေးရဲ့"

"ဗျာ - နေ့ခင်းကျတော့ရော - အဘ"

"နေ့ခင်းကျတော့ အရုပ်ပေါ့ကွာ"

"ဟာ - ဘယ်လိုအသက်သွင်းမလဲ"

"ဒီလိုကွ - ဆေးနွားတစ်ကောင်စီရင်ဖို့ ပထမ အစိမ်းသေမရဲ့မြေပုံက မြေကြီး၊ မီးနေသည်မှသွေး၊ အစိမ်းသေဆီက သနပ်ခါး၊ မိုးကြိုးပစ်သေတဲ့လူရဲ့ ဝတ်လုံဝါး၊ ရေနစ်သေတဲ့လူရဲ့ဆံပင်၊ မီးနေသည်ရဲ့လုံချည်စုတ်၊ မြေဆေးအိုး ... တာရေနဲ့ ပစ္စည်းစုံပြီဆိုရင် သင်္ချိုင်းကုန်းထဲမှာသွားပြီး နွားရုပ်လုပ်၊ အဲဒီအခါ ... ထဲမှာ မြေကြီးကို ရွှံ့ဖြစ်အောင်လုပ်၊ ပုံလုပ်ပြီးရင် ချိုက တံစူးဝါးစကိုလုပ်၊ ... ကတာ မီးနေသည်ရဲ့ထဘီစုတ်၊ ဆံပင်ကတော့ နွားလည်ဆံမွေး၊ မီးနေသည် သွေးက၊ သနပ်ခါးကတော့ ကိုယ်မှာ ကွက်တိကွက်ကျားသုတ်ပေးပြီးရင် ... နှာနာဘာဝအကောင်ကို မျက်လုံးနှစ်လုံး၊ အမဲသားတစ်ပိဿာနဲ့ ဆန် ... ညီချက်ကျွေးပြီးတော့ တစ်ညလုံးစောင့်ပြီးခေါ်ရတယ်ကွ"

"အဘ - ကြောက်စရာကြီးဗျာ၊ တံစူးဝါးဆိုတာက ဘာလဲခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com

"လူသေကို မီးရှို့တဲ့အခါ မီးလောင်အောင် ထိုးကော်တဲ့ ဝါးစိမ်းဝါးကို ခေါ်တာကွ - မှတ်ထား"

"ဟုတ်ကဲ့ - အဘ"



ငှက်ဆိုးကောင်ကလည်း တဂိးဂိးဆိုတော့ လူကြီးတွေတိုင်ပင်ပြီး အစိမ်းသေအစိုးခေါင်းကို အိတ်နဲ့ထည့်ပြီး တာစိုးကျော်ကာ မီးရှို့ကြသည်။ နောက်-စဥ့်အိုးနှင့်ထည့်ထားတဲ့ မြေကြီးများနှင့် နွားရုပ်ကလေးများ၊ အိမ်အောက်မှာတော့ ဂမုန်းအိလှူးတွေ နှစ်တင်းလောက်ထူးရပြီး ... နောက် ... လူရုပ်သဏ္ဍာန် အင်္ဂါစုံဂမုန်းဥတွေလည်း ရသေး၏။

"ဒီနွားမွေးရင် တဓ္ဆေသရဲတွေပါ အစောင့်အရှောက်ထားရတယ်။ မိစ္ဆာတိုက်နွား၊ ဆေးနွားလို့ ခေါ်တယ်ကွ။ အမှန်က နွားက စားကျက်လှ၊ ဝိုလ်ကျအောင် ဖွေ့တာပေါ့ကွာ။ ဆရာချင်းလည်း ပြိုင်ကြတာပေါ့ကွာ။ ပညာအစ်ကြေး၊ ရှုံးတဲ့လူ ပညာအားလုံး ပေးလိုက်ရတယ်၊ တပည့်ခံရတယ်၊ နိုင်သူ နိုင်းသမျှ ကျေနပ်အောင် လုပ်ပေးရတယ်ကွဲ့၊ ကမ္မဗိဒ္ဓိတန်ခိုးပြိုင်ပွဲပေါ့"



"နွားတိုက်တော့ရော - အဘ"

"ညဘက် သန်းခေါင်မှာ လူခြေတိတ်ရင် တိုက်တယ်။ စားကျက်သတ်မှတ်ပြီး ဘယ်နေရာမှာ တိုက်မယ်၊ ဘယ်နေရာရောက်ရင် စည်းကျော်မယ်။ အဲဒါအရှုံးအနိုင်ပေါ့ကွာ။ ဒီလို ဆရာနှစ်ယောက် သဘောတူကြမှ နွားတိုက်ပွဲကို စမှာ။ အဲဒါကွာ - ဘေးလူမသိစေချင်ဘူး။ သူတို့ဆရာနဲ့ တပည့်တွေပဲ အသိပေးတာလားကွာ။ တစ္ဆေ၊ သရဲ၊ နာနာဘာဝတွေ လောင်းတဲ့ပွဲ"

"ထွက်ပြေးတဲ့နွားကော - ရှိလား"

"ရှိတာပေါ့ - ဆရာက သူ့အကောင်တွေကိုခိုင်း၊ အကောင်ကြီးတဲ့ကောင်၊ အင်အားကြီးတဲ့ကောင်ကနိုင်ရင်အင်အားပညာနည်းတဲ့ကောင်ကဒဏ်ရာရ၊ ချိုကျိုး၊ ခြေကျိုးဖြစ်ပြီး ဒဏ်ရာရတော့ ပြေးတော့တာပေါ့ကွာ။ တို့နွားတွေ ဖွေ့သလို မိစ္ဆာအချင်းချင်း အားပြိုင်တိုက်ကြတာပါပဲ။ မင်းတို့ ဘုရားကြီးကုန်းက ဆရာမိုးနဲ့ ဆရာငွေတို့ နွားပြိုင်ပွဲ ကျင်းပကြတာကွ။ အဲဒါ - ဆရာမိုးက ရှုံးပြီး ဆရာငွေက နိုင်တော့ ဆရာမိုးနွား ထွက်ပြေးကတည်းက သူ့ပညာတွေ မစွမ်းတော့ဘူး။ အားလုံး - ဆရာငွေ သိမ်းသွားတယ်ကွ"

"အဘ - တုတ်ပြီးမားပြီးကကော - အဘ"

"မင်းက တုတ်ပြီးမားပြီးလည်း သိချင်တာပဲလားကွ။ အဘတို့ ဆရာဘုန်းကြီးက အင်္ဂလိပ်ခေတ်က တစ်ပွဲပြန်ဆေးထိုးပေးတဲ့ အုတ်တိုက်က ဦးလေပြေတဲ့၊ အနောက်ဘက်ကျတော့ ရွှေရင်မျှော်ဦးဇာဂရဆိုတာ တို့နယ်တစ်ခွင်မှာတော့ ထင်ရှားတဲ့ဘုန်းကြီးတွေပဲကွ။ မင်း - ဒီမှာကိုင်ကြည့်စမ်း။ အဘခေါင်းမှာ အမြှောင်းလိုက်ကြီး ဖြစ်နေတယ်"

"ဟုတ်ပါတယ် - အဘ။ ကျွန်တော် - ငရဲကြီးလိမ့်မယ်"

"ကိုင်ပါကွာ - ကိုင်ပါ - ငရဲမကြီးပါဘူး"

"ဟုတ်ပါရဲ့ - နည်းတာကြီး မဟုတ်ဘူး"

"အစ်ကိုမှင် - သိပ်အလိုမလိုက်နဲ့၊ ဒီကောင်လေး - စပ်စပ်စုစု"

"ကြောက်တယ်လို့ဆိုရင် မမေးနဲ့ကွ။ မင်း မအိပ်ရဲပဲနေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုမှမကြောက်ဘူး - အဖေ၊ စိတ်ဝင်စားလို့ပါ"

"အဘတို့က အင်္ဂလိပ်ကောဲ၊ ဂျပန်ခေတ်ပါမီခဲ့တာကွ၊ ပွဲတိုင်းကျော်... တာ သိပ်ဂုဏ်ရှိတာ၊ ပွဲမှာ အုပ်ချုပ်တဲ့လူမိုက်တွေ ရှိတယ်၊ တို့ဆီမှာ ဘ... တို့အဖွဲ့ မင်းတို့ဆီမှာ သူကြီးအိုးသူငယ်လေးအဖွဲ့၊ ဒီကြားထဲ တို့ညီအစ်... တွေက မင်းဘကြီး စိန်မောင်၊ ကိုဘိုဒို၊ တို့ညီအစ်ကိုက တစ်ဗိုလ်တစ်... ပေါ့ကွာ၊ ငါနဲ့ ဘစိန်တို့အဖွဲ့တွေ့တော့ သူတစ်ပြန်၊ ကိုယ်တစ်ပြန် ခုတ်ကြ... ငါ့ခေါင်း ခုတ်မိသွားတာ၊ ဒါပေမဲ့ - ဆရာဘုရားရဲ့ တစ်ပွဲပြန်ဆေးနဲ့ဆိုတော့ မပြတ်ဘူးကွ"

"ဟုတ်ကဲ့ - အဘ - ဟုတ်ကဲ့"

"ကဲ - လူလေး - ဒီည - မင်းအိပ်တော့၊ အဘလည်း အိပ်တော့မယ်"

=😐=

အဘ ဆရာမှင်ပြောပြသော ဆေးနွားအကြောင်း... တ်ရနေမိ၏၊ ... လေးတင်းကုတ်ကြွက်နှယ်ချုံထဲမှ ကောက်ရလာတဲ့ဆေးနွားက ကောင်... မိုး ဆေးနွားများဖြစ်နေရော့သလား၊ ဘကြီးသာဂိတို့ ဘကြီးကျော်သိန်း... အဘအောင်သိန်းတို့ပြောတဲ့နွားဖြစ်တန်ရဲ့၊ မှန်ပါ၏၊ ယခုတော့ - ဆရာ... ဆရာမိုးတို့ပင် အနှစ်စွရောက်ကုန်ကြပါပြီ၊ ဆရာငွေဆိုတာတော့ နာမည်... ကြားဖူးပြီး ဆရာမိုးကတော့ မြင်ဖူး၊ တွေ့ဖူးနေတာပါ၊ နောက်တော့ - ဆရာ... ဘုရားကြီးကုန်းမှာ အလှူဒါနပြုတိုင်း ရောက်လာတတ်ပါသည်၊ မိစ္ဆာ... စွန့်လွှတ်ပြီး ဘာသာ သာသနာ့အပေါ် ယုံကြည်လေးစားလာတယ်ထင်... ဒါပေမဲ့ - ဆရာမိုးသမီး မခင်သိန်းတစ်ယောက်တော့ အရူးဘဝ ရောက်... ပါသည်၊ မိန်းမချောလေးတစ်ယောက် ဘယ်သူပြုစားလို့လဲ၊ ဘာကြောင့်... တာလဲတော့ မသိနိုင်၊ ဆရာမိုးသမီး မခင်သိန်းရဲ့သီချင်းသံက ဘုရားငုတ်... ကြီးအနီး ဆွတ်ပျံ့ဖွယ် ကြားနေရပါသည်၊



"လာပါတော့ အခါခါမော့ × × × မျှော်ပေါ့လေးနာရီ ထိုးပြီထိုးပြီ × × × စိန်ခြူးရယ်တဲ့ကြာညောင် × × × လရောင်တွေ လင်းပါလို့ × × × မှန်ရွှေပြတင်းရယ်က × × × မယ်ခုမျှော် သုံးချက်ဆီတော်"

"ကိုသိန်း - မင်းညီမတော့ ဒုက္ခပဲကွာ - ကုမရတော့ဘူးလား"

"အေး - အဖေရဲ့ပြုလုပ်ချက်တွေကြောင့် ထင်တယ်ကွ၊ ကံငယ်သူတွေ ခံရတာနဲ့တူပါတယ်ကွာ"

ကိုသိန်းက စိတ်မကောင်းကြီးစွာဖြင့် ပြောပြပါသည်၊ အရူးဖြစ်နေသော မခင်သိန်းတစ်ယောက် စိတ်ထင်ရာ သွားနေတတ်၏၊ သူ့ကိုယ်သူ ဥစ္စာစောင့် လိုလည်း ပြောတတ်သေး၏၊ ခုတော့ - မိရိုး၊ ဖရိုး မရိုးရပဲ တစ်ကိုယ်တည်း ပျော်နေရသူ ဥမ္မတက သနားစရာပါပဲ၊ ဘယ်ဆရာရဲ့အတိုက်၊ ပြုစားတာတို့ တော့ ကောင်းမသိနိုင်၊ မြေနိမ့်ရာ လှံစိုက်တာတော့ အမှန်ပင်ဖြစ်ပါ၏၊ ဖားစား ခံက သမီး မခင်သိန်း၊ မိစ္ဆာအားပြိုင်ပွဲ၏ ရလဒ်အကျိုးပေတည်း၊ ဆရာမိုး ကွယ်လွန်တော့ ရပ်ရွာလူကြီးတွေ ရွာဓလေ့အရသင်္ဂြိုဟ်ကြသည်၊ ဦးဆောင် သူက ဘကြီးညက်ဘုံ၊ ကိုရွှေ၊ ကိုစံသိန်း၊ ကိုအုန်း၊ ကိုဘိုးကွတို့က ဝိုင်းပြီး ပြုစုကြရသည်၊ သပိတ်သွတ်တဲ့ည (၇)ရက်လည်တော့ ဆရာမိုးခြံထဲက လက်ပံပင်ကြီးပေါ်ကြည့်ကာ၊ ခွေးတွေ စူးစူးဝါးဝါး ဟောင်ကြသည်၊ ငှက်ဆိုး ကောင်ကလည်း တဂီးဂီးဆိုတော့ လူကြီးတွေတိုင်ပင်ပြီး အစိမ်းသေ အရိုး ခေါင်းကို အိတ်နဲ့ထည့်ပြီး တာရိုးကျော်ကာ မီးရှို့ကြသည်၊ နောက် - စဉ့်အိုး နှင့်ထည့်ထားတဲ့ မြေကြီးများနှင့် နွားရုပ်ကလေးများ၊ အိမ်အောက်မှာ တော့ ဂမုန်းဘီလူးတွေ နှစ်တင်းလောက်တူးရပြီး... နောက်... လူရုပ်သဏ္ဍာန် အင်္ဂါစုံဂမုန်းဥတွေလည်း ရသေး၏၊ အားလုံး ဓားနှင့်ခုတ်ကာ မီးရှို့လိုက်ရ တော့သည်၊ ဆရာမိုး ပစ္စည်းပစ္စယတွေ နိဋ္ဌိတံပြီ ထင်ပါသည်၊

လေးတင်းကုတ်ရွာပျက်နဲ့ သုံးတင်းကုတ်ဘက်မှာတော့ ညသန်းခေါင် လောက်ဆိုရင် မီးလုံးကြီးတွေ နီနီရဲရဲ မြင်ရ၏၊ လူခြေတိတ်တဲ့အချိန်ဆိုရင် တော့ ဝပ်ထိန်း၊ ဝပ်ထိန်း၊ ဝပ်ထိန်း - ဘွတ်အဲ - ဘွတ်အဲ ဆိုသည့် နွားတွန်

www.burmeseclassic.com

သံ...။ နွားအော်သံက ညအမှောင်တိတ်ဆိတ်ချိန်ကို ပဲ့တင်ထပ်လို့ ကျယ်ကျယ်လောင်လောင် ဖြိုခွင်းနေသည်ကို လသာတဲ့ညမျိုးမှာ ကြားနေရစမြဲပါ။ မိစ္ဆာ ဆေးနွားတိုက်ပွဲ၊ ပညာယှဉ်ပြိုင်ပွဲ၊ အစိမ်းတိုက်သတ်ပွဲ၊ နာနာဘာဝတွေ မြူးတဲ့ပွဲကတော့ ဆရာငွေ၊ ဆရာမိုးတို့ ဘဝကူးပြောင်း၊ တစ်သံသရာ တစ်ဘဝ ရောက်ခဲ့ပေမယ့် သူတို့၏ မကောင်းမှု၊ အကုသိုလ်ဆိုးကျိုးတွေက အတိတ်တစ္ဆေ ခြောက်ခံရနေသလို စိုးရိမ်ထိတ်လန့်မှုတွေက ယနေ့တိုင်ရှိနေပါသေးသည်။

→ **မင်းတိုင်ပင် (မြရောင်ရေ)**

| စာရှုသူများသို့ | “ဂန္တီရှုလောကမဂ္ဂဇင်း” တွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၏ အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မသိရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်ခွင့်မရရှိခြင်း စသည့်အခက်အခဲများရှိပါ သဖြင့် စာမူရှင်များ အနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့်လက်ဆောင်စာအုပ်ထုတ်ယူနိုင်ရန် ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်။<br>လေးစားစွာဖြင့်<br>ဂန္တီရှုလောကမဂ္ဂဇင်း |
|---|---|


# မြင့်စေတနာ ဆေးတိုက်

(အရေပြားရောဂါမှန်သမျှ ဓိဋ္ဌပျောက်ကင်းစေရမည်။)

# ခရုသင်း(သမင်ဖြူ)

LEUCODERMA

**ခရုသင်း(သမင်ဖြူ)၊ ဖြူ၊ နီ၊ နတ်ထွတ်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ခွေး၊ ဝဲ၊ နှင်းခူနှင့် အရေပြားရောဂါ အမျိုးမျိုးကို အာမခံနှင့် ကုသပေးသည်။**

LEUCODERMA, LEPROSY, YAWS, FUNGUS, PINTA, ECZEMA, RING WORM, DERMATITIS,etc.

ဆရာဦးခင်မောင်မြင့်(မြင့်စေတနာဆေးတိုက်)

အမှတ်(၃)၊ ပိတောက်ရိပ်မြိမ်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၆၆၆၄၇၈

ဒိုင်ခွဲ

အမှတ်(၂)၊ ၆၂-လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ အောင်တော်မူရပ်၊ မန္တလေးမြို့။ ဖုန်း-၀၂ ၂၂၅၁၅၊ ၀၉ ၂၀၀၂၈၄၃


www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့နှင့် မိုင်ပေါင်း (၅၀၀)ခန့်ဝေးသည့် ချယ်ရီမြိုင်တောင်ပေါ်
မြို့ကလေးတစ်နေရာ။ သံဇကာတံခါးပေါက်ကြားမှ တိုးဝင်လာသော
မှိန်တဲ့တဲ့အလင်းတန်းကြောင့် ထူဇ ရုတ်တရက် လန့်နိုးသွားခဲ့သည်။
ငြူးချယ်ပိုင်းစထ်သွားသော ထူဇ၏ ညိုးရိပ်ရည်ချယ်ဝန်းညိုရှားသည့်
ပတ်ဝန်းကျင်၏ ရုပ်ဝတ္ထုများကြောင့် ဖုံကြွတကြီးဖြစ်သွားရာမှ
ချည်မျှော်တွင်သွားသော လဲလျောင်းနေရာမှ ရုတ်တရက် ထထိုင်လိုက်





www.burmeseclassic.com

www.burmeseclassic.com

အခန်းပတ်ပတ်လည်ကို မျက်စိဝေ့ဝဲကြည့်လိုက်တော့ သူမ မမြင်ဘူးသော အရာဝတ္ထုများနှင့် တစ်ကြိမ်တစ်ခါမျှပင် သူမ မရောက်ဘူးသော ဒေသစိမ်းတစ်ခုဖြစ်မှန်းသိကာ အံ့သြသွားရခြင်း ဖြစ်သည်။

"ငါ - ဘယ်နေရာကို ရောက်နေတာလဲ"

အခန်းပတ်ပတ်လည်တွင်အရာဝတ္ထုများသည်သန့်ရှင်းတောက်ပြောင်နေကာ အရာအားလုံးသည် အသစ်စက်စက်များချည်း ဖြစ်နေပေသည်။ ခွဲစိတ်ခန်းသုံးပစ္စည်းများ၊ သူမ လဲလျောင်းနေခဲ့သည့်ကျောက်ခုတင်၊ ကျယ်ဝန်းသော အခန်းထောင့်ရှိ သတ္တုဗီရို၊ စားပွဲတစ်လုံး၊ တယ်လီဗန်းတစ်လုံး။ မြင်ပစ္စည်းကို ထင်ထင်ရှားရှားမြင်နိုင်သည့်ပြတင်းပေါက်၊ ထိုပြတင်းပေါက်၏နံဘေးတွင် အပေါ်ထပ်ခန်းမဆီသို့တက်ရောက်နိုင်သည့်မပေါ်ဂနီလှေကားတစ်စင်း။

"ငါ - ရောက်နေတာ ခွဲစိတ်ခန်းတစ်ခုလား"

သူမ ဝေခွဲရခက်စွာဖြင့် ကျွတ်ခနဲ မြည်အောင် စုတ်သပ်လိုက်မိသည်။ အံ့သြစရာကောင်းသည်မှာ ညဥ့်နက်သန်းခေါင်လိုအချိန်မျိုးတွင် မကြာခဏ နာကျင်စွာခံစားရသော၊ အောင့်တတ်သော နလုံးနေရာသည် သရေတော့ အံ့သြစရာ ကောင်းလောက်အောင် ဝေဒနာခံစားရခြင်းပင်တည်း။

သူ့ရင်ထဲမှာ ပေါ့ပါးလတ်ဆတ်စွာ ခံစားနေရခြင်းက ထူးခြားသောအာရုံ သိဟု ယူဆနိုင်သည်။

ဘာကြောင့် ခွဲစိတ်ခန်းတစ်ခု၏ကျောက်ခုတင်ပေါ်မှာ သူမ ရောက်နေရတာလဲ။ ရုတ်တရက် စဉ်းစားမရ၊ နောက်ဆုံးအချိန်ကို သူမ ပြန်လည်စဉ်းစားနေမိသည်၊ သူမကိုဇော်လတ်နှင့်မြို့ကလေး၏အစွန်ချယ်ရီသွေးစားသောက်ဆိုင်တွင်စကားများကာ တစ်ယောက်တည်းထွက်လာခဲ့သည်ကို ဝေဝေဝါးဝါး သတိရနေမိသည်၊ ထို့နောက် - ဆလွန်းကားကို မိုးသည်းသည်းထဲတွင် အရှိန်ပြင်းထန်စွာ မောင်းထွက်သွားသည်ကိုသာ နောက်ဆုံးမှတ်မိသည်။

ကိုဇော်လတ်သည် သွင်းကုန်ထုတ်ကုန်လုပ်ငန်းတွင် ဒါရိုက်တာအဖြစ် ဦးစီးလုပ်ကိုင်နေသော လူငယ်တစ်ယောက်ဖြစ်သည်၊ စားသောက်ဆိုင်တွင်



ရန်ကုန်၌ ကုမ္ပဏီလုပ်ငန်းခွဲတစ်ခု တိုးချဲ့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရန်ကုန်တွင် သွားရောက်နေထိုင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့ရာ သူမက သူ့ကို မချစ်မနှစ်သက်၍သော ရန်ကုန်ကို လုပ်ငန်းတိုးချဲ့ခြင်းကို အကြောင်းပြုကာ သူမကို စွန့်ခွာသွားလို၍သာ ရမည်ရှာခြင်းဖြစ်ကြောင်း အခြေအတင် စကားများပြီး သူမ စိတ်ဆိုးကာ စားသောက်ဆိုင်မှ ထွက်လာခဲ့ သည်ကိုသာ နောက်ဆုံးမှတ်မိနေသည်။ ကိုဇော်လတ်ကို "အလကားကောင်" ဟု ပျစ်ပျစ်နစ်နစ်ပြောကာ ကားကိုတရကြမ်းမောင်းထွက်လာသည်ကိုသာ အမှတ်ရနေသည်၊ ဆက်၍ စဉ်းစားမရ၊ သူမ ဘာကြောင့် ဤသို့ တိတ်ဆိတ်ကာ ကြောက်မက်ဖွယ်ကောင်းသည့် အခန်းတစ်ခုထဲသို့ မည်သို့မည်ပုံ ရောက်ရှိလာသည်ကို စဉ်းစားနေဆဲမှာပင် သူမ၏ တစ်ကိုယ်လုံးသည် သံသယများဖြင့် ပူးကပ်ခိုဝင်နေကြောင်း ခံစားလိုက်မိသည်။ သူမ၏ ဦးနောက်ထဲတွင် နောက်ကျိရှုပ်ထွေးစွာ ခံစားနေရဆဲမှာပင် အလင်းမှုန်သဲ့သဲ့ တိုးတိုက်ဝင်လာသော အခန်းတံခါးမှ ရုတ်တရက်ပွင့်သွားကာ လူတစ်ယောက် ဝင်လာသည်ကို တွေ့လိုက်ရသဖြင့် သူမ၏ အတွေးစတွေ ရုတ်တရက် ပြတ်တောက်သွားခဲ့ရသည်။

သံမဏိတံခါးမကို ဖွင့်၍ဝင်လာသူ၏ ဟန်ပန်မှာ အေးဆေးတည်ငြိမ်လှသည်၊ အသက်ငါးဆယ်ခန့်ရှိမည်ဟု ခန့်မှန်းရပြီး အဖြူတစ်ဝက် အနက်တစ်ဝက် ရောစပ်နေသော ထိုသူ၏ ဆံပင်များသည် ရှည်လျားကာ လည်ပင်းဇက်ပိုးထိ ထောက်နေသည်၊ ဆံပင်တွေ ရှည်လျားသော်လည်း ဗိုသီဖတ်သီတော့မဟုတ်၊ သပ်ရပ်စွာ ဖီးသင်ထားသော လူကြီးပိုင်းတစ်ယောက်ဟု ယူဆနိုင်သည်၊

ကုတ်အကျီအနက်ရောင်ကြီးကို ဝတ်ဆင်ထားသော ထိုလူပုဂ္ဂိုလ်ကြီးသည် သူမ လဲလျောင်းနေရာ ကျောင်းခုတင်ဆီသို့ သာသာဆဆ ခြေလှမ်းများဖြင့် အေးအေးလူလူ လျှောက်လာသည်။

သူမ်ကို မြင်သည်နှင့် ထိုပုဂ္ဂိုလ်ကြီးက ချိုမြစွာ ပြုံးလိုက်ပြီးလျှင် ...



www.burmeseclassic.com

www.burmeseclassic.com

"မင်း - နိုးနေပြီလား"

ထိုပုဂ္ဂိုလ်ကြီး၏ လေသံမှာ ရင်းနှီးကျွမ်းဝင်လွယ်သော လေသံမျိုး ဖြစ်သည်ဟု ခံစားရသည်၊ သူမသည် ထိုပုဂ္ဂိုလ်ကြီးကို ကြောင်အအဖြင့် ပြန်ကြည့်သည်၊ လောလောဆယ် သူမ၏ ရင်ထဲတွင် မေးစရာ မေးခွန်းတစ်ခုလည်း ရှိသည်။ ထိုလူစိမ်းကြီးကို သူမ မသိသည်သာမက သည်လိုထူးဆန်းအံ့ဩစရာကောင်းလှသည့် အခန်းထဲသို့ ရောက်ရှိနေရခြင်းကိုလည်း မနစ်မြို့နိုင်ပေ၊ သည်နေရာမှ ခုချက်ချင်းပင် ထွက်ပြေးချင်လှပါပြီ၊ သည်နေရာကို ဘယ်လိုလူတွေက သယ်ဆောင်လာတာလဲ၊

"ကျွန်မ - ဘယ်ရောက်နေတာလဲဟင်"

ထိုပုဂ္ဂိုလ်ကြီးက ရှိမြဲစွာ ပြုံးလိုက်ပြန်သည်၊ သည်လို ပြုံးလိုက်ပေမယ့် သူ၏ နှုတ်ခမ်းများက အပြုံးနောက်သို့ မျက်လုံးများက လိုက်မလာနိုင်ပေ။ ဟန်ဆောင်ပြုံးလိုက်တာလား။

"လူသေကောင် အလောင်းတွေထားတဲ့နေရာကို မင်း ရောက်နေပြီ"

"ရှင်"

သူမ၏မျက်ဝန်းများသည် ချက်ချင်းမှုန်မှိုင်းအေးစက်သွားသည်၊ ရင်ထဲမှာ အာမေဋိတ်တစ်ခုသည် ကျယ်လောင်စွာ မြည်ဟိန်းသွားခဲ့လေသည်။ သူမ၏ လှပသော မျက်ဝန်းများသည် အံ့ဩတုန်လှုပ်မှုကို မည်သည့်နည်းနှင့်မျှ ထိန်းချုပ်မထားနိုင်တော့ပေ၊ သူမသည် ကျောက်ခုတင်ပေါ်ထိုင်လျက်ကပင် သစ်ပင်တစ်ပင်လို တောင့်တောင့်ကြီး ဖြစ်သွားသည်၊

ထိုပုဂ္ဂိုလ်ကြီး၏ နှုတ်ခမ်းတွင် အပြုံးက ရုတ်တရက် ပျောက်ကွယ်သွားသည်။ သူ့မျက်ဝန်းများက လျှို့ဝှက်သိပ်သည်းမှုကို ဖော်ပြနေသည်၊

"ဟုတ်တယ် - မင်း သေသွားပြီ၊ ဒါကြောင့် - ဒီကို ရောက်လာတာပေါ့"

သူမ၏ ရင်ထဲတွင် ဒုတိယမြောက် အံ့ဩထိတ်လန့်မှု . . .။

ဘုရားရေ - ကျွန်မက သေသွားပြီတဲ့၊ ဟင့်အင်း - ဒါက ဘယ်လိုမှ မဖြစ်နိုင်တဲ့အကြောင်းပြချက်တစ်ခုပဲ၊ မောင်ရေ - မောင် - ကျွန်မကို ကယ်ပါဦး။



ထိုပုဂ္ဂိုလ်ကြီး၏ နှုတ်ခမ်းမှာ အပြုံးကဆက်၍ ပျောက်ကွယ်နေခဲ့ပြီး မျက်ဝန်းများသာ မှုန်မှိုင်းအေးစက်နေမြဲဖြစ်ကာ သူမကို ငေးကြည့်နေသော အကြည့်တွင် ကရုဏာရိပ်တစ်ခုကို တွေ့လိုက်ရသည်သာမက ပုဂ္ဂိုလ်ကြီး၏ လက်ထဲတွင် အဝါရောင်ဆေးရည်အပြည့်ထည့်ထားသော ဆေးထိုးပြွန်

**ဒီကိုရောက်လာတဲ့ မင်းတို့အားလုံး**

**ဒီလိုပဲပြောကြတာပဲ။ ဒီလိုစကားတွေကို ထပ်ခါတလဲလဲ**

**ပြောကြတာပဲကွယ့်။ မင်း ဘာမှမတတ်နိုင်တော့ဘူး။**

**မင်းက သေနေပြီလေ၊ လူသေဖြစ်နေပြီ ...**



ချောင်းကို တွေ့မြင်လိုက်ရသဖြင့် သူမ အထိတ်တလန့် ဖြစ်သွားရပြန်သည်၊

"အို - မဖြစ်နိုင်တာ၊ ရှင် ဘာတွေလာပြောနေတာလဲ"

ထိုပုဂ္ဂိုလ်ကြီး၏ နှုတ်ခမ်းတွင်အပြုံးက ရုတ်တရက် ပေါ်လာပြန်သည်၊ ထိုအပြုံးက အပြုံးနှင့်မတူဘဲ ကရုဏာနှင့် ယှဉ်လျက် နာကျင်မှုကို ဖော်ပြနေသည်၊



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် – ကောင်မလေး၊ မင်း သေသွားပြီ၊ မင်းကားတိုက်မှု ဖြစ်သွားတယ်၊ မိုးသည်းသည်းရွာနေချိန်မှာ မင်း ကားကို မဆင်မခြင် တရကြမ်း မောင်းလာပုံရပြီး ကုန်တင်ကားတစ်စီးကို ဝင်တိုက်လိုက်တာ မျက်နှာချင်းဆိုင်က လာနေတဲ့ ကုန်တင်ကားကို လမ်းကြောင်းမှားပြီး ဝင်တိုက်လိုက်တာ"

"ဟင့်အင်း – ကျွန်မ မသေဘူး"

ထိုပုဂ္ဂိုလ်ကြီးဆီမှ တည်ငြိမ်သော စကားသံထွက်ပေါ်လာပြန်သည်။

"ငါ ပြောတာကို ယုံပါ ကောင်မလေး။ မင်း – သေလူဖြစ်နေပြီဆိုတာ ယုံပါ၊ လွန်ခဲ့တဲ့ ရှစ်နာရီလောက်ကတည်းက မင်း သေသွားပြီကွယ့်၊ မင်းရဲ့ ခန္ဓာကိုယ်ထဲမှာ သွေးလည်ပတ်မှု၊ နှလုံးခုန်မှု၊ ပြီးတော့ – ဦးနှောက်ဆဲလ်တွေ တဖြည်းဖြည်း သေသွားပြီ၊ ပြီးတော့ – မင်းရဲ့ခန္ဓာကိုယ်က တစ်စတစ်စနဲ့ ပုပ်သိုးစပြုလာပြီ ကောင်မလေး"

"ဟင့်အင်း – ကျွန်မ မသေဘူး"

"တယ်ခက်ပါလား၊ ကဲ – သက်သေတစ်ခု ပြမယ်"

ပုဂ္ဂိုလ်ကြီးက သူ၏ ရှည်ကိုင်းကိုင်းခန္ဓာကိုယ်ကြီးနှင့် မလိုက်ဖက်စွာ ခပ်ဝေးဝေးရှိ ဗီရိုဆီသို့ လျှောက်သွားကာ စာရွက်စာတမ်းတချို့ယူလာလေသည်။

"ကဲ – ဒီမှာ ချယ်ရီမြိုင်ဆေးရုံက ဆရာဝန်ရဲ့သေတမ်းစာဆေးမှတ်တမ်း မှတ်ချက် – ဒါတွေ ပြည့်စုံမှ ငါက လက်ခံရတာ၊ ဒါတွေမပါဘဲနဲ့ ငါက မင်းတို့ ဘယ်လိုမှ လက်ခံလို့မရဘူးကွယ့်၊ နားလည်ရဲ့လား၊ မင်းရဲ့ခန္ဓာကိုယ်က သွေးယိုစီးမှု လွန်ကဲပြီးသေဆုံးသွားတာ၊ သေဆုံးချိန်က ည(၉)နာရီ၊ မင်း ဒီကိုရောက်လာကတည်းက သေနေပြီ၊ ဆေးရုံကားနဲ့ ရောက်လာတာ၊ ဒီနေရာမှာ မှခင်းဆရာဝန်က သေမှုသေခင်းအတွက် ည (၁၀) နာရီခွဲမှာ လက်မှတ်ထိုးထားတာ စိတ်မကောင်းပါဘူးကွယ်"



ပုဂ္ဂိုလ်ကြီးက ဆေးမှတ်တမ်းကို ပစ်ချကာ သူမကို ထိကိုင်ရန် ပထမဆုံးအကြိမ် စတင်ကြိုးစားလာသည်၊ သူ၏ကကန်းလက်မကြီးများသဖွယ် ရှောမ လက်ချောင်းကြီးများဖြင့် သူမ ၏ ခန္ဓာကိုယ်ကို ကိုင်တွယ်ရန် ကြိုးစားနေပုံမှာ ရင့်အိုနေသော တိုက်ကြွက် ဖကြီးတစ်ကောင်နှင့် သဏ္ဍာန်တူလှသည်၊ မျက်စိကျဉ်းကျဉ်းတွေဖြင့် ငေ့ငေ့ ကြည့်ရှုနေပေသည်။

"ကျွန်မကို မထိနဲ့နော်၊ ဘာဖြစ်လို့ ထိချင်ရတာလဲ"

အပြင်ဘက်တွင် အနောက်တောင်လေသည် ပြင်းထန်စွာ တိုက်ခတ်လျက်ရှိပေသည်။ လေတိုက်သဖြင့် သစ်ရွက်ချင်း ထိခိုက်သံ၊ ပွတ်ရှသံများက ရှုံ့သွပ်နေသော အဖိုးကလေးတစ်ယောက်၏ ရယ်သံလိုလို၊ သရဲဘုံများ၏ တီးတိုးစကားပြောသံလိုလို၊ လေပြင်းတိုက်ခတ်သံနှင့်အတူ ပြင်းထန်လှသော မိုးစက်များ၏ ကျသံများက အဆောက်အအုံ၏ ခေါင်မိုးကို အဆက်မပြတ် ရိုက်ပုတ်လျက်ရှိသည်။

"မင်းရဲ့ပျက်စီးယိုယွင်းနေတဲ့ ခန္ဓာကိုယ်ကိုပြင်ပေးမလို့ ကောင်မလေး။ ဗျာပနအခမ်းအနားမှာ မင်း လှပနေဖို့လိုတယ်၊ လှလှပပဖြစ်နေမှ မင်းရဲ့မိဘ၊ သူငယ်ချင်း၊ အို – မင်းမှာ ချစ်သူရှိနေဦးမယ်ဆိုရင် သူတို့အားလုံး တသသ လွမ်းပြီး ကျန်ရစ်နေဖို့လိုတယ်၊ အားနာစရာကောင်းလောက်အောင် လွမ်းပြီး ကျန်ရစ်နေဖို့ မင်းအလောင်းကို ပြုပြင်ပေးရမယ်လေ"

"ရှင် – ရူးနေပြီ၊ ကျွန်မမှ မသေတာ"

သူမ၏ အော်ဟစ်သံသည် မိုးသံလေသံအောက်တွင် တိုးတိတ်ပျောက်ကွယ်သွားသည်။ သူမ အသံကို မည်သူမျှ မကြားနိုင်။

*"ဒီကို ရောက်လာတဲ့ မင်းတို့အားလုံး ဒီလိုပဲ ပြောကြတာပဲ၊ ဒီလို စကားတွေကို ထပ်ခါတလဲလဲ ပြောကြတာပဲကွယ့်၊ မင်း ဘာမှ မတတ်နိုင်တော့ဘူး။ မင်းက သေနေပြီလေ၊ လူသေဖြစ်နေပြီ"*

"အို – ကျွန်မ မယုံဘူး"

"မင်းတို့အားလုံး ဒီလိုပဲ ပြောကြတာပဲ၊ အခု – မင်း နားသင့်ပြီ"



www.burmeseclassic.com

www.burmeseclassic.com

ပုဂ္ဂိုလ်ကြီး၏ မှုန်မှိုင်းအေးစက်သောအကြည့်၊ ကာလနက်ကလားဖြင့်မားသောအရပ်၊ နေးကွေးလေးလံသော အမူအရာများက တစ်စုံတစ်ခုကို ပြောပြနေကြပေပြီ။

=😐=

လရောင်တွေ တဖွဲဖွဲပြိုဆင်းသော ပြတင်းပေါက်မှကြည့်လျှင် ပတ်ဝန်းကျင်ရှိ သစ်ပင်ကြီးတွေကို ညထဲတွင် တွေ့မြင်နေရပေသည်၊ သစ်ပင်ကြီးများသည် အခန်းထဲတွင် တိတ်တဆိတ် ရှိနေသော သူမကို စောင့်ကြည့်နေကြသည် ပဲလား။ အပြင်တွင် မိုးတိတ်နေပေပြီ၊

သူမ ဘယ်ကို ရောက်နေသည်လဲ၊ ကိုဇော်လတ်ကော သည်လိုခြောက်မက်၍ တိတ်ဆိတ်နေသည့် အခန်းထဲကို ရောက်နေတာ သိကောသိပါရဲ့လား။ သူမနှင့် ကိုဇော်လတ် စိတ်အခန့်မသင့် ကတောက်ကဆဖြစ်ကာ သူမ ကားမောင်းထွက်လာသည်ကိုသာ နောက်ဆုံးမှတ်မိ[illegible]ခဲ့သည်၊ တကယ်ဆို ကိုဇော်လတ် သူမကို လိုက်လံရှာဖွေသင့်သည်လေ၊

အခန်းထဲက လူကြီးကကော - ဘယ်သူလဲ၊ သူ၏ အကြည့်များသည် မမြင်နိုင်သော လုံးသွားတစ်ချောင်းဖြင့် ရင်ဘတ်ကို ထောက်လိုက်တာနှင့်တူသည်၊ ထိုလူကြီး၏ မှုန်မှိုင်းအေးစက်သောအကြည့်များက တစ်ခုခုကို ပြောနေလေပြီ၊

စိတ်ကျဉ်းကြပ်ခြင်း၊ ခြောက်ရွံ့ခြင်း၊ အလိုမကျခြင်းတို့သည် သူမရင်ထဲသို့ စုပြုံတိုးဝင်လာပေပြီကော၊ ညဉ့်နက်လာလေလေ သူမ၏ နှလုံးခုန်သံသည် စည်းဝါးမကိုက်သော ဗုံတီးသံလို မြည်ဟည်းနေကာ အာခံတွင်းထဲမှာ အပူငွေ့ဖြင့် လွန်မင်းစွာ ခြောက်သွေ့လျက်ရှိသည်၊

ငါ - ဘာဆက်လုပ်ရမလဲ၊ ဒီနေရာက လွတ်မြောက်အောင် ကြိုးစားရပေမည်၊ ပြီးတော့ - သူမကို သေသွားပြီတဲ့၊ ကားတိုက်မှုနဲ့ သေသွားပြီတဲ့၊



ဟင့်အင်း - သူမ မသေပါဘူး၊ ဒီလူကြီး ရူးနေတာ၊ ထိုလူကြီး၏ တစ်ဇတ်သတ်စွပ်စွဲချက်များက မမြင်နိုင်သော စွမ်းအင်တစ်မျိုးဖြင့် သူမ ရင်ကို တိုင်လှုပ်လာပြန်သည်၊ ထိုလူကြီးကိုစက်ဆုပ်မုန်းတီးရွံ့ရှာမှုက သူ့တစ်ကိုယ်လုံးကို အပူလှိုင်းတစ်ခု ဖြတ်သလို ဖြတ်စီးသွားပြန်သည်၊

မောင်ရေ - ကိုဇော်လတ်ရေ - သရဖီကို ကယ်ပါဦးကွယ်၊ ဒီအခန်းထဲမှာ သရဖီကို ပိတ်လှောင်ထားကြပြီ၊ ကြာရင် - သရဖီ သေရလိမ့်မယ်၊ ကယ်ပါဦး - မောင်ရေ၊

သူမ သေတယ်ဆိုတာ မဖြစ်နိုင်ပါဘူး၊ တစ်ခုခုမှားယွင်းနေတာ ဖြစ်ပါလိမ့်မယ်၊ မောင် ဘာဖြစ်လို့ ဖုန်းမဆက်တာလဲ၊ ဒီအခန်းထဲက ပထမဦးဆုံးထွက်နိုင်အောင် လုပ်ရမယ်၊ ဒါမှ - ဒီကြက်သရေမရှိတဲ့ အခန်းနဲ့ ရူးကြောင်ကြောင် လူကြီးဆီက လွတ်မှာ၊

သူမ စဉ်းစားနေဆဲမှာပင် တံခါးက ရုတ်တရက်ပွင့်သွားသည်၊ ပုဂ္ဂိုလ်ကြီး ဝင်လာသည်၊

"ခုကောင်မလေး - ငြိမ်ငြိမ်နေပြီး ခုတင်မှာ အိပ်နေရင် ကောင်းလိမ့်မယ် ထင်တယ်"

"ကျွန်မကို နာကျင်အောင် မလုပ်ပါနဲ့"

သူက ပြုံး၍ အော်ထည့်လိုက်သည်၊ ထိုပုဂ္ဂိုလ်၏ နှုတ်ခမ်းဆီမှ သိပ်သည်းလျှို့ဝှက်သော အပြုံးတစ်ခု ပေါ်လာပြန်သည်၊ ထိုလူကြီး၏ ခန္ဓာကိုယ်တစ်ခုလုံးတွင် ရက်စက်ကောက်ကျစ်သော အရာများ ပူးဝင်မှီကပ်နေသည်ဟု သူမ စံစားမိသည်၊ ထိုလူကြီး သူမထံသို့ ဖြည်းလေးစွာ လျှောက်လာပုံမှာ တမ္ဘာပေါ်ရှိ ရက်စက်ကောက်ကျစ်မှုဟူသမျှအားလုံးကို ကိုယ်စားပြုထားသည်ဟု သူမ ထင်သည်၊

သူမ၏ ရင်ထဲတွင် မကျေနပ်မှုဖြင့် မီးလျှံလို အလျှံညီးညီး ဆူပွက်လာသည်၊

"မင်းကို နာကျင်အောင် ငါက ဘာကိစ္စလုပ်ရမှာလဲ၊ မင်း နာကျင်တော့လည်း ငါ ဘာအကျိုးရှိမှာလဲကွယ်၊ မင်းက သေနေပြီပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မကို လွှတ်ပေးပါရှင်၊ ရှိခိုးပါရဲ့-ကျွန်မ ရှင် ဒုက္ခရောက်အောင် မလုပ်ပါဘူး၊ ကတိပေးပါတယ်၊ ကျွန်မကို လွှတ်ပေးပါ"

ထိုပုဂ္ဂိုလ်ကြီးထံမှ ပထမဦးဆုံး စိတ်ပျက်လက်ပျက် အမူအရာ ပေါ်လာသည်၊

"မင်း-အခုထိ ကိုယ့်ကိုယ်ကိုယ် သေနေပြီဆိုတာကို လက်မခံပါလားကွာ၊ တယ်ခက်တာပဲ၊ မင်း-ငါပြောတာတွေကို ယုံပါ၊ ဒီနေရာမှာ မင်းကို ကူညီနိုင်တာ ငါပဲရှိတယ်၊ သေခြင်းတရားကိုမကြောက်ပါနဲ့၊ လူတိုင်းသေကြရမှာပဲ၊ အေးအေးဆေးဆေးအနားယူပါဦး၊ ခုလာမယ့်သောကြာနေ့မှာမင်းရဲ့ ရျာပနပွဲကွ၊ မင်းရဲ့အခေါင်းကို ငါလှလှပပ သေသေသပ်သပ် လုပ်ပေးမှာပါ၊ ငါ့အလုပ်က သချိုင်းစောင့် အလောင်းပြင်ဆင်သူ-သိပြီလား"

သူမ အထိတ်တလန့် လှမ်းကြည့်လိုက်သည်၊ ပုဂ္ဂိုလ်ကြီးသည် ဆေးပုလင်းထဲမှ ဆေးရည်အချို့ကို ဆေးထိုးဖန်ပြွန်ချောင်းထဲသို့ အေးအေးဆေးဆေး ပြောင်းထည့်နေလေသည်၊

"ရှင်-ကျွန်မနားကိုမကပ်နဲ့နော်၊ ကျွန်မ အသားကိုထိဖို့[illegible]စိတ်မကူးပါနဲ့၊ ရှင့်ကို ကျွန်မ မယုံဘူး၊ ကျွန်မကို ဒီလိုဘာဖြစ်လို့ လုပ်ရတာလဲ"

ပုဂ္ဂိုလ်ကြီးသည် ဆေးထိုးပိုက်ကို ကိုင်လျက်မှပင် ...

"ဒီကိုရောက်လာတဲ့ မင်းတို့အားလုံး အတူတူပဲ၊ မင်းတို့ သေတာကိုပဲ ငါ့အမှား၊ ငါ့ကြောင့်လို့ ပြောချင်ကြတယ်"

သူမ ကြောက်လန့်စွာ ခေါင်းခါယမ်းလိုက်သည်၊

"မဟုတ်ပါဘူး၊ ရှင်-ကျွန်မကို မေ့ဆေးပေးလိုက်ပြီး ခုတင်ပေါ်ကို တင်လိုက်တာ မဟုတ်လား၊ ရှင်က အရူးပဲ၊ ရှင်-ရူးနေပြီ"

ပုဂ္ဂိုလ်ကြီးက စိတ်ပျက်စွာ စုတ်သပ်လိုက်သည်၊

"တယ်ခက်ပါလား၊ ဒါတွေကို ငါ ဖြေရှင်းဖို့ ငါ့မှာ အချိန်မရှိဘူး၊ ငါက အရမ်း အလုပ်ရှုပ်တာ၊ အော်-ဒါထက် မင်းရဲ့ အရပ်အမြင့် ဘယ်လောက်လဲ"



"မသိဘူးရှင့်-ဘာလုပ်ဖို့လဲ"

ပုဂ္ဂိုလ်ကြီးက သူမကိုတစ်ချက်စိုက်ကြည့်လိုက်၏၊ "ခေါင်းလုပ်ဖို့မင်းကို ခေါင်းထဲထည့်ဖို့၊ မင်း အရပ်အမြင့်ကိုသိဖို့ လိုတယ်မဟုတ်လား၊ ဒါမှ မင်း အရပ်နဲ့ ညီမျှတဲ့ လှပသေသပ်တဲ့ ခေါင်းတစ်ခု လုပ်နိုင်မှာပေါ့"

"ကျွန်မ မသိဘူးလို့ ပြောနေပြီလေ"

"ဒါဆိုလည်း အရပ်အမြင့် ၅ ပေ ၅လက်မလို့ သတ်မှတ်လိုက်တော့မယ်"

သူမ ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ထားနေရသည်၊ ရူးကြောင်ကြောင် အလုပ်တွေနှင့် ပုဂ္ဂိုလ်ကြီးကို ...

"အရူးကြီး ..."

=😐=

သရဇီ ဘယ်ရောက်နေပြီလဲ ...

ညနေချမ်းအချိန်ကလေးကို တစ်ခုခု စားသောက်ရင်း ပျော်ရွှင်စွာ ကုန်ဆုံးစေဖို့ ဆန္ဒရှိခဲ့သော်လည်း သူထင်သလို ဖြစ်မလာသည်သာမက သရဇီ၏ အထင်မြင်လွဲမှားကာ မော်တော်ကားကို တရကြမ်းမောင်းထွက်သွားတာကို နောက်ဆုံး တွေ့လိုက်ရသည်၊

ဖော်လတ်သည် သူ၏ သွင်းကုန်ထုတ်ကုန်လုပ်ငန်းနှင့်ပတ်သက်၍ ရန်ကုန်တွင် တိုးချဲ့ ရုံးခန်းတစ်ခု ဖွင့်လှစ်ရန် ပြောဆိုအကြံပေးတောင်းရာမှ အထင်မြင်လွဲကာ ထွက်ခွာသွားရာ ယနေ့ထက်တိုင် သရဇီနှင့် ဖုန်းအဆက်အသွယ်၊ လူအဆက်အသွယ်မရအောင် ပျောက်ခြင်းမလှ ပျောက်နေခဲ့ပေသည်၊

ဘာပဲဖြစ်ဖြစ်-သရဇီသည် မိခင်နှင့် နေထိုင်သူ ဖြစ်ရာ မိခင်ထံ အရောက်သွား၍ သွားရောက်တွေ့ဆုံမေးမြန်းစုံစမ်းရန်သာ ရှိတော့သည်၊



www.burmeseclassic.com

www.burmeseclassic.com

ယခုလို လုပ်ငန်းကိုင်ငန်း တိုးချဲ့လုပ်ကိုင်ခြင်းများသည် သူနှင့် သရဖီတို့၏ ရှေ့ဆက်ရမည့် ဘဝခရီးသာယာချောမွေ့စေရန်သာဖြစ်သည်။ နှစ်ဦးနေထိုင်ဖို့၊ တင့်တောင်းတင့်တယ် နေထိုင်ဖို့ ငွေလိုသည်၊ ငွေရှိမှ ဖြစ်မည်။ သည်တော့ ငွေကို ရိုးသားဖြောင့်မတ်စွာဖြင့် သန့်ရှင်းစွာရဖို့ သူ ကြိုးစားရမည်။

သရဖီသည်စိတ်လှုပ်ရှားလွယ်လွန်းလှသော မိန်းကလေးတစ်ယောက်ဖြစ်သည်သာမက နလုံးရောဂါသည်လည်းဖြစ်ရာ သူနှင့်စိတ်ဆိုးပြီး မိုးသည်းသည်းကြားအောက်သို့ထွက်သွားခြင်းကပင်သရဖီအတွက်အန္တရာယ်ရှိသည်၊ သရဖီထွက်သွားချိန်က မိုးတွေ ရွာနေသည်၊ ပြီးတော့ - ည - ညဦးယံ၊ ကားလမ်းပေါ်မှာ ကားတွေ ရှိသည်၊ သည်အချိန်မှာ ကားသမားအများစုသည် အရက်သေစာ သောက်စားတတ်သည်၊ သရဖီထွက်သွားရာမြို့စွန်ထိအဝေးပြေးလမ်းမကြီးသည် ဖြောက်လမ်းသွားဖြစ်ပေရာ ကားသမားအချို့၏စိတ်ကြိုက်မောင်းစရာ လမ်းမဖြစ်နေတတ်သည်၊

မိုးရာသီသည်တိတ်ဆိတ်အေးစက်နေရာမှ သူ့ရင်ခွင်ကိုသံသယစိုးရိမ်စိတ်ဖြင့် ပစ်ပြီးသားကျည်ဆန်ခွံလို ပူလောင်ပြီး ကျန်ရစ်ခဲ့သည်၊

အို - သရဖီ ဘယ်ရောက်နေပြီလဲ၊

ထိုအချိန်တွင် ဖော်လတ်၏ ရင်ထဲရှိ အသိတရားတစ်ခုသည် ဘာကိုမှန်းမသိဘဲ သံသယဖြင့် ရုတ်တရက် လေးလံလာသည်၊

ဘာပဲဖြစ်ဖြစ် သရဖီဆီသွားမှ ဖြစ်မည်၊ အလုပ်တွေကို စောစောစီးစီးလက်စသိမ်းလေမှ . . .၊

=😐=

"သရဖီ - သေပြီ၊ ငါ့သမီး - သေပြီ"

ဖော်လတ် ရင်ထဲမှာ ကွက်လပ်ကြီးတစ်ခုဖြစ်သွားခဲ့သည်၊ သူသည်အသိစိတ်ကင်းမဲ့စွာ ကြောင်တောင်တောင်ကြီး ရပ်နေမိသည်၊ ပြန်လှန်မေး



နှုန်းထုတ်ရန် စကားလုံး ရှာမရ၊ သရဖီနှင့် ပတ်သက်၍ ဖြေဆည်ရာ၊ နှစ်သိမ့်စရာ စကားလုံး ရှာမရ၊ သူသည် အဘွားကြီး၏ အေးစက်သော စကားအဆုံးတွင် လက်ထဲမှာ ဆုပ်ကိုင်ထားသော လက်ကိုင်ဖုန်းကို ကြေမွမတတ်ဆုပ်ညှစ်ပစ်လိုက်မိသည်၊ ရင်ခေါင်းထဲတွင် စကားလုံးတွေ တစ်ဆို့နေသည်၊



**သူမ မြင်ကွင်းထဲသို့ရောက်ရှိလာသော အသွင်သဏ္ဌာန်များက သူမ ခန္ဓာတစ်ကိုယ်လုံးရှိ သွေးလည်ပတ်မှုများ ရပ်တန့်သွားသည့်ပမာ ဖြစ်သွားရသည်။ သူမအစို့ ပြူးကျယ်ဝိုင်းစက်သွားရသော မျက်ဝန်းများသည် မျက်တောင်ခတ်ရန်ပင် မေ့လျော့သွားစေခဲ့ပြီး အသံတွေက လည်ချောင်းထဲတွင် တစ်ဆို့နေကာ ထိတ်လန့်တုန်လှုပ်မှုကြောင့် လေဖြတ်သူကဲ့သို့ တစ်ကိုယ်လုံး လှုပ်ရှားမရလောက်အောင် ခပ်တောင့်တောင့် ရပ်နေမိသည်။**

ဘုရား - ဘုရား - သရဖီ သေပြီတဲ့၊ မယုံကြည်နိုင်စရာပဲ၊ ဘယ်လိုဖြစ်ရတာလဲ - သရဖီရယ်၊

အေးစက်သော မိုးရာသီ၏ နံနက်ခင်းသည် မကောင်းဆိုးဝါး၏ အနံ့အသက်ကို ရနေသည်၊ တစ္ဆေ၏ အနံ့အသက် . . .



www.burmeseclassic.com

www.burmeseclassic.com

"လွန်ခဲ့တဲ့ နှစ်ရက်မိုးသည်းသည်းရွာနေတဲ့ ညမှာ ငါ့သမီး ကားမောင်းရင်းနဲ့ မျက်နှာချင်းဆိုင်ကလာတဲ့ ထရပ်ကားတစ်စီးနဲ့ တိုက်မိပြီး ပွဲချင်းပြီးသေ သွားပြီ၊ မင်းကြောင့် ငါ့သမီး သေရတာ။ မင်းကြောင့် - မင်းက ငါ့သမီးကို ငါ့ရင်ထဲက ဆွဲထုတ်သွားခဲ့တာ။ မင်းမျက်နှာကိုငါမကြည့်ချင်ဘူး။ ထွက်သွားတော့"

သူ့လက်ထဲမှာ ကိုင်ထားသော လက်ကိုင်ဖုန်းသည် ချွေးစေးများဖြင့် ချော်ချွတ်ကာ လွတ်ကျသွားသည်။ အံ့ဩတုန်လှုပ်မှုဖြင့် ခန္ဓာကိုယ်တစ်ခုလုံးရှိ ခွန်အားများ၊ အသိဉာဏ်များ၊ မျှော်လင့်ချက်များ ယိုစီးပျံ့လွင့်ကာ အငွေ့ပျံခန်းခြောက်သွားသလို ခံစားလိုက်ရသည်၊ တစ်ချိန်တည်းမှာပင် သူ့၏အမြင်အာရုံ ကွယ်ပျောက်သွားကာ ဘာကိုမှ မမြင်တော့၊ ဆင်ခြင်မှုတရားသည် လက်ခံယုံကြည်စရာ မရှိလောက်အောင် ဗလာဟင်းလင်းပြင် ဖြစ်သွားရခြင်းပင်၊

ဘုရား - ဘုရား - ဘုရား -

သရဇီ သေပြီတဲ့၊ ဟင့်အင်း - မဖြစ်နိုင်ဘူး၊ ဒါဟာ လွဲမှားတဲ့ ရှုးသွပ်မှု အကြောင်းပြချက်တစ်ခုပဲ ဖြစ်မယ်၊ ငါ မယုံဘူး၊ သရဇီ သေ[illegible]ယ်ဆိုတာ မဖြစ်နိုင်ဘူး။

"မဟုတ်ဘူး"

ဖော်လတ် ကြုံးအော်လိုက်သည်၊ အဘွားကြီးက သူ့ကို ငေးကြောင်ကြည့်နေသည်၊ သူ ရပ်နေသည်လား၊ ပြေးနေသည်လား၊

သူ သတိရတော့ လမ်းမပေါ်ရောက်နေသည်၊

=😐=

သံမဏိတံခါးမကြီးသည် ဘယ်လိုမှဖွင့်၍ မရလောက်အောင် ခိုင်ခံ့လှသည်၊ ထွက်ပေါက်ရလိုရငြား တစ်ခုခုတော့ ရှာဖွေမှဖြစ်မည်၊ သည်ကျောက်ဂူလိုလို ချောက်ချားဖွယ်နေရာကြီးမှာ သူမ ဆက်၍ နေထိုင်ရန် မဖြစ်နိုင်၊



ပုဂ္ဂိုလ်ကြီးမရှိတုန်း လိုက်လေ့လာထားမှ . . .၊

သူမသည် အခန်း၏နေရာအနှံ့ကို လေ့လာရန် သူမလဲလျောင်းနေရာ ကျောက်ခုတင်ပေါ်မှ အသာအယာဆင်းလိုက်ပါသည်၊ အခန်းတစ်ခုလုံးကို ဝေ့ဝဲကြည့်လိုက်ပြန်တော့ မူလကအတိုင်းပင်၊ ခွဲစိတ်ခန်းသုံးပစ္စည်း ကိရိယာများက သူ့နေရာနှင့်သူ၊ သပ်သပ်ရပ်ရပ် ရှိနေဆဲပင်၊

သို့သော် - ခွဲစိတ်ကိရိယာများထားသည် ဗီရိုကြီးနှင့်ကပ်လျက် နောက်ဘက်တွင်တော့ အခန်းတစ်ခန်းရှိမည်၊ အခန်းဝရှိတံခါးကိုတော့ သော့ခတ်ထားခြင်းမရှိဘဲ စေ့ရုံစေ့ထားသည်ကို တွေ့လိုက်ရသည်၊

ထိုအခန်းထဲတွင် တစ်ခုခုရှိလိမ့်မည် ထင်သည်၊ ဘာပဲဖြစ်ဖြစ် သူမအတွက်တော့ ထွက်ပေါက်တစ်ခုခု ရလိုရငြားဝင်ကြည့်လျှင်တော့ ကောင်းလိမ့်မည်၊

အခန်းသည် မီးရောင်ပျပျလင်းနေသော်လည်း အခန်းတွင်းရှိ ပစ္စည်းများကိုထင်ထင်ရှားရှားမြင်နေရသည်၊ သူမ တံခါးအနီးသို့တိုးကပ်ကာ တံခါးကို အသာဖွင့်လိုက်လေသည်၊

"ကျွီ"

တံခါးပွင့်သွားသည်နှင့် မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ဝင်ရန် ခြေလှမ်းပြင်နေသော သူမ၏ ခြေလှမ်းများသည် တွန့်ဆုတ်သွားခဲ့ရသည်၊ သူမ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ရင်ထဲမှာ ဖြန်းခနဲ လန့်ဖျပ်သွားသည်၊

သူမ မြင်ကွင်းထဲသို့ ရောက်ရှိလာသော အသွင်သဏ္ဍာန်များက သူမ ခန္ဓာတစ်ကိုယ်လုံးရှိ သွေးလည်ပတ်မှုများ ရပ်တန့်သွားသည့်ပမာ ဖြစ်သွားရသည်၊ သူမအဖို့ ပြူးကျယ်ဝိုင်းစက်သွားရသော မျက်ဝန်းများသည် မျက်တောင်ခတ်ရန်ပင် မေ့လျော့သွားစေခဲ့ပြီး အသံတွေက လည်ချောင်းထဲတွင် ဆစ်ဆို့နေကာ ထိတ်လန့်တုန်လှုပ်မှုကြောင့် လေဖြတ်သူကဲ့သို့ တစ်ကိုယ်လုံး လှုပ်ရှားမရလောက်အောင် ခပ်တောင့်တောင့် ရပ်နေမိသည်၊

www.burmeseclassic.com

သူမမြင်လိုက်ရသည့်မြင်ကွင်းကား ကျောက်စုတင်နှစ်ခုတွင် မိန်းမကြီးတစ်ယောက်အလောင်းနှင့်အဘိုးကြီးတစ်ယောက်၏အလောင်းနှစ်လောင်းသည် ပက်လက်အနေအထားဖြင့် ငြိမ်သက်နေခြင်းပင်တည်း။

သူမငေးကြောင်ကြည့်နေဆဲမှာပင် ပက်လက်ဖြစ်နေသော မိန်းမကြီး၏ အလောင်းသည် လူပ်ရှားလာကာ ရုတ်တရက် ထထိုင်လိုက်သည်ကို သူမ အသည်းတုန်လှုပ်လုမတတ် မြင်လိုက်ရလေတော့သည်။ အဘွားကြီးသည် သူမရှိရာသို့ တန်းတန်းမတ်မတ် လျှောက်လာသည်၊

"အမလေး"

အရိုးဖေါက်ဂက်ဖြင့် မျက်တွင်းများ ချိုင့်ဝင်နေကာ လက်ပျဉ်ကုန်းကုန်းနှင့် အဘွားကြီးသည် စုတင်မှ လျှောဆင်းကာ သူမထံ တရွေ့ရွေ့လျှောက်လာလေပြီ…၊

"မလာနဲ့ -"မလာနဲ့"

"ဘာလဲ - မင်းက စုထိ အဆင်သင့် မဖြစ်သေးဘူးလားကွယ့်၊ ငါတို့ကတော့ အဆင်သင့်ဖြစ်ပြီ၊ အေးပေါ့လေ - မင်းက ငယ်သေးတာကိုး၊ သေခြင်းတရားဆိုတာကို ဘယ်လက်ခံနိုင်ဦးမှာလဲ၊ အရမ်းငယ်တဲ့လူတွေအတွက်တော့ သေခြင်းတရားဆိုတာ လက်ခံယုံကြည်ဖို့ရာ ခက်ခဲတယ်လေ။ ဒါပေမဲ့ - ကလေးမလေး - မင်းအတွက် သင့်လျော်တဲ့ နေရာက ဒီနေရာပဲကွယ်"

သူမ အကြောက်အကန်ငြင်းရင်း တံခါးရှိရာသို့ ခပ်သွက်သွက်ပြန်လျှောက်လိုက်သည်၊

"ဟင့်အင်း - အမိပ္ပာယ်မရှိတာဘဲ၊ ရှင်တို့အားလုံး ရူးနေတာ၊ အရူးတွေ - သွား၊ ကျွန်မနား မကပ်နဲ့နော်"

"ဟင်း - ဟင်း - ဟင်း - မင်း - သေခြင်းတရားကို မကြာခင် လက်ခံလာမှာပါကွယ်၊ သေမယ်ဆိုတာ ကြောက်စရာ မဟုတ်ဘူးကွဲ့"

ဝုန်းခနဲ မြည်အောင် တံခါးကိုဆောင့်ပိတ်လိုက်ကာ သူမ ကျောက်စုတင်ရှိရာသို့ ပြန်ရောက်ချိန်တွင် လွန်မင်းစွာ မောဟိုက်နေလေပြီ၊



"ငါ - ဒီနေရာက အမြန်ဆုံး ထွက်မှဖြစ်တော့မယ်၊ ဒီအရူးတွေ လက်ထဲမှာ ကြာရင် ငါသေလိမ့်မယ်၊ ကိုဇော်လတ်ကလည်း ဘယ်ရောက်နေမှန်းမသိဘူး။ သူလာရင် ကောင်းမှာ၊ သူ - မြန်မြန်လာပါစေ၊ မောင်ရေ - သရဖီကို လာကယ်ပါတော့ကွယ်၊ သရဖီ - ဒီအရူးတွေလက်ထဲမှာ သေရပါတော့မယ် - မောင်"

သူမ စိတ်ပျက်စွာ ညည်းညူရင်း ကျောက်စုတင်ပေါ် လှဲချလိုက်မိစဉ် ခဏမှာပင် အခန်းပြင်မှ ခပ်ဖွဖွခြေသံတစ်စုံကို ကြားလိုက်ရသဖြင့် နံရံတွင် စိုက်ထည့်ထားသော ကတ်ကြေးကို ဆတ်ခနဲ ဆွဲယူကာ နောက်ကျောတွင် ဝှက်ထားလိုက်သည်၊

"ဟိုအရူးကောင်ကြီးပဲ - ဒင်းကို သတ်ပြီးမှ ဒီနေရာကလွတ်အောင် ထွက်ပြေးမယ်၊ ငါ - ဒီမှာ ကြာကြာမနေနိုင်ဘူး"

ပုဂ္ဂိုလ်ကြီးသည် တံခါးကိုဖွင့်ကာ အေးအေးလူလူပင် ဝင်လာသည်၊

"ကောင်မလေး - ကိုယ့်နေရာမှာ မနေဘဲ ဘယ်အခန်းတွေထဲ လျှောက်ဝင်နေတာလဲ၊ သိပ်ပြီး စပ်စပ်စုစုမလုပ်နဲ့နော်"

သူမ တုန်ယင်နေသောအသံကို တည်ငြိမ်စွာ ထိန်းသိမ်းရင်း…

"ကျွန်မ - ဟိုဘက်အခန်းထဲ မတော်တဆ ဝင်သွားမိတာပါ၊ အဲဒီအခန်းထဲမှာ လူသေအဘွားကြီးနဲ့ တွေ့တယ်၊ ကြောက်လိုက်တာရှင် - သူ့ရုပ်ကြီးက ကြောက်စရာကြီးရှင့်၊ ကျွန်မကိုလည်း အဆင်သင့်မဖြစ်သေးဘူးလားတဲ့၊ ကျွန်မကို ရန်ပြုမှာစိုးတာနဲ့ ထွက်ပြေးလာခဲ့ရတာ"

သရဖီသည် တတ်နိုင်သမျှ တိုးလျှိုးတောင်းပန်သလို ဟန်ဆောင်ကာ ပြောလိုက်ပေသည်၊ သူမအဖို့ ဆက်၍သတ္တိကြောင်နေ၍ မဖြစ်တော့ပေ။ သတ္တိကြောင်မှုကြောင့် သူမအတွက် အန္တရာယ်သည် တစ်စ တစ်စ ကြောက်မက်ဖွယ် ကောင်းလောက်အောင် နီးကပ်လာပြီကို သတိပြုမိလေ၏၊



www.burmeseclassic.com

www.burmeseclassic.com

"သူ့ကိုမင်း ကြောက်စရာမလိုပါဘူးကွယ်။ ကောင်မလေး - လူသေက လူသေကို ဘာမှမလုပ်နိုင်ပါဘူးကွယ်"

သူမ စိတ်ပျက်စွာ ခေါင်းခါလိုက်ပြန်သည်။

"လာပြန်ပြီလား - ကျွန်မ မသေပါဘူးလို့ ပြောနေပြီးပြီလေ။ ရှင် ကျွန်မ အသားကိုမထိနဲ့။ ကျွန်မနားကိုလည်း မကပ်နဲ့။ ကျွန်မ ရှင့်ကို တကယ်သတ်မှာနော်"

ပုဂ္ဂိုလ်ကြီးက သူမကို ရိဝေစွာ လှမ်းကြည့်လိုက်တော့ သူမရင်ထဲမှာ ဖြန်းခနဲ ပြိုကွဲသွားရပြန်သည်။ မျက်နှာကြက်ဆီမှ ဝါ၍ မှိန်ဖျော့သော မီးအလင်းက ပုဂ္ဂိုလ်ကြီး၏ မျက်နှာကို အလင်းတင်ပေးသကဲ့သို့ ရှိသည်။ ထိုမျက်နှာပြင်တွင် ထိန်းချုပ်မှုတစ်ခု ရှိနေသည်၊ သိုသိပ်မှုတစ်ခု ရှိနေသည်။

သူမ ရင်ထဲမှာ မွန်းကြပ်လာသည်၊ သူမနောက်မှာ ကွယ်ဝှက်ထားသော ကတ်ကြေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားကာ သူမအသားကို [illegible]ကယ်၍များ လာရောက်ထိပါးခဲ့သော် မိမိရရ ထိုးပစ်ရန် ဆုံးဖြတ်ထားပြီး ဖြစ်သည်။

"တယ်ခက်ပါလား - မင်း ဘာကို စောင့်မျှော်နေတာလဲ၊ မင်း ချစ်သူကိုလား"

သူမ ပုဂ္ဂိုလ်ကြီး၏ မျက်နှာကို တစ်ချက်စိုက်ကြည့်လိုက်ကာ ...

"ဒီမှာ - ကြည့်ပါဦး။ ကျွန်မ အသက်ရှူနေတယ်လေ။ ကျွန်မ သတိမေ့သွားသလိုမျိုး မဖြစ်နိုင်ဘူးလား။ ရှင့်ကို ကျွန်မ တစ်ခုပြောပြမယ်၊ ဆရာဝန်က မှားပြီးတော့ ဆေးစာရေးလိုက်တာမျိုး မဖြစ်နိုင်ဘူးလားရှင့်။ ပြီးတော့ - ကျွန်မ စကားပြောနေတယ်လေ၊ စကားပြောနေတဲ့ လူက ဘယ်လိုလုပ် လူသေဖြစ်မှာလဲရှင့်"

"တယ်ခက်ပါလား၊ မင်း စကားပြောနေတာ မှန်တယ်၊ မင်း အသက်ရှင်နေလို့ မဟုတ်ဘူးကွ၊ ငါက လက်ဆောင်တစ်ခု ရထားတယ်၊ လောကတ



ငါ့ကို လက်ဆောင်တစ်ခု ပေးထားတယ်၊ ဘယ်လိုလူမှ မရနိုင်တဲ့ လက်ဆောင်တစ်ခုကို ငါ ရထားတယ်လေ၊ ဘယ်လို ဘယ်နည်းရထားသလဲဆိုတာတော့ မမေးနဲ့၊ ငါမဖြေတတ်ဘူး၊ မင်း သိတော့လည်း ဘာမှ အကျိုးထူးမှာ မဟုတ်ဘူး"

သရဖီသည် စိတ်ထဲမှ "အရူးကြီး" ဟု တီးတိုးရေရွတ်လိုက်သည်။ ပုဂ္ဂိုလ်ကြီးက ဆက်၍ ...

"ငါက လူသေတွေရော၊ လူရှင်တွေကိုပါ စကားပြောလို့ ရတယ်၊ စကားပြောနိုင်တယ်လေ ကောင်မလေး။ မင်း သေသွားပြီ - သရဖီ၊ လူတိုင်း သေကြရမှာပဲ"

"အို - ကျွန်မ သေရင် ရှင့်ကို ဘယ်လိုလုပ် စကားပြောနိုင်မှာလဲ"

"လာပြန်ပြီ - တယ်ခက်ပါလား၊ မင်းက တယ်လည်း အသိခေါက်ခက်အဝင်နက်ပါလားကွယ်၊ မင်းက လူသေဖြစ်နေပြီလေ၊ မတော်တဆ ကားအက် ဆီးဒင့်ကြောင့် သေလို့ ဒီကို ရောက်လာတာပေါ့၊ ဆရာဝန်ဆေးစာလည်း မင်းကိုပြပြီး ငါ ရှင်းပြပေးတယ်၊ ဒါလည်း မင်းသဘောမပေါက်ဘူး၊ ငါ ဘယ်လိုဆက်ပြီးရှင်းပြရမှာလဲ၊ နင့်ကြောင့် ငါ ရူးချင်လာပြီ သိရဲ့လား"

"ရှင်က အရူးပဲဥစ္စာ၊ ကျွန်မ အခု ဘာဖြစ်နေလို့လဲ"

ပုဂ္ဂိုလ်ကြီးက မျက်မှောင်တစ်ချက် ကြုတ်လိုက်လေသည်။

"မင်းက အခု အသွင်ကူးပြောင်းနေပြီ၊ ငါက မင်းတို့အားလုံး အသွင်ကူးပြောင်းဖို့ ကူညီပေးနေရတာ၊ ဒီနေရာက လူသေတွေကို မြှုပ်နှံတဲ့ သချိုင်းထဲက အဆောက်အအုံတစ်ခုပဲ၊ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ လူနာတွေကို ငါက ပြုပြင်ပေးရတာ၊ လှလှပပဖြစ်အောင် စီရင်ရတဲ့ အလုပ်ကို ငါ လုပ်ရတာ၊ ဘယ်လောက် ကုသိုလ်ရလိုက်သလဲ၊ ဂုဏ်ယူစရာ ကောင်းလိုက်သလဲ"

"အမလေး - ဒါက ဂုဏ်ယူစရာ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

သူမ မျက်နှာကို တစ်ချက်မဲ့ရွဲ့ကာ ပခုံးကို တွန့်ပြလိုက်မိသည်။ ဟန်ဆောင်၍ ကြောက်ရွံ့ချင်ယောင်ဆောင်ကာ ပခုံးတွန့်ပြလိုက်ခြင်း ဖြစ်သော်လည်း တကယ်တော့ သူမ မကြောက်တော့ပါ။

"ကျွန်မ ဒီကို ရောက်နေရတာ တစ္ဆေဖြစ်နေလို့လား"

"မင်း - ဒီမှာရှိနေမှ မင်းကို မြေမြှုပ်သင်္ဂြိုဟ်လို့ ရမှာပေါ့ကွယ့်။ လာ - မင်းကို ပြုပြင်ပေးရဦးမယ်။ အင်း - မင်းက နဂိုကလှပြီးသားပဲ၊ သိပ်ပြီး ပြင်ဆင်ပေးစရာတော့ မလိုပါဘူး။ ဒါပေမဲ့ - မင်း မျက်နှာက ဒဏ်ရာတွေကိုတော့ ပြုပြင်ဖာထေးရမှာပဲ"

သူမ အကြောက်အကန် ငြင်းလိုက်မိပြန်သည်။

"မလုပ်ပါနဲ့ - ကျွန်မ မလုပ်ချင်ဘူး"

"မင်းက လှသေပဲလေ။ ပြုပြင်လိုက်မှ လှလှပ ဖြစ်သွားမှာပေါ့။ လာပါကွယ် - ခုတင်ပေါ် လှဲလိုက်"

"ကျွန်မ မပြင်ချင်ဘူး"

"မင်းက လှသေအလောင်းပဲ - သရဇီ၊ မင်းရဲ့ထင်မြင်ချက်က အရေးမကြီးတော့ပါဘူးကွယ်"

သူမစိတ်ပျက်လက်ပျက်ဖြစ်ကာ ခေါင်းယမ်းပြလိုက်မိသည်။ သည်လိုဦးနှောက်ခပ်ချောင်ချောင် အရူးတစ်ယောက်နှင့် ဆက်၍ စကားပြောနေရတာလောက် စိတ်ပျက်စရာ အရာမရှိ။ သူမ သည်နေရာမှ ခပ်မြန်မြန်ထွက်ခွာရေးသာ သူမ၏ အဓိကဆန္ဒ ဖြစ်သည်။ သည်လို အရူးကောင်ကြီးလက်ထဲက မြန်မြန်ထွက်ပြေးမှ ...

"ကျွန်မ အသက်ရှူနေတယ်။ ကျွန်မ အသက်ရှင်နေတယ်လေ"

ပုဂ္ဂိုလ်ကြီးသည် သူမကို စိုက်ကြည့်လိုက်သည်။ အလွန်အမင်း ဟန်မဆောင်နိုင်လောက်အောင် စိတ်ပျက်နေသောအမူအရာသည် ပုဂ္ဂိုလ်ကြီးမျက်နှာပေါ်မှာ ပေါ်လာသည်။ သူမ၏ ခန္ဓာကိုယ်ထဲမှာတော့ မှုန်ရီဝေဝါးသော ခံစားမှုတစ်မျိုးသည် နွေးရှိန်းစွာ စီးပြန့်နေပေသည်။



"မင်းတို့လို လူမျိုးတွေကတော့ ငယ်ရွယ်သေးတော့ အသက်ရှူနေရင် အသက်ရှင်တယ်လို့ပဲ ထင်နေကြတယ်။ ဘဝကို တွယ်တာစရာတစ်ခုကို ရမ္မက်တဏှာလို ခင်တွယ်နေကြတာကိုး။ ပြောစမ်း - မင်းရဲ့ဘဝက သိပ်ကို တွယ်တာစရာကောင်းနေလို့လား။ ဘယ်လောက်များ မက်မောတွယ်တာစရာ ကောင်းနေလို့လဲ။ ကဲ - မင်း ချစ်သူကကော မင်းကို ရှိတယ်လို့များ အောက်မေ့နေလို့လား"

"အို - ကိုဇော်လတ်က ကျွန်မကို သိပ်ချစ်တာရှင့်"

"ဟား - ဟား - ဟား - တော်တော်ရယ်စရာကောင်းလှပါလား။ တကယ်တော့ - ဒါတွေဟာ တဏှာရမ္မက်တွေပဲ၊ စွဲလမ်းမှုတွေပဲကွ။ ထားပါတော့ကွာ - သရဇီ၊ မင်း သေဆုံးနေတာကြာပြီကွ။ မင်း - ငါနဲ့ အဓိပ္ပာယ်မရှိငြင်းခုန်နေတာ ငါ အံ့ဩတယ်။ မင်းမှာ အချိန်သိပ်မကျန်တော့ဘူးဆိုတာ သတိချပ်သင့်တယ်။ မင်းရဲ့ရာပနက နောက်နှစ်ရက် သုံးရက်ဆို ရောက်လာတော့မယ်၊ အဲဒီနောက် - မင်းမြေကြီးထဲမှာ မင်းနေရတော့မှာ၊ မင်း ပြောတာ ဘယ်သူမှ မကြားနိုင်တော့ဘူး။ အဲဒီနေရာမှာ မင်းအတွက် စကားပြောစရာ လူမရှိတော့ဘူး"

"အရူးကြီး"

သူမ မကျေမချမ်းဖြင့် ခပ်တိုးတိုးရေရွတ်လိုက်သည်။ ထို့နောက် ကျောက်ခုတင်ပေါ်သို့ ဆောင့်ဆောင့်အောင့်အောင့် ခြေပစ်လက်ပစ် ထိုင်လှဲချလိုက်မိသည်။

= 😐 =

ဇော်လတ်သည် သရဇီ ပျောက်ဆုံးသွားသည့်နေ့မှစ၍ သရဇီကို လိုက်လံရှာဖွေနေခဲ့သည်။ သရဇီ မိခင်ကြီး ပြောစကားကို ဇော်လတ် မယုံကြည်။ သူ့ကို လိမ်ညာလှည့်ဖျားကာ သရဇီကို တစ်နေရာသို့ ပို့ထားသည်ဟုသာ ယုံကြည်နေမိသည်။

www.burmeseclassic.com

သရဖီ ဘယ်မှာလဲ ...။

မိတ်ဆွေအပေါင်းအသင်းများ၏ အကူအညီကို ရယူကာ ယာဉ်မှုစစ်ဌာနသို့ သရဖီ ကားအက်စီးဒင့်ဖြစ်၊ မဖြစ် သွားမေးသည်။ တာဝန်ရှိရဲအရာရှိက ဇော်လတ်ကို ခေတ္တထိန်းသိမ်းထားသော မှုခင်းဖြစ်ပေါ်ရာ ကားကိုပြသည်။ ကားခေါင်းပိုင်းသည် လွန်မင်းစွာ ဆိုးဆိုးရွားရွားပင် ပျက်စီးနေပြီး၊ ဒရိုင်ဘာနေရာတွင် သွေးတွေ ခြောက်သွေ့ကာ ကပ်ငြိနေသည်။ ကိုဇော်လတ် တွေ့မြင်လိုက်၍ သရဖီအသက်ရှင်ဖို့ရာခိုင်နှုန်းနည်းပါးနေသော အခြေအနေကို တွေ့မြင်လိုက်ရပေသည်။

အမှန်ပင် သရဖီသည် ထိုကားကိုမောင်းထွက်သွားသည်လား၊ ဇော်လတ် ရင်ထဲတွင် ဝေဝါးရှုပ်ထွေးလျက် ရှိပေသည်။

သရဖီ သေဆုံးပြီဆိုတာကို မယုံချင်၊ သရဖီ ခန္ဓာကိုယ် ရုပ်အလောင်းကို မြင်ရပါမှ သရဖီ သေဆုံးသွားပြီဆိုတာကို ယုံကြည်မည်။ ဘာပဲဖြစ်ဖြစ်၊ သရဖီ ရှိနိုင်သည့်နေရာမှန်သမျှကိုတော့ လိုက်လံရှာဖွေရမည်။ အဓိက ရှာဖွေရမည့် နေရာသည် သုသာန်တွင်းရှိ ရေခဲတိုက် ...။ အကယ်၍ သရဖီ သေဆုံးသွားခဲ့သော် ထိုနေရာမှလွဲ၍ မည်သည့်နေရာမှ မရှိနိုင်၊

သုသာန်တွင်းရှိ ရေခဲတိုက်သို့ ပထမဦးစွာ သွားရောက်စုံစမ်းခြင်းသည် အသင့်လျော်ဆုံးဖြစ်လိမ့်မည်။ အေးချမ်းလှသော တောင်ပေါ်မြို့ငယ်ကလေး၏ သုသာန်သည် မြို့ပြင်တွင် ရှိသည်။

=😐=

ဇော်လတ် သုသာန်တွင်းရှိ ရေခဲတိုက်သို့ ရောက်တော့ ညနေစောင်းအချိန်ရှိပေပြီ။ အနောက်ဘက်ကောင်းကင်တွင် နေရောင်ခြည်သည် အလင်းခွန်အားတွေကို တဖြည်းဖြည်း ရုပ်သိမ်းစပြုနေပြီဖြစ်သည်။

သုသာန်ထဲရှိ ယူကလစ်ပင်များ၊ ချယ်ရီပင်များ၊ ထင်းရှူးပင်များသည် ကြောက်မက်ဖွယ် တိတ်ဆိတ်ငြိမ်သက်နေကြပေသည်။ အချို့ဝါရွှေသော



ရွက်ကြွေများက အုတ်ဂူများပေါ်တွင် သံဝေဂများဖြင့် ငြိမ်သက်ကြွေကျနေကြသည်။

သချိုင်းဘေးရှိ လှပသေ ရုပ်ကြွင်းများ ခေတ္တထား၍ ပြင်ဆင်သော အဆောက်အအုံကို လှမ်းကြည့်လိုက်တော့ ညနေရီညို့ရိပ်သန်းသော အလင်းအိုအောက်တွင် ငြိမ်သက်နေသည်။

ဇော်လတ်သည် သူ၏ ကားကို သချိုင်းအပြင်တွင် ရပ်ထားလိုက်ပြီး သချိုင်းတွင်းသို့ ဝင်လိုက်သည်။ သူသည် အလောင်းများထားရာ အဆောက်အအုံ၏ အပေါ်ထပ်သို့ စူးစမ်းစိတ်ဖြင့် အကြည့်ရောက်သွားစဉ်မှာပင် အဆောက်အအုံအပေါ်ထပ် ထောင့်စွန်းတွင် အင်္ကျီအနီဝတ်နှင့် အမျိုးသမီးတစ်ယောက် ဘေးစောင်းရပ်နေသည်ကို မြင်လိုက်ရသည်။

ဘုရား - ဘုရား - သရဖီများလား။

အချိန်သည် ညနေချမ်းဖြစ်သဖြင့် မှောင်ရီပျိုးစ ပြုလာပြီဖြစ်၏။ ဇော်လတ် ရုတ်တရက် တွေ့လိုက်ရသည့် အမျိုးသမီးသည် မည်သူမည်ဝါ မသဲကွဲပါ။

မည်သို့ပင် ဆိုစေကာမူ သည်လိုညနေဝင်နေရီချမ်းစအချိန်တွင် မစည်ကားအပ်သောနေရာတစ်ခု ဖြစ်သည့် သချိုင်းမြေ၏ အလောင်းများထားရာ အဆောက်အအုံ၏ အပေါ်ထပ်တွင် အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရခြင်းသည် ထူးဆန်းလှသည်။

ဇော်လတ်စူးစမ်းစိုက်ကြည့်နေဆဲမှာပင် ဘေးစောင်းရပ်နေသော အမျိုးသမီးသည် ရုတ်တရက် ပျောက်ကွယ်သွားသည်။

သူ မြင်တွေ့လိုက်ရသည့်မြင်ကွင်းက မမြင်နိုင်သော ဓားသွားတစ်ချောင်းဖြင့် ရင်ဘတ်ကိုခပ်ဖွဖွလှမ်းထောက်လိုက်တာနှင့် သဏ္ဌာန်တူသည်။ ပျောက်ကွယ်သွားသည့်မြင်ကွင်း၏ အရိပ်က သံသယတစ်ခုခုကို ပြောပြနေပေပြီ၊ သရဖီသည် ဤသုသာန်ထဲရှိ လူသေထားရာ အခန်းထဲတွင် ရောက်ရှိနေပြီလော၊ သရဖီကို ဖမ်းချုပ်ထားခြင်းပေလော၊ ဒါမှမဟုတ် တစ္ဆေခြောက်ခြင်းလော၊



www.burmeseclassic.com

www.burmeseclassic.com

ဇော်လတ်သည် လျှင်မြန်သွက်လက်သော ခြေလှမ်းအစုံဖြင့် အဆောက်အအုံရှိရာသို့ ချဉ်းကပ်လိုက်သည်။

သူသည် ကားတံခါးကို ခပ်ကြမ်းကြမ်း ဆောင့်ပိတ်လိုက်လေသည်။

=😐=

တံခါးခေါက်သံနှင့်အတူ ပုဂ္ဂိုလ်ကြီး ထွက်လာသည်။ တံခါးဝတွင် မျက်နှာတင်းမာစွာဖြင့် ရပ်နေသော ဇော်လတ်ကို မြင်သွားသည်။ သို့သော် - သူ၏ မျက်နှာပြင်တွင် ထူးခြားသော အရိပ်သဏ္ဌာန်ကို မမြင်ရပေ။

"ကျွန်တော် - သရဖီရဲ့ ချစ်သူပါ၊ သရဖီနဲ့ တွေ့ပါရစေ"

"မင်းက သရဖီရဲ့ မိသားစုဝင် မဟုတ်သေးဘူးလေ။ တွေ့ခွင့်မရှိဘူး။ သူ့ဘာသာသူ အေးအေးချမ်းချမ်း နေပါစေလားကွယ့်"

"အဲဒါ - ခင်ဗျားကိစ္စမဟုတ်ဘူးလေ၊ ကျွန်တော် သရဖီနဲ့ တွေ့ခွင့်ရှိ မရှိ ဆိုတာပဲ သိချင်တယ်"

ပုဂ္ဂိုလ်ကြီးက သက်ပြင်းတစ်ချက် ချလိုက်သည်၊ မြင့်မားလှသော သူ၏ ခန္ဓာကိုယ်ကြီးဖြင့် တံခါးဝကို ပိတ်ဆို့ထားသဖြင့် ဇော်လတ်ရင်ထဲရှိ သံသယသည် ပို၍ကြီးထွားလာသည်။

"သရဖီနဲ့ တွေ့ခွင့်မပေးနိုင်ဘူး။ သရဖီကို ပြုပြင်ရတဲ့ အလုပ်ကလည်း မပြီးသေးဘူးကွယ်"

ဇော်လတ် ခေါင်းခါလိုက်သည်၊ သရဖီကို စောစောကပင် အပေါ်ထပ် တစ်နေရာတွင် အနီရောင်ဝတ်စုံဖြင့် သူ့မျက်စိဖြင့် သေချာတပ်အပ်တွေ့လိုက်ရသည်၊ သည်အဆောက်အအုံထဲမှာ သရဖီရှိနေမည်မှာ သေချာသည်။

"သရဖီကို အပေါ်ထပ်မှာ ကျွန်တော် တွေ့လိုက်တယ်"

"သရဖီ - သေပြီ မဖြစ်နိုင်ဘူး - သူက အောက်ဆုံးထပ်မှာ"



"မသေဘူး - ခင်ဗျားလိမ်နေတာ။ သရဖီကို ခင်ဗျားဖမ်းပြီးဖွက်ထားတာ၊ ခု - ထုတ်ပေးပါ"

ပုဂ္ဂိုလ်ကြီးသည် မျက်နှာတစ်ချက်တင်းသွားကာ ဇော်လတ်ကို စိုက်ကြည့်လိုက်သည်။

"မင်း - သူ သေ၊ မသေကြည့်ချင်ရင်၊ သိချင်ရင် ခု သောကြာနေ့မှာ သူ့ ဈာပနရှိတယ်၊ မင်း - လာခဲ့ပါ။ အဲဒီအခါကျမှ သရဖီ သေ၊ မသေဆိုတာ သိရမယ်လေ။ အဲဒါမှ မျက်မြင်သက်သေပဲ"

"ဆရာဝန်က လူနာကို သေသေချာချာ မစမ်းသပ်ဘဲ စာရင်းမှာ လက်မှတ်ထိုးပေးလိုက်တာမှတ်လား၊ ပြီးတော့ - ဟိုက်ဒရိုနီယံဘရိုမိုက်ကို ထိုးထားရင် စက္ကန့်အနည်းငယ်အတွင်းမှာ နှလုံးခုန်နှုန်းက မရှိတော့သလိုမျိုး အရမ်းကို နှေးသွားတတ်တယ်၊ ခင်ဗျားကြီး သရဖီကို ဟိုက်ဒရိုဘရိုမိုက် ထိုးထားတာမှတ်လား"

"တယ်စက်ပါလား - မင်းက ငါ့ကိုအသားလွှတ်စွပ်စွဲနေတာကိုး၊ ငါပြောသလိုပဲ သောကြာနေ့ကျတော့ ငါ့ကို ပြောသမျှဆိုသမျှတွေ မင်း နောင်တ ကောင်းကောင်းရဖို့ ငါ သေချာပေါက်ပြောရဲတယ်"

ထိုအချိန်တွင် ဇော်လတ်၏ ရင်ထဲတွင် ဘာကိုမှန်းမသိပါဘဲ လျက် သံသယဝင်နေမိသည်။ သူ ရိုးသားရင် သရဖီနှင့် တွေ့ဆုံခွင့်ကို ငြင်းဆန်စရာ မရှိပေ။ ဒီငနဲကြီး မရိုးသားလို့သာ။

"ဒီမှာ - ခင်ဗျားကျုပ်ကို ထူးထူးထွေထွေ ဆင်ခြေတွေလျှောက်ပေးမနေနဲ့တော့ဗျာ။ ဘေးဖယ်ပေး - ကျုပ် သရဖီရှိတဲ့နေရာကို သွားမယ်"

ဇော်လတ်ရှေ့သို့တစ်လှမ်းတိုးလိုက်သော်လည်း ပုဂ္ဂိုလ်ကြီးက လှုပ်ရှားတွန့်ဆုတ်ခြင်းမရှိပေ၊ တည်ငြိမ်စွာ စိုက်ကြည့်နေခဲ့သည်။

"မောင်ရင် - လွန်လာပြီ ထင်တယ်၊ ရှေ့ဆက်တိုးလို့ကတော့ ကျုပ်တသည်းခံမှာ မဟုတ်ဘူးနော်၊ ကျုပ် - အလုပ်တာဝန်ထမ်းဆောင်နေတယ် ဆိုတာ မောင်ရင် သတိပြုပါ၊ ကျုပ် ရဲကို ခေါ်လိုက်မှာနော်"



www.burmeseclassic.com

"သွားစမ်းပါဗျာ၊ ခင်ဗျားကြီး - ကျုပ်နဲ့ တွေ့ကြသေးတာပေါ့"

"စိတ်ချ - မောင်ရင်၊ ကျုပ် စောင့်နေမယ်"

ဖော်လတ် ရှာခန့် လှည့်ထွက်လာသည်၊ သုသာန်တွင်းရှိကြီးရင့်သစ်ပင်တွေကြားမှ အလင်းစက်တွေ ပျောက်ကွယ်သွားပေပြီ၊

=☹=

"ကောင်မလေး - မင်းချစ်သူ လာသွားတယ်"

"အို - မောင်လား၊ မောင် လာသွားတယ် မဟုတ်လား၊ မောင် ငိုသေးလားဟင်"

ပုဂ္ဂိုလ်ကြီး ခေါင်းတစ်ချက် ခါလိုက်သည်၊

"ဘာကိစ္စ ငိုရမှာလဲ၊ ဒါပေမဲ့ - သူ့စိတ်ထဲမှာ သံသယတွေ မတင်မကျ အလိုမပြည့်မှုတွေ ပြည့်နေတယ်၊ သူ့ရဲ့မျှော်လင့်ချက်က သူ့ကို [illegible]ဆင်းရဲအောင် လုပ်နေတာကွ၊ ဘာဖြစ်လို့လဲဆိုတော့ သူက မင်း အသက်ရှင်နေတယ်လို့ပဲ ယုံကြည်နေတယ်လေ၊ သူ့ကို မင်း တကယ်ချစ်တယ်၊ မြတ်နိုးတယ်ဆိုရင် မင်းကိုယ်တိုင် သေဆုံးသွားပြီဆိုတာကို လက်ခံပြီး ယုံကြည်လိုက်ပါ၊ သူ့ကို မနှောင့်ယှက်ပါနဲ့၊ ဒါမှ သူ လက်ခံပြီး တရားနဲ့ ဖြေလိမ့်မယ်၊ ဒါမှ သူ စိတ်သက်သာရာရမှာ"

သူမ၏မျက်ဝန်းများ သေးကြုံ့သွားသည်၊ မောင့်ကို သူမ သေပြီဆိုတာ ယုံကြည်လာအောင် သက်သေပြရမတဲ့၊ မလွယ်လိုက်တာကွယ်၊

"ဒါဆို - ကျွန်မ သေပြီဆိုတာကို ဘယ်လိုသက်သေပြမှာလဲ"

"ဒီကို ရောက်လာတဲ့ လူတချို့ တစ်နည်းအားဖြင့် မင်းတို့လို လူငယ်တွေဟာ သေတာကို မယုံကြည်ကြဘူး၊ သေတယ်ဆိုတာကို သက်သေပြဖို့ အမြဲတောင်းဆိုတတ်ကြတယ်၊ ကဲ - ဟိုဘက်အခန်းထဲ သွားကြရအောင်၊ မင်းကို သက်သေပြဖို့ တစ်နည်းပဲ ရှိတော့တယ်"



ပုဂ္ဂိုလ်ကြီးက စားပွဲပေါ်မှ သော့တွဲကို ဆတ်ခနဲကောက်ယူကာ ရှေ့မှ ဦးဆောင်ကာ ထွက်သွားသည်၊ သူမက လေးလံနှေးကွေးသော ခြေလှမ်းများဖြင့် လိုက်သွားလေသည်၊

သူတို့သည် တစ်ဖက်ရှိအခန်းကျဉ်းကလေးထဲသို့ ရောက်သွားကြသည်၊ အခန်းသည် မည်သည့်ပစ္စည်းမျှ ရှိနေသည်သာမက ဖရောမကိုယ်လုံးပေါ်မှန်ကြီးတစ်ချပ်တည်းသာ ရှိနေသည်က ထူးခြားချက်တစ်ရပ်ပင်၊

"ကဲ - အဲဒီမှန်ရှေ့မှာရပ်ပြီး မင်းရဲ့ရုပ်ရည်သွင်ပြင်ကာကို သေသေချာချာ ကြည့်ရှုစစ်ဆေးပေတော့ကွယ်၊ မင်းဟာ သေလူ ဟုတ်၊ မဟုတ် မင်းကိုယ်တိုင် ဆုံးဖြတ်ပေတော့ ကောင်မလေး"

သူမ ကိုယ်လုံးပေါ်မှန်ကြီးရှေ့တွင် ရပ်လိုက်သည်၊ မှန်တွင် အရိပ်ထင်နေသော သူမ၏ ခန္ဓာကိုယ်၊ မျက်နှာကို လှမ်းကြည့်လိုက်စဉ်မှာပင် -

"အလို - ဘုရားရေ"

ပါးရိုးများချောင်ကာ ကျနေသော သူမ မျက်နှာ၊ မျက်ကွင်းညိုများဖြင့် အတွင်းသို့ ချိုင့်ဝင်နေသော မျက်လုံးများ၊ အဆီခန်းခြောက်နေသော ဖြူဆုတ်ဆုတ် နှုတ်ခမ်း၊ ဖြုံငုံကြည့်လိုက်လျှင် သူမ၏ မျက်နှာသည် လူသေတစ်ယောက်၏ မျက်နှာနှင့်မခြား၊ သုသာန်မြေအောက်မှ လူသေတစ်ယောက်၏မျက်နှာ၊ ယခင်က လှပခဲ့သော မျက်နှာပြည့်ပြည့်၊ တောက်ပရွှန်းဆိုသော မျက်ဝန်းလဲ့လဲ့များ၊ ပြည့်ဖောင်းဖောင်းနှုတ်ခမ်း၊ လှပသော ခန္ဓာကိုယ်၊

ထိုအလှအပများ စုဝေးရာ ခန္ဓာကိုယ်သည် ယခုတော့ ဘယ်ရောက်သွားပြီလဲ၊ သူမ ယောင်ယမ်းကာ အော်ဟစ်တော့မလို ဖြစ်သွားသည်၊ ယခုတော့ - မှန်သားပြင်တွင် ထင်ဟပ်နေသည်က ခြောက်မက်ဖွယ် အရိုးခေါင်ဂက်နှင့် လူသေမျက်နှာ၊ ဖြူဖျော့ဖျော့အသားအရေ၊

သူမရင်ထဲမှာ တိတ်ဆိတ်မှုသည် ရုတ်တရက် ပြိုကွဲသွားသည်၊ အပြင်ဘက် သုသာန်မြေတွင် လေသည် တဝေါဝေါမြည်ကာ တိုက်ခတ်နေလေ

www.burmeseclassic.com

သည်၊ ကင်းစောင့်သမားကြီးတွေလို တန်းစီနေကြသည့် သုသာန်မြေအနီးတိုင်များကလည်း မှိန်ဖျော့ဖျော့ဝါကျင်ကျင် မီးအလင်းရောင်ဖြင့် ငြိမ်သက်တိတ်ဆိတ်နေကြသည်။

သရဇီ၏ ရင်ထဲမှာတော့ ယခုအခါတွင် ဘူတာတွင်းသို့ လမ်းကြောင်းမှန်မှန်ဝင်လာသည့် ရထားတစ်စီး၏ အင်ဂျင်စက်အော်သံလို မြည်ဟည်းလျက်ရှိသည်။ သူမသည် သေခြင်းတရားဆီသို့ ခြေလှမ်းကျွံဝင်လျက်ရှိပေပြီ။

"ဘာဖြစ်လို့ ကျွန်မက လူသေနဲ့ တူနေရတာလဲဟင်"

သူမ ရင်ထဲမှ တစ်ချက်ရှိုက်လိုက်မိသည်။

ပုဂ္ဂိုလ်ကြီးသည် ဦးခေါင်းကို တစ်ချက်ညိတ်လိုက်သည်၊ သူသည် ပိုင်နိုင်သေချာသော လေသံဖြင့် ...

"မင်းက လူသေပဲလေ၊ လူသေဆိုတော့ လူသေနဲ့ တူမှာ

သူမ စိတ်ပျက်လက်ပျက်ဖြစ်ကာ ဘာပြန်ပြောရမှန်း မသိလောက်အောင် စကားလုံး ရှာမရဘဲ ခေါင်းငုံ့ထားလိုက်မိသည်၊ မှန်သားပြင်ကို ထပ်မံ၍ မကြည့်ရဲတော့ ...

"ကျွန်မ မသေချင်သေးပါဘူး - ကယ်ပါရှင်"

"ဘယ်သူမှမကယ်နိုင်ဘူး၊ သေသူကို ရှင်အောင်လုပ်တဲ့ အတတ်ပညာဆိုတာ မပေါ်သေးဘူး၊ ယုံတမ်းစကားတွေကို မယုံပါနဲ့၊ နောက်ဆုံးတော့ မင်း - သေပြီဆိုတာ လက်ခံလိုက်ရပြီမဟုတ်လား၊ မင်း သေသွားပြီ၊ လွန်ခဲ့တဲ့ သုံးရက်က မင်း သေသွားပြီ၊ ဘယ်တော့မှ အသက်ပြန်မရှင်နိုင်တော့ဘူး"

သူမစိတ်ပျက်စွာ ဦးခေါင်းငိုက်စိုက်ငြိမ်သက်နေမိသွားသည်၊ နက်ရှိုင်းသော အမှောင်ထုထဲသို့ နစ်ဝင်သွားသလို ခံစားလိုက်ရသည်၊ ကြောက်မက်ဖွယ်ကောင်းလှသော အရာဝတ္ထုကြီးတစ်ခုက သူမ တစ်ကိုယ်လုံးပေါ်သို့ တစ်စ တစ်စ ပြိုဆင်းလာသည်၊

"ကျွန်မ - သေသွားပြီ"



သူမ၏ အသံသည် ခြောက်သွေ့တိုးတိမ်လျက် ရှိသည်၊

"မင်း - လက်ခံလာပြီ မဟုတ်လား - သရဇီ"

သူမ ငြိမ်သက်တိတ်ဆိတ် ...၊ မျှော်လင့်ချက် ပြိုကွဲ၊

"ဘာဖြစ်လို့ ကျွန်မတို့ သေကြရတာလဲဟင်"

"သံသရာဆိုတာ အရှည်ကြီးပဲကွယ့်၊ ဘဝဆိုတာ အဖန်တလဲလဲ ဖြစ်ကြရဦးမှာလေ၊ ရှေ့ဆက်ပြီး ဘဝမှာ လုပ်စရာတွေ ရှိသေးတော့ အရေးကြီးအောင် လုပ်ဖို့ပေါ့၊ အသက်ရှင်ရပ်တည်ခြင်းရဲ့ တာဝန်တွေ ဆက်ပြီးထမ်းဆောင်ဖို့ပေါ့"

သူမက ခန္ဓာကိုယ်တစ်ခုလုံးရှိ အင်အားတွေကို ဖျစ်ညှစ်ပြီး အော်ဟစ်ပစ်လိုက်ရန် ကြိုးစားမိသော်လည်း၊ စကားလုံးတွေက လည်ချောင်းထဲတွင် တင်းကျပ်ပိတ်ဆို့နေကာ အသံက ရင်ခေါင်းထဲမှာပင် ပုံတင်ထပ်နေသည်၊

=😐=

သူ - ရုတ်တရက် မြင်လိုက်ရသည့် မြင်ကွင်းကား ထူထပ်နက်ရှိုင်းသော တော အုပ်ထဲမှာ ဖြစ်သည်၊ တောအုပ်တွင်းရှိ သစ်ပင်ကြီးများသည် နေ ပြောက်မထိုးနိုင်လောက်အောင် အရွက်များ စိပ်လှသည်၊

တောအုပ်အလယ်တွင် အနက်ရောင်ဝတ်စုံနှင့် ရှေ့မှ ခပ်သွက်သွက် ခြေလှမ်းများဖြင့် သွားနေသူမှာ သရဇီ ဖြစ်သည်၊ သရဇီသည် ရှည်လျား၍ ဖားဖားဝေနက်မှောင်သော ဆံနွယ်များကို စည်းနှောင်ထားခြင်းမရှိဘဲ နွယ်ရိုင်းများသဖွယ် ဖွာဖွာဝဲဝဲ လွင့်ကြဲနေစေကာ အမှောင်ထုထဲသို့ တိုးဝင်နေသည်၊ နောက်သို့ လှည့်မကြည့်ပေ၊

"သရဇီရေ - သရဇီ"

ဇော်လတ်သည် တကြော်ကြော်အော်ခေါ်ကာ အပြေးလိုက်နေခြင်းဖြစ်သည်၊ သရဇီသည် ဇော်လတ်၏ အော်ဟစ်ခေါ်ငင်သံကို ကြားဟန်ပင် မတူပေ၊ နောက်ဘက်သို့ တစ်စက်တလေးမျှပင် မကြည့်ဘဲ အမှောင်ထုထဲသို့ ခပ်သွက်သွက်ခြေလှမ်းများဖြင့် ဆက်၍ တိုးဝင်နေသည်၊


www.burmeseclassic.com

www.burmeseclassic.com

"သရဖီ – မောင်ကို စောင့်ပါဦး"

ဇော်လတ်သည်တကြော်ကြော်အော်ဟစ်ခေါ်နေဆဲ၊ အားကုန်သွန်ကာ ပြေးလိုက်သော်လည်း ခြေလှမ်းများက မရွေ့၊ ရှေ့မတိုး၊ ရုတ်တရက် အမှောင်ထုထဲမှာ သရဖီ ပျောက်ကွယ်သွားသည်၊ ဇော်လတ်သည် ခေတ္တ ရပ်တန့်ကာ အမှောင်ထုထဲသို့ရပ်တန့်ငေးမောနေပြန်သည်၊ သူ သိမ်ငယ်စွာ ရပ်နေခြင်းဖြစ်သည်၊ သူ့အတွက် ရွေးချယ်စရာမရှိ၊ သရဖီသည် သူ့ရှေ့တူရူ ရှိ အမှောင်ထဲတွင် ပျောက်ကွယ်သွားပေပြီ၊

သူ လှည့်ပြန်ရမည်လား၊ ရှေ့ဆက်တိုးရမည်လား၊ ဝေခွဲမရစွာ ရင်ထဲမှာ နောက်ကျိနေဆဲပင်မှာပင် အမှောင်ထုထဲမှ အသံတစ်သံ ထွက်ပေါ်လာ သည်၊

"မောင်ရေ – သရဖီ – ဒီမှာ – သရဖီကို ကယ်ပါကွယ်၊ သရဖီ [illegible]ာ မြေကျင်းထဲမှာ အသက်ရှူကြပ်လှပြီ"

ဇော်လတ်ရင်ထဲက ပျောက်ဆုံးနေသော မျှော်လင့်ချက်ကြိုးမျှင်တစ်စ ကို ပြန်လည်ဆွဲကိုင်မိပေပြီ၊

"သရဖီ – မောင်လာပြီ"

ဇော်လတ် ကြုံး၍ အော်လိုက်သည်၊ အသံသည် အမှောင်ထုထဲသို့ ကျွံဝင်ကာ ပျောက်ကွယ်သွားသည်၊

ဇော်လတ် ဖျတ်ခနဲ လန့်ဖျပ်သွားသည်၊ သူ မြင်လိုက်ရသည်က တောနက်ထဲမှာမဟုတ်တော့၊ အိပ်ရာပေါ်မှာ သူ့တစ်ကိုယ်လုံး ချွေးစေးတွေ ပြန်နေသည်၊ ရေအလွန်ငတ်နေသည်၊

တကယ်တော့ – သူ သရဖီကို အိပ်မက် မက်နေခြင်းသာ ဖြစ်သည်၊ သူ့ ရင်ထဲမှာ နာကျင်နေမိသည်၊

"သူမ – မြေကျင်းထဲမှာတဲ့၊ သရဖီ အရှင်လတ်လတ် မြေမြှုပ်ခံရခြင်းပေလား၊ ဟိုအရှုးကောင်ကြီး လက်ချက်ပဲ"



သူသည် ခုတင်ပေါ်မှ ဖြုန်းခနဲ ခုန်ဆင်းလိုက်သည်၊ သရဖီကို အမြန် ကယ်မှ ဖြစ်မည်၊ သရဖီ မောင်လာပြီကွယ်၊

ဇော်လတ် မော်တော်ကားရပ်ထားရာ အိမ်အောက်သို့ တစ်ဟုန်ထိုး ဆင်း ပြေးသွားသည်၊

=☺=

ညသည် မှောင်မိုက်လှသည်၊ အဝေးပြေးလမ်းပေါ်တွင် ကား အသွား အလာ ကြဲပါးကာ တိတ်ဆိတ်နေပေသည်၊ ဇော်လတ်သည် မော်တော်ကား ကို တရကြမ်းမောင်းလျက် ရှိသည်၊

စက္ကန့်နှင့်အမျှ သရဖီ အသက်ရှင်ရေးသည် အရေးကြီးပေသည်၊ အနည်းငယ် နောက်ကျသွားလျှင်ပင် အသက်ရှင်သန်ဖို့ မလွယ်၊ မြေကျင်း ထဲတွင် မြှုပ်နှံခြင်း ခံရသူသည် ကြာရှည်အသက်ရှင်သန်ဖို့ မလွယ်ကူပါ၊

သူ၏ ကားကလေးသည် ချယ်ရီမြိုင်မြို့ကလေး၏ မြို့ပြင်ဆီသို့၊ မြို့ပြင် သုသာန်ဆီသို့ . . .၊

သူ့စိတ်က သုသာန်သို့ရောက်နေသည်၊ သူ့ရှေ့တူရူမျက်နှာချင်းဆိုင် ဆီမှ ကားတစ်စီးတလေ ဖြတ်မောင်းသွားသည်ကိုပင် သူ သတိမပြုနိုင်၊ ပွတ်ကာသီကာ တိမ်းရှောင်ကာ ကားကို တရကြမ်း မောင်းနှင်နေဆဲ၊ သူ့ စိတ်အလျဉ်က သရဖီဆီမှာ . . .၊ လွတ်လပ်ပေါ့ပါးစွာ စီးမျောလျက် ...၊

ထိုစဉ်မှာပင် ကုန်တင်ကားတစ်စီးရှေ့ဘက် လမ်းချိုးဆီမှ ရုတ်တရက် ဘွားခနဲ ပေါ်လာသည်၊ ယောင်ယမ်းကာ ဟွန်းကို တီးလိုက်သည်၊

မျက်စိထဲမှာ လင်းပြာသွားသည်၊

သူ ကားကို စိတ်လက်ပေါ့ပါးစွာ ဆက်၍ မောင်းနေသည်၊ သူ့ကားက လေထဲမှာ လွင့်နေသော ငှက်တောင်ပံကလေးလို ပေါ့ပါးနေသည်ဟု ခံစား ရသည်၊ ကားက သူ့စိတ်လိုပဲ လျင်မြန်လှသည်၊



www.burmeseclassic.com

www.burmeseclassic.com

သုသာန်ထဲသို့ ကားကို ချိုးကွေ့လိုက်ကာ သရဖီကိုမြှုပ်နှံထားရာဆီသို့ ကားကို မီးထိုးကာ မောင်းလိုက်သည်။

သရဖီ၏ မြေပုံအသစ်ကိုမြင်မှ သူကားကို ရပ်လိုက်သည်။ ကားပေါ်မှ လျှင်မြန်စွာဆင်းသည့် သူ့ခန္ဓာကိုယ်သည် ငှက်ကလေးလို ပေါ့ပါးနေသည်။

"သရဖီ - မောင်လာပြီ"

ဖော်လတ်က သံကုန်အော်ဟစ်ကာ သရဖီ မြေပုံသစ်ကိုနီးရာသစ်ကိုင်း ခြောက်ဖြင့် တူးဆွလေတော့သည်။ လူသေမြှုပ်ရာ အခေါင်းပေါ်လာသည်။

---

ပထမဦးဆုံး သူ၏အာရုံထဲသို့ ဝင်လာသည်က ဖွေးလက်သော အလင်းစူးစူးဖြစ်သည်။ တောက်ပသော အလင်းတန်းသည် သူ ပက်လ လှဲနေရာ မျက်နှာကြက်ဆီမှ သူရှိရာသို့တောက်ပစွာဖြာဆင်းကျနေခြင်းဖြစ်ပေသည်။ သူ ရောက်နေ သည်က အမည်မသိ အခန်းကျယ်တစ်ခု ...။

ဖော်လတ်သည် ပထမဦးဆုံးအနေနှင့် သူ၏ ခန္ဓာကိုယ်ကို လှုပ်ရှားလိုက်သည်။ သို့သော် - ခန္ဓာကိုယ်တစ်ခုလုံးကို တစ်စုံတစ်ခုက နိုင်မာစွာ တုပ်နှောင်ထားသကဲ့သို့ရှိကာ လှုပ်ရှား၍ မရ။

သူ့ဖြန်းခနဲ လန့်ဖျပ်သွားကာ ခြေတွေလက်တွေကို ငုံ့ကြည့်သော်လည်း မည်သည့်အရာကမျှ တုပ်နှောင်မထားပါ။ မည်သည့်တစ်စုံတစ်ယောက်က မှလည်း ချုပ်နှောင်ထားခြင်း မရှိပါ။ သူ၏ ခန္ဓာကိုယ်တစ်ခုလုံးက လှုပ်ရှား မရအောင် သွေးသားတွေက ရပ်ဆိုင်းနေခြင်း၊ ကြွက်သားများ လှုပ်ရှားရ အောင် ခက်ခဲခြင်း ဖြစ်နေခြင်းလား။

သူ စဉ်းစားတွေဝေနေဆဲမှာပင် အခန်းထဲသို့ လူတစ်ယောက် ဝင်လာ သည်။ သူ စောင်းငဲ့ကြည့်လိုက်သည်။

သုသာန်စောင့်ပုဂ္ဂိုလ်ကြီး ...



ဖော်လတ်ကို လှမ်းကြည့်နေသော ပုဂ္ဂိုလ်ကြီး၏ ဒီဂရီမျက်မှန်နောက် တွင် မျက်လုံးများက ရေခဲတုံးတွေလို အေးစက်ငြိမ်သက်နေကာ လျှို့ဝှက် ချက်တစ်ခုဖြင့် ပြုံးပြက်နေပေသည်။

ပုဂ္ဂိုလ်ကြီးက တည်ငြိမ်လေးလံသော ခြေလှမ်းများဖြင့် သူ လဲလျောင်း ရာဆီသို့ လျှောက်လာသည်။ သူ့ကို ကရုဏာအမှန်အစက်များ ကပ်ငြိနေ သော မျက်ဝန်းများဖြင့် ငုံ့ကြည့်နေသည်။

ဖော်လတ် အားယူ၍ ပြောသည်။

"ကျွန်တော် ဘယ်ကို ရောက်နေတာလဲဟင်"

"မင်း အလောင်းတွေထားတဲ့နေရာကို ရောက်နေတာပေါ့"

"ခင်ဗျာ"

"ဟုတ်တယ် - မင်း သေသွားပြီ၊ ဒါကြောင့် - ဒီကို ရောက်လာတာ"

ဖော်လတ်တစ်ကိုယ်လုံး လည်ပတ်နေသော သွေးများဖြင့် ရုတ်တရက် ရပ်တန့်ဖောက်သွားကာ ဆတ်ခနဲ တုန်ခါသွားသည်။

"မဖြစ်နိုင်တာ"

"မဖြစ်နိုင်ဘူးဆိုတာ မရှိဘူး ငါ့တူ၊ မင်း - ကားတိုက်မှုတစ်ခုဖြစ်တယ်။ လမ်းကွေ့တစ်ခုဆီက ရုတ်တရက် ချိုးကွေ့ထွက်ပေါ်လာတဲ့ ကုန်တင်ကား တစ်စီးနဲ့ မင်းကား မျက်နှာချင်းဆိုင် တိုက်မိပြီး မင်း ပွဲချင်းပြီး သေသွားတာ၊ ပွဲချင်းပြီးပဲကွယ်"

ဖော်လတ် ခေါင်းခါလိုက်သည်။ မယုံကြည်နိုင်ပါ။

"မဖြစ်နိုင်တာဗျ၊ ကျွန်တော် ဘာကားတိုက်မှုမှ မဖြစ်ပါဘူး၊ သချိုင်းထဲ ထိ ချောချောမောမော ရောက်လာတယ်၊ သရဖီ့ မြေပုံကိုတောင် တွေ့တယ်၊ သရဖီနဲ့လည်း တွေ့တယ်၊ ကဲ - ခင်ဗျား ဘာပြောချင်သေးသလဲ၊ လျှာအရှိုး ရှိတိုင်း လျှောက်မပြောပါနဲ့ဗျ"

ပုဂ္ဂိုလ်ကြီးက ဖော်လတ်ကို မျိုးစိတ်သစ် တိရစ္ဆာန်လေးတစ်ကောင်ကို တွေ့ရှိလိုက်သော ပါမောက္ခကြီးအကြည့်မျိုးဖြင့် စိုက်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်း - သင်္ချိုင်းကို မရောက်ခဲ့ဘူး။ သရဖီနဲ့လည်း မတွေ့ဘူး။ မင်း သေသွားလို့ မင်းအလောင်းကို ဆေးစစ်ချက်ယူပြီး ဒီကို ချက်ချင်းပို့လိုက်တာ။ မင်း ဝိညာဉ်ကသာ သင်္ချိုင်းကို ရောက်သွားတာ။ မင်းဝိညာဉ် သရဖီဆီကို ရောက်သွားတာ"

"ကျွန်တော် မသေဘူး"

"ဒီကို ရောက်လာတဲ့ မင်း အားလုံး ဒီလိုပဲ ပြောကြတာပဲ၊ ဒီလိုစကားတွေကိုထပ်ခါတလဲလဲ ပြောကြတာပဲကွယ်၊ မင်းဘာမှမတတ်နိုင်တော့ဘူး။ မင်းက သေနေပြီလေ၊ လူသေဖြစ်နေပြီ"

→ မင်းဘုန်းသိဒ်သူ

After Life ကို ခံစားရေးဖွဲ့ပါသည်။

BURMESE CLASSIC

www.burmeseclassic.com